
ဒေါက်တာ

# စိုးလွင်

ဖဲမွေ့ရာပေါ်ကယောကျ်ားမဟုတ်သော

# စက်ရုပ်



ဒေါက်တာစိုးလွင် ဖဲမွေ့ရာပေါ်ကယောကျ်ားမဟုတ်သောစက်ရုပ်

ဒေါက်တာ

စိုးလွင်

ဖဲမွေ့ရာ
ပေါ်က
ယောကျ်ား
မဟုတ်သော
စက်ရုပ်



# စိုးဇင်စာပေ

တိုက်(၄)၊ အခန်း(၁၀၁)၊ သီရိမင်္ဂလာအိမ်ရာ၊
ကမ်းနားလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ ၂၂၈၂၉၇၊ ၀၉ ၅၀၄၉၇၈၃၊ ၀၉ ၄၅၀၀၄၀၇၆၇

Email: soezin.kh@gmail.com
Facebook: Soezin Sarpay
Facebook: စိုးဇင်စာပေ
Pages: Soezin Sarpay

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအားဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး။
- စည်းကမ်းပြည့်ဝသောဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး။

စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီးခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့်အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။


ပထမအကြိမ် - ၂၀၁၂ အောက်တိုဘာ
တန်ဖိုး - ၃၅၀၀ ကျပ်
အုပ်ရေ - ၅၀၀
ထုတ်ဝေသူ - ဦးသန်းစိုးထွေး၊ စိုးဇင်စာပေ
ဖြန့်ချိရေး - စိုးဇင်စာပေ တိုက်(၄)၊ အခန်း(၁၀၁)၊
သီရိမင်္ဂလာအိမ်ရာ၊
ကမ်းနားလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁၂၂၈၂၉၇၊ ၀၉ ၅၀၄၉၇၈၃၊ ၀၉ ၄၅၀၀၄၀၇၆၇
မျက်နှာဖုံးပုံနှိပ် - Kyaw Zay
အတွင်းပုံနှိပ် - သုခရွှေစင် ပုံနှိပ်တိုက်
မျက်နှာဖုံးနှင့်
အတွင်းသရုပ်ဖော် - ဖေသစ်တည်
အတွင်းအပြင်အဆင်
နှင့်ဒီဇိုင်း - ဆန်းထွဋ်
စာအုပ်ချုပ် - ဂုဏ်မာန်
အတွင်းဖလင် - AZ

၆၁၃

စိုးလွင်၊ ဒေါက်တာ
ဖဲမွေ့ရာပေါ်က ယောကျာ်းမဟုတ်သောစက်ရုပ်
ဒေါက်တာစိုးလွင် - ရန်ကုန်
စိုးဇင်စာပေ၊ ၂၀၁၂ အောက်တိုဘာ
၂၂၄-စာ၊ ၁၃·၃၄×၂၁·၁ စင်တီ
(၁)ဖဲမွေ့ရာပေါ်က
ယောကျာ်းမဟုတ်သောစက်ရုပ်

## စာရေးသူ၏ထုတ်ဝေပြီးစာအုပ်များ

၁ ။ ဆရာဝန်စစ်စစ်ဖြစ်ချင်တယ်နှင့်ဆေးလောကဇာတ်ခုံပေါ်ကအတွေ့အကြုံများ
၂ ။ သိကောင်းစရာသားဆက်ခြားနည်းအဖြာဖြာ
၃ ။ အပျိုကြီးပဲဖြစ်စေချင်နှင့်ဆေးလောကဇာတ်ခုံပေါ်ကအတွေ့အကြုံများ
၄ ။ ပွင့်သောပန်းတိုင်းလှစေချင်နှင့်အမျိုးသမီးကျန်းမာရေးပြဿနာအဖြာဖြာ
၅ ။ ချစ်တတ်မှကလေးရနှင့်သားသမီးရတနာရစေကြောင်းနည်းလမ်းကောင်းများ
၆ ။ လူနာဖြစ်သွားသောဆရာဝန်နှင့်ဆေးလောကဇာတ်ခုံပေါ်ကအတွေ့အကြုံများ
၇ ။ မိခင်လောင်းတို့အရေး မေးချင်ရာမေး
၈ ။ မိခင်လောင်းတို့သိကောင်းစရာအဖြာဖြာ
၉ ။ နားကြပ်ထဲမှငိုရှိုက်သံများနှင့်ဆေးလောကဇာတ်ခုံပေါ်ကအတွေ့အကြုံများ
၁၀ ။ ဆေးရုံကမဆင်းရ...သေမင်းကအိမ်မှာနှင့်အမျိုးသမီးကျန်းမာရေးပြဿနာများ
၁၁ ။ ရှက်ရှက်မှာဖြစ်သောကင်ဆာအပါအဝင်အခြားကင်ဆာရောဂါဆောင်းပါးများ
၁၂ ။ မမေ့နိုင်စရာမိုးညတစ်ညနှင့်ဆေးလောကဇာတ်လမ်းများ
၁၃ ။ ဆရာဝန်ဖြစ်ရကျိုးနပ်ပြီနှင့်ဆေးလောကဇာတ်ခုံပေါ်ကလူနာမျိုးစုံဇာတ်လမ်းအဖုံဖုံ
၁၄ ။ အပျော်ဆုံးအချိန်နှင့်ဆေးလောကဇာတ်ခုံပေါ်ကလူနာမျိုးစုံဇာတ်လမ်းအဖုံဖုံ
၁၅ ။ ဂျစ်တူးလေးရဲ့မျှော်လင့်ချက်မနက်ဖြန်
၁၆ ။ ခြသေ့်နှလုံးသားနှင့်မိန်းမလက်များ
၁၇ ။ မစခင်ကတည်းကရှုံးတဲ့တိုက်ပွဲနှင့် ဂျစ်တူးဖတ်ဖို့ပေးစာများ
၁၈ ။ ရာသီမလာခင်လူသတ်ချင်နှင့်ရွှေမင်းသမီးတို့ရဲ့စပ်စပ်စုစုမေးခွန်းများ
၁၉ ။ ချစ်ရမှာစာမလိပ်
၂၀ ။ ဆေးကုရမှာကြောက်တဲ့ဆရာဝန်နှင့် ဆေးလောကဇာတ်ခုံထက်ကသံသယမှန်တိုင်း








# ဖဲမွေ့ရာပေါ်က ယောက်ျားမဟုတ်သော စက်ရုပ်

ဒေါက်တာ ဦးလွင်



# ဒေါက်တာစိုးလွင်

၁၃၂၂ သီတင်းကျွတ်လပြည့်တွင်ဖွားမြင်ခဲ့။ ဖြူးမြို့(၃)လမ်းနေဦးကျင်မောင်၊ဒေါ်ခင်ဝင်းတို့၏ ဒုတိယသား။ ဖြူး အ.ထ.က(၁)တွင်ဆယ်တန်းအထိပညာသင်ခဲ့။ ပဲခူးဒေသကောလိပ် ရေထွက်ပစ္စည်းအတတ်ပညာဒီပလိုမာ သင်တန်းတက်ခဲ့။၁၉၈၀ပြည့်နှစ်တွင် ဆေးတက္ကသိုလ် မန္တလေးသို့ရောက်ရှိပညာသင်။

၁၉၈၅ ခုနှစ်တွင် **M.B.B.S(MDY)**ဘွဲ့ရခဲ့။ ၁၉၈၇ခုနှစ်မှ ၁၉၉၀ပြည့်နှစ်ထိ ၃နှစ်တာတပ်မတော်တွင်ပြည်သူ့စစ်မှုထမ်းဆေးမှူး "ဗိုလ်"အဆင့်တာဝန်ထမ်းဆောင်ခဲ့။

ဆေးတက္ကသိုလ်(၁)ရန်ကုန်မှ ဆေးပညာမဟာသိပ္ပံ(သားဖွားမီးယပ်ပညာ)**M.Med.Sc (O&G)**ဘွဲ့ကို၁၉၉၃ခုနှစ်တွင်ရရှိခဲ့။

အင်္ဂလန်သို့ ပညာတော်သင်သွားခွင့်ရခဲ့ပြီး **M.R.C.O.G(UK)**ဘွဲ့ကို ၂၀၀၀ပြည့်နှစ်တွင်ရရှိ။ အလုပ်သင်ဆရာဝန်ဘဝတွင် ဝါသနာအလျောက် စာများစတင်ရေးသားခဲ့ပြီး နှစ်ပေါင်းတစ်ဆယ့်ရှစ်နှစ်ကြာမှ(၂၀၀၄)ခုနှစ်၊ ဖေဖော်ဝါရီလ "သုခချမ်းသာ" မဂ္ဂဇင်းတွင်ပုံနှိပ်ဖော်ပြခွင့်ရခဲ့သော "မိုက်ကယ်ရယ် ဘော်တာဆွေရယ် လူနာတစ်ယောက်ရယ် ကျွန်တော်ရယ်"ဝတ္ထုတိုနှင့် စာပေလောကသို့ဝင်ရောက်ခဲ့။

ပထမဆုံးဝတ္ထုတိုပေါင်းချုပ် "ဆရာဝန်စစ်စစ်ဖြစ်ချင်တယ်နှင့် ဆေးလောကဇာတ်ခုံပေါ်က အတွေ့အကြုံများ" စာအုပ်ဖြင့် ၂၀၀၇ခုနှစ် ထွန်းဖောင်ဒေးရှင်းစာပေဆုရရှိခဲ့။

တတိယဝတ္ထုတိုပေါင်းချုပ် "လူနာဖြစ်သွားသောဆရာဝန်နှင့် ဆေးလောကဇာတ်ခုံပေါ်က အတွေ့အကြုံများ" စာအုပ်ဖြင့်၂၀၀၈ခုနှစ် သုတစွယ်စုံစာပေဆုရရှိခဲ့။

Good Health Journal, Health Care Journal, Health Digest Journal, Health Updates Journal, Avenue Journal, အာယုဒီယဂျာနယ်, Fashion Image Magazine, Eternal Light Magazine, Youth Magazine များတွင် အပတ်စဉ် လစဉ် ဆေးပညာအခြေခံသောဝတ္ထု၊ ဆောင်းပါးများ မှန်မှန်ရေးသားလျက်ရှိ။ ယခုအချိန်ထိ လုံးချင်းစာအုပ်(၂၁)အုပ်တိတိ ရေးသားထုတ်ဝေခဲ့ပြီးဖြစ်။

ယခုအခါ ရန်ကုန်မြို့ ဗဟိုအမျိုးသမီးဆေးရုံကြီး၊ ဆေးတက္ကသိုလ်(၁)ရန်ကုန်၊ သားဖွားမီးယပ်ပညာဌာနတွင် သားဖွားမီးယပ်အထူးကုဆရာဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ရင်း

# မာတိကာ

ဒေါက်တာစိုးလွင်၏အမှာစာ


| | | |
|---|---|---|
| ၁ ။ | ဖဲမွေ့ရာပေါ်က ယောက်ျားမဟုတ်သောစက်ရုပ် | ၁ |
| ၂ ။ | မျက်စောင်းတစ်ချက် ဓားတစ်လက် | ၉ |
| ၃ ။ | ပျားရည်ဆမ်းအပြီး ကြမ္မာငင်သောဇာတ်လိုက်ကြီး | ၁၇ |
| ၄ ။ | ပရိသတ်ပွဲတောင်းမယ့် ပွဲကြီးပွဲကောင်း | ၂၅ |
| ၅ ။ | နာရီလက်တံကြီး နောက်ပြန်ရွေ့ချင် | ၃၃ |
| ၆ ။ | မနာကျင်အောင် ကြင်နာပါ | ၄၁ |
| ၇ ။ | ပေါက်ကွဲလုနီးနီး မီးတောင်ကြီးထက်မှာ | ၄၉ |
| ၈ ။ | တရားခံ ဘယ်သူလဲဟေ့ | ၅၇ |
| ၉ ။ | ရှာရင်းဝဲလယ်ရင်မောစေတဲ့ လက်တစ်ကမ်းက ထိုအရာ | ၆၅ |
| ၁၀။ | အဝေးဆုံးမှာရှာမတွေ့တဲ့ အနီးဆုံးကထိုအရာ | ၇၃ |
| ၁၁။ | ထမင်းကြမ်းခဲလေးပဲ ယပ်ခတ်စားတော့မလား | ၈၁ |
| ၁၂။ | ရှာလေဝေးလေ လိုက်လေပြေးလေ | ၈၉ |
| ၁၃။ | အလယ်အလတ်လေးပဲ ကောင်းပါသလား | ၉၇ |
| ၁၄။ | ငါသေရင်လည်းမလာနဲ့ နင်သေရင်လည်းမလာဘူး | ၁၀၅ |
| ၁၅။ | မြင်မြင်ချင်းချစ်ခဲ့တာ "LOVE" | ၁၁၃ |
| ၁၆။ | မြင်မြင်ချင်းချစ် မြင်မြင်ချင်းမုန်း | ၁၂၁ |
| ၁၇။ | ဖယောင်းလား သံမဏိလား စဉ်းစား | ၁၂၉ |
| ၁၈။ | ကြွေချင်သလား ဝေချင်သလား စဉ်းစား | ၁၃၇ |
| ၁၉။ | မီးတောက်မီးလျှံတွေကြားက စောင်းသံ | ၁၄၅ |
| ၂၀။ | ရွံ့နွံတွေကြားက ကြာဖြူပန်းတစ်ပွင့် | ၁၅၃ |
| ၂၁။ | အမြဲထာဝရရှိရမှာ အဲဒါ . . . ဘာ? | ၁၆၁ |
| ၂၂။ | စိတ်ညစ်နေရင် ငုံ့ကြည့်လိုက် သူ့သူ့ရေ | ၁၆၉ |
| ၂၃။ | နောက်ဆုံးအဲ့ထားရမယ့် ကောက်ရိုးမျှင် | ၁၇၇ |
| ၂၄။ | ကံကိုယုံ ဆူးပုံနင်းမလား စဉ်းစား | ၁၈၅ |
| ၂၅။ | လောကကြီးက မတရားဘူး | ၁၉၃ |
| ၂၆။ | ကြည့်ကြစို့လား ငွေရောင်ပိတ်ကားပေါ်မှာ | ၂၀၁ |
| ၂၇။ | သက်သတ်လွတ်စားတဲ့ "ကျား" ရှိသလား | ၂၀၉ |
| ၂၈။ | စက်ရုပ်မဟုတ်သောယောက်ျားနှင့် အရုပ်မဟုတ်တော့သောမိန်းမ | ၂၁၇ |

# "ဒေါက်တာစိုးလွင်၏အမှာစာ"

"အိစက်ညက်ညောတဲ့ ဖဲမွေ့ရာပေါ်ဝယ် ..."

ဟူသော လှပနူးညံ့သည့်စာသားလေးများဖြင့် ဖွဲ့သီထားသည့်သီချင်းလေးတစ်ပုဒ်ကို အသင်ကြားဖူးပါစ။ ထိုသီချင်းစာသားလေးများကို အသင်မျက်လုံးလေးအသာမှေးမှိတ်၍ တိုးတိုးညင်သာ စိတ်ပါလက်ပါကလေး သီကျူးကြည့်ပါဘိ။ အဘယ်မျှလောက် ပျော်ရွှင်ဖွယ် ကြည်နူးဖွယ် ချမ်းမြေ့ဖွယ်ကောင်းလိုက်မည်နည်း။ တွေးကြည့်လိုက်ရုံမျှနှင့်ပင် ပြေးကြည့်စရာမလိုလောက်အောင် ငြိမ့်ညောင်းသာယာမှုက ကြည်နူးပီတိ ဝှမ်းဆီထိသကဲ့သို့ တသိမ့်သိမ့်ရင်ထဲခံစားရမည်မှာ မြေကြီးလက်ခတ်မလွဲ။

ကိုင်း ကြည့်စမ်းပါ့...ဤမျှလောက် စိတ်ကူးကလေးယဉ်ကြည့်လိုက်ရုံမျှနှင့်ပင် ရင်ခုန်ဖွယ်ကောင်းလှသည့် "ဖဲမွေ့ရာ" ထက်တွင် မပျော်ချင်သည့်သူ ရှိနိုင်ပါမည်တဲ့လား။

ယခု ဤစာသားလေးများကို ဖတ်ကြည့်ပါဘိ ...

"ဆရာရယ် မိန်းမဖြစ်ရတဲ့ဒုက္ခကလည်း ဆိုးလိုက်တာနော်။ အဲဒီအချိန်ကိုရောက်မှာ ကြောက်လိုက်တာ၊ စိတ်ဆင်းရဲလိုက်တာလည်းလွန်ပါရော။ အဲဒီအချိန်ကိုရောက်တိုင်း စိတ်ထဲမှာလည်းတွေး တစ်ခါတလေဆိုရင် ပါးစပ်ကတောင်အသံထွက်ပြီး အဲဒီအတိုင်းထပ်ခါထပ်ခါ ရေရွတ်နေမိသေးတယ်။ သူ့အနားကိုကပ်လာတာနဲ့ စိတ်ထဲကအလိုလိုတိုလာရော" တဲ့။

ကိုင်း ဘယ်လောက်တောင် ထူးဆန်းအံ့သြဖွယ်ကောင်းသည့်စကားပါလဲ ...မိမိကချစ်သော မိမိကိုချစ်သော ချစ်သူနှင့်ရွှေလည်တွဲ၍ ချစ်ပွဲဝင်ရမည်ကိုများ မီးပုံကြီးထဲခုန်ဆင်းရတော့မည့်သူပမာ အကြောက်ကြီးကြောက် စိတ်အညစ်ကြီးညစ် စိတ်အတိုကြီးတို စိတ်အဆင်းရဲကြီးဆင်းရဲ ဖြစ်နေရှာသူကတော့ "သူသူ" အမည်ရသော ရွှေပေါ်မြတင် မိန်းမချော ဆရာဝန်မလေးတစ်ယောက်။

သူ့ချစ်သူ သူ့ယောကျ်ား သူ့အိမ်ဦးနတ်ဖြစ်သူ စီးပွားရေးလုပ်ငန်းရှင် သူ့ဌေးကလေးကိုမိုးကို "သူသူ" တင်လိုက်သည့်စွဲချက်ကိုလည်း ကြည့်ပါဦး ..



"ဆရာ့ညီပေါ့... သူ့ကြောင့်ကလေးမရနိုင်တာ၊ သူ့တာဝန်မကျေလို့ ကလေးရမယ့်ရက်ဆိုရင် သူကဘာဖြစ်နေမှန်းမသိဘူး။ အင်းမလှုပ် အဲမလှုပ်နဲ့ ယောကျ်ားမဟုတ်တဲ့အတိုင်းပဲ" ဟူသတည်း။ ကိုင်း ကြည့်စမ်း ... ယောကျ်ားတစ်ယောက်ကို မင်းယောကျ်ားမဟုတ်ဘူးလားဟူ၍ ခနဲ့တဲ့တဲ့ ရွဲ့တဲ့တဲ့ပြောသည့်စကားလောက် သိက္ခာကျစေသော အရှက်ရစေသော မင်းမိန်းမလျာလားဟု ယောကျ်ားတစ်ယောက်၏မာနကို ခဝါချပစ်လိုက်သော ရက်စက်ပြင်းထန်သည့်စကား ရှိပါဦးမည်တဲ့လား။

အဲဒီမှာပဲ ကြီးမားပြင်းထန်လှသည့် တိုက်ပွဲကြီးတစ်ခု ချစ်သူနှစ်ဦးကြားထဲတွင် စတင်ပေါက်ကွဲလာခဲ့ခြင်းဖြစ်ပါ၏။

"ဟိတ် သူသူ ...မင်းကကိုယ့်ကို ကလေးလုပ်တဲ့စက်ရုပ်လို့ သဘောထားတာကိုးကွ။ ကိုယ်ကစက်ရုပ်မဟုတ်ဘူး ...နလုံးသားပါတဲ့လူသားကွ" ဟူသောရဲရဲတောက်စကားကို ပြင်းထန်မာကျောစွာ စက်သေနတ်ပစ်သကဲ့သို့ ပစ်လွှတ်လိုက်လေ၏။

တစ်ယောက်ကမင်းယောကျ်ားမဟုတ်ဘူးတဲ့၊ တစ်ယောက်ကလည်း သူစက်ရုပ်မဟုတ်ဘူးတဲ့။ ဘယ်လောက်ထူးခြားဆန်းကြယ်လှသည့် တိုက်ပွဲလေလဲ...သူတို့နှစ်ဦး၏အခြေအနေက ပေါက်ကွဲလုနီးနီးမီးတောင်ကြီးတစ်ခုနှင့် အလားသဏ္ဍာန်တူလွန်းနေပါ၏။

ဒေါက်တာငြိမ်းချမ်းသည် မကြာမီ စာဖတ်သူတို့ရှေ့မှောက်သို့ ကပြအသုံးတော်ခံဖို့ ထွက်ပေါ်လာတော့မည့် သူ၏(၂၁)အုပ်မြောက် လုံးချင်းစာအုပ်လေးကို ငေးမောကြည့်ရင်း အတွေးကမ္ဘာလေးထဲ လွင့်မြောနေလေ၏။ သူ့စာအုပ်လေး၏ခေါင်းစဉ်ကိုလည်းကြည့်ပါဦး... "ဖဲမွေ့ရာပေါ်က ယောကျ်ားမဟုတ်သောစက်ရုပ်" ဆိုပဲ။ ထူးထူးခြားခြား ဆန်းဆန်းကြယ်ကြယ် ကဗျာမဆန် ပန်းမဆန်ရှာသော ဘာမှန်းညာမှန်းရတ်တရက်မသိနိုင်အောင် ကိုးရိုးကားရားနိုင်လှသော နာမည်ပင်တည်း။ မနေ့ကပင် ခွဲစိတ်ခန်းထဲက သူနာပြုဆရာမလေးများကို အသစ်ထွက်တော့မည့် သူ့စာအုပ်ခေါင်းစဉ်လေးကို ရွတ်ပြ၏။ "အလို ဘယ့်နာကြီးလဲ...ဘာအဓိပ္ပာယ်ပါလိမ့်" နှင့်ဒွိဟစိတ်တွေအကြီးအကျယ်ပွားစေနိုင်သည့် အစွမ်းကတော့အပြည့်။

ဆရာ့စာအုပ်က ဘာအဓိပ္ပာယ်လဲ၊ ဘာအကြောင်းတွေရေးထားတာလဲ... "ဖဲမွေ့ရာပေါ်က" ဆိုတဲ့စကားလုံးပါလေတော့ ခြင်ထောင်နဲ့တော့ရတယ်။ ဆရာရေ...ဆရာက ဒေါက်တာမောင်မောင်ညိုတို့ ဒေါက်တာအောင်ခင်ဆင့်တို့လို ဖိုမဆက်ဆံရေးပညာပေးလိုင်းထဲ ဝင်သွားပြီလား။ လား လား...လားပေါင်းများစွာက သူ့နားထဲပလူပျံသကဲ့သို့ တဝီဝီပျံဝဲလျက်ရှိ၏။

စာဖတ်သူကရော နာမည်ကိုကြည့်ပြီး ဘယ့်နှာတွေရေးထားသည့် စာအုပ်ဟူ၍ ထင်မြင်ယူဆပါမည်နည်း။ ပထမဆုံး ဤစာအုပ်ကလေး မည်သို့မည်ပုံရေးဖြစ်သွားသနည်း ဆိုသည့်မေးခွန်းကို အရင်ဆုံးဖြေရလိမ့်မည်။ ဆရာရေ...စာတွေဒီလောက်ရေးနေတာ ကုန်ကြမ်းတွေဘယ်ကရသလဲ ဆရာရေ "ဘဝသရုပ်ဖော်ဝတ္ထုတွေရေးပါဦး" ဆရာဒီလောက်အလုပ်တွေရှုပ်လှ များလှတာ ဘယ်လိုလုပ်ပြီးဇာတ်လမ်းတွေ လိုက်ရှာသလဲ။

ထိုမေးခွန်းများကို သူမည်သို့မည်ပုံဖြေရမည်နည်း။ သူကဘဝသုံးမျိုးတွင် ကျင်လည်နေရသော "လူသားတစ်ဦး" အလုပ်များလှသော သားဖွားမီးယပ်အထူးကုဆရာဝန်ဘဝ ကျောင်းဆရာဘဝ စာရေးဆရာဘဝ . . . နံနက်မိုးမသောက် အလင်းမရောက်ခင်ကတည်းက ငှက်ကလေးများမနိုးထခင် ကိုယ်ကနိုးနေပြီ။ ခွဲစိတ်ခန်းတွေထဲဝင် တစ်ခွဲထဲခွဲ ဆေးရုံအမှီပြေး။ ဆေးရုံတွင်တစ်နေ့လုံး စာတွေသင်လိုက် ဆေးတွေကုလိုက် ခွဲစိတ်လိုက်...ညနေစောင်းအိမ်ပြန်ရောက်ပြီး ရေချိုးထမင်းစားပြီးသည်နှင့် ဆေးခန်းသို့အရောက်ပြေး လူနာတွေကြည့် ခွဲစိတ်ထားသည့်လူနာတွေလိုက်ကြည့်၊ အိမ်ပြန်ရောက်လျှင် ခုနစ်စဥ်ကြယ်ပြောင်က အမြီးထောင်ပြီးသွားတာတောင် တမေ့တမောရှိနေပြီ။ ရသမျှအချိန်ကလေးကို ခပ်မြန်မြန်လေးလုပြီးအိပ်၊ တစ်မှေးမှေးလို့မှ မှေးမှန်းမသိခင် တယ်လီဖုန်းသံတဝှမ်ဝှမ်က သူ့ကိုအလန့်တကြားနိုးထစေမှာကို တွေးမပူတော့ပြီ။ ကိုင်း...အဲသည်လူတစ်ယောက် ဘယ်နည်းဘယ်ပုံဇာတ်လမ်းတွေလိုက်ရှာ ဘဝတွေထဲကွင်းဆင်းကြည့် စာတွေဘယ်လိုရေးနေပါသနည်း။

သူလုပ်သမျှအလုပ်အားလုံးက သီးခြားသတ်သတ် ခွဲထုတ်၍မရနိုင်အောင် သူ့ဘဝထဲမှာ တစ်ဆက်တစ်စပ်တည်း တစ်သားတည်း တွဲလျက်ရှိနေသည်။ "စာရေးခြင်း" ဆိုသည့်အလုပ်ရော၊ စာရေးစရာ "ကုန်ကြမ်း" တွေရှာသည့်



အလုပ်ရော သူနေ့စဥ်ကျင်လည်ရာဘဝထဲမှာပဲ တစ်သားတည်းရှိ၏။ သူ့ဘဝကို သေချာလေ့လာကြည့်၊ သူသီးသီးသန့်သန့် စာရေးနေသောအချိန် ကုန်ကြမ်းရှာနေသောအချိန်ဟူ၍ ကွဲကွဲပြားပြားသီးခြားမရှိ။ တစ်နေ့တာကျင်လည်လှုပ်ရှားရှုန်းကန်ရင်း ရသမျှအချိန်လေးတွေသည် သူ့အတွက် "စာရေးချိန်" သူနှင့်တွေ့သမျှကြုံသမျှ လူတွေအားလုံး ဖြစ်ရပ်တွေအားလုံးသည် ဇာတ်လိုက်တွေ ဇာတ်လမ်းတွေချည်းပေ့ါ။

ယခုလည်းကြည့် သူ့ထံအားကိုးတကြီးအကူအညီတောင်းခံဖို့ရောက်ရှိလာသည့် တစ်ခါတုန်းက သူစာသင်ပေးခဲ့ရသည့် တပည့်မလေးဇနီးမောင်နှံ၏ ပေါက်ကွဲလုနီးနီး မီးတောင်ကြီးကဲ့သို့ဖြစ်နေရှာသော ပြဿနာအပူမီးတောက်လေးတွေက စာရွက်ဖြူဖြူလေးပေါ် စာလုံးလေးတွေအဖြစ် ရောက်ရှိသွားခြင်းမှသည် ဤဝတ္ထုဇာတ်လမ်းလေး ပေါ်ထွန်းလာခဲ့ခြင်းဖြစ်ပါသည်။

ကိုမိုးနှင့် သုသုဆိုသည့် ချစ်သူနှစ်ဦး၏ကမ္ဘာလေးကို လှမ်းကြည့်လိုက်စမ်းပါ။ အပေါ်ယံကြည့်လိုက်လျှင်တော့မြင်ရသူအပေါင်းသွားရည်ယိုချင်စရာအားကျချင်စရာကောင်းလှသည့်တကယ့်ကိုနေနှင့်လ ရွှေနှင့်မြသဖွယ်လိုက်ဖက်တင့်တယ် အလှတွေကြွယ်နေသည့် ပန်းဥယျာဥ်ကြီးပမာ သီရိဂေဟာလေးပေ့ါ။ ဂုဏ်ဂုဏ်ချင်းထပ် စည်းစိမ်ဥစ္စာတွေကလည်းတစ်ပုံတစ်ပင်၊ ရုပ်ရည်ချောမောချစ်စဖွယ် နှစ်ဖက်မိဘဆွေမျိုးအသိုင်းအဝိုင်းကလည်း တောင့်တောင့်တင်းတင်း ချမ်းချမ်းသာသာ လက်ညှိုးညွှန်ရာရေဖြစ်စေ အစစအရာရာပြီးပြည့်စုံပြီး ဘာဆိုဘာမှလိုလေသေးရှိပုံ တစိုးတစိလေးမျှပင်မရ။

ကြည့်စမ်းပါဘိ... "သုသု" ဆိုသည့် သူ့တပည့်မလေးဆရာဝန်သုဌေးသမီး သူဌေးကတော် ရွှေပေါ်မြတင် ခြေမွေးမီးမလောင် လက်မွေးမီးမလောင်တကယ့်အထက်တန်းလွှာ၏သမီးပျို...သူ့ဘဝသည်အဘယ်မျှလောက်အများအားကျမနာလိုချင်စဖွယ်ပြီးပြည့်စုံသည့် ပျော်ရွှင်ချမ်းမြေ့ကြည်နူးသာယာဖို့ကောင်းလိုက်ပါသနည်း။

သို့သော်...သူတို့နှစ်ဦး၏ပကတိအဖြစ်မှန်က မကြာမီပေါက်ကွဲလုနီးဆဲဆဲ မီးတောင်ကြီးတစ်ခုသဖွယ် အပြင်ပန်းကကြည့်လျှင် အရာရာအိုကေမှာစိုပြည်နေသည့်ပုံစံမျိုး။ တကယ်တမ်းကျတော့ ဤမီးတောင်ကြီးအတွင်းမှာ ချော်

ရည်ပူတွေပွက်ပွက်ထနေပြီ။ မကြာမီအချိန်အတွင်း ထိုပွက်ပွက်ဆူနေသည့် ချော်ရည်ပူတွေ ပေါက်ကွဲပွင့်အံပြီး အရာရာကိုဖျက်ဆီးပစ်တော့မည်။

ကိုင်း ကြည့်စမ်း... သူတို့တွေ၏ဖြစ်ရပ်ကလေးကို တတိယလူတစ်ယောက်အဖြစ် ဘေးမှအသာလေးရပ်ကြည့်လိုက်စမ်းပါ။ သူတို့နှစ်ဦး၏အဖြစ်သည် မည်မျှအံ့သြစရာကောင်းလိုက်ပါသနည်း။ သူတို့နှစ်ဦးအတွက်သာ ဤကိစ္စသည် ကြီးမားပြင်းထန်သည့်ပြဿနာ အခက်အခဲကြီးတစ်ခုလိုဖြစ်နေ၏။ ဘေးမှကြည့်ရသည့်သူအတွက်ကတော့ ပြဿနာဖြေရှင်းနည်းက ရှင်းခနဲလင်းခနဲ...သူတို့ပျောက်ဆုံး၍ရှာဖွေနေသောအရာသည် ဘယ်အရာနည်း။ ထိုအရာကရော သူတို့နှင့်ဘယ်လောက်ဝေးဝေးတွင်ရှိသနည်း။ သူတို့အား သူတို့ရှာဖွေနေသောအရာသည် သူတို့နှင့်အနီးဆုံးနေရာတွင်ရှိနေကြောင်း အသင်ကရော လှမ်းအော်ဟစ်၍ သတိမပေးချင်ဘူးလား။ ဟောသည်လောကကြီး၌ လူသားတစ်ဦး၏ဘဝဟူသည်ပင် ရဖို့ရောက်ဖို့အဘယ်မျှခက်ခဲလှပါသနည်း။ ဟိုးမိုးပေါ်မှအပ်တစ်ချောင်းချ၊ ဟောသည်မြေကြီးပေါ်၌အပ်တစ်ချောင်းထောင်...ထိုအပ်နှစ်ချောင်း၏ထိပ်ဖျားချင်းဆုံရသည်ကမှ လွယ်လိမ့်ဦးမည်။ လူ့ဘဝကိုရဖို့ခက်လှပါဘိခြင်း။

ရခဲလှသောလူ့ဘဝတွင် လူသားအားလုံးတို့အတွက် အရေးအကြီးဆုံး အလိုအပ်ဆုံး အဖိုးအတန်ဆုံးအရာသည် အဘယ်နည်း။ လူ့ဘဝကိုကြုံတောင့်ကြုံခဲရောက်ရှိလာခဲ့ပြီးမှ ထိုအဖိုးအထိုက်တန်ဆုံး အရေးအပါဆုံးအရာကိုမျှမရသွားခဲ့လျှင် လူဖြစ်ရကျိုးမနပ်ပါမည်တဲ့လား။ ထိုအရာသည်အဘယ်နည်း။ ထိုအရာကရော ဘယ်နေရာတွင်ရှိသနည်း။ ထိုအရာကိုမည်သို့မည်ပုံမည်သည့်နည်းလမ်းဖြင့် မရရအောင်ရှာဖွေရမည်နည်း။

သူသည်ရုတ်ခြည်းပင် သူ၏ငယ်ရွယ်စဉ်ကလေးဘဝကတည်းကလည်ပင်းဖက်၍ကြီးပြင်းလာခဲ့သော အချစ်ဆုံးသူငယ်ချင်းလည်းဖြစ်၊ ယခုသူ့အားလမ်းမှန်ကိုညွှန်ပြပေးခဲ့သောဆရာလည်းဖြစ်သော "ဓမ္မပါလ" ၏စာစုလေးတစ်ခုက သူ့အတွေးအိမ်ထဲ ချင်းနင်းဝင်ရောက်လာလေ၏။ ပုံပြင်လေးတစ်ပုဒ်ဖြစ်ပါသည်။ ထိုပုံပြင်လေးကတော့...

တစ်ခုသောသမုဒ္ဒရာတွင် ရေဘဝဲတစ်ကောင်နေထိုင်၏။ ၎င်းရေဘဝဲသည် ရှေးရှေးကပညာရှိရေဘဝဲကြီးများ၏အဆိုအမိန့်ကို အမြဲအလေးအနက်ထားစဉ်းစား၏။ အဆိုအမိန့်တွင် ရေဟူသောအကြောင်းပါ၏။ ရေဟူသောအရာသည်ရှိနေသည်ဟုဆို၏။ ရေဘဝဲသည် အဆိုပါရေဟူသောအရာကို လွန်စွာမြင်ချင် တွေ့ချင် သိချင်လွန်းရကား ရေဟူသောအရာကို ရှာဖွေရန်ဆုံးဖြတ်၏။ ငါ့အသက်သေချင်သေပါစေ၊ ရေဟူသောအရာကိုတွေ့အောင်ရှာမည်ဟုဆုံးဖြတ်ပြီး သမုဒ္ဒရာအနှံ့ ရေအရှာထွက်လေ၏။ နောက်ဆုံးတွင် ၎င်းရေဘဝဲသည် သမုဒ္ဒရာ၏တစ်နေရာ၌ သေဆုံးလေ၏။ သူလွန်စွာတွေ့ချင်လွန်းလှသော ရေဟူသောအရာကိုကား တွေ့မသွားရှာချေ။

ကိုင်း ကြည့်စမ်းပါ့စာဖတ်သူ...ဤပုံပြင်ထဲက ရေဘဝဲလေး၏အဖြစ်က အဘယ်မျှလောက်အံ့သြဖို့ပြီးတော့ သနားကရုဏာသက်ဖို့ကောင်းလှပါသနည်း။ "သနားစရာသတ္တဝါလေးရယ်...ရေထဲမှာမင်းနေတာပဲ" ဟူ၍ လှမ်းအော်ဟစ်၍ ပြောပြချင်စိတ်ရော မဖြစ်မိပေဘူးလား။

ပြီးတော့ ကိုမိုးနှင့်သူသူဆိုသည့် ချစ်လှစွာသောဇနီးမောင်နှံနှစ်ဦး၏ပေါက်ကွဲလုနီးနီး မီးတောင်ကြီးပမာ ဖြစ်ရရှာသောပြဿနာ၏တရားခံက မည်သူနည်း။ ထိုပြဿနာကိုဖြေရှင်းနိုင်မည့်ဆေးနည်းကရော မည်သည့်နေရာတွင် မည်သို့ရှာရမည်နည်း။

ထို့အတူ လူသားအားလုံးတို့ ရတောင့်ရခဲရထားသည့် လူ့ဘဝ၏အရေးပါဆုံးအဖိုးတန်ဆုံး "အရာ" တစ်ခုကရော ဘယ်နားတွင်ရှိသနည်း။ ထိုအရာကိုမည်သို့မည်ပုံရှာဖွေတွေ့ရှိနိုင်သနည်း။ စသည့်စသည့်...မေးခွန်းကလေးများဖြင့် ယခုစာဖတ်ရှုတော့မည့် "ဖဲမွေ့ရာပေါ်က ယောကျ်ားမဟုတ်သောစက်ရုပ်" အမည်ရသည့် စာအုပ်ကလေးက စာဖတ်သူတို့၏နလုံးသားအား လှုံ့ဆော်ပေးနိုင်ပါစေဟု ဒေါက်တာငြိမ်းချမ်း ဆုတောင်းလိုက်ပါသည်...။





# ၁

# ဖဲမွှေ့ရာပေါ်က ယောကျ်ားမဟုတ်သော တက်ကျပ်




# ဖဲမွေ့ရာပေါ်က ယောက်ျားမဟုတ်သော စက်ရုပ်

"ဆရာရယ်...အဲဒီအချိန်ကိုရောက်မှာကြောက်လိုက်တာ၊ စိတ်ဆင်းရဲလိုက်တာလည်းလွန်ပါရော မိန်းမဖြစ်ရတဲ့ဒုက္ခကလည်း ဆိုးလိုက်တာနော်လို့ အဲဒီအချိန်ကိုရောက်တိုင်း စိတ်ထဲမှာလည်းတွေး တစ်ခါတလေဆိုရင် ပါးစပ်ကတောင်အသံထွက်ပြီး အဲဒီအတိုင်းထပ်ခါထပ်ခါ ရေရွတ်နေမိသေးတယ်။ သမီးတို့တွေအခုလိုအဆင်မပြေဖြစ်တာ တော်တော်ကြာနေပြီဆရာရေ၊ ကလေးမရခင်ကနည်းနည်းတော်သေးတယ်...နည်းနည်းသည်းခံပြီးနေလို့ရသေးတယ်။ သားသားလေးမွေးလာပြီးကတည်းက သမီးရဲ့စိတ်ထဲမှာ သားသားလေးကိုချစ်တာပဲသိတယ်။ သားသားလေးကိုရင်ခွင်ထဲမှာထားရဖို့ပဲ စိတ်ဝင်စားတော့တယ် သားသားကလွဲလို့ဘာဆိုဘာမှ စိတ်မဝင်စားတော့ဘူး။ တဖြည်းဖြည်းနဲ့ကြာလာတော့ သမီးစိတ်ထဲဘယ်လိုတွေဖြစ်လာမှန်းလည်းမသိတော့ဘူး။ သူ့အနားကပ်လာတာနဲ့ကို စိတ်ထဲကအလိုလိုတိုလာရော၊ အဲဒါသမီးဘယ်လိုလုပ်ရမလဲဟင်...သမီးလေနောက်ထပ်ကလေးတစ်ယောက် မြန်မြန်လေးထပ်ပြီးလိုချင်တယ်။ သမီးစိတ်ထဲအခုရှိနေတဲ့ သားသားလေးအပြင်ကို သမီးလေးနောက်တစ်ယောက်ထပ်ပြီး လိုချင်စိတ်တွေပဲပြင်းပြနေမိတယ်ဆရာ။ ကလေးလိုချင်လိုက်တာလည်း တစ်ပိုင်းကိုသေနေတာပဲ ခုထိတောင်မရသေးဘူးဆရာ၊ သားသားလေးတောင်(၄)နှစ်ထဲဝင်လာပြီ အဲဒါကူညီပါဦးဆရာရယ်..."

ဒေါက်တာသူသူသည် မျက်ရည်လေးတဝဲဝဲနှင့် ဝမ်းပန်းတနည်းကြီး သူမ၏ခံစားချက်များကို ရင်ဖွင့်နေလေသည်။

ဒေါက်တာငြိမ်းချမ်းတစ်ယောက် ... ထိုသို့စိတ်ဆင်းရဲကြီးစွာဖြစ်နေသော "သူသူ" ကိုတစ်လှည့် သူ့ဘေးတွင်ငူငူငိုင်ငိုင်ကြီးထိုင်နေသော ကိုမိုးကိုတစ်လှည့် စူးစူးစိုက်စိုက်ငေးကြည့်နေမိလေသည်။ သူသူ၏အသွင်က ညှိုးညှိုးငယ်ငယ်မျက်မှောင်လေးတွန့်တွန့်ရှိဝေနေသောမျက်ဝန်းအစုံတွင် မျက်ရည်စကလေးတွေတွဲလဲခိုနေလေ၏။ ဘာတွေများဤမျှလောက် စိတ်အလိုမကျဖြစ်စိတ်ညစ်ခြင်းများစွာ ရင်မှာသောကတွေဝေနေရပါလိမ့်။ ကိုမိုးကြီးတစ်ယောက်ကရော အဘယ်ကြောင့်များ "ခွေးအ" ကြီးလှည်းနင်းထားသကဲ့သို့ ဆန့်ငင်ဆန့်ငင်ဖြစ်နေရပါသနည်း။

ဒေါက်တာသူသူဆိုသော မိန်းမချောလေးသည် ဒေါက်တာငြိမ်းချမ်း၏တပည့်မလေးတစ်ဦးဖြစ်ခဲ့ပါသည်။ နောက်ဆုံးနှစ်အပိုင်း က - ခ တုန်းကစာသင်ခဲ့ဖူး၏။ မှတ်မှတ်ရရဤကျောင်းသူကလေးများနှင့် သူတွေ့ဆုံစာသင်ခဲ့တုန်းက ဒေါက်တာငြိမ်းချမ်းအနှစ်(၂၀)တိတိ အဖုံးပိတ်သော့ခတ်သိမ်းဆည်းထားခဲ့သော ကလောင်တံအဖုံးကိုပြန်ဖွင့်ကာ စာတွေစ၍ရေးသောအချိန်နှင့် တိုက်ဆိုင်နေလေသည်။ အဲသည်တုန်းကစာသင်ခဲ့ရသည့်ဆေးကျောင်းသူ/ကျောင်းသားအဖွဲ့လေးတွေ သူ့အခန်းထဲစာသင်ဖို့ရောက်လာလျှင် ကျောင်းစာတွေ၊ ဆေးစာတွေ၊ လူနာအကြောင်းတွေသင်ပြီးသည်နှင့် ထိုကျောင်းသားများနှင့် စာရေးဆရာအသစ်စက်စက်တို့၏ စိတ်ဝင်စားဖွယ်ရာ ဆွေးနွေးခန်းလေး "စ" တော့၏။ စာရေးဆရာပိုးတို့ထကြွစွာ "ည" ကတစ်ညလုံး မအိပ်စတမ်းတကုပ်ကုပ်ရေးထားခဲ့သော စာမူအသစ်စက်စက်တစ်ပုဒ်က သူ့လက်ထဲမှာ။ ဟော့ ... မင်းတို့ထဲကအသံအောင်အောင်နဲ့ စာဖတ်တတ်တဲ့သူတစ်ယောက်က ဆရာ့ဝတ္ထုလေးကို ကျယ်ကျယ်အော်ဖတ်စမ်း၊ ကျန်တဲ့သူတွေအားလုံးက ဝေဖန်အကြံပေးဆွေးနွေးရမယ်။ ဒီအတိုင်းသာမန်နားထောင်လို့မရဘူးနော်။ နားထောင်ပြီးတာနဲ့တစ်ယောက်ကို ဝတ္ထုရဲ့နာမည်တစ်မျိုးစီကို အခုဝေထားတဲ့စာရွက်လေးတွေပေါ်မှာ ရေးပေးရမယ်။ ဆရာအကြိုက်ဆုံးခေါင်းစဉ်ပေးနိုင်တဲ့သူကို ဒီဝတ္ထုပါတဲ့မဂ္ဂဇင်းစာအုပ်တစ်အုပ်ဆုပေးမယ်။ ကိုင်း ... ဘယ်လောက်တောင်ပျော်ရွှင်ရယ်မော



တသောသောနှင့်စိတ်ဝင်စားဖွယ်ကောင်းလှသည့် စာသင်ဝိုင်းကလေးလဲနော်။ ဤတပည့်ကလေးများနှင့်စာသင်ရင်း ဝတ္ထုတွေအကြောင်းဆွေးနွေးရင်း ခင်မင်ရင်းနှီးသွားခဲ့ကြ၏။

"သူသူ" ဆိုသောတပည့်မလေးက ကျောင်းပြီးသွားတော့ တကယ့်ကိုရေကန်အသင့်ကြာအသင့်၊ ပန်းတွေစီခင်းထားသော ပန်းမွှေ့ရာရွှေကော်ဇောပေါ်၌ ကြီးမားခမ်းနားသောမင်္ဂလာပွဲကြီးဆင်နွှဲခဲ့၏။ သူကလည်းတစ်ဦးတည်းသောသူဌေးသမီး ... ဆေးကျောင်းတက်တာ ဆရာဝန်လုပ်ဖို့မဟုတ်၊ တကယ့်ဂုဏ်ပုဒ်တစ်ခုရယူဖို့ချည်းသက်သက် မင်္ဂလာဆောင်ဖိတ်စာပေါ်မှာ ဒေါက်တာသူသူ MBBS ဟူသော လှပလှသည့်အမြီးရှည်ရှည်တစ်ခုကို တပ်ဖို့သက်သက်သူ့ခင်ပွန်းလောင်းကလည်း သူတို့နှင့်နေနှင့်လ ရွှေနှင့်မြ ... လူကြီးချင်းကလည်းစီးပွားဖက်မိတ်ဆွေရောင်းရင်းတွေ၊ ကျိုကျိုတက်ချမ်းသာလှသော ဂုဏ်သရေရှိအသိုင်းအဝိုင်းထဲက တစ်ဦးတည်းသောသား၊ လူကြီးချင်းသဘောတူရုံမျှသက်သက်မဟုတ် သူတို့ချင်းကလည်း ငယ်သူငယ်ချင်းရောင်းရင်းတွေ ဆယ်တန်းကိုအောင်တော့ သူသူကဆေးတက္ကသိုလ်၊ ကိုမိုးကစီးပွားရေးတက္ကသိုလ် ... ချိုပြုံး၏နာမည်ကျော် "တက္ကသိုလ်ကျောင်းကငွေလမင်း" သီချင်းထဲကလို တစ်ဦးနှင့်တစ်ဦးမိတ်ဆွေအပေါင်းအသင်းဘဝမှ စိတ်အနေပြောင်းရင်းချစ်သွားကြသောချစ်သူနှစ်ဦး၊ ကြည့်စမ်း ... ကြာရှည်လှသောပျော်မွေ့ကြည်နူးဖွယ်ရာ ရည်းစားသက်တမ်း(၆)နှစ်(၇)နှစ်လောက်အပြီးတွင် စည်ကားသိုက်မြိုက်လှစွာသောမင်္ဂလာဧည့်ခံပွဲ ...

ကိုင်း ဘယ်မျှလောက်အိုကေမှာစိုပြည်ပြီးကြားရသူမြင်ရသူအပေါင်းမနာလိုချင်စရာကောင်းလောက်အောင် နေနှင့်လ ရွှေနှင့်မြ လိုက်ဖက်တင့်တယ်လှသည့်စုံတွဲလေလဲ။ သူသူ့လောက်ကံကောင်းလှသည့် အိမ်ရှင်မရှိပါဦးမည်တဲ့လား၊ အိမ်ရှင်မပေမယ့်ထမင်းဟင်းလည်း ချက်ကျွေးစရာမလို၊ အဝတ်လျှော်ဖို့အမှိုက်လှည်းဖို့ဝေလာဝေး ခြေမွေးမီးမလောင် လက်မွေးမီးမလောင် ရွှေပေါ်မြတင်အိမ်ဖော်တွေတစ်လှေကြီးနှင့် ထမင်းကိုလက်ဆေးပြီးစားရုံသက်သက် .. ကိုမိုးကျတော့လည်း မိဘလက်ငုတ်လက်ရင်း နာမည်ကျော်စီးပွားရေးလုပ်ငန်းကြီးတစ်ခုတွင် ဆက်လက်အုပ်ချုပ်ရင်း ပို၍ပို၍အောင်မြင်ကြီးပွားချမ်းသာလာ

သည့်သူဌေးသားလေး...သူတို့မင်္ဂလာဆောင်ပြီးသိပ်မကြာခင်မှာပဲ ဒေါက်တာငြိမ်းချမ်းဆီသို့ သားဦးကိုယ်ဝန်ကလေးကိုအပ်နှံဖို့ သူတို့ဇနီးမောင်နှံရောက်ရှိလာခဲ့၏။ မင်္ဂလာဆောင်တုန်းက တွေ့ဖူးရုံမျှသာရှိသော်လည်း ယခုကိုယ်ဝန်ကိုလာလာပြီးအပ်တိုင်းအတူပါလာသူ အရပ်ရှည်ရှည်အသားဖြူဖြူပြုံးရွှင်ဖော်ရွေသောမျက်နှာထားနှင့် ခင်မင်ဖွယ်ရာကောင်းလှသည့်ကိုမိုးနှင့်ပါ ဒေါက်တာငြိမ်းချမ်းအချိန်တိုအတွင်း ခင်မင်ရင်းနှီးခဲ့လေသည်။ သူတို့နှစ်ဦးမွေးသည့်သားလေးကချောမှချော၊ သူတို့နှစ်ဦးစလုံးနှင့်တူလည်းတူ ဘယ်လောက်တောင်ကုသိုလ်ကံကောင်းလှသည့်ကလေးလေးပေလဲမသိ။ ဤကဲ့သို့သောမိဘများ၏ဝမ်းကြာတိုက်မှာမှ လာရောက်သန္ဓေတည်ခဲ့ရသူလေး၏ဘဝအစခရီးဟာ လှပချောမွေ့ခန့်ညားတင့်တယ်လှပါချေ၏။ မိဘနှစ်ပါးလုံးသာမက အဘိုးအဘွားနှင့်ဆွေမျိုးအသိုင်းအဝိုင်းတစ်ခုလုံးက ဖူးဖူးမှုတ်ချစ်ခင်ရသည့်မြေးဦးလေး။

ထိုမြေးဦးလေးတတောက်တောက်ပြေးလွှားချိန်မှာပင်...ဒေါက်တာငြိမ်းချမ်းတစ်ယောက် အစိုးရဝန်ထမ်းတစ်ဦး၏ထုံးစံအတိုင်း ဟိုးဖန်ခါးမြေဆေးတက္ကသိုလ်သို့ ရာထူးတိုးမြှင့်ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ရလေ၏။ နှစ်နှစ်ခွဲတိတိဖန်ခါးမြေတွင် ကြာညောင်းခဲ့ပြီးမှ မြို့တော်သို့ပြန်လည်ရောက်ရှိလာခဲ့၏။

သူရန်ကုန်ကိုပြန်ရောက်ပြီးသိပ်မကြာခင်မှာပဲ သူသူနှင့်ကိုမိုးတို့ဇနီးမောင်နှံနှင့် ပြန်လည်ဆုံစည်းခဲ့ရခြင်းဖြစ်ပါသည်။ သူသူကနောက်ထပ်ကလေးလေးတစ်ယောက်ကို အသည်းအသန်လိုချင်နေလေ၏။

လိုချင်ရင်များယူလိုက်ပါတော့လားဟု လွယ်လွယ်ကလေးမတွေးစေချင်။ ယခုပဲကြည့်လေ...သူ့ရှေ့တွင်ဇနီးမောင်နှံနှစ်ဦး အကြီးအကျယ်စိတ်ဓာတ်ကျဆင်း သောကမီးတွေဝိုင်းဝိုင်းလည်စိတ်ညစ်ခြင်းကြီးစွာနှင့်ပြဿနာတစ်ရပ်ကိုသယ်ဆောင်လာချေပြီမဟုတ်လား။ ဤပြဿနာကအသေးအဖွဲ့ပါ အရေးမကြီးဘူးဟုထင်ချင်လည်းရနိုင်ပါသည်။ သို့သော် "အမှိုက်ကစပြဿဒ်မီးလောင်" ဟူသောစကားကိုကြားဖူးသည်မဟုတ်ပါလား။

ကြည့်စမ်းပါဦး...သူ့လိုဆရာတပည့်အရင်းလည်းဖြစ် မိမိရင်ထဲကစကားတွေကိုလွတ်လွတ်လပ်လပ်ပွင့်ပွင့်လင်းလင်းပြောခွင့်ရသူချင်းလည်းဖြစ်၍သာ ဤပြဿနာကိုသိခွင့်ရလိုက်ခြင်းဖြစ်ပါသည်။ သာမန်ဆရာဝန်နှင့်လူနာ



ကို့ကြားဖွင့်ပြောဖို့ခက်ပြောဖို့မရဲရှက်ကြောက်ခြင်းတွေနှင့် ဆရာဝန်အနေဖြင့်အမှန်အတိုင်းသိကြားဖို့ ခက်ခဲလွန်းသောပြဿနာမျိုးဖြစ်ပါ၏။ "ကိုင်းဆရာကဘယ်လိုအကူအညီပေးရမှာလဲ...ပွင့်ပွင့်လင်းလင်းပြောပါဦး" တစ်ဦးနှင့်တစ်ဦးမျက်လုံးချင်းလည်းရဲရဲမဆိုင် မျက်စောင်းထိုးသကဲ့သို့ခပ်စောင်းစောင်းကြီးဖြစ်နေသော လင်မယားနှစ်ဦး၏မျက်နှာကို တစ်လှည့်စီသူကြည့်နေမိ၏။ "ကိုင်းသူသူကစပြောလေ" ဟုသူကလမ်းဖွင့်တိုက်တွန်းလိုက်မိ၏။ "ဆရာ ဆရာ့ညီပေါ့...သူ့ကြောင့်ကလေးမရနိုင်တာ သူကတာဝန်မကျေလို့ ကလေးရမယ့်ရက်ဆိုရင်သူကဘာဖြစ်နေမှန်းကိုမသိဘူး၊ အင်းမလှုပ်အဲမလှုပ်နဲ့ ယောက်ျားမဟုတ်တဲ့အတိုင်းပဲ" ဟုခပ်ဆတ်ဆတ်ကလေးမေးငေါ့ကာပြောလိုက်လေ၏။ အဲသည်တော့မှရနကလင်းတမှိုင်မှိုင်တွေကာ မတုန်မလှုပ်ကျောက်ရုပ်ကြီးကဲ့သို့ တုတ်တုတ်မျှမလှုပ်သောတေမိမင်းသားဆီမှ စက်သေနတ်ပစ်သကဲ့သို့စကားတွေတရစပ်ထွက်လာလေတော့၏။ "ဟော့...သူသူမင်းကကိုယ့်ကိုကလေးလုပ်တဲ့စက်ရုပ်လို့သဘောထားတာကိုးကွ ကိုယ်ကစက်ရုပ်မဟုတ်ဘူး..." "ဘယ်လို...ဘယ်လို" ဒေါက်တာငြိမ်းချမ်းတစ်ယောက်တော့ ဟိုဘက်လှည့်ကြည့်လိုက် ဒီဘက်လှည့်ကြည့်လိုက်နှင့် မျက်လုံးလေးကလယ်ကလယ်ဖြစ်နေချေပြီ...သူမည်သို့မည်ပုံနားလည်ရလေတော့မည်နည်း။ တစ်ယောက်ကယောက်ျားမဟုတ်ဘူးတဲ့၊ တစ်ယောက်ကလည်းစက်ရုပ်မဟုတ်ဘူးတဲ့...ဘာတွေများဖြစ်နေပါသနည်း။ နားမလည်နိုင်လှစွာ ပါးစပ်အဟောင်းသားဖြစ်နေသော ဒေါက်တာငြိမ်းချမ်း၏ပါးစပ်မှ "ဘယ်လို...ဘယ်လို" ဟူသောအာမေဍိတ်သံတစ်ခုတည်းသာ ထွက်လာလေတော့သတည်း။

●●●

"ဆရာ ဒီလိုပါဆရာရယ်...ဒီစကားကိုဆရာ့ကိုမှလို့ ပြောပြဖြစ်တာ။ ကျွန်တော်ပြောရမှာတောင် ရှက်ပါတယ်ဆရာ။ ကျွန်တော်ကပဲယောကျ်ားမပီသတဲ့ယောကျ်ားတစ်ယောက်ဖြစ်နေပြီလားဆိုပြီး ဝမ်းနည်းအားငယ်မိတာလည်း အခါခါပါပဲဆရာရယ်။ ဟိုးအိမ်ထောင်ကျခါစတုန်းကတော့ ဟုတ်တုတ်တုတ်လိုပဲ ပျားရည်ဆမ်းခရီးလေးက သာယာစိုပြည်ခဲ့ပါတယ်။ ဒါပေမဲ့ ..."



# ၂

# မျက်စောင်း တစ်ချက် ဓား တစ်လက်




# မျက်စောင်းတစ်ချက် ဓားတစ်လက်

ကိုင်း စာဖတ်ပရိသတ်ကြီးရေ . . . ဒေါက်တာငြိမ်းချမ်းတစ်ယောက်တော့ဖြင့် သူ့တပည့်မလေး "သူသူ" နှင့် "ကိုမိုး" တို့ဇနီးမောင်နှံနှစ်ဦး၏ကြားထဲ အရှုတ်အရှုပ်ကြောင်းဖြစ်ကာ မျက်စိသူငယ်နားသူငယ်ဖြစ်နေလေချေပြီ။ သူတို့ဘာတွေများပြောနေကြသနည်း။ သူသူစွပ်စွဲတာက "ကိုမိုး" တစ်ယောက်ယောကျ်ားမဟုတ်တဲ့အတိုင်းပဲတဲ့။ ကိုင်း . . အဘယ်မျှလောက် ရက်ရက်စက်စက်ပြင်းထန်လွန်းသည့်စွပ်စွဲစကားနည်း။ ယောကျ်ားတစ်ယောက်ကို မင်းယောကျ်ားမဟုတ်ဘူးလားဟူ၍ ခနဲ့တဲ့တဲ့ပြောသည့်စကားသည် အဘယ်မျှလောက်နာသာခံခက်ဒေါသထွက်ဖို့ကောင်းလိုက်ပါသနည်း။ ပြောသည့်သူကလည်း အခြားသူမဟုတ် သူ၏ချစ်လှစွာသောဇနီးချောကိုယ်တိုင်။ စကားတစ်ခွန်းသည် မြားတစ်စင်းဆိုပါလျှင် ထိုမြား၏ချွန်မြလှသောထိပ်ဖူးက ကိုမိုး၏နှလုံးသားတည့်တည့်သို့ဦးတည်၍ပျံသန်းလာချေပြီတည်း။

ကိုမိုးကလည်း အစောပိုင်းကတော့ သူသူပြောသမျှကို ငူငူငိုင်ငိုင်ကြီးထိုင်ကာ မှိုင်တွေနားထောင်နေသေး၏။ ကြာတော့လည်း ဒင်းက ဘာသားနဲ့ထုလုပ်ထားသည့်ကျောက်ရုပ်မို့လို့လဲ။ သစ်ငုတ်သည်ပင်လျှင် . . . "နဲ့" ပါများသော် တဖြည်းဖြည်း "နဲ့" လာတတ်သည်မဟုတ်ပါလား။ အလွန်အေးသော အလွန်ရိုးသော အလွန်စကားနည်းသော ဘာမဆိုသူ့သူသဘော သူသူ့စိတ်ကြိုက် အရာ

ရာကိုအလျှော့ပေးလိုက်လျော့တတ်လွန်းသော ရေခဲတုံးကြီးကိုမိုးတစ်ယောက် သူသူ၏ပြင်းထန်စူးရှရက်စက်လွန်းသောစွဲချက်များကို မည်သို့မျှဆက်၍သည်းညည်းမခံနိုင်တော့ဘဲ ပေါက်ကွဲပွင့်အံလာပါပကောလား။

ရှတ်တရက်သူကြားလိုက်ရသော စကား၏အဓိပ္ပာယ်ကို သူရှုတ်တရက်သဘောမပေါက်လိုက်သည်မို့ ကိုမိုးကိုအားမနာနိုင်စွာဘဲ ထပ်၍မေးမြန်းရပါတော့သည်။

"ခဏနေပါဦးကိုမိုးရာ...ခုနကဘာပြောလိုက်တယ် ဆရာသိပ်မရှင်းလို့ပါ။ ဆရာကညာဏ်လည်းနည်းနည်းထိုင်းတယ် နားကလည်းတစ်ခါတစ်ခါဆိုကောင်းကောင်းမကြားဘူး၊ စကားတစ်ခွန်းကိုပြောရင် တစ်ခါတည်းနဲ့နားမလည်တတ်လို့ နောက်တစ်ခေါက်လောက်ထပ်ပြောပါဦးလား။ ခုနတုန်းကကိုမိုးပြောလိုက်တဲ့အထဲမှာ ကိုမိုးကစက်ရုပ်မဟုတ်ဘူးလို့ ပြောလိုက်သလားလို့။ ဘယ်လိုလုပ်ပြီးစက်ရုပ်မဟုတ်ရတာလဲ ...နည်းနည်းရှင်းပြပေးပါဦးကိုမိုးရာ"

ထိုစဉ်မှာပင် ဟိုးနောက်ဖေးပေါက်က ဘယ်ကဘယ်လိုလွတ်ထွက်လာမှန်းမသိသော "ချောငယ်" ဆိုသည့်ခွေးဖြူမလေးက တဝုတ်ဝုတ်နှင့်အသံစုံဟစ်ကြွေးကာဟောင်လေတော့၏။

"ဟော့ မရွှေသက်ရေ...အအေးဖျော်တာခဏထားပြီးချောငယ်လေးကိုလာဖမ်းပါဦး၊ ဒီမှာစကားပြောလို့မရတော့ဘူး"

ကုလားထိုင်တွေအောက်ဘက်သို့ပြေးဝင်သွားပြီးအားပါးတရဟောင်နေသောချောငယ်လေးကို မရွှေသက်ခမျာ မနည်းချော့မော့၍ဖမ်းရ၏။ သီတင်းကျွတ်ရုံးပိတ်ရက်တွင် သူ့အားလာရောက်ကန်တော့ကြရင်း ရင်ဖွင့်နေကြသည့်သူသူတို့ဇနီးမောင်နှံနှင့်စကားကောင်းနေခြင်းပဲဖြစ်ပါသည်။ ကျောင်းဆရာဘဝဟူသည်မှာ "တပည့်မရှားတစ်ပြားမရှိ၊ ပီတိကိုစားအားရှိပါ၏" ဟူသောဆိုရိုးအတိုင်းယခုဆိုလျှင်ဖြင့် သူ့စာသင်ခန်းထဲမှထွက်ခွာပျံသန်း၍ လက်တွေ့ဘဝမိုးယံထက်တွင် ခရီးနှင်နေကြသည့်တပည့်တွေကို ရေတွက်ခြင်းငှာ မတတ်နိုင်တော့ပြီ၊ လမ်းမှာတွေ့လျှင်လည်းမမှတ်မိတော့ပြီ။ ထိုများလှစွာသောတပည့်တွေထဲက "သူသူ" ဆိုသည့်တပည့်မလေးတစ်ဦးကတော့ သူ့အားဆရာတစ်ယောက်အဖြစ်မှတ်မှတ်ထင်ထင် သတိတရရှိနေသေးသည်ကို ဝမ်းမြောက်ပျော်ရွှင်ရပါ၏။

ဆရာဟူသည်ကကျောင်းသင်ခန်းစာများကိုသာ သင်ကြားပေးဖို့တာဝန်ရှိသည်မဟုတ်။ ကျောင်းဆရာစစ်စစ်ဟူသည် စာတစ်ခုတည်းသာ သင်သည်မဟုတ် စိတ်ကိုပါသင်ပေးမှ ...ဟူသည့်စကားလေးကို ဒေါက်တာငြိမ်းချမ်းကတော့နှစ်သက်သဘောကျလှပါသည်။ ဒါတင်ဘယ်ကပါဦးမည်နည်း။ "ကျောင်းဆရာ" တစ်ဦးကိုသူ့တပည့်တွေက မိဘသဖွယ် ဦးကြီးသဖွယ် မိတ်ဆွေသူငယ်ချင်းသဖွယ် ချစ်ခင်လေးစားကြ၊ ရင်ဖွင့်တိုင်ပင်ဆွေးနွေးကြသည်ကိုလည်း ပီတိတွေဖြာရင်းကြည်နူးနှစ်သိမ့်ရသည်ပဲ။ ပြောရမည်ဆိုလျှင် ကျောင်းဆရာတစ်ဦးသည် တပည့်တွေအတောင်ညောင်းတော့ ခေတ္တနားခိုရာ အေးချမ်းသည့်အရိပ်ကလေးဖြစ်ချင်လှပါသည်။ သို့မဟုတ်တပည့်ကလေးတွေ လောကဓံ၏ရိုက်ပုတ်ခြင်းဒဏ်ရာဒဏ်ချက်တို့ကြောင့် ငိုကြွေးကြရမည်ဆိုလျှင်တောင်မှ မှီတွယ်စရာပခုံးလေးတစ်ခုဖြစ်ချင်သည်။ ယခုလည်းကြည့်လေ သူသူတို့တပည့်မလေးဇနီးမောင်နှံက မည်သို့သောပြဿနာများကို သယ်ဆောင်လာပါသနည်း။

"ဆရာ ဒီလိုပါဆရာရယ်...ဒီစကားကိုဆရာ့ကိုမို့လို့ ပြောပြဖြစ်တာ။ ကျွန်တော်ပြောရမှာတောင်ရှက်ပါတယ်ဆရာ။ ကျွန်တော်ကပဲယောကျ်ားမပီသတဲ့ ယောကျ်ားတစ်ယောက်ဖြစ်နေပြီလားဆိုပြီး ဝမ်းနည်းအားငယ်မိတာလည်းအခါခါပါပဲဆရာရယ် ဟိုးအိမ်ထောင်ကျခါစတုန်းကတော့ ဟုတ်တုတ်တုတ်လိုပဲပျားရည်ဆမ်းခရီးလေးက သာယာစိုပြည်ခဲ့ပါတယ်။ ဒါပေမဲ့အဲဒီကာလလေးဟာတစ်လတောင်မပြည့်အောင် တိုတောင်းလွန်းလှတော့ အိပ်မက်မက်သလိုပဲဖြစ်ပြီးကျန်ရစ်ခဲ့တယ်ဆရာရေ၊ သူသူတို့ဘက်ကရော ကျွန်တော့်ဘက်ကရောမိဘတွေမှာက မြေးဦးကိုချီချင်လွန်းနေကြပြီ။ ကျွန်တော်တို့နှစ်ယောက်လုံးကလည်းတစ်ဦးတည်းသောသားနဲ့ တစ်ဦးတည်းသောသမီးတွေမဟုတ်လား။ အဲဒီတော့ အိမ်ထောင်ကျတာနဲ့ အတင်းအဓမ္မကိုကလေးယူဖို့ နှစ်ဖက်မိဘဆွေမျိုးအသိုင်းအဝိုင်းတွေအားလုံးက ဝိုင်းပြီးတိုက်တွန်းကြတော့တာပါပဲဆရာရယ်။ တကယ်တမ်း..ကျွန်တော့်ရဲ့ကိုယ်ပိုင် စိတ်ကူးယဉ်ထားတဲ့အတိုင်းဆိုရင် အိမ်ထောင်ကျပြီးတစ်နှစ်တန်သည်၊ နှစ်နှစ်တန်သည် ထိုက်ထိုက်တန်တန်လေးအချိန်ဆွဲထားချင်သေးတာ...သားသမီးပုစုခရုလေးတွေမရှိသေးချိန် စိတ်လွတ်ကိုယ်လွတ်နှစ်ယောက်တည်း ချစ်ကမ္ဘာလေးတစ်ခုကို ပျော်ပျော်ရွှင်ရွှင်တည်ထောင်ချင်ခဲ့တာ

ပေါ့ဆရာရယ်။ ခုတော့ကျွန်တော်တို့ရဲ့ဘဝမှာ ဘယ်တော့မှပြန်မရနိုင်တော့မယ့် ပျားရည်ဆမ်းခရီးတာကာလကလေးက ဘဝတစ်ခုလုံးနဲ့ကြည့်လိုက်ရင် လျှပ်စီးလက်လိုက်သလိုပဲ တစ်ခဏလေးမှတစ်ခဏလေး၊ ကျွန်တော့်အတွက်ကတော့ မမေ့နိုင်စရာအိပ်မက်လေးတစ်ခုပါပဲ"

ဟောကြည့်စမ်းစကားနည်းလှသည့်ရေခဲတုံးကြီး ကိုမိုးတစ်ယောက်ရင်ဖွင့်မယ့်ဖွင့်တော့လည်းကရားရေလွှတ်တတွတ်တွတ်ဖြင့် အနှစ်နှစ်အလလစုဆောင်းမျိုသိပ်ထားခဲ့ရသည့်ခံစားချက်တွေက ရေကာတာကြီးကျိုးပေါက်သွားကဲ့သို့ဒလဟောကြီးစီးဆင်းလာချေပြီတည်း။ ဟုတ်သည်လေ ကိုမိုး၏စကားကိုသူသဘောတူလက်ခံပါ၏။ အိမ်ထောင်ကျခါစဇနီးမောင်နှံတိုင်းအတွက် ဘဝမှာမမေ့နိုင်စရာပျားရည်ဆမ်းခရီးတာကာလကလေးရှိကြစမြဲ။ ထိုအချိန်ကာလကလေးသည် ချစ်သူမောင်နှံနှစ်ဦးအတွက် သားတွေသမီးတွေ၏အနှောင့်အယှက်၊ မိသားစုတာဝန်တွေမှ ကင်းဝေးနေသေးသော အဖိုးမဖြတ်နိုင်လှသည့်ကြင်စဦး "မင်္ဂလာဦး" ကာလကလေးပဲမဟုတ်ပါလား။ ထိုကာလလေးကို ဘဝမှာမမေ့နိုင်စရာအမှတ်တရလေးအဖြစ် တမ်းတမ်းတတအောက်မေ့နေစေဖို့ တန်ဖိုးရှိရှိသုံးရမည်။ တတ်နိုင်သလောက်လေးလည်း ထိုကာလလေးကို ဆွဲဆန့်ထားကြလျှင် ပို၍ကောင်းပါလိမ့်မည်ဟု သူကတော့ထင်မြင်ယူဆကြည်မိလေသည်။ ထို့ကြောင့်လည်းထိုကာလလေးတွင် ရုတ်တရက်ကလေးတန်း၍မရသွားအောင် သင့်တင့်လျောက်ပတ်သော သားဆက်ခြားနည်းတစ်ခုခုကို စနစ်တကျရွေးချယ်ကာထိရောက်အောင် သုံးစွဲသင့်လှပေသည်။ ခုပဲကြည့်လေ ကိုမိုးတစ်ယောက်သူတို့၏ တိုတောင်းလှသောအိပ်မက်ကလေးကို နမြောတသဝမ်းနည်းယူကျုံးမရဖြစ်နေရှာပြီကော။

"ဟုတ်ပါတယ်ဆရာရယ်..ဖိုးသားလေးကိုယ်ဝန်ရပြီဆိုတာကိုစပြီးသိလိုက်ရတဲ့နေ့ကစပြီး ကျွန်တော်တို့အတွက် တစ်ဖက်ကရင်သွေးလေးရတော့မယ်ဆိုပြီး ဝမ်းမြောက်ဝမ်းသာဖြစ်ရပေမယ့်၊ တစ်ဖက်ကကြည့်ပြန်တော့လည်း ကျွန်တော်တို့ဇနီးမောင်နှံရဲ့အိမ်ထောင်ရေးသုခတွေနိဂုံးချုပ်ပြီး ကြမ္မာငင်သွားရတော့တာပဲလို့တောင် ပြောနိုင်တယ်ဆရာရေ"

"ဗျာဘယ်လို... ဘာကြောင့်များလဲ ရှင်းပါဦးကိုမိုးရဲ့" မျက်လုံးအပြူး

ားနှင့်ကိုမိုးပြောသမျှကို စိတ်ဝင်တစားငေးစိုက်နေသော ဒေါက်တာငြိမ်းချမ်းမှအားမလိုအားမရစကားထောက်သံတစ်ချက်ပေါ်ထွက်လာ၏။ ထိုစဉ်မှာပင်ပြောလက်စကိုမိုး၏စကားတွေက မီးကိုရေနှင့်ငြိမ်းလိုက်သကဲ့သို့ ရှဲခနဲတန့်ခနဲပျပ်သွားလေတော့သည်။ ကိုမိုး၏မျက်လုံးလေးတွေအရွှေ့အလျားကိုလှမ်းကြည့်လိုက်သောအခါ ဟိုဘက်ကုလားထိုင်မှ မည်သည့်အဓိပ္ပာယ်နှင့်မှန်း သူမခန့်မှန်းနိုင်သော သူသူ၏စူးရှလှပါသော မျက်စောင်းလေးတစ်ချက်ကို သူမြင်တွေ့လိုက်ရတော့သတည်း။

●●●

ကျွန်တော်ပျော်ခဲ့ရတာဟာ တစ်ခဏလေးပဲလို့တောင်ပြော
လို့ရတယ်။ အဲဒီကိုယ်ဝန်ရှိမှန်းသိတဲ့ညကစပြီး ဆရာ့သမီး
သူသူကကျွန်တော့်ကို လုံးဝလုံးဝချစ်ခွင့်မပေးတော့ဘဲ ချစ်
ခွင့်ပါမစ်ကိုအပြီးအပိုင်ရုပ်သိမ်းလိုက်တော့တယ်ဆရာ။
ကျွန်တော့်မှာသူသူ့ကိုချစ်ချင်လှပေမယ့် သူကလုံးဝအနား
အကပ်ကိုမခံတော့ဘူး။ လင်မယားလိုမနေရတော့ဘူး၊ ချစ်
သူရည်းစားလို မောင်နှမလို သူငယ်ချင်းမိတ်ဆွေတွေလိုပဲ
ဆက်ဆံရတော့မယ်တဲ့ဆရာ၊ ကျွန်တော်ကဘာဖြစ်လို့ချစ်
ခွင့်မပေးတော့လဲလို့ စောဒကတက်တော့ ...



# ၃

# ပျားရည်ဆမ်း
# ကြမ္မာငင်သော




# ပျားရည်ဆမ်းအပြီးကြမှောင်ငင်သောစာတတ်လိုက်ကြီး

"နဂါးမျက်စောင်းအကြောင်းမရွေးဘူး" ဆိုသည့်စကားလေးတစ်ခွန်းကြားဖူးပါ၏။ "မျက်စောင်း" တစ်ခုသည်မည်မျှချွန်မြပါသနည်း။ တစ်ဖက်လူ၏နှလုံးသားကိုထွင်းဖောက်နိုင်လောက်အောင် ချွန်ထက်လှသည့်မျက်စောင်းရှိပါသလား။

ယခုလည်းကြည့်လေ...ကုလားထိုင်ဟိုဘက်မှ သူသူဆိုသည့်သွယ်သွယ်လျလျလှလှပပ အားပါးတရနှင့်ထိုးထည့်လိုက်သော မျက်စောင်းတစ်ချက်သည် ကိုမိုးဆိုသည့်အတောင်နှစ်ဆယ်ဝတ် ဒေါင်းတိမောင်းတိမင်းယောက်ျားရင့်မာကြီးတစ်ဦး၏တတွတ်တွတ်ပြောနေသောစကားရေလျဉ်ကိုဓားနှင့်တိခနဲဖြတ်ချလိုက်သည့် အစွမ်းရှိပါပေ၏။

ကြည့်စမ်းပါဦးအရပ်ကတို့ရေ ထူးပေသည်ဆန်းပေသည် အရှုးတွေဖမ်းနေပြီဟု၍ပဲ ပြောရလေမလား...ချစ်မြတ်နိုးလှစွာသော ကြင်ဖော်ကြင်ဖက်ဇနီးမောင်နှံနှစ်ဦး၏ဗျူဟာခင်းကျင်းကြခြင်း သင်္ကေတအမှတ်အသားဖြစ်သောရင်သွေးကလေးတစ်ဦး သူသူ၏ဝမ်းကြာတိုက်ထဲ ခိုတွယ်လာသောနေ့မှစ၍သူတို့ဇနီးမောင်နှံ၏အိမ်ထောင်ရေးသုခတွေနိဂုံးချုပ်ပြီး ကြမှောင်ငင်သွားတော့တာပဲဟု၍ကိုမိုး၏စကားက မည်သည့်အဓိပ္ပာယ်ဆောင်ပါသနည်း။

သူစိတ်ဝင်တစားနားထောင်ချင်ပါသည်ဆိုကာမှ ကိုမိုးဆိုသည့်ငတိ

လေးကသူ့စကားကိုဆက်မပြောဘဲ ခွေး "အ" ကြီးလုပ်ညီးနင်းခံထားရသကဲ့သို့ အူတီးအူကြောင်နှင့်စကားကိုရပ်ထားကာ ဒေါက်တာငြိမ်းချမ်းအားသူသူရှိရာအရပ်သို့ မေးငေါ့ပြလိုက်လေတော့၏။

အဲသည်တော့မှဒေါက်တာငြိမ်းချမ်းသည် သူ့တပည့်မအစုတ်ပလုတ်သူသူဆိုသည့်ငတိမလေးဘက်သို့ တန်ပြန်မျက်စောင်းတစ်ချက်နဲ့ ခပ်ပြင်းပြင်းထိုးထည့်လိုက်ပြီး "ဟော့သူသူ သမီးဘာလုပ်နေတယ်ဆိုတာ ဆရာမသိဘူးများအောက်မေ့နေသလား။ ကျောင်းသူဘဝကအကျင့်တွေ ခုထိမပျောက်သေးဘူးပေါ့လေဟုတ်လား..အခုချက်ချင်းထိုးထားတဲ့မျက်စောင်းကိုပြန်ရုပ်သိမ်းလိုက်စမ်း၊ ပြီးတော့ကိုမိုးကြီးကိုသဘောကောင်းတိုင်း နင်အဲသလိုအမြဲအနိုင်ကျင့်နေတာကို ရပ်တန်းကရပ်လိုက်စမ်း။ အခုလည်းသမီးတို့နှစ်ယောက်ကြားပြဿနာတစ်ခုရှိနေတယ်။ အဲဒါသမီးတို့လည်းသိတယ် ဆရာကတော့ဘာမှန်းညာမှန်းမသိသေးဘူး၊ ပြဿနာတစ်ခုကိုဖြေရှင်းဖို့ဆိုရင် ပထမဆုံးဒီပြဿနာကဘာလဲ၊ ဘယ်လောက်အတိုင်းအတာထိဆိုးဝါးသလဲ၊ ပြီးတော့ ဒီပြဿနာဖြစ်ရတဲ့အစကအကြောင်းရင်းခံက ဘာလဲစသဖြင့် သေသေချာချာတိတိကျကျသိရအောင်စနစ်တကျလေ့လာစူးစမ်းရမှာပဲဖြစ်တယ်။ အဲသလိုလေ့လာစူးစမ်းတဲ့အခါမှာ ဆရာကလည်းဝိုင်းပြီး ကူညီရှာဖွေဖော်ထုတ်ပေးမယ်။ အဲသလိုအမှန်တရားကိုဖော်ထုတ်ဖို့ဆိုရင် သမီးတို့နှစ်ယောက်ရဲ့အတွင်းရေးတွေကို အမှန်အတိုင်းသိဖို့ကအရေးအကြီးဆုံးပဲပေါ့။ အဲဒီလိုသိဖို့ဆိုတာကလည်း သမီးတို့နှစ်ယောက်စလုံးကအရှိကိုအရှိအတိုင်းအမှန်အတိုင်းမချွင်းမချန် ဆရာ့ကိုမရှက်တမ်းမကြောက်တမ်းပွင့်ပွင့်လင်းလင်း ရင်ထဲမှာရှိသမျှအားလုံးကို ပြောပြမှဖြစ်မှာ။ အဲဒါကိုသမီးကိုယ်တိုင်က ဆရာဝန်တစ်ယောက်ဖြစ်တာမို့ အသိဆုံးပဲမဟုတ်လား။ ပညာရှိသတိဖြစ်ခဲဆိုတာလိုမျိုးဖြစ်နေတာနေမှာပါ။ ဒါကြောင့်အခုချိန်ကစပြီး ကိုမိုးကြီးရင်ထဲကပြောချင်သမျှကိုမချွင်းမချန်ပြောပြနိုင်ဖို့ သမီးကနားလည်မှုပေးရမယ်။ သမီးကိုယ်တိုင်ကလည်း လျှို့ဝှက်ပြီးမျိုသိပ်ထားတာတွေမလုပ်ဘဲ ပွင့်ပွင့်လင်းလင်းပြောရမယ်။ ဒီလိုမျိုးစကားတွေကို ဆရာ့ကိုမှမပြောရင် အခြားဘယ်သူ့ကိုသွားပြောမလဲ၊ ကိုင်းမဟုတ်ဘူးလား...အခုချိန်ကစပြီးတော့ မျက်စောင်းထိုးရဲထိုးကြည့်" ဟုခပ်ပြင်းပြင်းလေး ရာဇသံပေးလိုက်လေတော့၏။



အဲသည်တော့မှ သူသူဆိုသည့်ကောင်မလေးက မနိုးတရိုနှင့်ရှက်ရယ်လေးရယ်လိုက်ပြီး "ဟုတ်ကဲ့ပါဆရာ...ဆရာမတွေ့ဘူးအောက်မေ့လို့ရယ် အကျင့်ပါနေလို့ရယ် မျက်စောင်းထိုးမိသွားတာပါ၊ ကိုမိုးကသဘောကောင်းတယ် သမီးကိုအစစအလိုလိုက်တယ် ချစ်ကလည်းချစ်တယ်ဆိုတော့ သမီးလည်းသူ့ကိုဖွဲ့ဆိုးဆိုးရင်း အကျင့်ပါသွားတာဖြစ်မှာပါ။ အခုမျက်စောင်းမထိုးတော့ပါဘူးနော်။ ကိုမိုးကြီးရေ...ပြောချင်ရာသာပြောပေတော့ ဆရာ့ကိုအမှန်အတိုင်းဖြစ်သမျှအားလုံးကိုပွင့်ပွင့်လင်းလင်းဖွင့်ပြောပါတော့မယ်။ သမီးရောကိုမိုးရောစိတ်ညစ်နေလှပါပြီ၊ ဒီပြဿနာကိုပြေလည်အောင် ဖြေရှင်းပေးနိုင်မှာကဆရာပဲလို့ရင်ထဲအသည်းထဲက အားကိုးယုံကြည်လို့လည်း ခုလိုရှေ့မျက်နှာနောက်ထားပြီးရှက်ဘာကြောက်တာတွေဘေးချိတ်လို့ မရောက်ရောက်အောင် လာခဲ့ရတာပါဆရာရယ်" ဟုအလံဖြူပြကာကိုမိုးကြီးအားရင်ဖွင့်ခွင့်ပါမစ်အားအပြည့်အဝထုတ်ပေးလိုက်လေတော့၏။

"ကိုင်း..ဒါဆိုရင်ပြောပြီနော် အိမ်ကျတော့မှပြဿနာရှာပြီး ပူညံပူညံလုပ်မယ်မကြံနဲ့နော်။ မယ်မင်းကြီးမလေးဒင်းကအခုတစ်မျိုးတော်ကြာတစ်မျိုးနဲ့ကျွန်တော့်ကိုအမြဲအနိုင်ကျင့်တော့ သူ့ကိုခပ်လန့်လန့်ပဲဆရာရေ။ ကဲ အခုနစ်ဦးသဘောတူကြည်ဖြူခွင့်လွှတ်ပြီး ရင်ထဲရှိသမျှပြောချင်ရာပြောမယ်လို့ မီးစိမ်းပြထားတာကိုပြန်ရုပ်သိမ်းပြီး ကကျီကကြောင်မလုပ်ပါဘူးလို့ ကတိပေးမလား၊ မပေးရင်မပြောတော့ဘူး"

ကိုင်းဘယ့်နယ်ရှိစ..ဒီလောက်တောင်ကဲတဲ့သဲတဲ့လင်မယား၊ ကိုမိုးဆိုသည့်ငတိလေးလည်း သေချာပေါက်နောက်မျက်စောင်းတစ်ခု ထပ်ရတော့မှာသေချာသွားပြီမဟုတ်ပါလား။

"ကဲကဲ...ပြောတော်မူပါကိုရွှေမိုးရယ်" ဟုသူသူက လုံးဝဥဿုံခွင့်ပြုတော်မူတော့မှ ကိုရွှေမိုးခမျာ ဤသို့ဤပုံရင်ဖွင့်လေတော့သည်။

"ဆရာပဲစဉ်းစားကြည့်ပါဆရာရယ်...ပျားရည်ဆမ်းခရီးလေးကအိုကေမှာစိုပြည်ခဲ့သမျှအဲဒီခရီးကလည်းပြန်ရောက်လာရော သူသူ့ရဲ့လစဉ်လာနေကျရာသီက မလာတော့ဘူးဆရာရေ၊ အဲဒီမှာဆီးလည်းစစ်ကြည့်လိုက်ရော မျဉ်းကြောင်းကလေးနှစ်ကြောင်းပေါ်လာပါလေရော။ သူသူရောကျွန်တော်ရောပျော်

လိုက်ကြတာဟာမိုးမမြင်လေမမြင်နိုင်လောက်အောင်ပဲဆရာ။ နှစ်ဖက်မိဘတွေ ဆွေမျိုးတွေအားလုံးကလည်း မြေးဦးလေးကိုချီရတော့မယ်ဆိုပြီး ပျော်ကြတော့ တာပေါ့။ ဒါပေမဲ့ ကျွန်တော်ပျော်ခဲ့ရတာဟာ တစ်ခဏလေးပဲလို့တောင်ပြောလို့ ရတယ်။ အဲဒီကိုယ်ဝန်ရှိမှန်းသိတဲ့ညကစပြီး ဆရာ့သမီးသူသူက ကျွန်တော့်ကို လုံးဝလုံးဝချစ်ခွင့်မပေးတော့ဘဲ ချစ်ခွင့်ပါမစ်ကို အပြီးအပိုင်ရုပ်သိမ်းလိုက်တော့ တယ်ဆရာ။ ကျွန်တော့်မှာသူသူ့ကိုချစ်ချင်လှပေမယ့် သူကလုံးဝအနားအကပ် ကိုမခံတော့ဘူး။ လင်မယားလိုမနေရတော့ဘူး၊ ချစ်သူရည်းစားလို မောင်နှမလို သူငယ်ချင်းမိတ်ဆွေတွေလိုပဲ ဆက်ဆံရတော့မယ်တဲ့ဆရာ၊ ကျွန်တော်ကဘာ ဖြစ်လို့ချစ်ခွင့်မပေးတော့လဲလို့ စောဒကတက်တော့ သူသူဆိုတဲ့ဆရာဝန်မကြီး ကပြောတယ်။ ကိုယ်ဝန်ရှိနေတဲ့အချိန်မှာ လင်မယားလိုအတူနေသွားရင် ဗိုက် ထဲကအာ့ဝဲလေးကို ထိခိုက်ဒဏ်ရာရသွားပြီး ကလေးပျက်ကျတာတို့ သွေးဆင်း တာတို့ဖြစ်လာမှာ စိုးရိမ်တော်မူလို့တဲ့ဆရာရယ်။ ကျွန်တော်ကရိုးရိုးတက္ကသိုလ် ကသာမန်ဘွဲ့ရတဲ့သူ၊ ဆရာ့သမီးသူသူကတော့ MBBS ဘွဲ့ရတဲ့ဆရာဝန်မကြီးမ ဟုတ်လား။ ကျွန်တော်ကဆက်ပြီးစောဒကတက်လို့ ဘယ်ရပါတော့မလဲဆရာ ရယ်။ ဆရာပဲစဉ်းစားကြည့်ပါဦးလေ..လင်မယားလိုတကယ်ချစ်ခွင့်ရခဲ့တာဟာ ပျားရည်ဆမ်းခရီးတိုလေးတစ်လပဲ၊ အဲဒီကပြန်ရောက်ပြီးကတည်းက ထီပေါက် ပြီးထီလက်မှတ်ပျောက်တဲ့ဘဝရောက်ရတာ သူသူကိုယ်ဝန်ရှိတဲ့တစ်လျှောက် လုံး(၉)လကျော် (၁၀)လလောက်၊ ကလေးမွေးပြီးတော့လည်း နောက်ထပ်(၄) လ(၅)လလောက်တောင်ဆိုတော့ ကျွန်တော့်မှာဒီကလေးလေးကို ကိုယ်ဝန်ရ ကတည်းကစပြီးတော့ အိမ်ထောင်ရေးသုခတွေနိဂုံးချုပ်ပြီး ကြမ္မာငင်တော့တာ ပဲလို့ပြောတာ ကျွန်တော်လွန်သလားဆရာ"

ရင်ဖွင့်စကားရှည်ကြီးတစ်ခုကို မနားတမ်းပြောချလိုက်ရ၍ မောသွား ပြီထင့် ကိုမိုးတစ်ယောက်ခေါင်းငိုက်စိုက်ကျကာ ငူငူကြီးဖြစ်သွားပြန်တော့၏။

ကိုင်းပရိသတ်ကြီးရေ..ဤသို့သောသနားကရုဏာသက်ဖွယ်ကြမ္မာ ငင်ရရှာသော ကိုမိုးကြီး၏အဖြစ်ကို အဘယ်ကဲ့သို့များ ထင်မြင်ယူဆပါသနည်း။ သူ့အဖြစ်ကိုမည်သို့ကောက်ချက်ချမည်နည်း။

ဒေါက်တာငြိမ်းချမ်းကတော့ ဟိုဘက်ကုလားထိုင်တွင် ငြိမ်ငြိမ်သက် သက်လေးထိုင်ရင်း သူ့ချစ်ခင်ပွန်းကိုမိုးပြောသမျှကို စူးစူးစိုက်စိုက်နားထောင်နေ သော သူသူ့ဘက်သို့လှည့်ကြည့်လိုက်လေတော့၏။ ဒင်းကလေးက လုံးဝလုံးဝ အပြစ်ကင်းစင်သည့် မျက်နှာပေးကလေးနှင့် သူ့အားမျက်လုံးနက်နက်တောက် တောက်ကလေးကိုပြူးကာကြည့်နေလေ၏။

"ကိုင်း...မယ်မင်းကြီးမဒေါ်သူသူ ကိုမိုးပြောတာဟုတ်သလား၊ ဟုတ် ရင်ဘာကြောင့်ဒီလိုလုပ်ရတယ်ဆိုတာကို ဖြေရှင်းချက်ကလေးပေးတော်မူပါဦး" ဟုခပ်ငေါ့ငေါ့လေး သူမေးလိုက်မိလေတော့သတည်း။

●●●

> ထိုသို့သော "သွေး" တို့နှင့်ပြည့်ဖောင်းတင်းကားလာသည့် မိန်းမကိုယ်၊ မွေးလမ်းကြောင်း၊ နှုတ်ခမ်းသားကြီး၊ နှုတ်ခမ်းသားငယ်၊ မလိင်စေ့ စသည့်အင်္ဂါရပ်တို့သည်လည်း "အထိမခံ ရှေ့ပန်းကန်" ဆိုသည့်စကားကဲ့သို့ "အာရုံခံစားမှု" အရည်အသွေးကမြင့်မားလွန်းလာ၏။ တချို့သောမိခင်လောင်းများအတွက်...

၄

# ပရိသတ် မှတ်ကောင်းမယ့် ပွဲကြီးပွဲကောင်း




# ပရိသတ်ပွဲတောင်းမယ့်ပွဲကြီးပွဲကောင်း

ဒေါက်တာငြိမ်းချမ်းတစ်ယောက် “ကြမ္မာငင်သော ဇာတ်လိုက်ကြီး” ဟူသောဇာတ်လမ်းလေးကိုရေးမှာချ၍ အဆက်ကိုရေးဖို့ ကလောင်ကိုဝင့်လိုက်ချိန်မှာပဲ လက်ကိုင်ဖုန်းလေးက တတီတီမြည်လာခဲ့၏။ ဖုန်းနံပါတ်ကိုကြည့်လိုက်တော့တိုက်ဆိုင်လှပါဘိ ဘယ်သူဖြစ်ရမလဲ ပရိသတ်ကြီးရိပ်စားမိလောက်သည့်အတိုင်း သူ့သူ့ဆိုသည့်ငတိမလေးဆီကပဲပေါ့။

“အခုလေးပဲ ကိုမိုးလမ်းထိပ်ကနေ “ကြမ္မာငင်သော ဇာတ်လိုက်ကြီး” စာပါတဲ့ဂျာနယ်ဝယ်လာလို့ သမီးတို့နှစ်ယောက် လုဖတ်နေကြတာလေ၊ သမီးတို့ကာယကံရှင်တွေအတွက်တောင် ဒီလောက်စိတ်ဝင်တစားနဲ့ စောင့်ဖတ်နေကြရတာမို့ ဒီဇာတ်လမ်းကိုရှည်ရှည်လေးဆက်ရေးပေးဖို့ တောင်းဆိုချင်လို့ပါဆရာ။ နောက်ပြီးဟီးဟီး..သမီးတို့က မကြာခင်ကိုယ်ဝန်ယူတော့မှာဆိုတော့ ကိုယ်ဝန်ရရင်အတူမနေရဘူးလို့ ရေးပေးပါလားဆရာ၊ ဒါမှကိုမိုးကြီး ကဲချင်တိုင်းကဲလို့မရမှာမဟုတ်လား”

ကိုင်းကြည့်စမ်းပါ့စာဖတ်ပရိသတ်ရေ...ဒီကောင်မလေးဟာ ဘယ်လောက်တောင်ခပ်စပ်စပ်လေး တီးပစ်ဖို့ကောင်းသလဲနော်။

“အောင်မာသူ့သူ့နော်..ဖုန်းထဲမှာမို့လို့ အပြင်မှာဆိုရင် ထိပ်ကိုခေါက်လိုက်လို့ အဖုထွက်သွားတော့မယ် အဲသည်လိုအကျင့်မပုပ်ရဘူး။ အခုပဲအဲသည်

ဖာတ်လမ်းအဆက်ကိုရေးတော့မှာ အစကဘယ်လိုရေးရမှန်းမသိသေးဘူးဖြစ်နေတာအခုသမီးဆက်လိုက်တော့မှ ဘာဆက်ရေးရမယ်ဆိုတာ သေချာသိသွားတာမို့ ကျေးဇူးပဲသမီးရေ" ဟုပြောအပြီး ကလောင်ကိုအမြန်ဆုံးဆွဲကိုင်လိုက်ပါတော့သည်။

သူသူတစ်ယောက်ခေါင်းလေးကိုပုလိုက်ပြီး လျှာကလေးကိုတစ်လစ်ထုတ်ကာ "မိုးကြိုးပစ်ရာထန်းလက်ကာ" ဆိုသကဲ့သို့ ဆင်ခြေပေးဖို့အကြံထုတ်နေလေပြီ။ ကိုင်းကြည့်စမ်းပါဦး...ဒီကောင်မလေးပြောသည့်စကားက ကျောင်းဆရာဒေါက်တာငြိမ်းချမ်းတစ်ယောက် မျက်လုံးပြူးစေလောက်ပါ၏။

"အဲဒါဆရာတို့အပြစ်ပဲလေ သမီးလည်းကျောင်းမှန်မှန်တက်ရဲ့သားနဲ့ ဆရာတို့သင်တဲ့အထဲမှာ ဒီခေါင်းစဉ်ကလုံးဝပါမှမပါတာဆိုတော့ သမီးကောင်းကောင်းဘယ်သိပ့ါမလဲ။ သမီးစိတ်ထဲထင်တာကတော့ ကိုယ်ဝန်ရှိတဲ့အချိန်မှာလင်မယားလိုအတူနေလိုက်ရင် ဗိုက်ထဲမှာရှိတဲ့ကလေးလေး ထိခိုက်ဒဏ်ရာရသွားနိုင်တာ ကလေးပျက်ကျနိုင်တာ သွေးဆင်းတာ ရေဆင်းတာ အစောကြီးမွေးသွားနိုင်တာတွေဖြစ်သွားနိုင်တယ်လို့လေ။ ပြီးတော့ဆရာရယ် ကိုယ်ဝန်ဆောင်တဲ့မိခင်လောင်းဖြစ်လာပြီဆိုတာနဲ့ အစားအသောက်တွေပျက် အော့အန်ပြီးနေလို့ကမကောင်းစိတ်တွေကလည်းကယောက်ကယက်နဲ့ဖြစ်နေတဲ့အချိန် ဘယ်လိုလုပ်ပြီးဒီလိုအတူနေချင်စိတ်က ဖြစ်ပါတော့မလဲဆရာ။ ကိုယ်ဝန်အစောပိုင်းမှာဆိုရင်လည်းဒီလိုတွေစိတ်ထဲကဖြစ် ကလေးပျက်ကျမှာကြောက် နောက်ပိုင်းကျတော့လည်း ဗိုက်ကပူလာပြီဆိုတော့ ကော့လန်ကော့လန်နဲ့ဘယ်လိုလုပ်ပြီးအဆင်ပြေပါ့မလဲဆရာရယ်။ ဒါကြောင့်သမီးကတော့ဒီကိစ္စတွေကိုယ်ဝန်ဆောင်ကာလတွေမှာ လုံးဝရှောင်ရမယ်လို့ပဲ စိတ်ထဲမှာရှိနေတာ"

"ဟီးဟီး...အခုလည်းအမှန်အတိုင်းဝန်ခံရမယ်ဆိုရင် သမီးကအခုကလေးအမြန်ဆုံးလိုချင်တယ်ဆိုတာကလည်း ကိုမိုးသာသိမယ်ဆိုရင် သမီးကိုတော်တော်ကြီးကိုစိတ်ကောက်ချင်စရာကောင်းနေတယ်ဆရာရေ။ သမီးကမှ ဒီလင်မယားအတူနေကြတဲ့ကိစ္စကြီးကိုစိတ်မဝင်စားတာဆိုတော့ ဖြစ်နိုင်ရင်အတူတူကိုမနေချင်တော့ဘူးလေ။ ဒါကြောင့်ကလေးရသွားအောင် လုပ်လိုက်ခြင်းအားဖြင့်တစ်ချက်ခုတ်နှစ်ချက်ပြတ်ဆိုတဲ့စကားအတိုင်းပဲ သမီးလိုချင်တဲ့ဒုတိယ

အချဲလေးကိုလည်းရမယ်။ နောက်ပြီးကိုယ်ဝန်ရှိနေတဲ့ (၉)လ(၁၀)လလောက်လည်း ကိုမိုးကြီးအနားကိုကပ်မလာနိုင်အောင် မီးနီကောင်းကောင်းပြထားလို့ရမယ်။ ဒါတင်ဘယ်ကပါဦးမလဲ ကလေးမွေးပြီးရင်လည်းအနည်းဆုံးနောက်ထပ် (၄)လ(၅)လလောက်ကိုမိုးရဲ့ရန်ကနေ လွတ်သွားတော့မယ်မဟုတ်လားဆရာ။ ကိုင်းဆရာရေကိုယ်ဝန်ရသွားပြီဆိုတာနဲ့ အနည်းဆုံးတစ်နှစ်ခွဲလောက်ကတော့ အိုကေမှာစိုပြည်နေပြီမဟုတ်ဘူးလား"

ဒေါက်တာငြိမ်းချမ်းဆိုသည့်ကျောင်းဆရာတော့ခေါင်းကိုနာနာကုတ်ရတော့မည်။ ကြည့်စမ်းပါဘိ သူသူဆိုသည့်သူ့တပည့်ငတိမလေးက သူ့ဖြစ်ချင်သည့်ဆန္ဒရှိသည့်အတိုင်း ကျောင်းသင်ခန်းစာတွေကို သူ့ဘာသာသူသတ်မှတ်ချင်သလိုသတ်မှတ်ကာ ကိုမိုးကြီးကို သူမပိုင်ဆိုင်ထားသည့် MBBS ဘွဲ့ကြီးအား အပြတ်အသုံးချကာ ပညာကောင်းကောင်းကြီးပြလိုက်ခြင်းပဲဖြစ်ပါသည်။

မှန်ပါသည်..သူ့တပည့်ဆရာဝန်မလေး ဒေါ်သူသူသည်ပင်လျှင် ဤကဲ့သို့သော အတွေးအခေါ်အယူအဆရှိနေသည်ဆိုပါက ရိုးရိုးသာမန်အိမ်ရှင်မမိခင်လောင်းတွေကရော ဤကိစ္စနှင့်ပတ်သက်၍ မည်သို့မည်ပုံ အတွေးအခေါ်အယူအဆတွေရှိနေပါမည်နည်း။ စဉ်းစားသာကြည့်ကြပါလေတော့...

မိခင်လောင်းတစ်ယောက်အဖြစ် မိမိ၏ဝမ်းကြာတိုက်ထဲ ရင်သွေးပိစိကွေးကလေးကို လွယ်ပိုးထားရပြီဆိုကတည်းက စိတ်ထဲနှလုံးသားထဲတွင် မိမိအတွက်၊ မိမိလင်ယောက်ျားအတွက် စသည့်စိတ်ဆန္ဒတွေအားလုံးအား မိမိရင်သွေးလေး ချောချောမောမော လုလုပပ ဝဝဖြိုးဖြိုးလေးအန္တရာယ်ကင်းကင်းမွေးဖွားဖို့တည်းဟူသော မိခင်စိတ်ကအပြတ်အသတ် အနိုင်ယူသွားခဲ့ပြီဖြစ်ကြောင်း နားလည်သဘောပေါက်နိုင်ပါသည်။

နောက်တစ်ချက် သူသူကျောင်းမှန်မှန်တက်ခဲ့ပါလျက်ဤကိစ္စနဲ့ပတ်သက်၍ဆရာတွေက လုံးဝမသင်ကြားခဲ့ပါဟူသောစွပ်စွဲချက်...ဟုတ်ပါရဲ့ Love Making During Pregnancy ဟူသည့်ခေါင်းစဉ်ကြီးနှင့်တော့ နောက်ဆုံးနှစ်ဆေးတက္ကသိုလ်ကျောင်းသားတို့အား စာသင်ခန်းထဲတွင် ပေါ်ပေါ်ထင်ထင်ကြီးထည့်သွင်းမသင်ကြားခဲ့ကြောင်း သူ့ဝန်ခံရပါလိမ့်မည်။

ကျောင်းစာသင်ခန်းတွေ ဆေးရုံတွေမှာက သူတို့ဆရာတွေ မပါမဖြစ်

မတတ်မဖြစ် အရေးအပါဆုံး ခေါင်းစဉ်တပ်၍သင်ကြားခဲ့သည်က မိခင်လောင်းရောအရွဲလေးပါ ကျန်းကျန်းမာမာ ချောချောမောမောမွေးရေးအသက်အန္တရာယ်မှကာကွယ်ကယ်တင်ရေးတည်းဟူသော အသက်နှင့်ရင်းရသည့်ရောဂါဆိုးကြီးများ။ ဤ Love making ကိစ္စများကတော့ အသက်နှင့်အဝေးကြီးမို့ အထူးမသိမဖြစ်မတတ်မဖြစ် ခေါင်းစဉ်ကြီးတွေထဲ မပါဝင်ခဲ့ခြင်းဖြစ်ပါသည်။ သို့သော်ဤကိစ္စတွေက ဆရာတွေသင်မှသိနိုင်တတ်နိုင်သည့် လျှို့ဝှက်နက်နဲသောပညာရပ်များမဟုတ်ပါချေ။ သားဖွားမီးယပ်ပညာရပ်ဆိုင်ရာ စာအုပ်စာတမ်းတွေထဲ အသေးစိတ်ရေးထားသည်ပဲ၊ မိမိကိုယ်တိုင်ကစိတ်ဝင်တစားနှင့် ရှာဖွေဖတ်ရှုနိုင်ဖို့ပဲလိုအပ်ပါသည်။

သာမန်အိမ်ထောင်ရှင်ဇနီးမောင်နှံတို့ဆိုလျှင်ရော မည်သို့ရှိမည်နည်း သူတို့၏ Love Making In Pregnancy ကိုမည်သို့မည်ပုံ ထင်မြင်ယူဆကြသနည်း။ မသိလျှင်မည်သူ့ကိုမေးကြည့်ရမည်နည်း။ သူတို့အားကိုးတကြီးမေးမြန်းသည့်သူကရော အမှန်အတိုင်းသိပါမည်တဲ့လား။ သူတို့ထင်ရာမြင်ရာတွေပြောသမျှကရော ဟုတ်ပါမည်တဲ့လား။ သို့ဆိုလျှင် မိခင်လောင်းတို့သွားရောက်ပြသအပ်နှံနေသည့် ဆရာဝန်ဆရာမတွေကိုရော မေးမြန်းရဲပါမည်တဲ့လား။ မေးမည်ဆိုလျှင်ရော မည်သို့မည်ပုံ မည်သည့်မျက်နှာထားနှင့် မေးကြရပါမည်နည်း။

မြန်မာလူမျိုးတို့၏ ဓလေ့စရိုက်တွေက ဤကိစ္စများနှင့်ပတ်သက်လာလျှင် ညစ်ညမ်းသည့် ယုတ်နိမ့်သည့် သူတစ်ပါးတွေရှေ့မှာ မပြောသင့်မပြောအပ်မပြောထိုက်လှသည့်အရာများအဖြစ် သတ်မှတ်ထားလေ့ရှိသည်မဟုတ်ပါလား။ သို့ဆိုလျှင်သူတို့တွေ ဤကိစ္စနှင့်ပတ်သက်လာလျှင် အမှန်တိုင်းသိဖို့ခဲယဉ်းသွားတော့မည်မဟုတ်ပါလား။

မှန်ပါသည်…ထိုသို့သာမန်အိမ်ထောင်ရှင် ဇနီးမောင်နှံတွေအားလုံး ဤအမှန်တရားကိုသိနားလည်ဖို့ ကျန်းမာရေးပညာပေးရမည့် ကြီးမားလှသောတာဝန်ကြီးတစ်ရပ်ရှိပါသည်ဟူ၍ မည်သူကမျှမခိုင်းစေဘဲ အမိန့်ပင်မပေးရပါဘဲ သူ့အလိုအလျောက် ပုခုံးထမ်းတာဝန်ယူလိုစိတ်တွေ တဖွားဖွားပေါ်ပေါက်လာပါတော့သည်။

ကိုယ်ဝန်ဆောင်မိခင်တစ်ဦးအတွက် ခင်ပွန်းသည်၏အလိုကိုမည်မျှလိုက်လျောသင့်ပါသနည်း။ မိခင်ကရော မည်သို့မည်ပုံစိတ်ထားသင့်ပါသနည်း။ ထိုကိစ္စက ဝမ်းကြာတိုက်ထဲကအရွဲလေးအား မည်သို့မည်ပုံ ထိခိုက်နစ်နာစေနိုင်ပါသနည်း…စဉ်းစားတွေးတောကြည့်ကြပါစို့လား။

ပထမဆုံး ကိုယ်ဝန်ဆောင်မိခင်လောင်းတို့၏ စိတ်ထားနှလုံးသားခံစားချက်များအား စပ်စုကြည့်ကြပါစို့။ "လူနာအမျိုးမျိုး စိတ်အထွေထွေ" ဆိုသည့်စကားက ဤနေရာတွင်မှန်လွန်းလှ၏။ မိခင်လောင်းတို့၏ ဤကိစ္စနှင့်ပတ်သက်လှသည့် စိတ်ခံစားချက်များက "ပြဒါးတစ်လမ်း သံတစ်လမ်း" ကွဲပြားခြားနားနိုင်လွန်းပါ၏။ မိခင်တစ်ဦး၏ခန္ဓာကိုယ်တွင် ကိုယ်ဝန်ဆောင်ဘဝရောက်သည်နှင့် ဖြစ်ပေါ်လာသောကြီးမားသည့်ပြောင်းလဲမှုများက ဇနီးမောင်နှံ၏လိင်မှုဘဝ Sex Life တစ်ခုလုံးကိုပါ အကြီးအကျယ်ပြောင်းလဲသွားစေနိုင်ပါသည်။

မိခင်လောင်းဘဝတွင်မျိုးပွားအင်္ဂါများသို့သွားသောသွေးပမာဏတွေကအဆမတန်မြင့်မားများပြားလာစေ၏။ ထိုသို့သော "သွေး" တို့နှင့်ပြည့်ဖောင်းတင်းကားလာသည့် မိန်းမကိုယ်၊ မွေးလမ်းကြောင်း၊ နှုတ်ခမ်းသားကြီး၊ နှုတ်ခမ်းသားငယ်၊ မလိုင်စေ့ စသည့်အင်္ဂါရပ်တို့သည်လည်း "အထိမခံ ရှေ့ပန်းကန်" ဆိုသည့်စကားကဲ့သို့ "အာရုံခံစားမှု" အရည်အသွေးက မြင့်မားလွန်းလာ၏။ တချို့သောမိခင်လောင်းများအတွက် ၎င်းမြင့်မားသောခံစားချက်သည်ပြင်းပြလှသောဆန္ဒကိုလှုံ့ဆော်ပေး၏။ ထို့ကြောင့်လည်း ဤကိုယ်ဝန်ဆောင်ကာလရောက်ကာမှ "အိမ်ထောင်ရေးသုခ" ဆိုတာဒါပါလားဟူ၍ ပထမဆုံးခံစားသိရှိသွားမိသောမိခင်လောင်းတို့လည်းရှိပါသည်။

သို့သော်လည်း၎င်းခံစားချက်သည်ပင်လျှင် တချို့တစ်ဝက်သောမိခင်လောင်းများအတွက် တင်းကျပ်နာကျင်စေသော ကသိကအောက်နှင့်အနေရအထိုင်ရခက်ခဲလှသော မနှစ်မြို့သည့် မကြိုက်နှစ်သက်သည့် နောက်တစ်ခါထပ်၍လက်မခံလိုသည့် ခံစားချက်များကိုပေးစွမ်းနိုင်လေ၏။

တချို့သောမိခင်လောင်းတွေအတွက် ကိုယ်ဝန်ရှိမှန်းသိပြီး ရင်သွေးလေးတစ်ဦး မိမိရင်တွင်ခိုတွယ်လာသည်နှင့် သူမ၏စိတ်ထဲနှလုံးသားထဲ ယခင်ကရှိနေခဲ့သည့် မလိုချင်ဘဲကလေးရမှာကြောက်ခြင်း၊ ကလေးလိုချင်ပါလျက်နှင့် မရသေးသည်ကို ပူပန်စိုးထိတ်ရခြင်း၊ သန္ဓေတားထားပါလျက် ကလေးမလိုချင်

ပါဘဲရသွားမည်ကို စိုးရွံ့ထိတ်လန့်ရခြင်း စသည့်စသည့်စိုးရိမ်ပူပန်မှုများမှ ကင်းဝေးလွင့်ပျောက်သွားရကာ ချစ်မှုရေးရာလိင်မှုကိစ္စတွေကိုယခင်ကထက်ပင်ပို၍ အာရုံခံစားချက်များ နိုးကြွလှုပ်ရှားလာတတ်သည်လည်းရှိတတ်ပါ၏။

သို့သော် အခြားမိခင်လောင်းတွေကျတော့လည်း ကိုယ်ဝန်ရှိမှန်းသိပြီးသည်နှင့် နောက်ကနေအရိပ်ပမာလိုက်ပါလာသော မစားချင် မသောက်ချင်အစားပျက်ခြင်း ပျို့အန်ရင်ပူခြင်း အလကားနေရင်း ပင်ပန်းနွမ်းနယ်မောပန်းနေတတ်ခြင်း စသည့်ခံစားချက်များကြောင့်ရော မိမိရင်သွေးလေးအတွက် ထိခိုက်ဒဏ်ရာရရှိသွားမည်ကို ပူပန်စိုးထိတ်စိတ်များကြောင့်ရော ဤချစ်ရေးချစ်ရာကိုလုံးဝလုံးဝစာမလိပ်သောခံစားချက်များ ဝင်ရောက်လာတတ်ပါ၏။

ကိုင်း ဤခံစားချက်တွေက ကိုယ်ဝန်ဆောင်တစ်လျှောက်လုံးတစ်သမတ်တည်းပဲလား။ မိခင်လောင်းတွေကိုကြည့်ပြီး သူ့ခင်ပွန်းသည် "ကျား" တွေ၏စိတ်ထားနှလုံးသားကရော မည်သို့သောပြောင်းလဲမှုမျိုးတွေ ဖြစ်လာမည်နည်း။ ဒေါက်တာငြိမ်းချမ်း၏အတွေးတွေက ကိုမိုးတို့လို ယောက်ျားဘသားတွေဘက်ရောက်သွားပြန်လေ၏။

"ကိုင်း... ကိုမိုးကြီးကရော ဒီငတိမလေးသူ့သူပြောတာကို ဘယ်လိုသဘောရသလဲ" ဟူသောမေးခွန်းလေးဖြင့် အသြောင့်ထောင်ပေးလိုက်၏။ ပွဲကတော့ပိုကြည့်လို့ကောင်းလာတော့မည်မှာ မြေကြီးလက်ခတ်မလွဲတည်း။

●●●

# ၅

# နာရီလက်တံကြီး နောက်ပြန်လှည့်ချင်




# နာရီလက်တံကြီးနောက်ပြန်ရွှေ့ချင်

ဒေါက်တာငြိမ်းချမ်းကိုတစ်လှည့် သူသူဆိုသည့်အင်မတန်လှလည်းကျသော သူရထားသော MBBS ဘွဲ့ကြီးကိုကိုင်စွဲ၍ လိင်မှုကိစ္စများတွင်သူ့အားလိုလျှင်လိုသလိုမလိုလျှင်မလိုသလိုနည်းမျိုးစုံသုံးစွဲ၍ပညာကောင်းကောင်းပေးတတ်သောသူ့ဇနီးချောလေးကိုတစ်လှည့်မျက်လုံးလေးပေကလတ်ပေကလတ်နှင့်ကြည့်နေသောကိုမိုးတစ်ယောက်မှာ ဒေါက်တာငြိမ်းချမ်း၏မေးခွန်းကြောင့်ခေါင်းထောင်လာလေပြီ။

"ကိုင်းကိုမိုးကြီးကရော ဒီငတိမလေးပြောတာကိုဘယ်လိုသဘောရသလဲ" ဟုသူအညှောင့်ထောင်၍မေးလိုက်သောမေးခွန်းဖြစ်ပါ၏။ သူသူဆိုသည့်ငတိမလေးက သူတို့တွေပျားရည်ဆမ်းခရီးကပြန်ရောက်လာပြီး ကိုယ်ဝန်ရှိမှန်းရှိသိသည့်နေ့မှစကာ "ချစ်ခွင့်ပါမစ်" ကိုဗီတိုအာဏာသုံး၍တစ်ချက်လွှတ်ဆုံးဖြတ်ကာ အပြီးအပြတ်ပိတ်သိမ်းခြင်းကို တစ်ဖက်သတ်ကြီးခံခဲ့ရသော ကိုမိုးတစ်ယောက်မည်သို့မည်ပုံခံစားရမည်နည်း။

"ဆရာရယ် ကျွန်တော့်အတွက်တော့ တော်တော်ကြီးကိုဒုက္ခရောက်ခဲ့ရတဲ့ကာလရှည်ကြီးပဲလို့ခံစားရပါတယ်။ ဆရာပဲစဉ်းစားကြည့်လေ ကျွန်တော်တို့အိမ်ထောင်ဦးကာလကလေးမှာ ပျားရည်ဆမ်းခရီးထွက်ခဲ့ကြတဲ့ အချိန်လေးတစ်လလောက်ပဲ အားရပါးရမီးကုန်ယမ်းကုန် ချစ်ခွင့်ရခဲ့တာ၊ အဲဒီခရီးကနေပြန်

ရောက်ပြီးဘယ်လောက်မှမကြာလိုက်ဘူးရက်ပိုင်းလောက်လေးပဲရှိသေးတယ်သူသူကလည်းရာသီပေါ်ရမယ့်ရက်ရောက်ပြီမပေါ်လာသေးပါလားဆိုပြီးဆီးစစ်ကြည့်လိုက်တော့ ကိုယ်ဝန်ရှိနေပြီမှန်းသိလိုက်ရတယ်။ အဲဒီနေ့ကစပြီး သူသူဆိုတဲ့ဆရာ့တပည့်တော်မလေးက သူ့ရဲ့ဆေးပညာဘွဲ့ကြီးကိုအသုံးချပြီး ကျွန်တော့်ရဲ့ချစ်ခွင့်ပါမစ်ကို အပြီးအပိုင်ပိတ်သိမ်းပစ်လိုက်တာ ...ကျွန်တော့်ခမျာဘဝမှာပထမဆုံးစပြီးခံစားရတဲ့ အိမ်ထောင်ဦးအရသာလေးက ဆွဲဆောင်အားကောင်းကောင်းနဲ့ စိတ်မာန်တွေပြင်းထန်နေတုန်းကြီးမှာ "ဒိုင်း" ဆိုတီခနဲရပ်လိုက်ရသလိုကြီးဖြစ်သွားတော့တာပေါ့။ ဗိုက်ဆာတာနဲ့ဟင်းကောင်းကောင်းကိုအားရပါးရလွေးလို့ကောင်းနေတုန်းမှာ လက်ထဲကထမင်းလုတ်ကြီးကိုပုတ်ချခံလိုက်ရသလိုခံစားလိုက်ရတယ်ဆရာရေ။ တကယ်တမ်းကျတော့ ဆရာ့တပည့်မသူသူကအရင်တုန်းကပိန်ညှောင်ရိုးလေးရယ်၊ ကိုယ်ဝန်လည်းရှိလာရော သွေးသားတွေပြောင်းလဲလာပြီးစိုစိုပြည်ပြည်ပြည့်ပြည့်ဖြိုးဖြိုးဖြစ်လာတယ်။ အရင်တုန်းကဘာဆိုဘာမှမရှိဘဲပြားချပ်ချပ်လေးတွေကလည်း ဖောင်းဖောင်းကားကားနဲ့အယ်စတုံကြီးတွေဖြစ်လာတယ်ဆရာရေ"

ပြောရင်းဆိုရင်းမှာထိုနေရာအရောက်တွင် တံတွေးကိုဂလုခနဲမြိုချလိုက်သံကြီးတစ်ခုကိုကြားလိုက်ရတော့ ဒေါက်တာငြိမ်းချမ်းတစ်ယောက်မျက်လုံးများပင်ပြူးကျယ်သွားလေ၏။ ကြည့်စမ်း ကိုမိုးဆိုသည့်ငနဲလေးတစ်ယောက်ကပုတ်ချခံလိုက်ရသောထမင်းလုတ်ကြီးကို သွားရည်တမျှားမျှားနှင့်ကြည့်ရင်း "အရေးကောင်းတုန်းဒိန်းဒေါင်းဖျက်" ဆိုသည့်စကားလေးကဲ့သို့ပင် မည်မျှမခံချိမခံသာဖြစ်လိုက်မည်နည်း။

မှန်ပါသည် ... ကိုယ်ဝန်ဆောင်မိခင်လောင်းဖြစ်လာပြီဆိုသည်နှင့် "ဟော်မုန်း" အပြောင်းအလဲတွေ သွေးသားပြောင်းလဲမှုတွေကြောင့် ခန္ဓာကိုယ်မှာအကြီးအကျယ်ပြောင်းလဲမှုတွေကို သိသိသာသာကြီးမြင်တွေ့ရပါ၏။ အသားအရေတွေကပိုမိုနူးညံ့ချောမွေ့ကာ ဆံကေသာတွေကလည်း ပိုမိုနက်မှောင်ထူထဲကာပျော့ပျောင်းလာ၏။ ဒါတင်ဘယ်ကပါဦးမလဲ မိခင်လောင်းတစ်ဦးအတွက်မွေးလာမည့်အာဝဲလေးကို နို့ချိုတိုက်ကျွေးရန်ဟူသော ဦးတည်ရည်ရွယ်ချက်နှင့်ဟော်မုန်းများ၏လှုံ့ဆော်မှုကြောင့် နို့ချိုထုတ်လုပ်ရာ ဖြိုးဖြိုးရွှေရင်အစုံကလည်းဖွံ့ဖွံ့ထွားထွားပြည့်ပြည့်ဖြိုးဖြိုးဖြစ်လာလေ၏။ ကိုင်းကြည့်စမ်းပါဦးပရိသတ်ရေကိုကိုကာလသားတို့အကြိုက် တင်းတင်းရင်းရင်းပြည့်ပြည့်ဖြိုးဖြိုး ခါးသေးရင်ချီပဒုမ္မကြာဖြစ်လာပြီဆိုကာမှ တစ်နည်းဆိုရပါလျှင် လိင်ဆွဲဆောင်အားတွေပိုမိုမြင့်မား၊ စွမ်းအားတွေပြည့်လာပြီဆိုကာမှ ကာလသားကြီးကိုမိုးတစ်ယောက်သူစားမျင်ဝါးချင်အောင်ဆွဲဆောင်နိုင်လွန်းစွာမွှေးရနံ့ကသင်းပျံ့နေသော ဟင်းပွဲကြီးကိုမကြာင်အိမ်ထဲထည့်ကာ အပြင်ဘက်ကသွားရည်တမျှားမျှားနှင့်ကြည့်နေသောကလေးငယ်လေးတစ်ဦးပမာ သနားစရာကောင်းမနေဘူးလား။

မှန်ပါသည် ...ကိုယ်ဝန်ဆောင်ကာလပထမပိုင်းတွေတွင် မိခင်တို့၏သွေးသားပြောင်းလဲလာကာ ပိုမိုချောမွေ့ပိုမိုပြည့်တင်း ပိုမိုလှပလာပြီး လိင်ဆွဲဆောင်အားပိုမိုမြင့်မားလာသည်ဟု ခင်ပွန်းသည်အများစုက ခံစားရသည်ဟုဆိုပါသည်။ မွေးဖွားခါနီးနောက်ဆုံးလပိုင်းတို့တွင်တော့ ကိုရွှေယောကျ်ားအများစုကလိင်ဆက်ဆံဖို့ စိတ်မပါလက်မပါဖြစ်လာကြပါ၏။ လိင်ကိစ္စကလည်းစိုးရိမ်ပူပန်ဖို့မလိုပါ။ ဇနီးသည်ဖြစ်သူအားမချစ်ခင်မနှစ်သက်မမြတ်နိုးတော့၍မဟုတ်ပါမချ။ ထိုအချိန်တွင်တော့ မိခင်၏ဗိုက်ထဲတွင် အာဝဲလေးကကြီးထွားလွန်းလာကာပေါက်ကွဲတော့မည့်မီးပုံးပျံကြီးအလား ဖောင်းကားလာပြီမို့ သူတွင်ဖခင်စိတ်တွေပိုမိုပြင်းထန်လာတတ်သည်။ မိမိတို့လိင်ဆက်ဆံလိုက်လျှင် မိခင်ဝမ်းကြာတိုက်ထဲရှိရင်သွေးလေးကို ထိခိုက်ဒဏ်ရာရသွားမည်ကိုစိုးရိမ်ပူပန်တတ်လာသည်။ ထို့ပြင်ကြီးပြင်းလာသောအာဝဲလေးကို သက်ရှိလူသားလေးပမာအရေးထားလာပြီးသူ့ရှေ့မှောက်တွင် မိဘနှစ်ဦးချစ်ရည်လူးရမည်ကို ရှက်ရွံ့စိတ်များဝင်ရောက်လာတတ်၍ပဲဖြစ်ပါသည်။

ဤသို့ဆိုပါလျှင်..ကိုယ်ဝန်ဆောင်စဉ်လိင်ဆက်ဆံမှုနှင့်ပတ်သက်၍မိခင်လောင်းနှင့်ဖခင်လောင်းတို့၏စိတ်ခံစားချက်များက မျိုးစုံဖြစ်ပျက်ပြောင်းလဲနေကြသည်ဖြစ်ရာ မိခင်ဖခင်အားလုံးတို့၏စိတ်ထဲနှလုံးသားထဲဒွိဟဖြစ်နေရသည်က ကိုယ်ဝန်ဆောင်စဉ်လိင်ဆက်ဆံခြင်းသည် ဘေးအန္တရာယ်ကင်းရှင်းပါရဲ့လားဟူသည့်မေးခွန်းပဲဖြစ်ပါသည်။

ယေဘုယျအားဖြင့်ပြောရမည်ဆိုလျှင် မည်သည့်ပြဿနာမျှမရှိသည့်ကျန်းမာရေးနှင့်ပြည့်စုံလှသောမိခင်လောင်းတို့အတွက်ကိုယ်ဝန်ဆောင်ကာလ

တစ်လျှောက်လုံး နောက်ဆုံးရေမြွှာမပေါက်မီအချိန်အထိ ခင်ပွန်းသည်နှင့်အတူ ချစ်တင်းနှီးနှောခြင်းသည် မည်သည့်အန္တရာယ်မျှမရှိပါချေ။ နှစ်ဦးစလုံးကျန်းမာ ကြံ့ခိုင်ချစ်ကိစ္စနှင့်ပတ်သက်၍စိတ်သဘောထားချင်းကိုက်ညီ အဆင်ပြေပျော် ရွှင်ပါလျှင် အိမ်ထောင်ရေးသုခပိုမိုပြည့်ဝကာ တစ်ဦးနှင့်တစ်ဦးချစ်သံယောဇဉ် ကြိုးလေးတွေ ပိုမိုတင်းကြပ်မြဲမြံစွာ ရစ်နှောင်တွယ်လာနိုင်အောင် ဆွဲဆောင်နိုင် ပါလိမ့်မည်။

သို့သော် ..ဤကိစ္စသည်ကိုယ်ဝန်ဆောင်မိခင်များအားလုံးအတွက် မှန်ကန်ပါရဲ့လား။ အားလုံးကိုသိမ်းကျုံးပြီး ဝါးလုံးနှင့်ရမ်းသကဲ့သို့ပြောလျှင်တော့ အမှားကြီးမှားလိမ့်မည်။

"ဆရာ ဆရာ ဆရာ "

ထိုစဉ်မှာပဲ ဒေါက်တာငြိမ်းချမ်းတစ်ယောက် သူ့နာမည်အားဆင့်ကာ ဆင့်ကာခေါ်သံကြောင့် အတွေးကမ္ဘာထဲကရုတ်တရက် လန့်နိုးသွားခဲ့လေ၏။

"ဗျာ ဘယ်လိုဘယ်လို..ဆရာနည်းနည်းအတွေးလွန်သွားလို့မကြား မိလိုက်ဘူး ဘာမေးလိုက်တာလဲ"

"ဆရာကလည်းအခုနကပဲဆရာမေးလို့ကျွန်တော်ဖြေနေတာလေ။ ပြောရမယ်ဆိုရင် သူသူ့ရဲ့အလှဆုံးအချိန်ဟာ အဲဒီကိုယ်ဝန်ဆောင်နေတဲ့ ပထမ ပိုင်းအချိန်လေးလို့ ကျွန်တော်ကတော့ခံစားရပါတယ်။ အဲဒီအချိန်လေးတွေမှာ မချစ်ရဘူးလို့ သူသူပြောတာဟုတ်သလားလို့ ကျွန်တော်ကမေးနေတာလေ .. အဲဒါဆရာဖြေပေးပါဦး ဒါကကျွန်တော်တစ်ယောက်တည်းအတွက် မဟုတ်ပါ ဘူး။ ကျွန်တော့်လိုပဲခံစားနေရတဲ့မြန်မာတစ်ပြည်လုံးက ဖခင်လောင်းတွေအား လုံးရဲ့ကိုယ်စားမေးရတာပါ။ ကျွန်တော်တို့တွေက အရပ်စကားတွေ လူကြီးသူမ တွေတစ်ဆင့်စကားတစ်ဆင့်နားတွေနဲ့ စိုးရိမ်ပူပန်မှုတွေ မသိနားမလည်မှုတွေနဲ့ နေနေရတာမဟုတ်လား၊ ဒီကိစ္စတွေကိုအမှန်အတိုင်းသိပ္ပံနည်းကျကျသိရတယ် ဆိုရင် အားလုံးအတွက်အကျိုးများမှာအမှန်ပဲလို့ ယုံကြည်မိလို့ပါ။ ဒီကိစ္စတွေကို ကျွန်တော့်ကိုလည်းရှင်းပြ ဂျာနယ်မဂ္ဂဇင်းတွေမှာလည်း ထည့်ရေးပေးပါနော်လို့ ဆရာ့ကိုတောင်းပန်ချင်ပါတယ်ဆရာ"

ဒေါက်တာငြိမ်းချမ်းတစ်ယောက် ကိုမိုးကြီးကိုဖြေတော့မည့်အလုပ်

ဟိုဘက်ခြမ်းကမျက်လုံးလေးပြူး၍သူ့ပြောစကားကိုစိတ်ဝင်တစားနားထောင် လျက်ရှိသော သူသူ့ကိုတစ်ချက်လှမ်းမြင်၏။ ဒီငတိမလေးဝင်မနှောင့်ယှက်တော့ ဘူးထင်ပါရဲ့။

"ဟုတ်တယ်ကိုမိုးရေ ... ဆရာကလည်း ဒီကိစ္စကိုပြောချင်နေတာမှ ပါးစပ်ကိုယားနေတာပါပဲ။ နေရာတကာမှာလေ့နံ့ဓားထစ်ကြီးတစ်သမတ်တည်း မှန်တဲ့အမှန်တရားတော့မရှိဘူး။ တချို့တွေကမျက်စိမှိတ်ပြီးပြောကြတဲ့ ကိုယ်ဝန် ဆောင်တုန်းလုံးဝအတူမနေရဘူးဆိုတာကလည်း မှားတယ်။ ဒါဆိုရင်ဘယ်လိုပဲ ဖြစ်ဖြစ်အတူနေလို့ရတယ် ဘာဆိုဘာမှအန္တရာယ်မရှိဘူးဆိုတာကလည်း မမှန် ဘူး။ အင်္ဂလိပ်စကားလေးတစ်ခွန်းရှိတယ်ကိုမိုးရေ၊ ဒီလို "It is perfectly alright in moderation if it is comfortable and enjoyable" တဲ့။ ဆိုလိုတာကမိခင် လောင်းမှာလည်းကျန်းကျန်းမာမာနဲ့ ဘာပြဿနာမှလည်းမရှိဘူး။ ဒီကိစ္စနဲ့ပတ် သက်လို့လည်းနှစ်ယောက်စိတ်သဘောတူညီစွာနဲ့ တစ်ယောက်နဲ့တစ်ယောက် ဆန္ဒချင်းတူညီမယ် အပေးအယူမျှမယ် ကြင်ကြင်နာနာနဲ့မနာမကျင်အောင် သာ ယာမှုလည်းရအောင် ဆက်ဆံနိုင်မယ်ဆိုရင် အိုကေမှာစိုပြည်တယ်လို့ပြောနိုင် တာပေါ့ကွာ"

ထိုစကားကိုကြားသည်နှင့် ...

"ဟုတ်လားဆရာ ဒါဆိုရင်ကျွန်တော်ကတော့ တစ်ဖူနာသွားတာပေါ့ နော်၊ ဒီငတိမလေးသူသူပြောတာ တက်တက်စင်အောင်မှားတာပေါ့ မဟုတ်ဘူး လားဆရာ။ ကြည့်စမ်း ဆရာနဲ့အခုလိုဆုံတွေ့တာ ဘဝမှာတော်တော့်ကိုနောက် ကျသွားခဲ့တာပဲ။ အိမ်ထောင်ကျခါစတုန်းကသာတွေ့လိုက်ရရင် ဘယ်လောက် တောင်ကောင်းလိုက်လေမလဲ အချိန်တွေကိုအရမ်းနှမြောလိုက်တာ နာရီလက် တံကြီးကို နောက်ကိုပြန်ရွှေ့လို့ရရင် ပြန်ရွှေ့လိုက်ချင်ပါတော့တယ်ဆရာရယ်"

ဒေါက်တာငြိမ်းချမ်းတစ်ယောက်တော့ သူ့စကားကိုကြားလိုက်ရပြီး သူ့ခံစားချက်တွေကို ကရားရေလွှတ်တတွတ်တွတ်နှင့် အဆက်မပြတ်ပြောနေ သောကိုမိုးကြီးရယ်ဟိုဘက်ကနေနှုတ်ခမ်းကိုတစ်တောင်လောက်စူထားသော သူသူဆိုသည့်အစုတ်ပလုတ်မလေးရယ်တို့အား တစ်လှည့်စီပြုံးပြုံးကြီးကြည့် နေမိလေတော့၏။

"ဆရာနော်...အဲဒီလိုတော့တစ်ဖက်သတ်မပြောနဲ့ အတူမနေရမယ့် မနေသင့်တဲ့ကိစ္စတွေကိုလည်း ပြောပြမှပြည့်စုံမှာပေါ့" ဟုသူသူက ခပ်ဆတ်ဆတ်ကလေးဝင်ပြောလိုက်လေသတည်း။

●●●



# ၆

# မနာကျင်အောင် ကြင်နာပါ




# မနာကျင်အောင်ကြင်နာပါ

"အချက်မသိတော့ဆက်ရက်ချိုးထင်" ဟူသောစကားလေးတစ်ခွန်းကြားဖူး၏။ "အချက်မသိတော့သမက်သူခိုးထင်" ဟူ၍ခပ်နောက်နောက်ကလေးဆိုထားသည့်စကားလည်းရှိ၏။ ကိစ္စတစ်ခုခုတွင် ဘာမှန်းညာမှန်းသေသေချာချာဂယနကမသိပါဘဲ ဟိုလူပြောဒီလူပြော ဟိုဟာဟုတ်နိုးနိုး ဒီဟာဟုတ်နိုးနိုး ထင်ရာမြင်ရာရမ်းသန်းမှန်းဆပြီးအမှားကိုအမှန်ထင် တံလျှပ်ကိုရေထင် ရွှေသမင်အလိုက်မှားသည့်ဖြစ်ရပ်တွေ မည်မျှရှိပါလိမ့်မည်နည်း။

ယခုလည်းကြည့်...ကိုမိုးဆိုသည့်ငနဲလေးနာရီလက်တံကြီးနောက်ပြန်ရွှေ့ချင်လောက်အောင် တစ်ဖူနာသွားစေသည့် "ဦးဘညွန့်၏ချစ်ဒုက္ခ" ကအကောင်းဆုံးသက်သေပဲမဟုတ်ပါလား။ သူသူဆိုသည့်ဆရာဝန်မမိခင်လောင်းကလေးကိုယ်တိုင်ကမီးနီပြ၍တားဆီးပြီဆိုမှတော့ ကိုမိုးဆိုသည့်သကောင့်သားလေးနင်းချင်လှပြီဖြစ်သောလီဗာကိုလွှတ်ကာ ဘရိတ်ကိုအကြာကြီးအုပ်ထားသည့်ကိစ္စအား ဒေါက်တာငြိမ်းချမ်းဖြေရှင်းနေရခြင်းဖြစ်ပါသည်။

ကိုမိုးကဆိုသည်...ကိုယ်ဝန်ဆောင်ချိန်တွင်အတူနေ၍ရကြောင်းသူလိုပဲခံစားနေရသည့်ဖခင်လောင်းတို့၏ကိုယ်စားအမှန်တရားကိုဖော်ထုတ်ပေးဖို့ သူသူကလည်းစာဒကတက်၏ ကိုယ်ဝန်ဆောင်ချိန်တွင် အတူမနေသင့်သည့် မနေရမည့်ကိစ္စများကိုလည်း ပြောပြပေးဖို့။ မှန်ပါသည် Little Knowledge Is

Dangerous ဆိုသည့်စကားလေးကဲ့သို့ပါပဲ။ တစ်ပိုင်းတစ်စလောက်လေးမပြည့်မစုံသာသိသည့်ဗဟုသုတသည် အန္တရာယ်များကိုဖိတ်ခေါ်နေတတ်ပါ၏။

ဤကိစ္စတွင်ပဲကြည့်လေ...ကိုယ်ဝန်ဆောင်မိခင်လောင်းဘဝတွင် လင်မယားချစ်တင်းနှီးနှောခြင်းသည် "အန္တရာယ်" မဖြစ်နိုင်ပါ။ အိုကေမှာစိုပြည်ပါသည်ဟူသောစကားလေးကိုနားစွန်နားဖျားကြားပြီးစိတ်ထင်တိုင်းကြဲကြမည်ဆိုပါလျှင်ရော မည်သို့ရှိမည်နည်း။

လောကကြီးတွင်မည်သည့်အရာကိုမှလေ့နှံစားထစ်ပုံသေကြီးတော့မှတ်ယူထား၍မရပါ။ ယခုပဲကြည့်..သူသူ့လိုကိုယ်ဝန်ဆောင်မိခင်လောင်းတွေအများစုကြီးက ကိုယ်ဝန်ဆောင်ချိန်၌ ချစ်တင်းနှောခြင်းပြုရမည်ကို ကြောက်ရွံ့စိုးရိမ်ပူပန်သောကတွေဝေကြသည်။ ထိုကဲ့သို့အတူနေလိုက်ခြင်းအားဖြင့် မိမိ၏ဝမ်းကြာတိုက်ထဲမှအရူဝဲလေးအား ထိခိုက်ဒဏ်ရာရရှိသွားမည်ကို စိုးရိမ်ကြခြင်းဖြစ်သည်။ သူတို့ပူပန်သည်ကိုလည်း နားလည်ပေးနိုင်ပါသည်။ သို့သော်မိခင်၏ဝမ်းကြာတိုက်ထဲတွင် ရေမြှာရည်များနှင့်ပြည့်နေသောရေမြှာအိတ်က အရူဝဲလေးအားမတော်တဆထိခိုက်ဒဏ်ရာရရှိလျှင်ပင် အလွယ်တကူနှင့်မထိခိုက်ရလေအောင်ကြားထဲကကူရှင်သဖွယ်ခံပေးထားလေသည်။ သားအိမ်ခေါင်း၏ "အဝ" ကလေးတွင်လည်း တံခါးဖြင့်လုံလုံခြုံခြုံလေး ပိတ်ဆို့ပေးထားသည်။ ထို့ကြောင့်တော်ရုံတန်ရုံမျှနှင့် ထိခိုက်ဒဏ်ရာရသွားနိုင်ချေမရှိပါပေ။

သို့သော် ခံနိုင်ရည်အတိုင်းအတာတစ်ခုကတော့ရှိနေသည်။ စိတ်ထင်တိုင်းကြမ်းရမ်း၍တော့မဖြစ် ကိုယ်ဝန်ဆောင်ချိန်တွင် မိခင်လောင်းတစ်ယောက်၏မျိုးပွားအင်္ဂါများအားလုံးသည် ဟော်မုန်းတို့၏စွမ်းဆောင်မှုတွေကြောင့် သွေးတို့နှင့်ပြည့်တင်းကာ နူးညံ့ပျော့ပျောင်းလွန်းလှ၏။ ထို့ကြောင့်လည်းကိုယ်ဝန်ရှိချိန်တွင်လိင်ဆက်ဆံပါက နူးနူးညံ့ညံ့သိမ်သိမ်မွေ့မွေ့ညင်ညင်သာသာဆက်ဆံရပေလိမ့်မည်။ သန့်သန့်ရှင်းရှင်းရှိဖို့လည်းလိုအပ်သည်။ ကြမ်းကြမ်းတမ်းတမ်းပြင်းပြင်းထန်ထန်ကြီးမနေသင့်။ "တန်ဆေးလွန်ဘေး" ဟူသည့်စကားအတိုင်းနိုင်းနိုင်းချိန်ချိန်သုခမိန်ပြုမှုဆက်ဆံသင့်ပါသည်။ နာကျင်မှုအစားကြင်နာမှုတွေကိုပေးရပေလိမ့်မည်။

ဤသို့သောအခြေအနေများကို လင်ရောမယားရော ဇနီးမောင်နှံနှစ်ဦး



...ပုံးကအမှန်အတိုင်းသိရှိနားလည်ပြီးတစ်ဦးနှင့်တစ်ဦး နားလည်မှုအပြည့်နှင့်မျ...ချစ်ခင်ခင်ကြင်ကြင်နာနာနှင့်ဆက်ဆံကြမည်ဆိုလျှင်နှစ်ဦးသားသံယောဇဉ်မ...င်ကြိုးတွေတစ်ပတ်ပြီးတစ်ပတ်တရစ်ပြီးတရစ်ရစ်ပတ်နှောင်တွယ်ကာတစ်...ကိုတစ်ဦး အချစ်မိုးတွေဖွေသည်ထက်ပို၍ ဖွေလာပေလိမ့်မည်။

သို့မဟုတ်ဘဲ တစ်ဦးနှင့်တစ်ဦးနားလည်မှုလွဲမှားအမှန်တရားကိုမသိ...ားပါက ယခုကိုမိုးနှင့်သူသူတို့ဇနီးမောင်နှံနှစ်ဦးဖြစ်ခဲ့သကဲ့သို့ တစ်ဦးကဗိုက်...က "ကလေး" ကိုထိခိုက်မိမည်စိုးရိမ်၍လုံးဝမီးနီပြအနားမကပ်ရဉပဒေထုတ်...ား၍နောက်တစ်ဦးအနေနှင့်အတူနေချင်သည့်စိတ်ဆန္ဒကို ကြိတ်မှိတ်မျိုသိပ်...ချုပ်ထိန်းထားခဲ့ရသည့်အဖြစ်မျိုးတွေနှင့် ရင်ဆိုင်ကြုံတွေ့ရတတ်ပါ၏။ ထိုသို့...မီးနီပြကာဘရိတ်အုပ်ခိုင်းထားသည့် အချိန်ကာလကိုလည်းကြည့်ပါဦး။ ကိုယ်...န်ဆောင်ချိန်ကာလ(၉)လတိတိနှင့် မွေးဖွားပြီးမီးတွင်း(၁)လ(၂)လစုစုပေါင်း...ိုက်လျှင် တစ်နှစ်တာကာလလောက် ရှည်ကြာနေသည်မဟုတ်ပါလား။

ဘာပဲဖြစ်ဖြစ်ကိုမိုးက သူ၏စိတ်ဆန္ဒကို ထိန်းချုပ်ထားနိုင်၍တော်ပါ...ေးသည်။ ဒေါက်တာငြိမ်းချမ်းတွေ့ခဲ့ကြုံခဲ့ကြားခဲ့ရဖူးသောတခြားတခြားသော...ဖခင်လောင်းတော်တော်များများကတော့ ကိုမိုးကဲ့သို့ မိမိတို့၏စိတ်ဆင်ရိုင်းကို...နှိုင်းမအုပ်နိုင်ကြချေ။ မိမိတို့၏ဇနီးသည်ကိုယ်ဝန်ရှိနေချိန် မီးနီပြထားချိန်၌ပြင်း...ပြထက်သန်နေကြသောစိတ်ဆန္ဒတို့ကိုကာရာအိုကေဆိုင်များ ဘီယာဘားများ...အပျော်အဖော်များဆီ၌သွားရောက်၍ လမ်းလွှဲဖော်ထုတ်ကြလေတော့သည်။

စဉ်းစားကြည့်ပါဘိ..ထိုသို့ထိုပုံ ယောက်ျားတစ်ယောက်၏စိတ်ဆန္ဒ...ကိုထွက်ပေါက်ပေးခြင်းသည် မည်မျှအန္တရာယ်များလှပါသနည်း။ အဆင်မသင့်...လျှင် HIV အေအိုင်ဒီအက်စ်အပါအဝင် လိင်မှတစ်ဆင့်ကူးစက်တတ်သောရောဂါ...ိုးကြီးတွေ မတော်တဆကူးစက်ကပ်ငြိလာတတ်သည်။ ထိုရောဂါဆိုးကြီးတွေ...တော့ယောက်ျားမှသည်ဇနီးသည်ထံသို့ တဖန်ပြန်၍ကူးစက်တတ်ပြန်သည်။ ...လောက်တင်ဘယ်ကပါဦးမည်နည်း...ထိုရောဂါပိုးတွေသည် မိခင်လောင်းမှ...စ်ဆင့်ရင်သွေးလေးထံသို့ပါ ထပ်မံကူးစက်ပျံ့ပွားကာ မိမိ၏ဆွေစဉ်မျိုးဆက်...ကြီးအကျယ်ဒုက္ခတွေ ရောက်ပေတော့မည်မဟုတ်ပါလား။

ဒါတင်ဘယ်ကပါဦးမလဲလေ အပျော်အဖော်တွေမှသည်သံယောဇဉ်

ကြိုးတွေငြိသည်ထက်ငြိတွယ်သွားကြရာမှ အပျော်သက်သက်ပင်မကတော့ဘဲ ဒုတိယမယား မယားပြိုင်တွေအထိ နယ်ချဲ့သည်ထက်ချဲ့လာမှာ။ ပြီးတော့မှမိမိအားမယားကြီးအဖြစ် ရာထူးတိုးပေးပစ်လိုက်မည့်အန္တရာယ်ကိုလည်း သတိမူမိဖို့လိုပါသည်။

ထို့ကြောင့်ဇနီးမယားတို့ဘက်ကလည်းထိုအန္တရာယ်များကိုကြိုတင်သိမြင်ပြီး မိမိလင်ယောကျာ်း၏အလိုကို ချစ်ခင်စွာယုယစွာ လိုက်လျောလက်ခံပေးသင့်သည်။ လင်ယောကျာ်းမှလည်း မိမိတို့ဇနီးသည်ကို ချစ်ချစ်ခင်ခင်ကြင်ကြင်နာနာနှင့် နူးညံ့ညင်သာသိမ်မွေ့စွာ ချစ်ခင်တတ်ဖို့လိုအပ်ပါသည်။ သဘောမတူမကြည်ဖြူပါဘဲ ကြမ်းကြမ်းတမ်းတမ်း မဆက်ဆံသင့်ပါပေ။

"ဘာပဲဖြစ်ဖြစ်သူသူရေ..သူသူတစ်ယောက်ဒီကိုမိုးကြီးလိုသစ္စာရှိတဲ့သူ့စိတ်ဆန္ဒတွေကို သူ့ဘာသာသာထိန်းချုပ်နိုင်တဲ့ယောကျာ်းမျိုးရတာ ကံကောင်းတယ်လို့ပြောရမှာ။ ဆရာတွေ့ဖူးတဲ့ ယောကျာ်းတော်တော်များများဆိုရင် မိန်းမကိုယ်ဝန်ဆောင်ချိန်မှာသူတို့ကကာရာအိုကေဆိုင်တွေကိုသွားဘီယာဆိုင်တွေကိုသွားအပျော်အဖော်တွေနဲ့ကဲချင်တိုင်းကဲနေတာတွေ မကြာခဏတွေ့ဖူးကြားဖူးတယ်သမီးရေ။ ဒါကြောင့်ဒီကိစ္စတွေမှာဇနီးသည်တွေဘက်ကလည်းယောကျာ်းတွေရဲ့သဘောသဘာဝကိုနားလည်လက်ခံပြီးအလိုလိုက်သင့်သလောက်လိုက်ရမယ်လို့ ဆရာကပြောချင်တာ"

သူသူတစ်ယောက် ဒီတစ်ခေါက်တော့ သူပြောသည့်စကားလေးကိုခေါင်းလေးတညိတ်ညိတ်နှင့် အာရုံစူးစိုက်ကာ သေချာနားထောင်နေပုံရပါ၏။ ဟုတ်သည်လေ ကိုယ့်ယောကျာ်းကိုသူများလက်ထဲပါသွားမှာ မကြောက်သည့်မိန်းမ လောကမှာရှိပါဦးမည်တဲ့လား။

တစ်ခုတော့ရှိတယ်သမီးရေ...ကိုယ်ဝန်ဆောင်ချိန်မှာ လုံးဝလိင်မဆက်ဆံသင့်တဲ့ အချိန်ကာလတွေတော့ရှိတယ် ဒါကိုလည်းပဲသိရမယ်။ ဆောင်ရန် ရှောင်ရန် Do And Don't တွေကိုပါ သေချာသိထားဖို့လိုတာပေါ့။ ကိုယ်ဝန်ဆောင်မိခင်တစ်ယောက် သွေးတွေဆင်းနေတဲ့ကိုယ်ဝန်ဆောင်ချိန်မှာသတိထားပြီးရှောင်ရမယ်။ ရေတွေဆင်းတဲ့အခါရေမြှာရည်တွေပေါက်ထွက်တဲ့အချိန်ကျရင်လည်း လိင်မဆက်ဆံရဘူး၊ အချိန်မတိုင်ခင်လမစေ့သေးဘဲ ဗိုက်နာတဲ့သား



အိမ်ကြွက်သားတွေတင်းမာလာပြီး စောစောမွေးဖွားမယ့်အရိပ်အယောင်တွေပြနေရင်လည်းရှောင်ရမယ်။ အရင်တုန်းကမကြာခဏ ကလေးပျက်ကျတတ်တဲ့သားအိမ်ခေါင်းထိပ်တံခါးဝကမလုံဘဲ ပွင့်ဟနေတဲ့မိခင်မျိုးတွေမှာလည်း ကိုယ်ဝန်ဆောင်ချိန်မှာ လိင်မဆက်ဆံသင့်ဘူး။ ပြီးတော့ကိုယ်ဝန်(၅)လကျော်တဲ့အချိန် အာထရာဆောင်းရိုက်ကြည့်လိုက်လို့ အချင်းကသားအိမ်အောက်ဘက်မှာလာပြီးပိတ်ဆို့နေတဲ့အခါမျိုးမှာလည်း ရှောင်ကြဉ်ဖို့လိုပါတယ်။ နောက်ပြီးလင်ယောကျာ်းရဲ့လိင်အင်္ဂါမှာရေယုန် Genital Herpes အနာလေးတွေပေါက်နေရင်လည်းလိင်မဆက်ဆံရဘူး ဒါမျိုးရောဂါကမိခင်ကိုကူးစက်ရင်ဗိုက်ထဲကရင်သွေးလေးအတွက်ပါ အန္တရာယ်ကြီးမားလို့ပဲဖြစ်တယ်သမီးရေ"

"ကိုင်း သိပြီလားဒေါ်သူသူ..ဒီတစ်ခေါက်ထပ်ပြီးကိုယ်ဝန်ရှိတဲ့အခါအရင်ကလိုမျိုးမီးနီပြရဲပြကြည့် ဒီတစ်ခါတော့ မီးနီသောဘာသောဂရုမစိုက်ဘူးဖြတ်မောင်းတော့မှာ" ဟုကိုမိုးကြီးကဝင်ပြီးအရွှန်းဖောက်လိုက်သောအခါ သူသူ၏ရူးရှသောမျက်စောင်းကြီးကြီးက ကိုမိုးဆီသို့လွင့်ပျံသွားသည်ကို ဒေါက်တာငြိမ်းချမ်းတစ်ယောက် မျက်ဝါးထင်ထင် တွေ့လိုက်ရလေတော့သတည်း။

●●●

> သူတို့ကပြောတယ်...ကျွန်တော်အခုလိုယောက်ျားမပီ
> မသဖြစ်နေတာဟာ အိမ်ကွင်းမကောင်းလို့ဖြစ်လိမ့်
> မယ်၊ အဝေးကွင်းလေးပြောင်းပြီး ကွင်းပြောင်းကစား
> ကြည့်ပါလား။ ဒါဆိုရင်ကိုယ့်မှာ တကယ်ယောက်ျားမပီ
> မသဖြစ်တာ ဟုတ်မဟုတ်ကိုလည်း စမ်းသပ်ပြီးသား
> ဖြစ်မယ်။ ပြီးတော့အိမ်မှာမရတဲ့ ပျော်ရွှင်မှုသုခတွေကို
> လည်းရနိုင်မယ် တစ်ချက်ခုတ်နှစ်ချက်ပြတ်ဆိုတာလို
> မျိုး...

၃

# ပေါက်ကွဲလုနီးနီး ဗုံးတောင်ကြီး ထက်မှာ




# ပေါက်ကွဲလုနီးနီးဗုံးတောင်ကြီးထက်မှာ

"ဆရာရေ...ဆရာ့တပည့်မလေး "သူသူ" ကိုကြည့်ပြောပါဦး၊ ဆရာ့ဆီမှာအခုလိုကန်တော့ရင်း မရောက်ရောက်အောင်လာခဲ့ရတာလည်း သူသူအမှုဖြစ်နေတဲ့ခံစားချက်ဝေဒနာတွေကိုကူညီကုစားပေးဖို့က အဓိကပါပဲဆရာရယ် သူကလေတစ်နေ့တစ်နေ့ကို ဒီကလေးမရနိုင်သေးတဲ့ကိစ္စကြီးကိုပဲ တစ်ချိန်လုံးတွေးတွေးပြီးတော့ပူနေတယ်။ ဒီကိစ္စကိုချည်းပဲတွေးနေတော့ စားလည်းဒီစိတ် သွားလည်းဒီစိတ် အိပ်လည်းဒီစိတ်နဲ့ အိပ်မပျော်စားမဝင်တောင်ဖြစ်လာတယ်ဆရာ။ ပြီးတော့စိတ်ကလည်းကြည်ကြည်သာသာရွှင်ရွှင်ပျပျမရှိဘဲ အမြဲစိတ်တိုနေသလိုပါပဲ၊ ကျွန်တော့်ကိုလည်းအပြစ်မရှိအပြစ်ရှာပြီး အမြဲတမ်းလိုလိုဂျိုတိုက်နေတော့တာပါပဲ။ ကျွန်တော်နဲ့လင်မယားလိုအတူနေဖို့ကိစ္စကိုလည်း ဆရာဝန်မတစ်ယောက်လို့မပြောရဘူး၊ ကလေးရနိုင်မယ့်ရက်တွေကို မျိုးစုံတွက်ချက်ပြီး အဲဒီရက်တွေမှာ အတင်းကိုအတူနေခိုင်းတော့တာပဲ။ ကျွန်တော့်မှာလည်းလင်ရယ်မယားရယ် အတူနေချစ်တင်းနှောကြရတဲ့ကိစ္စမှာ ချစ်ခြင်းမေတ္တာတွေ ယုယကြင်နာမှုတွေ သာယာပျော်ရွှင်မှုတွေ ဖလှယ်ကြတဲ့ကိစ္စတစ်ခုလို့ စိတ်ကူးယဉ်သတ်မှတ်ထားမိတာ။ ခုတော့ဆရာ့သမီးသူသူက ဒီကိစ္စကိုကလေးရယူဖို့သက်သက်ပဲသတ်မှတ်ထားပြီး တခြားကျွန်တော်စိတ်ကူးယဉ်မျှော်မှန်းထားတဲ့ အရာတွေအားလုံးကို လျစ်လျူရှုထားလေတော့ ကျွန်တော့်မှာလည်းတဖြည်းဖြည်းနဲ့

စိတ္တဇတွေဖြစ်လာတယ်ဆရာရယ်။ ဘယ်လိုတောင်ဖြစ်လာသလဲဆိုရင် သူ့ရက်တွေတွက်ပြီးအတူနေရတော့မယ်လို့သတ်မှတ်တဲ့နေ့တွေကျရင် သူ့အလိုလိုနေရင်းနေမကောင်းထိုင်မသာတွေဖြစ်လာတော့တာပဲ။ တခြားဖျားတာနာတာဝမ်းလျှောတာတွေမဖြစ်ရင်တောင် အနည်းဆုံးခေါင်းတွေအရမ်းကိုက်တော့တာပဲ။ အဲဒါနဲ့ပဲအတူနေရတော့မယ့်အချိန်ရောက်ရင် ကျွန်တော့်မှာတစ်ခုမဟုတ်တစ်ခုကျန်းမာရေးအဆင်မပြေဖြစ်ပြီး အတူနေလို့ကိုမရတော့ပါဘူးဆရာရယ်။ အဲဒီလိုတွေများလာတော့ သူ့သူကကျွန်တော့်ကိုယောက်ျားမှဟုတ်ရဲ့လား ဘာလားဆိုပြီးစိတ်တိုအလိုမကျဖြစ်ရတော့တာပဲ၊ ကျွန်တော်လည်းကြိုးစားပမ်းစားစိတ်အားတင်းပြီးအတူနေဖို့ကြိုးစားပြန်တော့လည်း သူ့သူကမြန်မြန်ပြီးအောင်ဖိအားတွေပေးပြီးတိုက်တွန်းနေပြန်တယ်ဆရာ။ ကျွန်တော့်မှာအတူမနေနိုင်ပြန်တော့လည်းအပြစ်၊ အတူနေဖို့ကြိုးစားပြန်တော့လည်း နောက်ကကျားလိုက်လို့ပြေးနေရသလိုပဲ၊ အမောတကောအလောသုံးဆယ်ဖြစ်နေတာမို့ပြီးဆုံးတဲ့ထိအောင်မြင်တာမျိုးတောင်မဖြစ်နိုင်တော့ဘဲ တစ်ဝက်တစ်ပျက်ကြီးမှာပဲ ကိုးရိုးကားရားဖြစ်နေတော့တာပဲဆရာရေ။ ဒါသူ့သူကအတူနေနိုင်းတဲ့အခါမှာဖြစ်တဲ့ပြဿနာတွေ ကျန်တဲ့ရိုးရိုးကလေးမရနိုင်တဲ့အချိန်တွေမှာ ကျွန်တော့်အနေနဲ့ချစ်ချင်စိတ်ရှိလာလို့အတူနေဖို့တောင်းဆိုပြန်တော့ သူ့သူကတစ်ခါတစ်မျိုးမရိုးရအောင်အကြောင်းအမျိုးမျိုးပြပြီးငြင်းတော့တာပါပဲ၊ သူကအတူချစ်တင်းနှောကြတဲ့ကိစ္စကိုကလေးရဖို့ကလွဲလို့တခြားဘာခံစားချက်မှ ရှိပုံမရဘူးဆရာရယ်။ ဒီအတိုင်းသာဆက်ပြီးသွားရရင် ကျွန်တော်တို့ရဲ့အိမ်ထောင်ရေးမှာ သားသမီးထပ်ရဖို့ကလည်းမလွယ်ကူ တစ်ယောက်နဲ့တစ်ယောက်လည်းစိတ်တိုအလိုမကျနဲ့ ချစ်ချစ်ခင်ခင်ပျော်ပျော်ရွှင်ရွှင်မရှိ သူကလည်းကျွန်တော့်ကိုမကြည်လင် ကျွန်တော်ကလည်းသူ့ကိုမကြည်လင်နဲ့ လင်နဲ့မယားအတူတူသာနေနေရတယ် ပြည့်ပြည့်ဝဝမပျော်ရွှင်ရဘဲ တစ်ခုခုလိုနေသလိုပါပဲ။ ဥပမာပေးရရင် ဆားမပါတဲ့ဟင်းလိုပဲ ပေါ့ရွှတ်ရွှတ်ကြီးဖြစ်နေတော့တာပါပဲဆရာရယ်။ ဒါတောင်ကျွန်တော်တို့နှစ်ယောက်ကမိဘတွေအတင်းပေးစားကြလို့ယူထားကြတာမဟုတ်ဘဲ နှစ်ယောက်သားသမီးရည်းစားဘဝနဲ့ နှစ်ပေါင်းများစွာနေလာကြပြီးမှ နှစ်ဦးကြည်ဖြူသဘောတူလက်ထပ်ခဲ့ကြတာမို့ ဒီလောက်ခံသာနေတာ။ ဒါပေမဲ့ရေရှည်မှာ ဒီအတိုင်းကြီးဆက်



သွားနေရရင် နောင်ဘာတွေဆက်ဖြစ်ကြမလဲဆိုတာ ကျွန်တော်လည်းမခန့်မှန်းအာမမခံနိုင်တော့ဘူး"

ကိုမိုးတစ်ယောက် အနှစ်နှစ်အလလ သူကြိတ်မှိတ်ခံစားနေရသောခံစားချက်လေးများကို အားပါးတရကြီး ရင်ဖွင့်ပြောကြားလိုက်ရသောကြောင့်အတော်လေးလည်းမောပန်းသွားပုံရသည်။ တစ်ချိန်တည်းမှာပဲ အနည်းငယ်ပေါ့ပေါ့ပါးပါး သွားပုံလည်းရပါသည်။ ဒေါက်တာငြိမ်းချမ်းမှာလည်း သူ့သူနှင့်ကိုမိုးတို့နှစ်ဦး၏ပြောစကားများ သူတို့၏မျက်လုံးအကြည့်များ ကိုယ်နေဟန်ပန်အမူအရာများအားလုံးကို ဘေးမှစိတ်ဝင်တစားစောင့်ကြည့်ကာ သူတို့နှစ်ဦး၏ခံစားချက်နှလုံးသားစိတ်အခြေအနေ စသည့်ပြင်ပမှရတ်တရက်တွေမြင်ရဖို့မလွယ်သည့်အတွင်းသဘောများကို စောကြောစောင့်ကြည့်နေမိလေသည်။ ခေါင်းကလေးတညိတ်ညိတ်နှင့်ပေါ့လေ သူတို့နှစ်ဦးစလုံး သူတို့ရင်ထဲနှလုံးသားထဲတွင် အမှန်တကယ်ရှိနေသည့် ခံစားချက်ဝေဒနာအစစ်အမှန်များကို သူသေသေချာချာဂဃနဏသိရှိနားလည်ဖို့ အရေးကြီးလှပါသည်။

"အနာသိမှဆေးရှိ" ဆိုသည့်စကားကလေးရှိသည်မဟုတ်ပါသလား။ တကယ့်ရောဂါဝေဒနာ၏ဇာစ်မြစ်အကြောင်းရင်းကို သေချာပေါက်သိပြီဆိုလျှင်သူ့ကိုကုသရမည့် ဆေးချက်အမှန်ကလည်း တိတိကျကျရှိနေပါသည်။ တစ်ခုပဲတချို့ရောဂါဝေဒနာတွေက အပေါ်ယံလျှပ်၍မေးမြန်းစမ်းသပ်စစ်ဆေးအာထရာမကောင်းရိုက် ဓာတ်မှန်ရိုက်၍လည်း အမှန်အတိုင်းသိနိုင်သည်မဟုတ်။

ယခုလည်းသေချာစဉ်းစားကြည့်ပါဘိ ကိုမိုးနှင့်သူ့သူတို့၏ခန္ဓာကိုယ်တွင် မည်သည့်ရောဂါဆိုးကြီးတွေမှ ကပ်ငြိနေခြင်းမရှိပါချေ။ ထို့ကြောင့်သူတို့၏ပြဿနာကိုဖြေရှင်းဖို့မည်ကဲ့သို့ဆေးစွမ်းကောင်းတွေပဲပေးပေး ခွဲစိတ်ဓားထက်ထက်နှင့်ပဲခွဲခွဲ ပျောက်ကင်းနိုင်လိမ့်မည်မဟုတ်ပါချေ။ သူတို့၏တကယ့်ပြဿနာအစစ်အမှန် သည် သူတို့၏စိတ်ထဲနှလုံးသားထဲမှာပဲရှိ၏၊ ခန္ဓာကိုယ်ပေါ်တွင်မရှိ။

အပေါ်ယံကိုကြည့်လိုက်လျှင်တော့ သူတို့ဇနီးမောင်နံတွင် မည်သည့်ပြဿနာမျှမရှိသယောင်။ ဂုဏ်ဂုဏ်ချင်းထပ်စည်းစိမ်ချမ်းသာတွေကလည်းတစ်ပုံတစ်ပင်ရပ်ရည်ချောမောချစ်စဖွယ်နှင့် နှစ်ဖက်မိဘဆွေမျိုးအသိုင်းအဝိုင်းကလည်းတောင့်တောင့်တင်းတင်း လက်ညှိုးညွှန်ရာရေဖြစ်စေ အစစအရာရာပြီး

ပြည့်စုံပြီး ဘာဆိုဘာမှလိုလေသေးရှိပုံ တစိုးတစိစိလေးမျှပင်မရ။

သူတို့နှစ်ဦး၏ပကတိအဖြစ်မှန်က မကြာမီအချိန်တွင်ပေါက်ကွဲလုနီး ဆဲဆဲမီးတောင်ကြီးတစ်ခုကိုမြင်ရသကဲ့သို့ရှိချေသည်။ မီးတောင်ကြီးကစိမ်းလို့ စိုလို့လန်းဆန်းလို့ပေါ့။ သစ်ပင်ပန်းပင်တွေ လန်းလန်းဆန်းဆန်းစိမ်းစိမ်းစိုစိုနှင့် ငှက်ကလေးတွေကတေးဆိုနေမည် လိပ်ပြာလေးတွေကပျံဝဲနေမည်ကြည့်မြင် သူ့အပေါင်း၏မျက်စိထဲတွင်တော့ အရာရာအိုကေမှာစိုပြည်နေသည့်ပုံစံမျိုးပေါ့ လေ။

သို့သော်ငြားလည်း ဤမီးတောင်ကြီးသည် မကြာမီသူ့အတွင်းထဲက ချော်ရည်ပူတွေကို ပန်းထုတ်တော့မည်ကို မည်သူကရောသိနိုင်ပါ့မည်လဲ၊ မည် သို့မည်ပုံရောသိနိုင်ပါ့မည်တဲ့လဲလေ။

ထိုသို့တွေးနေစဉ်မှာပင် တိုက်တိုက်ဆိုင်ဆိုင်ဟုပဲ ပြောရလေမလား။ သူသူတစ်ယောက် ကိုမိုးတရစပ်အားပါးတရရင်ဖွင့်ပြောနေသည့်စကားတွေကို နားထောင်လိုက်ရ၍ပဲလား ဘာလားမသိ။

"ဆရာခဏနော် သမီးဒီနေ့မနက် မုန့်ဟင်းခါးတွေအများကြီးစားလာ ခဲ့မိလို့ပဲလားမသိဘူး၊ ဗိုက်ထဲလေတွေပွပြီးရစ်နေလို့ နောက်ဖေးတစ်ချက်သွား ခွင့်ပြုပါဦးနော်" ဟုဒေါက်တာငြိမ်းချမ်းအားခွင့်တောင်းပြီး အိမ်သာရှိရာသို့ခပ် သွက်သွက်လေး ကသုတ်ကရက်ပြေးလေတော့သည်။

အဲဒီလိုအခွင့်အရေးကလေးရလာတော့မှ "ကြောင်မရှိကြွက်ထ" ဆို သည့်စကားကဲ့သို့ပင် သတ္တိခဲကိုမိုးတစ်ယောက် ခုနတုန်းကပြောဖို့မဝံ့မရဲဖြစ်နေ ပုံရသော သို့မဟုတ် သူသူ၏ရှေ့တွင်ပြောရခက်နေသည့်စကားတွေကို သူ့အား ရင်ဖွင့်ပါလေတော့၏။

"ဆရာရယ်အတော်ပါပဲ သူသူပရှိတုန်း အမှန်အတိုင်းရင်ဖွင့်လိုက်ဦး မယ်။ သူ့ရှေ့မှာကျတော့လည်း ပြောဖို့ခက် ပြောဖို့လည်းမထွက်တဲ့စကားတွေပေါ့ ဆရာ။ ဆရာကတော့ ကျွန်တော်ဘာကိုဆိုလိုသလဲဆိုတာ ကောင်းကောင်းနား လည်မှာပါ ကျွန်တော်ဟာယောက်ျားတစ်ယောက်ပါဆရာ။ သူသူကကျွန်တော့် ကိုယောက်ျားမဟုတ်ရဲ့လားလို့ပြောတာကိုလည်း လုံးဝကိုမကျေနပ်ဘူး၊ အောင့် သက်သက်ကြီးလည်း ခံစားရပါတယ်ဆရာ။ ငါယောက်ျားစစ်စစ်ပီပီသသကြီးကွ

လို့လည်း သက်သေပြချင်တယ်၊ အဲဒီအချိန်မျိုးပြောရမယ်ဆိုရင် ဆရာရယ်အိမ် ထောင်ရေးသုခတွေဆိတ်သုဉ်းပြီး လင်နဲ့မယားချစ်တင်းနီးနောတဲ့ကိစ္စတွေမှာ လုံးဝအဆင်မပြေတဲ့အချိန်မှာ မိတ်ဆွေသူငယ်ချင်းတွေနဲ့ကလည်း ယောက်ျား အချင်းချင်းရင်ဖွင့်ရင်း စကားပြောရင်း သူတို့တွေကကျွန်တော့်ကို အကြံကောင်း ဉာဏ်ကောင်းတွေပေးကြတော့တာပေါ့ဆရာ။ သူတို့ကပြောတယ်..ကျွန်တော် အခုလိုယောက်ျားမပီမသဖြစ်နေတာဟာ အိမ်ကွင်းမကောင်းလို့ဖြစ်လိမ့်မယ်၊ အဝေးကွင်းလေးပြောင်းပြီး ကွင်းပြောင်းကစားကြည့်ပါလား။ ဒါဆိုရင်ကိုယ့်မှာ ဟာကယ်ယောက်ျားမပီမသဖြစ်တာ ဟုတ်မဟုတ်ကိုလည်း စမ်းသပ်ပြီးသားဖြစ် မယ်ပြီးတော့အိမ်မှာမရတဲ့ပျော်ရွှင်မှုသုခတွေကိုလည်းရနိုင်မယ် တစ်ချက်ခုတ် နှစ်ချက်ပြတ်ဆိုတာလိုမျိုး စသဖြင့်ပြောကြတယ်ဆရာရေ။ ယောက်ျားလေးအ ချင်းချင်းဆိုတော့ ပွင့်ပွင့်လင်းလင်းနဲ့မြှောက်ပေးကြတော့တာပေါ့။ ကျွန်တော် ကလည်း ဘာသားနဲ့ထုထားတာမို့လို့လဲဆရာ၊ သစ်ငုတ်တောင်မှတိုက်ပါများရင် "နဲ့" တတ်သေးတာမဟုတ်လား တဖြည်းဖြည်းနဲ့ကျွန်တော်လည်း မခံချင်စိတ်နဲ့ စမ်းသပ်ကြည့်ချင်တဲ့စိတ်တွေ တဖွားဖွားဖြစ်လာတော့တာပေါ့ဆရာ"

"တစ်ခါတလေ သူငယ်ချင်းတွေနဲ့ညနေပိုင်းစုဝေးပြီး သောက်ကြစား ကြလုပ်ကြပြီဆိုရင် ကျွန်တော့်ဘက်ကိုနောက်ဆုံးမြှားဦး လှည့်လာတော့တာပဲ ဆရာရေ။ ထန်းရည်မူးတော့ကျွဲနိုးပေါ်ဆိုသလိုပဲ ကျွန်တော်ကလည်းနည်းနည်း ငိုဝေဝေဖြစ်လာရင်ကိုယ့်ခံစားချက်တွေကို သူငယ်ချင်းတွေဆီပြောပြမိတာကိုး။ နောက်ဆုံးကျတော့ ကျွန်တော့်ကိုအဝေးကွင်းမှာ စမ်းကစားကြည့်ဖို့ ဆိုတဲ့ဘက် ကိုဦးတည်လာရော။ အခုခေတ်ကလည်း ဆရာသိတဲ့အတိုင်းပဲ ကိုယ့်မှာပိုက်ဆံ ကိုသာသုံးနိုင်လို့ကတော့ ဒီလိုမျိုးကိစ္စတွေဆိုတာဟာ ဘာမှခက်ခက်ခဲခဲမဟုတ် တော့ဘူးလေ။ ဒါပေမဲ့ကျွန်တော်ဟာအခုချိန်အထိတော့စိတ်ထဲကပါချင်ချင်ဖြစ် နေပေမယ့် လူကိုယ်တိုင်တော့ပါမသွားအောင် တောင့်ခံထားနိုင်တုန်းပါပဲ။ သူသူ ကိုလည်းကျွန်တော် ဘယ်လိုနည်းနဲ့မှ သစ္စာမဖောက်ချင်ပါဘူး။ ကူးစက်ရောဂါ တွေကိုလည်းကြောက်တယ်။ ဒါပေမဲ့ အဲဒီလိုဘယ်လောက်ကြာကြာကြီးတောင့် ခံထားနိုင်မယ်ဆိုတာ"

"သူသူမရှိတုန်းကိုမိုးကြီး ဘာတွေပြောနေသလဲဆရာ . . . သူသူ့ကို

လည်းပြောပြပါဦး" ဟူသောမေးခွန်းဖြင့် ပျာပျာသလဲဝင်ရောက်လာသည့်သူသူ ကြောင့် ကိုမိုးတစ်ယောက်ပြောလက်စစကားလေးက တိခနဲရပ်သွားလေတော့ သတည်း။

●●●

# ၅

# တရားခံ




# တရားခံ ဘယ်သူလဲဟေ့

"သူသူ ... သူသူ" ဒေါက်တာသူသူ ...

သူတပည့်မလေး ဆရာဝန်မလေး သူဌေးသမီးလေး သူဌေးကတော် လေးသူသူ..ရွှေပေါ်မြတင် ခြေမွေးမီးမလောင် လက်မွေးမီးမလောင် တကယ့်အထက်တန်းလွှာ၏သမီးပျိုလေးတစ်ဦး ဆရာဝန်ဘွဲ့ကို ဂုဏ်ဒြပ်တစ်ခုအဖြစ်သာ ရယူထားသူ ပိုက်ဆံရှာဖို့လည်းအလုပ်လုပ်စရာမလို အိမ်ရှင်မတစ်ယောက်ဆို ပေမယ့်လည်းထမင်းဟင်းချက်စရာမလိုကလေးလေးတစ်ဦးရှိသည်ဆိုပါသော် လည်းကလေးထိန်းစရာမလို အိမ်မှာထိုကိစ္စများအားလုံးကိုလုပ်ကိုင်ဖို့ အဖော် အလှော်တွေကတစ်ပုံတစ်ပင် တွေ့ရမြင်ရသူတွေအားလုံးကအားကျစဖွယ်မနာ လိုချင်စဖွယ်ကောင်းလောက်အောင်ပြီးပြည့်စုံသည့် ဘာဆိုဘာမှလိုလေသေးမ ရှိသည့်ဘဝပိုင်ရှင်တစ်ဦး ...

ကြည့်စမ်းပါဘိ...သူ့ဘဝသည်အဘယ်မျှလောက် ပျော်ရွှင်ချမ်းမြေ့ဖို့ သာယာကြည်နူးဖို့ကောင်းလိုက်ပါသနည်း။ အလွန်ချမ်းသာကြွယ်ဝလှသောနှစ်ဖက်မိဘများ သူ့ကိုချစ်ခင်အလိုလိုက်သောလင်ယောက်ျား အလွန်ချစ်ခင်စဖွယ် လှပသောသားလေးတစ်ဦး ... ဘာများလိုပါသေးသနည်း။

ထိုမိန်းကလေးသူသူတစ်ယောက်က အိမ်သာထဲတွင် သူမ၏ကိစ္စဝိစ္စ တွေအားလုံးမှ ပြောင်ပြောင်စင်စင်ပြီးဆုံးခဲ့ရဲ့လားမသိ ဒရောသောပါးပြန်ပြေးဝင်

လာကာအခုနတုန်းကသူအိမ်သာသွားနေတုန်း သူ့ချစ်လင်ကိုမိုးတစ်ယောက်ဒေါက်တာငြိမ်းချမ်းထံ မည်သည့်ကိစ္စတွေများ သူမသိအောင်ပြောခဲ့သည်ကိုစပ်စုလေတော့သည်။

"ဆရာ..သူသူမရှိတုန်းကိုမိုးကြီးက ဘာတွေပြောနေ သလဲ သူသူ့ကိုလည်းပြောပြပါဦး" တဲ့။

ဒေါက်တာငြိမ်းချမ်းတစ်ယောက် ရယ်ရွှင်ပြုံးတုံ့မပြုံးတုံ့နှင့် သူသူနှင့်ကိုမိုးတို့နှစ်ဦးသားကို ငေးမောကြည့်နေမိလေ၏။ သူတို့နှစ်ဦး၏အနေအထားကို "ပေါက်ကွဲလုနီးနီးမီးတောင်ကြီးထက်မှာ" ဟူသောဥပမာလေးနှင့် သူခိုင်းနှိုင်း၍ပြောဆိုခဲ့သည်။ အများသူငါလူတကာ၏အမြင်မှာတော့ ဘာဆိုဘာမှပြဿနာမရှိပကတိစိမ်းလန်းစိုပြည်နေသည့်တောင်တန်းကြီးတစ်ခုပဲပေါ့။ ဒါပေမဲ့အထဲကလူတွေအလွယ်တကူမမြင်ရသည့်နေရာတွင်တော့ ချော်ရည်ပူတွေဆူပွက်နေချေပြီ။ ထိုချော်ရည်ပူတို့ကို ဒေါက်တာငြိမ်းချမ်းမြင်တွေ့နေရပါ၏။ သူဒီအတိုင်းကြည့်နေ၍ရပါမည်တဲ့လား။

"သူသူ...ဆရာပြောတာကိုသေချာနားထောင်နော် သမီးနဲ့ကိုမိုးတို့ရဲ့ပြဿနာကို ဆရာကောင်းကောင်းနားလည်သွားပြီ။ ဒီကိစ္စမှာသမီးသူသူက အခရာပဲသမီးရေ။ သမီးဘက်ကနေအသေအချာစဉ်းစားပြီးစိတ်ကလေးကိုပြောင်းလဲလိုက်ရုံနဲ့ကို အစစအရာရာအားလုံးအဆင်ပြေပြီး စိတ်ချမ်းချမ်းသာ သာပျော်ပျော်ရွှင်ရွှင်နဲ့ နေသွားနိုင်မှာအမှန်ပဲသမီးရေ" ဟူ၍ဒေါက်တာငြိမ်းချမ်းက စကားကိုစလိုက်လေသည်။ မှန်ပါသည် ယခုပြဿနာတစ်ခုလုံးကို သေသေချာချာသုံးသပ်လေ့လာကြည့်ပါဘိ လောကကြီးတွင်အရေးအကြီးဆုံး အလိုအပ်ဆုံးအရာကအဘယ်နည်း..စိန်တွေ ရွှေတွေ ငွေတွေ စသည့်စည်းစိမ်ဥစ္စာတို့လား၊ ဘွဲ့ထူးဂုဏ်ထူးအာဏာတွေလား၊ ဒါတွေအားလုံးပြည့်စုံရင် တန်ဖိုးအရှိဆုံးဘဝကိုပိုင်ဆိုင်ပြီတဲ့လား။

လူသားအများစုသည် လောကကြီး၌ပိုက်ဆံတွေငွေကြေးတွေရဖို့အရေးကြီးသည်ဟုယုံကြည်ကာပိုက်ဆံတွေနောက်သို့ ငမ်းငမ်းတက်လိုက်ကြလေ၏။ ထို့အတူပင်ရာထူးတွေဂုဏ်သိမ်တွေပြည့်စုံလျှင်ပြည့်စုံကုံလုံပြီဟုယူဆကာထိုအရာတွေနောက်သို့ ကောက်ကောက်ပါအောင် မမောနိုင်မပန်းနိုင်နင့်လိုက်ကြလေတော့သည်။

သို့သော်လူတွေမေ့လျော့နေကြသည့်အရေးကြီးသည်ဟုမထင်မှတ်ကြသည့် တကယ့်ကိုအခရာကျသည့် အရာတစ်ခုရှိပါသေးသည်။ ထိုအရာကားစိတ်ချမ်းသာခြင်းပင်တည်း။ လူကတော့ရာထူးတွေ ဂုဏ်သိမ်တွေနှင့် တိုက်တွေကားတွေ စည်းစိမ်ချမ်းသာတွေနှင့်ပြည့်စုံလှပါ၏။ သို့သော်စိတ်ချမ်းသာပျော်ရွှင်မြင်းကင်းမဲ့နေသည်ဆိုပါက ထိုသူတို့၏ဘဝသည် တကယ်တမ်းရောနေရကျိုးနပ်သည်ဟု အသင်ယုံကြည်ပါရဲ့လား။

စာဖတ်သူစဉ်းစားကြည့်ပါဘိ ဤလောကကမ္ဘာတွင် စိတ်ဆင်းရဲကြီးမှာနှင့် ဆက်လက်ပြီးအသက်မရှင်ချင်လိုတော့၍မိမိကိုယ်ကိုယ်အဆုံးစီရင်သွားကြသူတွေအများစုသည် စည်းစိမ်ဥစ္စာပြည့်စုံကုံလုံသောလူချမ်းသာများ၊ ရာထူးဂုဏ်သိမ်မြင့်မားသော နာမည်ကျော်ကြားသောလူတွေပဲမဟုတ်ပါလား။

ရွှေဘုံပေါ်တွင်စံနေပြီး စိတ်ဆင်းရဲစိတ်ညစ် စိတ်အားငယ်စိတ်ဓာတ်ကျနေပါလျှင် ထိုသူ၏ဘဝသည် တကယ်တမ်းတန်ဖိုးရှိရှိ နေရကျိုးနပ်ပါမည်တဲ့လား။ ယခုပဲသူသူတို့ ကိုမိုးတို့ဇနီးမောင်နှံကို ဥပမာကြည့်ကြပါဘိ။

အရာရာရွှေပေါ်မြတင်ပြီးပြည့်စုံလှသည့် ဘာဆိုဘာမှပြောစရာပင်မလိုအပ်သည့်ဘဝ။ သို့သော်သူတို့တကယ်တမ်း စိတ်ချမ်းသာပျော်ရွှင်ပါရဲ့လား။ သူတို့နှစ်ဦး၏အိမ်ထောင်ရေးဘဝကရော သာယာပျော်ရွှင်ပါရဲ့လား။ သူတို့တွေဘာတွေများလိုအပ်နေပါသနည်း။

သူ့အားမျက်လုံးပြူးလေးနှင့် မျက်မှောင်ကြုတ်ရင်း လှမ်းကြည့်နေရာမှသူသူက ဤသို့သောသံသယမေးခွန်းလေးကိုမေးလေ၏။

"ဟုတ်လို့လားဆရာရယ် ဒီကိစ္စမှာသမီးဘက်က ဘာတွေများမှားနေလို့လဲ ရှင်းရှင်းလေးပဲမဟုတ်လားဆရာ။ ကိုမိုးကြီးရဲ့ပြစ်ချက်ကြောင့် ဒီပြဿနာဖြစ်ရတာလေ သမီးကအိမ်မှာသားလေးတစ်ယောက်ရှိပြီးပြီမို့ နောက်ထပ်သမီးလေးတစ်ယောက်ကိုအရူးအမူးထပ်ပြီးလိုချင်တယ်။ ဒါပဲလေသမီးလိုချင်တဲ့သမီးလေးရအောင် စွမ်းဆောင်မပေးနိုင်တဲ့ကိုမိုးရဲ့အပြစ်ပဲမဟုတ်လား။ အဲဒါကိုဆရာကဒီကိစ္စမှာသမီးကအခရာပဲလို့ပြောတယ်နော်။ သမီးဘာမှားလို့လဲ ဆရာပြောတာကိုသမီးကတော့ နားသိပ်မရှင်းဘူးဆရာရယ်။ အဲဒါသမီးကိုသေသေချာချာ

ရှင်းပြပေးပါဦး"

"ကိုင်းစာဖတ်သူတို့ရေ ဤကိစ္စ ဤပြဿနာနှင့်ပတ်သက်၍ ဘယ်လိုများသဘောရကြပါသနည်း။ သူသူခံစားနေရရှာသော စိတ်ဒုက္ခများ စိတ်ဆင်းရဲသောကများ စိတ်ညစ်စိတ်ရှုပ်စိတ်တိုရခြင်းများကို အနလုံပဋိလုံပြန်လည်သုံးသပ်ကြည့်ပါဦး" စာချစ်သူတို့က မမေ့သေးလျှင်တော့ သူသူပြောပြရင်ဖွင့်ခဲ့သည့်စကားတွေကိုမှတ်မိပါလိမ့်မည်။

"ဆရာရယ် ..မိန်းမဖြစ်ရတဲ့ဒုက္ခကလည်း ဆိုးလိုက်တာနော် အဲဒီအချိန်ကိုရောက်မှာကိုကြောက်လိုက်တာ စိတ်ဆင်းရဲလိုက်တာလည်းလွန်ပါရော အဲဒီအချိန်ကိုရောက်တိုင်း စိတ်ထဲမှာလည်းတွေး တစ်ခါတလေဆိုရင်ပါးစပ်ကတောင်အသံထွက်ပြီး အဲဒီအတိုင်းထပ်ခါထပ်ခါ ရေရွတ်နေမိသေးတယ်။ သမီးတို့တွေခုလိုအဆင်မပြေဖြစ်နေတာ တော်တော်ကြာပြီ သူ့အနားကပ်လာတာနဲ့ စိတ်ထဲကအလိုလိုတိုလာရော" တဲ့။

ကိုင်းကြည့်စမ်းပါ...သူသူတို့ဇနီးမောင်နှံတွင် လင်နှင့်မယားချစ်တင်းနောကြခြင်းဟူသည့်အချစ်ကိစ္စနှင့်ပတ်သက်၍ ကြီးစွာသောပြဿနာကြီးတစ်ခုရှိနေလေ၏။ အစိကပြဿနာက သူသူ၏စိတ်ခံစားချက်ပင်တည်း။ ချစ်သူနှစ်ဦးချစ်ရည်လူးကြရသည့်အချစ်ကိစ္စသည် အများသူငါသတ်မှတ်သိနားလည်လက်ခံထားကြသည်က စိတ်ကြည်နူးဖွယ်ရာ ပျော်ရွှင်ချမ်းမြေ့ဖွယ်ရာ "သုခချမ်းသာ" သို့သော်ငြားလည်း ဤအချစ်ကိစ္စသည် သူသူဆိုသည့်ငတိမလေးအတွက်ကကြီးစွာသော "ဒုက္ခဆင်းရဲ" ကြီးဖြစ်နေချေပြီ။ အစိကကတော့ သူသူ့စိတ်ထဲတွင် "ချစ်ရမှာစာမလိပ်" သောရောဂါဆိုးကြီးတစ်ခုက အမြစ်တွယ်နေခြင်းပင်တည်း။ ကိုမိုးဆိုသည့် သူသူ၏ချစ်ရလွန်းလှပါသည်ဆိုသော သမီးရည်းစားသက်တမ်း (၇)နှစ်တိတိကြာတော့မှ နှစ်ဦးနှစ်ဖက်ရော မိဘဆွေမျိုးတွေအားလုံးသဘောတူညီမှုဖြင့် မင်္ဂလာဆောင်နှင်းခဲ့သော ချစ်သူလည်းဖြစ် လင်ယောကျ်ားလည်းဖြစ်သည့်သကောင့်သားလေး ညညကျ သူမ၏အနားကပ်လာသည်နှင့် စိတ်ထဲကအလိုလိုတိုလာပြီး စိတ်ဆင်းရဲလိုက်တာလည်းလွန်ပါရော မိန်းမဖြစ်ရတဲ့ဒုက္ခကလည်းဆိုးလိုက်တာဟူသည့် သူမ၏ရင်ထဲကစကားတွေကို ထပ်တလဲလဲအသံထွက်၍ရွတ်ဆိုနေပါရော။

ကိုမိုးဆိုသည့်ငတိလေးဘက်ကလည်း ကိုယ်ချင်းစာနာစွာ နားလည်စားကြည့်ပါဦး။ သူကရောမည်သို့ခံစားရလိမ့်မည်ဟု ထင်ပါသနည်း။

သူသူ့အကြီးကျယ်စိတ်ဆင်းရဲစိတ်ညစ်ရသည့် နောက်ထပ်ပြဿနာကြီးတစ်ခုရှိပါသေးသည်။ ထိုပြဿနာကလည်း ဤချစ်ကိစ္စနှင့်တိုက်ရိုက်ကြီးကိုပတ်သက်နေပြန်သည်။ ထိုပြဿနာကြီးကတော့ ယခုရှိနေသည့်သားသားလေးနှင့်အားမရသေးဘဲ သမီးလေးတစ်ယောက်ကို အပြင်းအထန်လိုချင်စိတ်ပြင်းပြလွန်းစွာနှင့် စားလည်းဒီစိတ် သွားလည်းဒီစိတ် ရူးမတတ်ဖြစ်ရလောက်အောင်စားနေရခြင်းပင်တည်း။

ပရိသတ်ပဲစဉ်းစားကြည့်ပါဦး...သူသူ့အဖြစ်က မီးစတစ်ဖက် ရေမှုတ်တစ်ဖက်ကိုင်စွဲထားသည်နှင့် တူမနေဘူးလား။ "ချစ်ရမှာစာမလိပ်" စိတ်မလာ၍လင်သားသူ့အနားကပ်လာသည်နှင့် စိတ်တိုစိတ်ရှုပ် စိတ်ညစ်စိတ်ဒုက္ခအကြီးအကျယ်ရောက်နေရသည့် သူသူဆိုသည့်ဇနီးချောကလေးက ကလေးလေးတစ်ယောက်ကိုတော့ တစ်ချိန်တည်းမှာပဲ အပြင်းအထန်လိုချင်နေသည်တဲ့။ ထိုကလေးလေးက ဟိုးမိုးနတ်မင်းကြီးသူ့အလိုလို ဖန်ဆင်းမန်းမှုတ်ပေးလိုက်ရုံမျှနှင့်သူ့အလိုလိုအပ်ချလောင်းဆိုပြီး ရောက်လာသည်မှမဟုတ်ပေပဲ။ ကလေးရရှိဖို့ဆိုသည်က သူမကြိုက်သောအလုပ်ကိုလုပ်ကိုလုပ်မှရနိုင်မည်ဆိုသည်ကို ဆရာ့နံမလေးသူသူအသိဆုံး။ ထို့ကြောင့်လည်း လတစ်လတွင် ကိုယ်ဝန်ရရှိနိုင်မည့်သားဥကြွေကျသည့်ရက်ကို အတိအကျတွက်ချက်ကာ ကိုမိုးကြီးအားထိုနေ့တွင်တော့ပြဇနေကျမီးနီမှမီးစိမ်းသို့ပြောင်းပြလိုက်ပြီး အတင်းအဓမ္မနှင့်ချစ်ခိုင်းခြင်းအလုပ်ကိုလုပ်လေတော့၏။

အဲဒီမှာပဲကိုမိုးတစ်ယောက် အကြီးအကျယ်ကိုဒုက္ခရောက်လေတော့သည်။ သူသူ၏စွပ်စွဲချက်ကလည်းပြင်းထန်လွန်းလှပါဘိ။ နားထောင်ကြည့်ပါဦး "ဆရာညီပေါ့ သူ့ကြောင့်ကလေးမရနိုင်တာ သူတာဝန်မကျေလို့ ကလေးရမယ့်ရက်ဆိုရင် သူကဘာဖြစ်နေမှန်းကိုမသိဘူး၊ အင်းမလှုပ်အဲမလှုပ်နဲ့ ယောကျ်ားမဟုတ်တဲ့အတိုင်းပဲ" ဟူသတည်း။ ယောကျ်ားတစ်ယောက်ကို မင်းယောကျ်ားမဟုတ်ဘူးလားဟု ခနဲ့တဲ့တဲ့ရွဲ့တဲ့တဲ့ပြောသည့်စကားလောက် သိက္ခာကျစေသောအရှက်ရစေသော မင်းမိန်းမလျှာလားဟု ယောကျ်ားတစ်ယောက်၏မာနကို ခဝါ

ချပစ်လိုက်သော ရက်စက်ပြင်းထန်လွန်းသည့်စကား ရှိပါဦးမည်တဲ့လား။

အဲသည်မှာပဲကိုမိုးတစ်ယောက်အကြီးအကျယ်ပေါက်ကွဲတော့တာပဲ ဖြစ်ပါသည်။ "ဟေ့သူသူ…မင်းကကိုယ့်ကို ကလေးလုပ်တဲ့စက်ရုပ်လို့ သဘော ထားတာကိုးကွ၊ ကိုယ်ကကလေးလုပ်တဲ့စက်ရုပ်မဟုတ်ဘူး။ နှလုံးသားပါတဲ့လူ သားကွ" ဟူသောရဲရဲတောက်စကားကိုပြင်းထန်မာကျောစွာနှင့် ပြောခဲ့သည်ကို ပရိသတ်ကြီးမှတ်မိပါလိမ့်မည်။


ကိုင်းစာဖတ်ပရိသတ်ကြီးရေ..ဤကိစ္စတွင်ဤချစ်ပြဿနာကြီးတွင် ဤပေါက်ကွဲလုနီးနီးမီးတောင်ကြီးထဲက ချော်ရည်ပူများသည်ကိုမိုး၏ယောကျ်ား မပီသမှုကြောင့်လား သူသူ့ကြောင့်လား တရားခံကဘယ်သူနည်း။ ဤပြဿနာ ကိုမည်သို့မည်ပုံ ဖြေရှင်းရမည်နည်း…ဝိုင်းဝန်းစဉ်းစားပေးကြပါဦး။

"ဆရာပြောလေ ဘာငိုင်နေတာလဲ ဒီကိစ္စရဲ့တရားခံဟာ ကိုမိုးကြီးပဲမ ဟုတ်လားဟုတ်တယ်မို့လားဆရာ" ဟူသောသူသူ၏စောင့်နေရသည်ကိုမကျေ မနပ်ခပ်ဆတ်ဆတ်ကလေးပြောလိုက်သည့်စကားကြောင့် ဒေါက်တာငြိမ်းချမ်း တစ်ယောက် အတွေးကမ္ဘာကလေးထဲက ရုတ်တရက်လူ့ပ်နိုးခံလိုက်ရသလိုဖြစ် သွားတော့လေသတည်း။

●●●

# ၄

# ဂျာရင်းဝဲလယ် ရှင်မော်စေတီ လက်တစ်ကမ်းက ထိုအရာ




# ရှာရင်းဝဲလယ်ရင်မောစေတဲ့လက်တစ်ကမ်းကထိုအရာ

မီးတောင်ကြီးကပေါက်ကွဲတော့မည်..အပြင်ကနေရုတ်တရက်လှမ်းကြည့်လိုက်လျှင်တော့ ဘာဆိုဘာမှမဖြစ်သယောင်ယောင် သို့သော်အတွင်းပိုင်းကိုသေသေချာချာကြည့်လျှင်တော့မကြာမီပေါက်ကွဲတော့မည့်အရိပ်အယောင်တွေကိုထင်ထင်ရှားရှားတွေ့မြင်နေရချေပြီ။ ကိုင်းအဲဒီမီးတောင်အဝနားမှာနေကြတဲ့သူတွေက ဘာလုပ်လျှင်ကောင်းမည်နည်း ... စဉ်းစားကြည့်ပါဘိ။

ကိုင်းမီးတောင်ဆိုသည်ကနည်းနည်းအလှမ်းဝေးပါသေးသည်။ အိမ်တစ်အိမ်ထဲတွင်မီးစတင်၍လောင်နေသည်ကိုရုတ်တရက်တွေ့လိုက်ရသည်ဆိုပါတော့...ပထမဆုံးဘာလုပ်ရမည်ထင်ပါသနည်း။ ထိုအိမ်ထဲတွင် ဇနီးမောင်နှံနှစ်ယောက်နေသည်။ မီးလောင်နေသည်ကိုတွေ့လိုက်ရသည်နှင့် ဒီမီးလောင်ရတာမောင့်ကြောင့် ခင့်ကြောင့်နှင့်တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန်အပြစ်ရှာအပြစ်တင် အပြစ်ဖို့နေခြင်းသည် အကောင်းဆုံးနည်းလမ်းဖြစ်ပါသည်ဟု စာဖတ်သူကထင်မြင်ယူဆပါသလား။ တကယ်တမ်းကျတော့ထိုသို့တစ်ဦးအပေါ်တစ်ဦးအပြစ်ဖို့မနေဘဲ ထိုမီးကိုဒီထက်ဒီထက်ကြီးမားပျံ့နှံ့မလာအောင် ညီညာဖျဖျအမြန်ဆုံးငြိမ်းသတ်ဖို့ကသာ အရေးကြီးလှသည်မဟုတ်ပါလား။ လောင်နေသောမီးကိုအပြစ်ရှိသူကငြိမ်းပေါ့ အပြစ်မရှိသူကသူနှင့်မဆိုင်ဟုပြောကာ ဘေးမှာထိုင်နေလျှင်ကော အဆင်ပြေပါ့မည်တဲ့လား။

ယခုလည်းကြည့်...ကိုမိုးနှင့်သူသူတို့၏ သီရိဂေဟာလေးထဲ မီးပွားကလေးတွေ စတင်စွဲလောင်နေချေပြီ။ ကိုမိုးကလည်း ဒါသူသူ့ကြောင့်ဟုပြောသည်။ သူသူကလည်း ဒီပြဿနာရဲ့တရားခံဟာ ကိုမိုးပဲဟုစွပ်စွဲသည်။

ခုပဲကြည့်လေ..."ဆရာဒီကိစ္စရဲ့တရားခံဟာ ကိုမိုးကြီးပဲမဟုတ်လားဟုတ်တယ်မို့လားဆရာ" ဟူသောမကျေမနပ်ခပ်ဆတ်ဆတ်လေးပြောနေသောစွာတေးလံမလေးသူသူအား ဒေါက်တာငြိမ်းချမ်း စူးစူးစိုက်စိုက်လေးကြည့်ပြီး စကားကိုဤသို့ "စ" လိုက်လေတော့၏။

"ကိုင်း သူသူ့ကိုဆရာမေးမယ်...သေသေချာချာစဉ်းစားပြီးရင်ထဲမှာရှိတဲ့အတိုင်း အမှန်အတိုင်းဖြေနော်၊ အခုသူသူ့မှာ သားလေးတစ်ယောက်ရှိပြီးပြီ။ အခုသူသူက နောက်ထပ်သမီးလေးတစ်ယောက်ကို အသည်းအသန်လိုချင်စိတ်တွေပြင်းပြနေတယ်။ ဒီသမီးလေးသာရရင်သမီးသူသူ အရမ်းအရမ်းကိုဝမ်းသာပျော်ရွှင်မှာပဲ သိပ်ကိုစိတ်ချမ်းသာမှာပဲ..ဟုတ်လားသမီး" ဟူသောအမေးကို

"ဟာ သိပ်ကိုဟုတ်လိုက်တာပေါ့ဆရာရယ်။ ဟုတ်ဟုတ်ဟုတ်ဟုတ်နဲ့တောင်မြည်နေသေးတယ်။ စိတ်ချမ်းသာချင်လို့ပျော်ရွှင်ချင်လို့ဒီလိုနောက်ထပ်ကလေးလေးတစ်ယောက်ကိုလိုချင်တာ" ဟုအားတက်သရောနှင့်အမြန်ဆုံးသွက်သွက်လက်လက်ကြီးဖြေလေ၏။

"ဟုတ်ပြီ ဟုတ်ပြီဆရာတကယ်သိချင်တာက အဲဒီအချက်ပဲ...သမီးတကယ်လိုချင်တာက စိတ်ချမ်းသာချင်လို့ ပျော်ရွှင်ချင်လို့ ဟုတ်တယ်နော်၊ ဒီကလေးလေးနောက်တစ်ယောက်ထပ်လိုချင်တာကလည်းဒီကလေးလေးရလာရင်စိတ်ချမ်းသာချင်လို့ ပျော်ရွှင်ချင်လို့ပဲအဓိပ္ပာယ်ပေါက်တယ် ဟုတ်သလားသမီး"

ဤမေးခွန်းတွင်တော့ သူသူကတစ်ချက်လေးငိုင်တွေကာစဉ်းစားပြီးမှ "ဟုတ်ပါတယ်ဆရာ သူသူသေချာစဉ်းစားကြည့်လိုက်တော့အဓိကကတော့စိတ်ချမ်းသာချင်တာပျော်ရွှင်ချင်တာလို့ပဲ အဖြေကထွက်လာတယ်ဟုတ်ပါတယ်ဆရာ သူသူလေပျော်ပျော်ပဲနေချင်ပါတယ်" ဟုတွေးတွေးဆဆလေးဖြေလေ၏။

"ဟုတ်ပြီသမီးရေ...သမီးကိုသိစေချင်တာစဉ်းစားစေချင်တာလည်းအဲဒီအချက်ပါပဲ သမီးတကယ်လိုချင်တာဟာ ဘာလဲဆိုတာကိုသေချာသိရမယ်။ အဲသလိုသေသေချာချာနားလည်သဘောပေါက်ပြီးအဲဒီတကယ်တမ်းလိုချင်တာ

ကိုရအောင်ရှာတတ်ဖို့က အရေးအကြီးဆုံးဘဝနေနည်းပဲ ဖြစ်တယ်သမီးရေ။ နို့မဟုတ်ရင်တကယ့်ကိုယ်လိုချင်တာကိုဘာမှန်းသေချာမသိဘဲလိုက်ရှာနေတော့ရှာရင်းရှာရင်းမောပြီးကိုယ်တကယ်လိုချင်တဲ့အရာဟာ မိမိနဲ့အနီးဆုံးလက်တစ်ကမ်းမှာရှိလျက်သားနဲ့ ရှာမတွေ့တော့ဘဲဝဲလယ်ဝဲလယ်နဲ့ စိတ်ဆင်းရဲကြရတာဖြစ်တယ်။ ကိုင်း...အခုသမီးသေသေချာချာကြီး စဉ်းစားကြည့်လိုက်တော့ သမီးဘဝမှာစိတ်ချမ်းသာဖို့ ပျော်ရွှင်ဖို့က အဓိကသမီးလိုချင်တဲ့အရာပဲလို့ အဓိပ္ပာယ်ထွက်တယ်နော် ဆရာပြောတာဟုတ်လား"

"ဟုတ်တယ်ဆရာ..သူသူ့ဘဝမှာ တကယ်တမ်းကျတော့ အဓိကက စိတ်ချမ်းချမ်းသာသာ ပျော်ပျော်ရွှင်ရွှင်နဲ့ ကိုယ့်မိသားစုလေး ချစ်ချစ်ခင်ခင်အတူနေချင်တာပါ"

"ဒါပေါ့သမီးရာ သမီးဒီလိုမိမိရဲ့ဘဝမှာ ဘယ်ဟာကအရေးအကြီးဆုံးလဲဆိုတာ သေသေချာချာကြီးသိသွားပြီဆိုတာကို ဆရာသိပ်ဝမ်းသာတယ်"

"သမီးတော့မသိဘူး ဆရာတို့ဆိုရင်လည်း သေသေချာချာနဲ့စဉ်းစားဆင်ခြင်ကြည့်လိုက်တော့..လူတိုင်းလူတိုင်းဟာ စိတ်ချမ်းသာချင်လား ပျော်ရွှင်ချင်လားလို့မေးလိုက်ရင် အားလုံးစိတ်ချမ်းသာချင်တယ် ပျော်ရွှင်ချင်တယ်ဆိုပြီး ဖြေကြမှာအမှန်ပဲ၊ စိတ်ဆင်းရဲချင်တယ် မပျော်ချင်ဘူးလို့ပြောတဲ့သူတော့တစ်ယောက်မှရှိမှာမဟုတ်ပါဘူး။ ဒီပြင်လူတွေတော့မသိဘူး ဆရာ့ဘဝဆရာပြန်ပြီးတွေးတောဆင်ခြင်ကြည့်လိုက်တော့ပျော်ချင်တယ်စိတ်ချမ်းသာချင်တယ်လို့သာပါးစပ်ကပြောနေပေမယ့် တကယ်တမ်းပျော်ရွှင်ခဲ့ရတာ စိတ်ချမ်းသာရတဲ့အချိန်တွေနဲ့ တစ်ခုခုကိုလိုချင်စိတ်တွေဖိစီးပြီး အဲဒီလိုချင်တဲ့အရာကိုမရမှာ ရပြီးသားအရာတစ်ခုကို လက်လွတ်ဆုံးရှုံးသွားမှာကို တွေးတောပူပန်ပြီး စိတ်ဆင်းရဲခဲ့ရတဲ့အချိန်တွေကို ဟိုဘက်ဒီဘက်ယှဉ်ကြည့်လိုက်ရင် စိတ်ဆင်းရဲခဲ့ရတဲ့အချိန်တွေကအံ့ဩစရာကောင်းလောက်အောင်ကို ပိုပြီးများခဲ့တာပဲ။ ပျော်ရွှင်စိတ်ချမ်းသာရတဲ့အချိန်ကာလကလေးတွေဟာ တိုတိုလေးရယ်။ စဉ်းစားကြည့်လိုက်ရင်တစ်စုံတစ်ခုကိုလိုချင်တယ် ရရင်သိပ်ပျော်မှာပဲလို့ထင်ပြီး အကြီးအကျယ်ဘဝတစ်ခုလုံးကိုပုံပြီးကြိုးစားခဲ့ရတယ်။ ရလာခဲ့ရင်သိပ်ကိုစိတ်ချမ်းသာမှာပဲလို့ ယုံကြည်မျှော်လင့်ထားခဲ့တယ်။ ဒါပေမဲ့တကယ်တမ်းရလာခဲ့ပြန်တော့လည်း အဲဒီ

လိုထင်သလောက်ကြီးမပျော်ရစိတ်မချမ်းသာရပါဘူး။ ပျော်မယ်ဆိုရင်လည်းအဲဒီအချိန်ကလေးဟာတစ်ခဏလေးရယ်။ တကယ်တမ်းစဉ်းစားကြည့်လိုက်ရင်ပျော်ရမယ်လို့တောင်မကြံသေးဘူး ပျော်လို့မှအားမရသေးဘူး အဲဒီရလာတဲ့အရာကိုကိုယ့်လက်ထဲကနေပြီး လက်လွှတ်ဆုံးရှုံးသွားမှာကို ပူပန်သောကရောက်ရတဲ့အချိန်တွေဟာ သူ့အလိုလိုနဲ့ရောက်လာပြန်တယ်။ ကိုင်းစဉ်းစားကြည့်စမ်းအဲသလိုတွေဖြစ်နေတာဟာ တစ်ခါလည်းမဟုတ် နှစ်ခါလည်းမဟုတ် အမြဲတမ်းလိုလိုကြီးဖြစ်နေခဲ့တာ။ ဟိုတစ်နေ့ကပဲကြည့်လေ ဆရာ့သူငယ်ချင်းဆရာဝန်မကြီးတစ်ယောက်နဲ့ပြန်တွေ့တယ်။ လွန်ခဲ့တဲ့သုံးနှစ်လောက်တုန်းက သူနဲ့မြို့တစ်မြို့မှာဆုံစည်းခဲ့ရတယ်။ သူ့ကိုကြည့်လိုက်တော့ စိတ်ဆင်းရဲကြီးစွာနဲ့ အဲဒီမြို့မှာမပျော်မရွှင်အလုပ်လုပ်နေတာတွေ့ခဲ့ရတယ်။ မပျော်ဘူးတဲ့ စိတ်ညစ်လိုက်တာတဲ့ မြို့တော်ရန်ကုန်ကိုပြန်ချင်လိုက်တာတဲ့ မြို့တော်ကိုပြန်ရောက်ရင်သိပ်ပျော်မှာတဲ့...ဆရာလည်းသူ့စကားကိုမှတ်မှတ်သားသားဖြစ်မိတယ်။ ဟုတ်ပါရဲ့နော်သူ့ခမျာအဲဒီမြို့မှာနေပြီး အလုပ်သာလုပ်နေရတာ စိတ်မချမ်းသာ မပျော်ရွှင်ရရှာဘူး။ မြို့တော်ရန်ကုန်ကိုပြန်ရောက်ချင်နေလိုက်တာ မြို့တော်ကိုရောက်ရင်သိပ်ပျော်မှာပဲဆိုတဲ့ သူ့ရဲ့စိတ်ကူးယဉ်အိပ်မက်မျှော်လင့်ချက်ကလေးကို လှမ်းမြင်နိုင်ပါတယ်။ အဲဒီသူငယ်ချင်းကိုဟိုတစ်နေ့ကပဲ ရန်ကုန်မှာပြန်တွေ့လိုက်ရပါတယ်။ ဆရာကလည်းသူ့ကိုမြင်လိုက်ရတာနဲ့ ချက်ချင်းကိုပဲ သူပြောခဲ့တဲ့စကားလေးနဲ့သူ့ရဲ့မျှော်လင့်ချက်အိပ်မက်လေးကို သတိရလိုက်တယ်။ အဲဒါနဲ့သူ့ကိုမေးလိုက်မိတယ်။ "သူငယ်ချင်းရေ...မင်းအရင်ကစိတ်ကူးယဉ်မျှော်လင့်ခဲ့တဲ့အတိုင်းမြို့တော်ရန်ကုန်ကိုတကယ်ပြန်ရောက်လာပြီနော်။ ဘယ်လိုလဲ အခုတော့စိတ်ချမ်းသာပျော်ရွှင်နေပြီလား" လို့ပေါ့။ အဲဒီစကားကိုလည်းကြားရော သူ့မျက်နှာကြီးရှုံ့မဲ့သွားပြီး "ဘယ်ကလာစိတ်ချမ်းသာပျော်ရွှင်ရမှာလဲကွာ၊ ငါတို့ရဲ့အစိုးရဝန်ထမ်းဘဝဆိုတာမင်းလည်းသိတဲ့အတိုင်းပဲနေရာကောင်းလေးရောက်လာပြီဆိုတာနဲ့ဒီနေရာလေးကဘယ်တော့ပြန်ပြောင်းရမလဲ၊ ဒီနေရာလေးမှာကြာကြာမှနေရပါ့မလား၊ ဘယ်လိုနေရာမျိုးကြီးကိုပြောင်းရမလဲ၊ အဲဒီနေရာမှာရော ဘယ်လိုဒုက္ခတွေတွေ့ဦးမလဲမသိဘူး စသဖြင့်တွေးတွေးပြီး ပူပန်နေရတော့တာပါပဲ...စိတ်မချမ်းသာပါဘူး" တဲ့။ ကိုင်းဘယ့်နှယ်လဲသမီးသူသူ..ဒီသူငယ်ချင်းဆရာဝန်မကြီးရဲ့အဖြစ်ကလေးကိုဥပမာထားပြီးကြည့်စမ်းပါ။ ဆရာတို့တွေအားလုံးဟာလည်းအခုသူပြောခဲ့တဲ့ ဖြစ်ခဲ့တဲ့ပုံစံအတိုင်း ဖြစ်နေကြတာပဲလို့ထင်တယ်"

ဒေါက်တာငြိမ်းချမ်းသည်သူ့စကားစကိုတစ်ခဏမျှရပ်လိုက်ပြီးသူသူနှင့်ကိုမိုးတို့၏အခြေအနေကိုတော့ တစ်ချက်လေးအကဲခတ်နေမိလေ၏။ သူသူတစ်ယောက်သူ့စကားကို ကောင်းကောင်းလေးဂရုတစိုက်နားထောင်ပြီး လက်ခံနားလည်ပုံရပါသည်။ ခေါင်းလေးမသိမသာညိတ်၍မျက်မှောင်လေးကုတ်ထားသည်ကိုတွေ့ရလေသည်။ သူသူကတိုးတိုးလေးနှင့် ဖြည်းဖြည်းလေးစကားတစ်ခွန်းကိုပြောလေ၏။

"ဟုတ်တယ်နော်ဆရာ...ဆရာပြောလိုက်မှပဲ သမီးသတိနည်းနည်းထားမိသွားတော့တယ်။ သမီးကိုယ်တိုင်တကယ်လိုချင်တာကစိတ်ချမ်းချမ်းသာသာနဲ့ ပျော်ပျော်ရွှင်ရွှင်နေဖို့၊ ဒါပေမဲ့သေချာပြန်စဉ်းစားကြည့်လိုက်တော့ ဘဝရဲ့အချိန်တိုင်းအချိန်တိုင်းမှာ မရသေးတဲ့တစ်ခုခုကိုအသည်းအသန်လိုချင်နေတာကြောင့် စိတ်ပူပန်ဆင်းရဲရတာ ရပြီးသားတစ်ခုခုကို လက်လွှတ်ဆုံးရှုံးသွားမှာကိုစိုးရိမ်ပြီးပူပန်သောကရောက်ရတာတွေကပိုပြီးများနေတော့တာပါပဲ။ ဆရာပြောတာဟုတ်တယ်"

ဟုတ်ပါရဲ့...ဒေါက်တာငြိမ်းချမ်းလည်း သူသူတို့ဇနီးမောင်နှံနှင့်တွေ့ဆုံကာ သူတို့လေးတွေ၏ပြဿနာတွေစိတ်ဆင်းရဲသောကတွေကိုမျက်ဝါးထင်ထင်မြင်တွေ့လိုက်ရတော့မှ လူ့ဘဝ၏ထူးခြားဆန်းကျယ်လှသော လူသားတို့၏နားလည်ဖို့ယုံကြည်ဖို့ခက်ခဲသော သဘာဝတရားလေးတွေကိုစဉ်းစားဆင်ခြင်မိပါတော့သည်။

ချက်ချင်းပင် သူ့အတွေးအိမ်လေးထဲသို့ သူတစ်ခါကဖတ်ခဲ့ရဖူးသော "ရာနှုန်းပြည့်ဘဝနေနည်းအမှန်တရား" Small Truth To Make Life 100% ဆိုသည့်စာလေးတစ်ပိုဒ်ကတော့ ချင်းနင်းဝင်ရောက်လာခဲ့လေသည်။ ဘဝတွင် အကောင်းဆုံး အကျိုးရှိဆုံး အဖိုးတန်ဆုံး အပျော်ရွှင်ဆုံး စိတ်အချမ်းသာဆုံးနေနိုင်ဖို့ အရေးအကြီးဆုံးသောအရာသည်အဘယ်နည်း။

ထူးခြားဆန်းကြယ်လှစွာ ထိုအမှန်တရားကိုအင်္ဂလိပ်စာလုံးကိုဂဏန်းလေးများအသွင်သဏ္ဌာန်အဖြစ်ပြောင်းလဲ၍ ပပဟောဋ္ဌိအဖြေညှိကြသောပုစ္ဆာ

လေးတစ်ပုဒ်ပဲဖြစ်ပါသည်။ ပထမဆုံး "လုံ့လဝီရိယကြီးကြီးနှင့် ကြိုးစားပမ်းစား အလုပ်လုပ်ခြင်း" သည်ဘဝနေနည်းအမှန်တရားလား။ အင်္ဂလိပ်စာလုံး Aကို(၁) Bသည်(၂) Cသည်(၃) Dသည်(၄) စသဖြင့်အစဉ်အတိုင်းသတ်မှတ်ကာ အဖြေကိုရှာကြည့်၏။ Hard Work သည်ဘဝတွင်မည်မျှအရေးပါသနည်း။ H=8, A=1, R=18, D=4, W=23, O=15, R=18, K=11 အားလုံးပေါင်းလိုက်လျှင် 98% ဟူသောအဖြေရပါ၏။ လူမှန်လျှင်အလုပ်လုပ်ရ၏၊ သူ့အလုပ်ကိုကြည့်၍ထိုသူမည်သူနည်းဟုသတ်မှတ်ကြခြင်းဆိုတော့ အလုပ်သည်ရာနှုန်းပြည့်အမှန်တရားဟု ထင်မှတ်ချင်စဖွယ်၊ သို့သော်အဖြေမှန်မဟုတ်သေး 98% ဟူသောများပြားသည့် ဂုဏ်ထူးမှတ်ကိုတော့ရပါ၏။ သို့သော်ရာနှုန်းပြည့်မဟုတ်သေး...

ဒါဆိုလျှင်လူတိုင်း ငမ်းငမ်းတက်လိုချင်မက်မောလှသည့်ပိုက်ဆံဆိုသည့်ငတိက ဘဝမှာအအောင်မြင်ဆုံးဖြစ်ဖို့ အဘယ်မျှအရေးပါသနည်း။ ကြည့်ကြစို့..."MONEY" M=13, O=15, N=14, E=5, Y=25 စုစုပေါင်းလိုက်တော့72% ရ၏။ အံ့သြစရာမကောင်းပေဘူးလား အရပ်ကတို့ရေ...ဘဝမှာအရေးအပါဆုံးဟုထင်မှတ်ရပါသော ပိုက်ဆံဆိုသည့် ငွေ ငွေ ငွေ ...စည်းစိမ်ဥစ္စာတို့သည် 72% မျှသာအရေးပါသည်တဲ့။ ဒါဆိုလျှင်တော့မည်သည်ကရာနှုန်းပြည့်အရေးပါပါသနည်း...စဉ်းစားကြည့်ပါဘိ။

●●●

၁၀

# အဝေးဆုံးမှာ ရှာမတွေ့ အနီးဆုံးက ထိုအရာ






# အဝေးဆုံးမှာရှာမတွေ့တဲ့ အနီးဆုံးကထိုအရာ

ဘဝ "နေနည်း" ဆိုတာရှိပါသလား၊ ရှိသည်ဆိုပါလျှင် "ဘဝမှာနေဖို့" အလိုအပ်ဆုံးသောအရာသည် အဘယ်နည်း...အောင်မြင်သောဘဝကိုတည်ဆောက်နိုင်ဖို့မည်သည့်အရာက မရှိမဖြစ်လိုအပ်ပါသနည်း။ ပိုက်ဆံတွေ၊ တိုက်တွေ၊ ကားတွေ၊ စည်းစိမ်ချမ်းသာတွေလား၊ ဒါမှမဟုတ် နာမည်နောက်မှာတပ်ရှိရသောဘွဲ့ထူးဂုဏ်ထူးတွေလား...ဒါတွေသည် အောင်မြင်သောဘဝတစ်ခုတည်ဆောက်ဖို့ အလိုအပ်ဆုံးသောအရာတွေဆိုလျှင် သူ့တပည့်မလေးဒေါက်တာသူသူတစ်ယောက် ဘာကြောင့်များယခုကဲ့သို့ စိတ်လက်မပျော်မရွှင်နှင့် သူ့ဘဝကြီးကိုသူ မကျေမနပ်ဒေါသတွေထွက်သောကတွေပင်လယ်ဝေနေရပါသနည်း။ သူ့မှာတကယ်တမ်း သေချာစဉ်းစားတွက်ချက်ကြည့်တော့ ဘာဆိုဘာမှလိုလေသေးမရှိ၊ ပြီးပြည့်စုံသည့်ဘဝတစ်ခုဟူ၍ သေချာပေါက်ပြောနိုင်သည့်အနေအထားမဟုတ်ပါလား။

"ရလေလိုလေ အိုတဏှာ" ဆိုသည့်စကားကြားဖူးပါစ။ လူသားတို့၏ပင်ကိုသဘာဝက ထိုစကားအတိုင်းပင်ဖြစ်ပါသည်။ တစ်ခုရပြီးလျှင်တော်ပြီ၊ လုံလောက်ပြီဟူ၍မရှိ နောက်တစ်ခုကိုထပ်၍လိုချင်ပြန်သည်။ တစ်ခုပြီးတစ်ခုရလာလိုက် နောက်တစ်ခုနောက်လိုက်လိုက်နှင့်ပဲ အဆုံးမရှိသည့် "အလိုဆန္ဒ" ပင်လယ်ကြီးထဲ တဝဲလည်လည်ကူးခတ်နေကြခြင်းသည် လူ့ဘဝပဲဖြစ်ပါလိမ့်

မည်။ "လူ့အလိုကိုနတ်မလိုက်နိုင်" ဆိုသည့်စကားလေးက အထင်အရှားမဟုတ်ပါလား။

ယခုလည်းကြည့်လေ...ဘဝနေနည်း၏ ရာနှုန်းပြည့်အမှန်တရားက အဘယ်နည်းဆိုသည်ကို အင်္ဂလိပ်စာလုံးလေးများနှင့် ပဟေဠိအဖြေသို့ကြည့်ရသည်က စိတ်ဝင်စားစရာကောင်းပါ၏။ လောကမှာလူအများစုက အောင်မြင်ဖို့ အရေးကြီးဆုံးဟု တညီတညွတ်တည်း သတ်မှတ်ထားသည့်အရာတစ်ခုရှိပါ၏။ အဲသည်အရာကတော့ တခြားဟုတ်ပါရိုးလား...ကုသိုလ်ကံကောင်းဖို့ပဲဖြစ်ပါသည်။ လူသားတို့အတွက် ကံသာလျှင်အမိ ကံသာလျှင်အဖ၊ ကံစီမံရာနာခံရမြဲ ကံသာလျှင်ကိုးကွယ်အားထားရာဟူသည့် စကားတွေကလည်းအထင်အရှား မဟုတ်ပါလား။

ထို့ကြောင့်လည်း...ဤပဟေဠိလေးအား ဒေါက်တာငြိမ်းချမ်းတစ်ယောက် ကိုမိုးနှင့်သူသူတို့အားပြောပြလိုက်တော့ သူတို့နှစ်ဦးကလည်းစိတ်ဝင်စားစွာပင် ကုသိုလ်ကံကောင်းခြင်းဆိုသည့်ပဟေဠိလေးအား ဤသို့ချရေးပြီးအဖြေရှာကြည့်လေ၏။

ကိုမိုးကဤသို့ပြော၏။ "ဆရာရေ ဒီမှာလေ "GOOD LUCK" (G=7, O=15, O=15, D=4, L=12, U=21, C=3, K=11) 41+47=88% ရတယ်နော်"

"ဟင်...ဒီလောက်တောင်အရေးအကြီးဆုံးလို့ထင်ထားတဲ့ကုသိုလ်ကံကောင်းခြင်းကလည်း ရာနှုန်းပြည့်အမှန်တရားလည်း မဟုတ်ပါလားဆရာ၊ ဒါဆိုဘာများဖြစ်မလဲ" ဟုသူသူက မျက်မှောင်ကလေးကြုတ်ပြီးပြော၏။

"ပိုက်ဆံလည်းမဟုတ်ဘူး လုံ့လဝီရိယကြီးတာလည်းမဟုတ်ဘူးအခုကုသိုလ်ကံလည်းမဟုတ်ဘူးဆိုတော့" ကိုမိုးကလည်းတစ်ခဏလေးမျှငြိမ်ပြီးစဉ်းစားရင်းက ဤသို့ထ၍အော်လေ၏။ "ဟုတ်ပြီ ဟုတ်ပြီဆရာ ကျွန်တော်စဉ်းစားမိပြီ "တန်ခိုးအာဏာ" ဆိုရင်ကော ကမ္ဘာပေါ်မှာအာဏာပါဝါကြီးကြီးရရင် လူသားအားလုံးကိုစိုးမိုးအနိုင်ယူနိုင်တယ်မဟုတ်လား။ "ပါဝါ" ဆရာရေ ပါဝါကိုတွက်ကြည့်ပါဦး။ Pက16၊ Oက15၊ Wက23၊ Eက5၊ Rက18 အားလုံးပေါင်းလိုက်ရင် 77% ရတယ်ဆရာရေ" ဟုကိုမိုးကပြောလေ၏။

ထိုစဉ်မှာပင်သူသူက "ဆရာရေ တန်ခိုးပါဝါလည်းမဟုတ်ဘူးဆိုရင် အသိပညာဗဟုသုတတွေဆိုရင်ရောဆရာ "KNOWLEDGE" လေ...ကိုမိုးရေ တွက်ကြည့်ပါဦး။

"ဖြစ်နိုင်တယ်ဆရာ..လောကမှာပညာဗဟုသုတပြည့်စုံဖို့ အရေးအကြီးဆုံးဖြစ်နိုင်တယ်။ အခုခေတ်ကြီးကိုက ပညာခေတ်ကြီးမဟုတ်ပါလား။ ကိုင်းတွက်မယ်ဆရာရေ K=11, N=14, O=15, W=23, L=12, E=5, D=4, G=7, E=5 ဟာ နည်းနည်းပဲကပ်ပြီးလွဲသွားတယ်ဆရာရေ 96% ပဲရတယ်"

ကိုမိုးနှင့်သူသူနှစ်ဦးစလုံး တစ်ဦးကိုတစ်ဦးကြည့်ရင်းကိုမိုးက "ဆရာရေသိပြီ လောကမှာချစ်ခြင်းမေတ္တာက အရေးအကြီးဆုံးမဟုတ်ဘူးလား။ တွက်ကြည့်ကြရအောင်နော်"

"အေးပါတွက်ကြည့်ကြတာပေါ့ "LOVE" ဆိုတော့ L=12, O=15, V=22, E=5 ဆိုတော့ 54% ပဲရပါလား...အံ့သြစရာကြီးပါလား"

ဒေါက်တာငြိမ်းချမ်းလည်းကိုမိုးနှင့်သူသူတို့ကိုဘေးမှ အပြုံးတစ်ချက်နှင့်ငေးကြည့်နေမိလေသည်။ ကြည့်စမ်း...ဂိမ်းလေးတစ်ခုကိုကစားနေသကဲ့သို့ပဲဖြစ်ပါ၏။

သူတို့နှစ်ဦးသား ဟိုစဉ်းစားဒီစဉ်းစားနှင့် နောက်ဆုံးတွင်တော့ ခေါင်းတွေကိုတွင်တွင်ခါယမ်းကာ လက်မြှောက်အရှုံးပေးကြလေတော့သည်။

"ပန်းပေးပြီဆရာရေ...ရာနှုန်းပြည့်ဘဝနေနည်းအဖြေမှန်ကိုပြောပြပါတော့နော်" ဟုကိုမိုးကတောင်းဆိုလေ၏။

"ဟုတ်တယ်ကိုမိုးနဲ့သူသူတို့ရေ..အခုကစားနေတဲ့ဂိမ်းလေးလိုပဲပေါ့ကွယ်။ ဟောဒီ "ဘဝမှာနေနည်း" ဆိုတာကို ဆရာတို့တွေအားလုံးရှာဖွေကြတာပါပဲ။ အမှန်တရားဖြစ်တဲ့တကယ့်အဖြေမှန်ကိုရော ဆရာတို့တွေတကယ်တွေ့ကြရရဲ့လားဆိုတဲ့အချက်ဟာ စိတ်လှုပ်ရှားစရာလည်းကောင်း စိတ်ဝင်စားဖို့လည်းကောင်းတဲ့အချက်ပဲဖြစ်လိမ့်မယ်။ ကိုယ်ယုံကြည်ရာမှန်တယ်ထင်ရာမြင်ရာတွေနောက်ကိုပဲ လူတွေဟာကိုယ်စီကိုယ်စီ လိုက်ကြရစမြဲဖြစ်လိမ့်မယ်။ အခုပဲကြည့်လေ..လောကရဲ့အရေးအကြီးဆုံးအရာဟာပိုက်ဆံပဲလို့ယုံကြည်တဲ့သူတွေဟာ ပိုက်ဆံနောက်ကိုပဲငမ်းငမ်းတက်လိုက်ကြတယ်။ ပိုက်ဆံချမ်းသာရင်အောင်မြင်တာပဲဆိုတဲ့ယုံကြည်ချက်နဲ့ပေါ့၊ ပိုက်ဆံတွေရဖို့ဆိုရင်ဘာမဆိုလုပ်မှာပဲ။ ကြောင်

ဖြူတာကြောင်မဲတာအရေးမကြီးဘူး။ အရေးကြီးတာကကြွက်ရဖို့ပဲဆိုတဲ့စကားလိုပဲ တရားဟာမတရားတာတွေဘေးချိတ်ပြီးပိုက်ဆံတွေရဖို့ဘာမဆိုလုပ်တော့တာပဲ။ ဒါပေမဲ့သူတို့တွေဟာ တကယ်တမ်းပိုက်ဆံတွေရရှိလာတဲ့အခါမှာရောပျော်ရွှင်မှုအပြည့်အဝရကြပါရဲ့လားဆိုတာ စဉ်းစားစရာပဲပေါ့။ ပိုက်ဆံတွေရလာပေမယ့်ဒီပိုက်ဆံကိုစစ်မှန်တဲ့နည်းနဲ့ရှာတာမဟုတ်ပါရဲ့လား။ ရလာတဲ့ပိုက်ဆံကိုပျော်ရွှင်ချမ်းမြေ့မှုအဖြစ်ကိုပြောင်းလဲတတ်ရဲ့လားဆိုတာတွေက သိပ်ကိုအရေးကြီးတာပေါ့ကွာ။ တချို့ကရာထူး အာဏာနောက်ကိုလိုက်ကြတယ်။ ပါဝါရှိရင်အရာရာပြီးပြည့်စုံတယ်လို့ယုံကြည်ကြတာကိုး။ တချို့ကျပြန်တော့လည်းပညာဗဟုသုတအရေးကြီးတယ်ဆိုပြီး ပညာနောက်ကိုလိုက်ကြတယ်။ ဒါတွေအားလုံးဟာရုတ်တရက်ကြည့်လိုက်ရင်တော့မှန်သလိုလိုနဲ့တကယ်တမ်းသေချာတွေးတောဆင်ခြင်ကြည့်လိုက်တော့ ရာနှုန်းပြည့်အမှန်တရားတော့ မဟုတ်တာအမှန်ပါပဲ။ အဲဒီအဖြစ်ကိုဟောဒီလောကကြီးထဲမှာ ပိုက်ဆံတွေအရမ်းချမ်းသာပေမယ့်စိတ်သောကတွေရပြီး စိတ္တဇဆေးရုံကိုရောက်နေတဲ့သူတွေ၊ ရာထူးတွေကြီး ဘွဲ့တွေအများကြီးရပေမယ့် မပျော်မရွှင်ဖြစ်နေကြရတဲ့သူတွေ၊ စိတ်ဆင်းရဲကြီးစွာနဲ့အိပ်မပျော်စားမဝင်ဖြစ်နေရတဲ့သူတွေ အများကြီးရှိနေတာကိုကြည့်ပြီး သိနိုင်တာပဲမဟုတ်လား။ ခုနကပြောတဲ့အရာတွေဟာ အရေးမကြီးဘူးလားလို့မေးရင်တော့သူ့ဟာနဲ့သူအရေးကြီးတာတွေချည်းပါပဲ။ ဒါပေမဲ့အခုဆရာတို့အားလုံး စဉ်းစားခဲ့ပြီးအရေးကြီးဆုံးလို့ထင်တဲ့အရာတွေအားလုံး ဘာတွေပဲရရ အခုဆရာပြောပြမယ့်အရေးအကြီးဆုံးအရာတစ်ခုမရှိဘူး မပါဘူးဆိုရင်တော့ အဲဒီရတာတွေအားလုံးဟာ ဘာဆိုဘာမှအဓိပ္ပာယ်မရှိတော့တဲ့အပြင် အဲဒီအရာတွေပိုင်ဆိုင်ခြင်းကတောင် ပိုင်ဆိုင်သူတွေအတွက်တင်သာမက သူ့ရဲ့ပတ်ဝန်းကျင် သူ့အနားကတခြားလူသားတွေအတွက် အန္တရာယ်တွေဆိုးကျိုးတွေပေးနိုင်တာ အမှန်ပဲကိုမိုးနဲ့သူသူတို့ရေ"

သူပြောနေသည်ကိုပါးစပ်အဟောင်းသားလေးနှင့် စိတ်ဝင်တစားနားထောင်နေသော ကိုမိုးနှင့်သူသူတို့ကလည်းအဖြေမှန်ကိုစိတ်မရှည်စွာ မျှော်လင့်စောင့်စားနေချေပြီ။

"ဟုတ်လားဆရာ...ဒါဆိုရင်အဲဒီ 100%ရာနှုန်းပြည့်အရေးအကြီးဆုံး



ဘဝနေနည်းအမှန်တရားက ဘယ်မှာရှိတာလဲ...သူ့ကိုဘယ်မှာရှာရမှာလဲ၊ ဝေးသလား ဈေးကြီးသလား ရှာရခက်လား ဘယ်လိုနည်းနဲ့သူ့ကိုရနိုင်မလဲ၊ မြန်မြန်လေးပြောပြပါဆရာရယ်"

"အောင်မလေး အဲဒီအရာက အဝေးကြီးမှာလည်းမရှိဘူး၊ တစ်ပြားမှလည်းမပေးရဘူး၊ ရှာဖို့လည်းမခက်ဘူး၊ လူတိုင်းလူတိုင်းနဲ့ အနီးဆုံးနေရာမှာရှိနေတယ်။ သိပ်နီးလွန်းလို့မတွေ့နိုင်မမြင်နိုင် ဖြစ်တာလားတော့မသိဘူး ကိုမိုးနဲ့သူသူတို့ရေ"


အဲဒါကတော့...တီတီတီ "ဟာအရေးထဲမှာဖုန်းကလာနေသေးတယ်သူသူတို့ရေ...ဆေးရုံကလာတာအရေးကြီးလားမသိဘူး၊ ခဏလေးစောင့်နော်"

"ဟာ ဆရာကလည်း...သိချင်ပါတယ်ဆိုမှ"

"ခဏလေးပါ..."

●●●

> နေရာတိုင်းအချိန်တိုင်းမှာ ရှိတာလေးနဲ့ပဲရောင့်ရဲ
> တင်းတိမ်နေပြီးတော့ ကျေနပ်နေပြီဆိုရင် ဘယ်လို
> လုပ်ပြီးတိုးတက်ကြီးပွားနိုင်ပါတော့မလဲ ဆရာ။ ဘယ်
> သူကရောအလုပ်ကို ကြိုးကြိုးစားစားလုပ်နေဦးမှာ
> လဲ။ နိုင်ငံတစ်နိုင်ငံပဲဖြစ်ဖြစ် မိသားစုတစ်စုပဲဖြစ်ဖြစ်
> သိပ်ပြီးရောင့်ရဲတင်းတိမ်လွန်းတာဟာ ဆင်းရဲခြင်းရဲ့
> လမ်းစပဲမဟုတ်ဘူးလား။ ထမင်းကြမ်းခဲလေးပဲယပ်
> ခတ်ပြီးစားနေရရင် ...



# ၁၁

# ထမင်းကြမ်းခဲလေးပဲ ဆက်စားတော့မှာလား




# ထမင်းကြမ်းခဲလေးပဲ ယပ်ခတ်စားတော့မလား

ဒေါက်တာငြိမ်းချမ်းတစ်ယောက် ဆေးရုံမှအရေးပေါ်ဝင်လာသော ဖုန်းတစ်လုံးနှင့်အလုပ်ရှုပ်နေချိန်တွင် ကိုမိုးနှင့်သူသူလင်မယားနှစ်ယောက်က ခေါင်းချင်းဆိုင်တွတ်ထိုးကာ ခုနတုန်းကပန်းပေးပါပြီဟု သူတို့ပြောထားခဲ့သော ပဟေဋ္ဌိကလေးကိုအားတက်သရောဆက်၍အဖြေညှိနေကြလေသည်။ ခုတော့လည်းသူတို့တွေလာရင်းကိစ္စကိုပင် မေ့သွားကြပြီလားမသိ။ "ရာနှုန်းပြည့်အရေးကြီးဆုံးဘဝနေနည်းအမှန်တရား" ကအဘယ်နည်းဆိုသည်ကို အင်္ဂလိပ်စကားလုံးလေးများကိုဂဏန်းသင်္ချာအသွင်ပြောင်း၍တွက်ချက်အဖြေရှာသည့်ပဟေဋ္ဌိလေးက သူတို့နှစ်ဦးအတွက် စိတ်လှုပ်ရှားရင်ခုန်ချင်စရာ...

နှစ်ဦးသားနဖူးချင်းထိလုမတတ် ခေါင်းချင်းဆိုင်ကာ ရှေ့တွင်ချထားသောစာရွက်လေးတစ်ရွက်ပေါ်၌ သူတို့ခေါင်းထဲဝင်လာသမျှဖြစ်နိုင်ခြေရှိသည့် အင်္ဂလိပ်စာလုံးလေးတွေကိုဂဏန်းလေးများအသွင်ပြောင်း၍ အားတက်သရော စိတ်တူကိုယ်တူတွက်ချက်နေကြလေ၏။ ဒေါက်တာငြိမ်းချမ်းတစ်ယောက်ဆေးရုံမှလူနာအကြောင်းလက်ထောက်ဆရာဝန်လေးက သတင်းပို့သမျှကိုနားထောင်စကားပြန်ကြားနေရင်းက ကိုမိုးနှင့်သူသူတို့၏ နဖူးချင်းတိုက်လုမတတ် ချစ်ခင်ကြင်နာနေပုံကိုမြင်ရတော့ ကြည်ကြည်နူးနူးလေးပြုံးနေမိလေသည်။

"ဘဝလက်တွဲဖော်" ဆိုသည်ကဒီလိုပဲဖြစ်ရမည်လေ။ ကြည့်စမ်းပါဘိ

အဘယ်မျှလောက် ထူးဆန်းသည့်အရာလဲ၊ သာမန်ရိုးရိုးလေးကြည့်လိုက်လျှင်တော့ လင်မယားဆိုသည်မှာ ဟိုးကမ္ဘာဦးအစ "အာဒမ်နှင့်ဧဝ" ကတည်းကစတင်ပေါ်ပေါက်လာခဲ့တာ ဘာများထူးဆန်းလို့လဲဟု ပြောချင်စရာပါ။

ဒါပေမဲ့သေချာစဉ်းစားကြည့်တော့..ဘာဆိုဘာမှသွေးလည်းမတော်သားလည်းမစပ် တစ်ခါတလေများ ဘဝမှာဘယ်တုန်းဘယ်ခါတုန်းကမှ တစ်ခါလေးမျှပင် မတွေ့မမြင်ဘူးပါပဲလျက်နဲ့တိုက်တိုက်ဆိုင်ဆိုင်ဖူးစာဆုံပြီးတစ်သက်တာထာဝရတစ်အိမ်တည်းနေ တစ်အိုးတည်းစား တစ်အိပ်ရာတည်းအတူတူအိပ်၊ ဆိုးတူကောင်းဖက် မရှိအတူရှိအတူ ရဲဘော်ရဲဘက်ပမာလက်တွဲ၍လျှောက်လှမ်းသွားကြရသည့်အဖြစ်က အဘယ်မျှလောက် ထူးခြားအံ့သြဖွယ်ရာကောင်းလိုက်ပါသနည်း။ စဉ်းစားကြည့်ပါဘိ…ညီအစ်ကိုမောင်နှမချင်းတွေပင် တစ်အိမ်တည်းအတူနေကြလျှင်တည့်ရိုးထုံးစံမရှိတစ်ခဏကြာလျှင်ပင်တစ်ယောက်တစ်ပေါက်စိတ်ချင်းသဘောထားချင်းမတူကြဘဲ စိတ်ဝမ်းတွေကွဲ စကားတွေများ ရန်တွေဖြစ်ကြရသည်ချည်း မဟုတ်ပါလား။

ဤသို့တစ်အူတုံဆင်းညီရင်းအစ်ကိုမောင်နှမအချင်းချင်းတွေတောင်မှတစ်ယောက်နှင့်တစ်ယောက် စိတ်သဘောတူညီမျှစွာ ချစ်ချစ်ခင်ခင် ပျော်ပျော်ရွှင်ရွှင် တစ်သက်လုံးအတူနေသွားကြဖို့ဆိုသည်မှာ မည်မျှခက်ခဲလှပါသနည်း။ သို့ဆိုလျှင်ယခုလိုသွေးမတော်သားမစပ်…"ယောက်ျားနှင့်မိန်းမ" တစ်ဘဝလုံးလက်ချင်းမြဲမြဲတူယှဉ်တွဲ၍ လျှောက်လှမ်းသွားရမည့်ကိစ္စက လွယ်ကူပါမည်တဲ့လား။

ထို့ကြောင့်လည်း "လင်နှင့်မယားလျှာနှင့်သွား" "မယားနေစကြောင်သေမှ" "လင်နေစဆင်သေမှ" "လင်ဆိုးမယားတဖားဖား" စသည့်စသည့်အခန့်မသင့်တိုင်း ကိုက်မိခဲမိ ဆော်ပလော်တီးကြသည့်သရုပ်ကိုပေါ်စေသည့် ရှေးလူကြီးများ၏စကားပုံများရာဇဝင်တွင် အထင်အရှားရှိနေခြင်းပဲဖြစ်ပါသည်။

ယခုလည်းကြည့်ပါဦး ကိုမိုးနှင့်သူသူတို့သည် ငယ်သူငယ်ချင်းလည်းဖြစ် ချစ်သူဘဝမှာလည်းနှစ်ပေါင်းကြာရှည် နှစ်ဖက်မိဘတွေကလည်းသဘောတူကြည်ဖြူ ရွှေနှင့်မြနေနှင့်လပမာ လိုက်ဖက်ညီထွေမှုရှိလှသည့်ဇနီးမောင်နှံ ဟောဒီဘဒ္ဒကမ္ဘာမှာ ဘယ်နှစ်စုံတွဲများရှိလိမ့်မည်ထင်ပါသနည်း။ ဘာဆိုဘာမှ



လိုလေသေးမရှိ အရာရာအိုကေမှာစုံပြည့်ပြီး ပျော်ရွှင်ချမ်းမြေ့စွာ ချစ်ခင်ပျော်ရွှင်စွာအများသူတကာက အားကျသွားရည်ယိုရလောက်သည့် စံပြဇနီးမောင်နှံတွေဖြစ်ဖို့မည်မျှကောင်းပါသနည်း။

သို့ပါသော်လည်းယခုတော့ "လင်နှင့်မယားလျှာနှင့်သွား" ဆိုသည့်စကားလေးပမာ ကိုမိုးနှင့်သူသူတို့တစ်ယောက်ကိုတစ်ယောက်ကိုက်မိကြလေပြီ မည်သူက "လျှာ" မည်သူက "သွား" နည်း။ ဘယ်သူကမှား၍ဘယ်သူကမှန်ပါသနည်း။ ထိုသို့သောအမှု၌တရားသူကြီးက မည်သူဖြစ်မည်နည်း။ ပြီးတော့မည်သို့မည်ပုံအပြစ်ပေးရမည်နည်း။

ဒေါက်တာငြိမ်းချမ်းကရော အခုလက်ရှိအခြေအနေမှာ မည်သည့်အနေအထားကပါဝင်ပတ်သက်ကပြနေပါသနည်း။ သူ့အဖြစ်ကတရားသူကြီးတစ်ယောက်လား၊ ပြဿနာကိုမည်သို့မည်ပုံနှင့် ဖြေရှင်းရမည်နည်း။ ယခုသူလုပ်နေသည့်အလုပ်ကရောပြဿနာကိုဖြေရှင်းနေတာလား။ ဂိမ်း Game ဆော့ကစားနေတာလား ဘာမဆိုင်ညာမဆိုင်ပြဿနာကိုမဖြေရှင်းဘဲ ကလေးလေးတွေကဲ့သို့ဆော့တမ်းကစားတမ်း ပေါ့တီးပေါ့ဆပျက်ချော်ချော်တွေကို လျှောက်လုပ်နေသည်လား စဉ်းစားစရာအတွေးပွားစရာတွေ ဖြစ်နေပြီထင်ပါသည်။

ကိုမိုးနှင့်သူသူတို့အဖြစ်ကို သူကမကြာမီပေါက်ကွဲလုနီးနီး မီးတောင်ကြီးနှင့်ပင် တင်စားထားလေသည်။ ဤမီးတောင်ကြီးမပေါက်ကွဲရလေအောင်သူမည်ကဲ့သို့ကာကွယ်တားဆီးမည်နည်း။ စိတ်ဝင်စားဖို့ရင်ခုန်ဖို့ကောင်းသောပုစ္ဆာလေးတစ်ပုဒ်ကို တွက်ချက်အဖြေရှာရတော့မည်။ ပြဿနာလေးကိုဖြေရှင်းရတော့မည်။

ယခုဒေါက်တာငြိမ်းချမ်းက ဆေးရုံမှကြားဖြတ်ဝင်ရောက်လာသောဖုန်းကိုနားထောင်ကာ ဆေးရုံတက်နေသောလူနာတစ်ယောက်၏အကြောင်းကိုနားထောင်နေစဉ်မှာပဲ ကိုမိုးနှင့်သူသူတို့ထံမှ "ဟာ တွေ့ပြီတွေ့ပြီအဖြေကိုတွေ့ပြီဘွာတေးနော်ဆရာ…ခုနကပန်းပေးပြီဆိုတဲ့စကားကို အခုချက်ချင်းပြန်ပြီးရုပ်သိမ်းတယ်ဆရာရေ အဖြေကိုတွေ့သွားပြီဆရာရေ" ပြောရင်းဆိုရင်းသူသူတစ်ယောက်ထိုင်ရာမှပင်ထကာ ကွေးနေအောင် "က" တော့မည့်ပုံစံမျိုးခုန်ဆွခုန်ဆွဖြစ်နေလေတော့၏။ ဘေးကကိုမိုးကလည်း လက်ခုပ်လက်ဝါးတွေတီးကာအား

ပေးလျက်ပျော်ရွှင်နေလေပြီ။ ကြည့်စမ်း..သူတို့နှစ်ဦး၏ပုံစံလေးသည် ငယ်ငယ်တုန်းက "ကလေး" လေးတွေထုပ်ဆီးတိုးကစားရင်းအောင်ပွဲရသွား၍ကခုန်မြူးတူးနေသည့်ပုံစံမျိုး သူတို့ကိုကြည့်ရင်း ဒေါက်တာငြိမ်းချမ်းပင်လျှင်စိတ်ထဲလွတ်လပ်ပေါ့ပါးစွာ ပျော်ရွှင်ရယ်မောနေမိလေတော့၏။

အဲသည်မှာပဲ . . ဆေးရုံကလာသောဖုန်းစကားအပြီးသတ်သွားပြီမို့ ဒေါက်တာငြိမ်းချမ်းတစ်ယောက် သူတို့ဇနီးမောင်နှံနှစ်ဦးရှာဖွေတွေ့ရှိသွားပြီဖြစ်သောအဖြေမှန်ကိုစိတ်ဝင်တစားမေးမိတော့၏။ သူသိထားသည့်ပြီးတော့အစစ်အမှန်မှန်ကန်သည်ဟု သူချွင်းချက်မရှိယုံကြည်ထားသည့်အဖြေမှန်နှင့် တထေရာတည်းကိုက်ညီပါရဲ့လားဟူ၍လည်း သိချင်စိတ်ပြင်းပြစွာနှင့် . . .

"ကိုင်းပြောစမ်းပါဦး. . .ကိုမိုးတို့သမီးတို့ရသွားတဲ့အဖြေက ဘာလဲဆိုတာကို . . ."

"ဟောဒီမှာလေဆရာရဲ့ကြည့်လိုက်စမ်းပါဦး . . . သမီးတို့ရဲ့အဖြေကို" ဟုပြောရင်းဆိုရင်းသူသူက သူရေးထားသောစာရွက်လေးကိုပြလိုက်လေတော့၏။

သူတို့၏အဖြေကား . . . "Contented"

(C=3,O=15,N=14,T=20,E=5,N=14,T=20,E=5,D=4)=100%

ဖြစ်ပါသတည်း။

"ကိုင်း ဟုတ်တယ်မို့လားဆရာ ဒီစာလုံးလေးက ရာနှုန်းပြည့်ကွက်တိပဲ။ ပြီးတော့သူ့ရဲ့အဓိပ္ပာယ်ကလေးကလည်း သမီးတို့အခုဖြစ်နေတဲ့ပြဿနာကိုဖြေရှင်းနိုင်လိမ့်မယ်လို့ မျှော်လင့်ယုံကြည်ချင်စရာပဲမဟုတ်လား။ ဒီစာလုံးလေးရဲ့အဓိပ္ပာယ်ကတော့ "ရောင့်ရဲတင်းတိမ်ခြင်း" မဟုတ်လားဆရာရေ။ ဟုတ်လိုက်တာဆရာရယ် . . . သမီးမှာလိုနေတာ ရောင့်ရဲခြင်းပဲမဟုတ်လား။ ကလေးလေးတစ်ယောက်ရှိနေတာကိုမကျေနပ်သေးဘဲ နောက်တစ်ယောက်ထပ်လိုချင်နေလို့သာ အခုလိုမျိုးစိတ်ဆင်းရဲဒုက္ခတွေဖြစ်နေရတာမဟုတ်လား၊ ဒီကလေးလေးတစ်ယောက်နဲ့ပဲတော်ပါပြီဆိုတဲ့ ရောင့်ရဲတင်းတိမ်နိုင်ရင် အခုလိုမျိုးစိတ်ဆင်းရဲရတော့မှာမဟုတ်ဘူးနော်" ဟုဒေါက်တာသူသူက သူရရှိသောအဖြေမှန်နှင့် သူ့ကိုယ်သူဆေးပြန်၍ကုသနေပြီတည်း။ ဘေးမှကိုမိုးကလည်း အဖြေမှန်ရသွား၍ ဝမ်းသာအားရနှင့် ရွှင်လန်းပျော်ရွှင်နေသော ချစ်ဇနီးသူသူ၏အပျော်ဓာတ်တွေကူးစက်သွားပြီလားမသိ။

ခပ်ပြုံးပြုံးနှင့်သူ့ဇနီးသူသူအားငေးကြည့်နေရင်း ဒေါက်တာငြိမ်းချမ်းအား . . .

"ဆရာဘာပဲဖြစ်ဖြစ်သူသူတစ်ယောက် သူ့ဘာသာသူ့သူ့ရောဂါကိုကုတဲ့ဆေးရှာတွေ့သွားတာကို ဝမ်းသာရမှာပဲဆရာ . . . ဟုတ်တယ် တစ်ယောက်နဲ့တစ်ယောက်လောကအမြင်ချင်းစိတ်ချင်းတူညီကြမှာမဟုတ်ဘူးလို့ဘဲ ပြောရမလားမသိဘူးဆရာ အခု "တင်းတိမ်ရောင့်ရဲခြင်း" ဆိုတဲ့စာလုံးလေးက အင်္ဂလိပ်စာလုံးတွေရဲ့ဂဏန်းနဲ့တွက်ကြည့်လိုက်တော့ ထူးထူးဆန်းဆန်းတိုက်တိုက်ဆိုင်ဆိုင် ၁၀၀% ရာနှုန်းပြည့်ရနေတာ အံ့ဩစရာပဲဆရာ။ ဒါပေမဲ့ကျွန်တော့်ရဲ့စိတ်ထဲမှာတော့ လုံးဝဘဝင်ကျကျကြီးဒီဟာက ရာနှုန်းပြည့်ဘဝနေနည်းအမှန်တရားလို့မယုံကြည်နိုင်ဘူးဖြစ်နေတယ်။ ဆရာပဲစဉ်းစားကြည့်ပါဦး နေရာတိုင်းအချိန်တိုင်းမှာ ရှိတာလေးနဲ့ပဲရောင့်ရဲတင်းတိမ်နေပြီးတော့ ကျေနပ်နေပြီဆိုရင်ဘယ်လိုလုပ်ပြီး တိုးတက်ကြီးပွားနိုင်ပါတော့မလဲဆရာ။ ဘယ်သူကရောအလုပ်ကိုကြိုးကြိုးစားစားလုပ်နေဦးမှာလဲ။ နိုင်ငံတစ်နိုင်ငံပဲဖြစ်ဖြစ် မိသားစုတစ်စုပဲဖြစ်ဖြစ်သိပ်ပြီးတော့ ရောင့်ရဲတင်းတိမ်လွန်းတာဟာ ဆင်းရဲခြင်းရဲ့လမ်းစပဲမဟုတ်ဘူးလား။ ထမင်းကြမ်းခဲလေးပဲ ယပ်ခတ်ပြီးစားနေရရင် ကျေနပ်နေတာပဲမို့လို့ကျွန်တော်တို့တွေဆင်းရဲခဲ့ကြတာလို့ကျွန်တော့်စိတ်ထဲမှာ ခံစားနေမိတယ်ဆရာ ဆရာရောဘယ်လိုထင်သလဲ" ဟုကိုမိုးကမေးလေတော့၏။

သူသူကကိုမိုးအား မျက်စောင်းလေးတစ်ချက်ထိုး နှုတ်ခမ်းလေးတစ်ချက်စူလိုက်ပြီး . . .

"ကြည့်စမ်း . . . ကိုမိုးဟာလုပ်ပြန်ပြီ သမီးပြောသမျှလုပ်သမျှကိုကန့်လန့်တိုက်နေကျမို့ဒီလိုလုပ်တာမဟုတ်လားဆရာ၊ သမီးပြောတဲ့အဖြေမှန်တယ်မဟုတ်လား ကိုမိုးပြောတာကိုဗွေမယူနဲ့နော်၊ သူကအမြဲဒီလိုပဲ သမီးကအဖြူဆိုသူကအမည်း" ဟုခပ်စွာစွာလေးပြောရင်း သူသူကဒေါက်တာငြိမ်းချမ်း၏မျက်နှာကိုအားကိုးတကြီး မျှော်လင့်တကြီးနှင့်ကြည့်နေသည်။ တစ်ဖက်ကကိုမိုးကလည်းခေါင်းလေးကိုမသိမသာယမ်းခါရင်း သူ့အဖြေကိုစောင့်စားနေ၏။ အသင်

စာဖတ်သူကရော ကိုမိုးမှန်သည်ထင်ပါသလား၊ သူသူမှန်သည်ထင်ပါသလား။ နှစ်ယောက်စလုံးမှန်သလား နှစ်ယောက်စလုံးမှားသလား အသင်မည်သို့ထင်ပါသနည်း။

ဒေါက်တာငြိမ်းချမ်းတစ်ယောက် ပါးစပ်လေးကိုအသာဟလိုက်၏။

●●●



# ၁၂

# ဂျာလေ ဝေးလေ လိုက်လေ ဝေးလေ




# ရှာလေဝေးလေ လိုက်လေပြေးလေ

"ကိုမိုးနှင့်သူသူတို့ အခုလိုက်ရှာနေကြသလို ဆရာ့ဘဝမှာလည်းအကြီးအကျယ်ပဟေဠိတွေဖြစ်ပြီး ချာလည်လည်အောင်လိုက်ရှာခဲ့ရတယ်။ အခုပဟေဠိပုစ္ဆာလေးကို အဖြေထွက်အောင်လိုက်ရှာရတာဟာ အံ့သြစရာသိပ်ကိုကောင်းတာပဲ.. "ရာနှုန်းပြည့်ဘဝနေနည်းအမှန်တရား" ဆိုတာကို အခုကိုမိုးတို့သူသူတို့က အင်္ဂလိပ်စာလုံးလေးတွေနဲ့ လိုက်ရှာကြရတာနော်။ တကယ့်ဘဝမှာတော့ မိမိရဲ့အတွေ့အကြုံတွေနဲ့နှလုံးသားနဲ့ ဘဝတစ်ခုလုံးနဲ့ရင်းပြီး လိုက်ရှာကြရတော့တာပေါ့။ ဒါဟာအမှန်တရားလို့ထင်ပြီးလိုက်ရှာ၊ တကယ်တမ်းအဲဒီဟာကလက်ထဲရောက်လာတော့မှ၊ ဟာ...ဒါမဟုတ်သေးဘူးမှားနေပြီလို့သိလိုက်ရပြန်ဟာ...ဒါမဟုတ်ရင် တကယ့်အဖြေမှန်ကဘာလဲ။ ဆရာတို့မြန်မာစကားပုံလေးတစ်ခုရှိတယ်လေ "တံလျှပ်ကိုရေထင် ရွှေသမင်အလိုက်မှားသည့်နှယ်" ဆိုတာလေ"

ကိုမိုးနှင့်သူသူတို့နှစ်ဦးသားပါးစပ်လေးအဟောင်းသားစူးရှတောက်ပလင်းလက်လှသောမျက်ဝန်းလေးတွေနှင့် ဒေါက်တာငြိမ်းချမ်း၏စကားကိုစိတ်ဝင်တစားနားထောင်နေကြလေသည်။ သူသည်ပြောရင်းဆိုရင်း သူ့ဘဝခရီးကိုလည်း သမင်လည်ပြန်စောင်းငဲ့၍ကြည့်ဖြစ်ခဲ့လေ၏။ သူကဟိုးငယ်စဉ်ကလေးဘဝကတည်းက စာအုပ်စာပေကိုတရားလွန်ချစ်မြတ်နိုးလွန်းသည့် စာရူးပေရူး

ပညာဗဟုသုတတွေကိုလည်းအင်မတန်မှမြတ်နိုးတန်ဖိုးထားတတ်သူ၊ သူ့ရည်မှန်းချက်ကလည်း "လူနေခြံကြားစိတ်နေဘုံဖြား" ဆိုသကဲ့သို့ပင် ပညာရေးနှင့်ပတ်သက်လာလျှင် လောဘကလည်းကြီးပါဘိခြင်း၊ မြန်မာပြည်၏ဟိုးတောရွာဇနပုဒ်မီးလေးမိုတ်တုတ်ဆိုသည့်မြို့လေးသေးသေးက ငချွတ်ကလေး..တဖြည်းဖြည်းကြီးပြင်းလာသည်နှင့်အမျှ သူဖြစ်ချင်လှသည်က တက္ကသိုလ်ကဘွဲ့ရပညာတတ်ကြီးဖြစ်ဖို့ ရိုးရိုးတက္ကသိုလ်တွေကမဟုတ်...ဆေးပညာတွင်ဆိုလျှင် တစ်ကမ္ဘာလုံးကအသိအမှတ်ပြု လေးစားအားကျဂုဏ်ယူရသည့် ဗြိတိသျှတော်ဝင်ဆေးတက္ကသိုလ်က ဘွဲ့ထူးဂုဏ်ထူးကြီးတွေရဖို့ ထို့အတွက်လည်းသူ့ဘဝတစ်ခုလုံးနှင့်ရင်းနှီးကာ နေ့မအိပ်ညမနားစားလည်းဒီစိတ် သွားလည်းဒီစိတ်နှင့်ကျားကုတ်ကျားခဲ ဤဘွဲ့ကြီးမှမရလျှင်ရှုးသွားတော့မတတ်ကြိုးစားခဲ့ရပါ၏။ အဆင်မပြေသည့်အခိုက်အတန့်နှင့်ကြုံကြိုက်ရသည့်အခါတိုင်းတွင် အိပ်မပျော်စားမဝင်လောက်အောင် စိတ်ဝေဒနာတွေခံစားရ၏။ သောကဝေဒနာတွေပြင်းထန်လွန်း၍ကိုယ့်ကိုယ်ကိုယ်ရူးသွားတော့မည်လားဟူ၍ပင်ပူပန် သံသယဝင်သည်ထိဖြစ်ခဲ့ဖူး၏။ လဲကျလိုက်အားတင်းပြီးပြန်လျှောက်လိုက်နှင့် နောက်ဆုံးမိမိ၏ရည်မှန်းချက်ပန်းတိုင်သို့ရောက်ရှိခဲ့တော့ အလိုဘုရားဘုရား တကယ်ဖြစ်နေတာမှဟုတ်ရဲ့လားဟုမယုံမရဲဖြစ်ကာ မိမိလက်မောင်းကိုမိမိလက်သည်းနှင့်ပြန်ဆိတ်ကြည့်ရသည်ထိ။ အိပ်မက်လေလားတကယ့်အဖြစ်လားဝေခွဲမရနိုင်အောင်ဝမ်းမြောက်ပျော်ရွှင်ခဲ့ဖူးပါ၏။ သို့သော်ထိုအပျော်ကကြာရှည်မခံပါ ဟိုးယခင်သူထင်မှတ်ခဲ့သည်က ဤဘွဲ့ကြီးရပြီးလျှင် ပညာရေးခရီးနောက်ဆုံးပန်းတိုင်ရောက်ပြီ။ နောက်ဘာဆိုဘာမှထပ်မလိုတော့ ဘဝအောင်မြင်မှုအထွတ်အထိပ်သို့ရောက်ပြီပေါ့။ သို့သော်အထင်နှင့်အမြင်ပါစင်အောင်လွဲတော့သည်...ဘဝခရီးမှာလက်တွေ့လျှောက်လှမ်းတော့ သူယခင်ကဟိုးအထွတ်အထိပ်ဟုထင်မှတ်မျှော်လင့်ယုံကြည်ခဲ့သည့်အရာသည် ဘာဆိုဘာမှမဟုတ်။ လေ့ကားတစ်ထစ်မျှသာဖြစ်နေကြောင်းမျက်ဝါးထင်ထင်မြင်တွေ့ရတော့ သူ့ပီတိအပျော်တွေကြက်ပျောက်ငှက်ပျောက်ဖြစ်သွားခဲ့ကာ ရှေ့ကလေ့ကားထစ်တွေကိုဆက်တက်ရကောင်းနိုးနိုး ဤလေ့ကားထစ်လေးပေါ်မှာပဲ ငုတ်တုတ်ဆက်ထိုင်နေရကောင်းနိုးနိုးဇဝေဇဝါတွေဖြစ်ရတော့၏။ ဟုတ်ပါ၏ ပညာဗဟုသုတရှာမှီးသည့်ကိစ္စမှာ နောက်ဆုံးအထွတ်



အထိပ်ဆိုတာ ဘယ်မှာများရှိနိုင်ပါမည်နည်း။ သေသည်ထိမရပ်မနားပညာဗဟုသုတတွေရှာမှီး၍ကုန်နိုင်သည်မှမဟုတ်တာပဲ။ Life Long Education ဆိုသည့်စကားကအထင်အရှားမဟုတ်လား...

ပြီးတော့ကော သူကချစ်ခြင်းမေတ္တာကို လွန်စွာတန်ဖိုးထားမြတ်နိုး၏။ သူ့ဘဝ၏လူငယ်ဘဝတွင် အရှုံးအမူးစွဲလမ်းချစ်ခင်ခဲ့ရသော သူ့အိပ်မက်ကမ္ဘာထဲက ချစ်သူတစ်ဦးနှင့်ကြုံဆုံရသောအခါ ရင်တွေခုန်ပန်းတွေတုန်ပြီး သူ့ရှေ့နားရောက်လျှင်ပင် ဖြတ်မလျှောက်ရဲအောင် ဒူးတွေတဆတ်ဆတ်တုန်ယင်ခဲ့ဖူး၏။ ပြောလျှင်ယုံပါမည်လားမသိမယုံလျှင်လည်းပုံပြင်မှတ်ပေါ့။ သူ့အချစ်ကိုမရလျှင်သေသည်ထက်ဆိုးသည့်ဝေဒနာတွေ ခံစားရမည်ဟုထင်၏။ သူ့အချစ်ကိုရလျှင်သေပျော်ပြီဟုမျှော်လင့်ခဲ့၏။ ချစ်စကားကိုလုံးဝမပြောရဲ မတော်တဆများသူကငြင်းဆန်လိုက်လျှင် အသူတရာနက်သည့် ချောက်ကမ်းပါးကြီးထဲသို့ သူတလိမ့်ခေါက်ကွေးနှင့်ကျသွားပြီး သူ့ဘဝတစ်ခုလုံးဖောက်ထိုးမိုးမျှော်တွေဖြစ်သွားလိမ့်မည်ဟုသူယုံကြည်ခဲ့ပါ၏။ အဲသည်လောက်ထိ သူသည်ချစ်ခြင်းမေတ္တာကို တန်ဖိုးထားခဲ့၏။ သူ့ချစ်သူကသူ့နှလုံးသားထဲက အမြတ်ရတနာလေးတစ်ခု၊ ကိုယ်ကလည်းမပြောရဲ ခက်တာကသူ့ချစ်သူအား ခုနစ်ပြည်ထောင်မင်းသားတွေအားလုံးက အပြိုင်အဆိုင်အနိုင်တိုက်၍ အသေရရအရှင်ရရ မရမကတိုက်ခိုက်လုယူဖို့ကြံစည်အားထုတ်နေကြသည်ကိုမြင်ရကြားရပြန်တော့ အိပ်မပျော်စားမဝင်နှင့် "ရည်းစားလူလုအနူကိုကွဲခတ်" သကဲ့သို့ကယောင်ချောက်ချားတွေဖြစ်ရပြန်ပါသည်။ ကိုယ်လက်နှေးလျှင် သူများလက်ဦးသွားလိမ့်မည်၊ ထို့ကြောင့်သူများတွေ၏လက်ထဲမပါသွားခင် မရရအောင်သုတ်မှဟူသောအကြံနှင့် အာဂသတ္တိခဲကြီးတစ်ယောက်ရည်းစားစကားကို သူကိုယ်တိုင်တော့မပြောဆိုရဲ၍ လူကြုံနှင့်ပြောခိုင်းခဲ့ရ၏။ No ဟူသောစကားပြန်ကို လူကြုံကတစ်ဆင့်ကြားခဲ့ရတော့ ကမ္ဘာမြေကြီးတစ်ခုလုံး အိုးထိန်းစက်ပမာချာချာလည်ခဲ့ရပါတော့၏။ မဖြစ်ဘူး မဖြစ်ဘူး.. သူ့ပါးစပ်ကနေထွက်သည့် အစစ်အမှန် No ဆိုသည့်စကားကိုကြားမှဖြစ်မည်။ ထို့ကြောင့်သတ္တိခဲတစ်ယောက် အားမာန်ကိုအထပ်ထပ်တင်းတုန်ယင်နေသောဒူးတွေကိုအသာ "မ" ၍ချစ်သူ့ရှေ့မှောက်တွင် မျက်နှာလေးဆီးရှက်လောက်နှင့်အမိန့်ကိုနာခံခဲ့ရ၏။ တရားသူကြီးထံမှသေဒဏ်ဟူသည့်အမိန့်စီရင်ချက်ကိုနာခံ

ရသည့်နယ်ရင်တွေတုန်လှုပ်ခဲ့ရသည်မှာထိုနှလုံးသားကရင်ဘတ်ထဲကလမ်းပေါ် ထွက်ကျသွားတော့မတတ် သူက No ဆိုသည့်စကားလေးကိုအေးအေးနှင့် စိမ်းစိမ်းကားကားပြောလေတော့ "ခွေးအကြီးလှည်းနင်းသည့်နယ်" နောက်တစ်ခေါက်လောက်ထပ်ပြောပါဦးဟု ထစ်ထစ်ငေါ့ငေါ့နှင့် ထပ်တောင်းပန်လိုက်သေး၏။ ကြည့်စမ်း သူသွက်သွက်ခါအောင်ရှုးသွားပြီ၊ သေချာပါသည်..အဲဒီညနေက မန္တလေးဆေးတက္ကသိုလ်ထဲရှိ ရေစင်အမြင့်ကြီးပေါ်သို့ သူမကြောက်မရွံ့နောက်မတွန့်ဘဲတက်သွားခဲ့၏။ သူ့အချစ်ကိုမှမရသည့်ဘဝ နေနေရလျှင်လည်း ဘာဆိုဘာမှအဓိပ္ပာယ်ရှိတော့မည်မဟုတ်သည်မို့ ထိုရေစင်ကြီးထက်ကခုန်ချ၍ ကိုယ့်ဘဝကိုယ်အဆုံးစီရင်လိုက်လျှင် ကောင်းမည်လားဟူ၍ပင် မိုက်ရူးရဲစိတ်တွေဝင်လာခဲ့သေးသည်။ ကံကောင်းချင်တော့ထိုနေ့က လုံ့ချည်ကိုသာဝတ်သွားခဲ့ပြီးအတွင်းကအတွင်းခံဘောင်းဘီမပါချေ။ သေမှာမကြောက်ရေးချမကြောက်သော်လည်း ခုန်ချတုန်းပုဆိုးကလေထဲတွင်လွင့်ပါသွားလျှင် ဟောင်းလောင်းကြီးမိမွေးတိုင်းဖမွေးတိုင်းခန္ဓာကိုယ်ကိုမိန်းကလေးဆောင်ထဲက ကောင်မလေးတွေတအုံတမကြီးလာကြည့်မည့်ဒဏ်ကို တွေးကြည့်ရုံမျှနှင့်ရက်လွန်းလှသည်ဖြစ်ရာ ခုန်ချမည့်စိတ်ကိုအသာဖယ်၍ တော်ပြီနောက်နေ့မှဘောင်းဘီဝတ်ပြီး ခုန်ချတော့မည်ဟုအချိန်ကိုရွှေ့ခဲ့၏။ ထိုနေ့ကသူအကြီးအကျယ်ဝမ်းနည်းအားငယ်ခဲ့ရပါ၏။ ကိုယ်ချစ်သောချစ်သူက ကိုယ့်ကိုပြန်မချစ်ခြင်းဟူသည်ကြီးစွာသောဒုက္ခဆင်းရဲကိုပေးခဲ့၏။ ကိုယ်ကတစ်ဖက်သတ်ချစ်ရသော ချစ်ခြင်းမေတ္တာဆိုသည်မှာဘာများကောင်းပါသနည်း သူရူးသွားတော့မည်ထင်၏။ သို့သော် သူ့စိတ်ထဲကတစ်စုံတစ်ရာပြောင်းလဲသွားသည်ဟု သူခံစားရ၏။ ထိုပြောင်းလဲမှုကမည်သည့်အရာနည်း... သူ့ကိုယ်သူပြန်ကြည့်မိ၏။ သူ့ကိုမချစ်သောထိုမိန်းကလေးမှာ ဘာမှအပြစ်မရှိကြောင်း သူမျက်ဝါးထင်ထင်မြင်တွေ့ရလေ၏။ မိန်းကလေးတစ်ယောက်ကယောကျာ်းလေးတစ်ယောက်ကိုချစ်ဖို့ဟူသည် ...သူမအားကိုးအားထားပြုလောက်စရာ သူမဘဝတစ်ခုလုံးကိုပုံအပ်ပေးချင်စရာ အထင်ကြီးလေးစားစရာအားကိုးချင်စရာ အချက်အလက်တွေရှိကိုရှိရမည်။ သူ့တွင်ထိုတဲ့သို့မိန်းကလေးတစ်ယောက်အထင်ကြီးဖို့ဘာအရည်အချင်းတွေများရှိပါသနည်း။ ရုပ်ကလည်း ပုံမလာ အရပ်အမောင်းလေးကလည်း ခွေးပစ်သည့်တုတ်လောက် ကာယဗလ

ကလည်းလေတွေသိပ်တိုက်လျှင် အပြင်သိပ်မထွက်ရဲလွင့်ပါသွားမည်ကိုစိုး၍ပင် ဧည့်စိမ့်ဉစ္စာကလည်း သူများတွေလို ကားအကောင်းစားကြီးစီးနိုင်ဖို့ဝေလာဝေး စက်ဘီးစုတ်ကလေးတစ်စီးတောင်အနိုင်နိုင် စတိုင်ထုတ်စရာဘောင်းဘီလက်ရှည်တွေ နက်တိုင်တွေဆိုလည်း တစ်ထည်မှမရှိ ဆေးကျောင်းသားဖြစ်နေတာလေးတစ်ခုသာရှိသည်။ ဆေးကျောင်းသားကလည်းအတန်းထဲမှာ မည်သူမှအထင်မကြီးသည့် ဘီတ်ချီးနားကသာမန်အဆင့် ဆေးကျောင်းသားတစ်ယောက်ဒီလိုလူမျိုးကို သူသာမိန်းကလေးဆိုလျှင်ရော ကြိုက်ပါမည်တဲ့လား။ အဲသည်လိုတွေးမိလိုက်တော့လည်း ချစ်သူကိုအပြစ်မတင်ရက်တော့ပေ။ တစ်ခုပဲ ထိုရေစင်ကြီးပေါ်မှာ မည်သူမျှမကြားအောင်တစ်ယောက်တည်း နာနာကြည်းကြည်းကြုံးဝါးလိုက်သည့် ဆုံးဖြတ်ချက်တစ်ခုရှိပါသည်။ ၎င်းဆုံးဖြတ်ချက်ကတော့ ဘာဆိုဘာမှအထင်ကြီးစရာမရှိလို့ မချစ်ဘူးဆိုတဲ့ချစ်သူရေ တစ်နေ့ကျရင် ဒီလိုလူမျိုးကိုမင်းပြန်မကြိုက်လိုက်မိတာ မှားလေခြင်းလို့ မင်းနောင်တရသွားအောင် ဒီနေ့ကစပြီးငါကြိုးစားတော့မယ်။ အဲဒီနေ့ကစပြီး သူအရင်ကထက် အဆပေါင်းများစွာကြိုးစားတော့သည်။ ချစ်သူကိုလည်း သူ့ကိုမချစ်ရကောင်းလားဟူ၍ အပြစ်မမြင်တော့ပြီ၊ တစ်ခုပဲ...ထူးထူးဆန်းဆန်းကြီးတစ်ခုကိုတော့ သူ့ကိုယ်တွေမို့မယုံချင်ပဲယုံလိုက်ရတော့သည်။ ၎င်းအချက်ကတော့ သူအရင်တုန်းကအလွန်ပင်အထင်ကြီးလေးစားကိုးကွယ်မြတ်နိုးခဲ့သည့် "ချစ်ခြင်းမေတ္တာ" နှင့်ပတ်သက်၍ဖြစ်သည်။ သူငယ်ချင်းတစ်ယောက်က အော်တိုစာအုပ်လေးထဲရေးပေးခဲ့ဖူးသည့်စာကြောင်းလေးတစ်ကြောင်းကို လက်မခံချင်ဘဲလက်ခံလိုက်ရလေသည်။ "အချစ်ဆိုတာ သားရေမြှော့ကြိုးကြီးတစ်ချောင်းနဲ့တူတယ်။ ဟိုဘက်ဒီဘက်အပြိုင်ဆွဲမှသာအချစ်ဆိုတာဆက်နေတာ တစ်ဖက်ကလွှတ်လိုက်တာနဲ့ အဲဒီမြှော့ကြိုးကြီးဟာကိုယ့်ဆီကိုပြန်ရောက်လာတယ်။ အဲဒီမြှော့ကြိုးကြီးရဲ့ပမာဏဟာလည်းအဲသည်လောက်ပဲ ဘယ်လောက်မှလျော့မသွားဘူး။ အဲဒီကြိုးကြီးဟာလည်းနောက်တစ်ယောက်နဲ့ထပ်ဆွဲဖို့ ကိုယ့်ဘက်မှာအဆင်သင့်ပဲ" တဲ့၊ ကြည့်စမ်း..အချစ်ဆိုတာအဲဒါတဲ့လား။

ဟိုးအရင်တုန်းက သူထင်မှတ်ခဲ့သော ဘဝမှာအရေးအကြီးဆုံးထင်ခဲ့သည့်ပညာဗဟုသုတတွေ ချစ်ခြင်းမေတ္တာတွေက သူ့အားစိတ်ချမ်းသာပျော်ရွှင်မှု

အောင်မြင်မှုတွေ ဆောင်ကြဉ်းပေးခဲ့ပါရဲ့လား။ အထင်တကြီးနှင့်လိုက်လံရှာဖွေခဲ့ရသောအရာတွေသည် တကယ့်အမှန်တရားမဟုတ် ...တကယ့်အမှန်တရားသည်သူမထင်မှတ်သော သူနှင့်အနီးဆုံးမှာ သူ့နှလုံးသားထဲမှာ စိတ်ထားထဲတွင်ရှိနေကြောင်းကို သူမျက်ဝါးထင်ထင်တွေ့လိုက်ရတော့ သူအကြီးအကျယ်အံ့ဩသွား၏။ ပြီးတော့အကြီးအကျယ်လည်း ဝမ်းမြောက်ဝမ်းသာဖြစ်သွား၏။ သူ့ဘဝခံစားချက်တွေနှင့်ရင်းပြီး နှလုံးသားထဲ နက်နက်နဲနဲသိခဲ့ရသော အမှန်တရားတစ်ခုကို သူချစ်သောတပည့်လေးကိုမိုးနှင့်သူသူတို့ဇနီးမောင်နံကို မျှဝေပေးချင်လှပါပြီ။ ဒေါက်တာငြိမ်းချမ်းတစ်ယောက် ပဟေဠိ၏အဖြေမှန်ကိုပြောဖို့ပါးစပ်လေးကိုဟလိုက်ပါ၏။ ကိုမိုးနှင့်သူသူတို့ကတော့ သူ့အဖြေကိုစောင့်ရတာ စိတ်မရှည်တော့ပြီထင်သည်။

●●●

## ၁၃

# အလယ်အလတ် လေးပါ ကောင်းပါသား





# အလယ်အလတ်လေးပဲကောင်းပါသလား

ဒေါက်တာငြိမ်းချမ်းသည် သူ့စကားကို မျှော်လင့်တကြီးစောင့်စားနေသော ကိုမိုးနှင့်သူသူတို့ဇနီးမောင်နံကို တစ်လှည့်စီကြည့်လိုက်လေ၏။

"ဆရာဟိုးငယ်ငယ်ကထင်ခဲ့တာဟာ ဟောဒီလောကကြီးမှာ အရေးအကြီးဆုံးက ပညာရယ် ချစ်ခြင်းမေတ္တာရယ်ပေါ့။ ဆရာကဒီနှစ်ခုကို တန်ဖိုးထားမြတ်နိုးခဲ့တာကိုး…ပိုက်ဆံတွေရာထူးစည်းစိမ်တွေ တန်ခိုးအာဏာတွေကိုတော့ ကိုယ်ကဟိုနှစ်ခုလောက် ကိုယ့်ဘဝမှာအရေးကြီးတယ်လို့ သိပ်မထင်ဘူးလေ။ "ကိုယ်ထင်ရင် ခုတင်ရွှေနန်း" ဆိုတဲ့စကားလိုပေါ့၊ ဒါပေမဲ့တဖြည်းဖြည်းဘဝခရီးကိုလျှောက်ရင်းလျှောက်ရင်း အတွေ့အကြုံတွေများလာတဲ့အခါ ကိုယ်အရင်က သိပ်တန်ဖိုးထားလေးစားခဲ့ရတဲ့ အရာနှစ်ခုကလည်း ရာနှုန်းပြည့်ဘဝနေနည်းမဟုတ်ဘူးဆိုတာ တဖြည်းဖြည်းခံစားလို့ရလာတယ်။ ဒါဆိုရင်ဆရာတို့ရှာနေတဲ့ ဘဝနေနည်းအမှန်ကဘာလဲ…သေချာစဉ်းစားကြည့်လိုက်တော့ ဆရာတို့တွေဟာ ကိုယ်လိုချင်တာမက်မောတာကို ဘဝတစ်ခုလုံးနဲ့ရင်းပြီး မမောတမ်းလိုက်ရှာခဲ့ကြတာပါပဲ။ အဲဒါတွေရလာခဲ့ရင်ဘဝမှာ ပျော်ရွှင်စိတ်ချမ်းသာလိမ့်မယ်လို့ အကြီးအကျယ်မျှော်လင့်တောင့်တ ယုံကြည်မိလို့ပဲဖြစ်ပါတယ်။ ဒါပေမဲ့တကယ်တမ်းရလာတဲ့အခါကျတော့လည်း ဒီလောက်ကြီးမဟုတ်သေးပါလား ငါတို့တွေလိုက်ရှာတာဟာ ဒါမဟုတ်သေးဘူးလို့ သံသယဖြစ်ချင်စရာတွေကြုံလာရတယ်။

အဲ့ဒီအခါကျ ဘဝကိုရာနှုန်းပြည့်အောင်အောင်မြင်မြင် ပျော်ပျော်ရွှင်ရွှင် စိတ်ချမ်းချမ်းသာသာနေနိုင်ဖို့ အရေးအကြီးဆုံးအရာဟာ ဘာလဲဆိုပြီးလိုက်ရှာရတော့တာပေါ့။ ကိုင်း... "တွေ့ပြီတွေ့ပြီ သူပဲသူပဲ" ဆိုတဲ့ အဖြေကိုကြည့်ကြစို့"

ပြောပြောဆိုဆို ဒေါက်တာငြိမ်းချမ်းသည် အောက်ပါစကားလုံးလေးနှင့် သူ့သက်ဆိုင်ရာကိန်းဂဏန်းလေးများကို သူတို့ရှေ့ကစာရွက်ဖြူဖြူပေါ်တွင် ရေးချလိုက်လေတော့သည်။

**"ATTITUDE"**

(A=1+T=20+T=20+I=9+T=20+U=21+D=4+E=5 =100%)

"ဒီစာလုံးလေးဟာ "ရာနှုန်းပြည့်ဘဝနေနည်း" ဆိုတဲ့လျှို့ဝှက်ချက်ရဲ့ တကယ့်အဖြေမှန်ပဲဖြစ်တယ် ကိုမိုးတို့သူသူတို့ရေ။ သူသူခုနကပြောခဲ့တဲ့စာလုံးလေးဖြစ်တဲ့ "Contented" ရောင့်ရဲတင်းတိမ်တယ်ဆိုတာ ဂဏန်းသင်္ချာနည်းနဲ့ကြည့်ရင်တော့ ရာနှုန်းပြည့်အဖြေမှန်ရပေမယ့် တကယ့်ဘဝနဲ့လက်တွေ့ကျကျချိန်ထိုးကြည့်လိုက်ရင် အခုနတုန်းကကိုမိုးကြီးစောဒကတက်သလိုပဲ ထောက်ပြဝေဖန်ချင်စရာ စောဒကတက်ချင်စရာ သဘောမတူချင်စရာအချက်လေးတွေအများကြီးသွားတွေ့ရတယ်။ ကိုမိုးပြောခဲ့သလိုပဲပေါ့ နေရာတကာမှာရှိတာလေးနဲ့ပဲ ရောင့်ရဲတင်းတိမ်လွန်းနေရင် တိုးတက်ကြီးပွားလာအောင်ကြိုးစားချင်ပါဦးမလား ရသမျှလေးနဲ့ပဲတော်ပါပြီဆိုရင် ဥပမာ..ထမင်းကြမ်းခဲလေးယပ်ခတ်ပြီးစားနေရတာနဲ့တင် ကျေနပ်နေပြီဆိုရင် အလုပ်ကိုကြိုးစားပမ်းစား လုပ်ချင်စိတ်ရောရှိပါဦးမလား။ ပြီးတော့လုပ်စရာရောလိုပါဦးမလား ကိုမိုးလိုအိမ်ထောင်ဦးစီးယောက်ျားကြီးတစ်ယောက်က တော်ပါပြီ ထမင်းကြမ်းခဲလေး ယပ်ခတ်ပြီးစားရရင် ကျေနပ်ပါပြီဆိုရင် အပျင်းထူနေရင် သူ့ကိုမှီခိုအားထားနေကြရတဲ့ဇနီးနဲ့ သားသမီးတွေအားလုံး ဆင်းရဲတွင်းထဲကမထွက်နိုင်ဘဲ မင်္ဂလာမဲ့ရှိတမယ်တွေ ဖြစ်ကုန်တော့မှာပေါ့မဟုတ်ဘူးလား"

သူကအဲဒီလိုပြောလိုက်ရာ ကိုမိုးဆိုသည့်ငတိလေးက ချက်ချင်းပင် သူနှင့်သဘောထားချင်း တိုက်ဆိုင်သွားသည့်အတွက် ဝမ်းသာအားရနင့်ဝင်၍ ထောက်ခံလေတော့၏။

"ကိုင်းတွေ့လားဒေါ်သူသူ..ကိုယ်ပြောတာကန့်လန့်တိုက်တာမဟုတ်



ဘူး၊ ဆရာလည်းသဘောတူတယ်ဆိုတာ တွေ့ပြီမဟုတ်လား။ ဟုတ်တယ်ဆရာရဲ့..ကျွန်တော်ကတချို့အိမ်တွေ ရုံးခန်းတွေထဲမှာချိတ်ဆွဲထားတဲ့ "နလုံးအေးတဲ့ဆေး" ဆိုတဲ့စာတန်းကလေးကိုဖတ်ရတိုင်း စိတ်ထဲမှာသိပ်ဘဝင်မကျချင်ဘူး၊ သဘောလည်းမတူချင်ဘူးဆရာ။ အဲဒီထဲမှာဒီလိုရေးထားတယ်လေ...

"ရတာလေးနဲ့ ဝအောင်စား
ရှိတာလေးနဲ့ လှအောင်ဝတ်
တွေ့တဲ့သူနဲ့ သင့်အောင်ပေါင်း
ပြိုင်လာရင် အရှုံးပေး
နလုံးအေးတဲ့ဆေး" တဲ့...

အဲဒီထဲမှာအပေါ်ကသုံးချက်ကိုတော့ သဘောတူပါတယ်။ နောက်ဆုံးအချက်ဖြစ်တဲ့ "ပြိုင်လာရင်အရှုံးပေး နလုံးအေးတဲ့ဆေး" ဆိုတဲ့စကားလေးကိုတော့ ဘယ်လိုမှကိုသဘောမတူနိုင်ပါဘူး။ အခုလိုအပြိုင်အဆိုင်တွေများလှတဲ့ခေတ်ကြီးထဲမှာ တိုးတက်ကြီးပွားချင်တဲ့သူမှန်သမျှဟာ ဘာကိုပဲလုပ်လုပ် အမြဲတမ်းပြိုင်ကိုပြိုင်နေရတယ်...တိုင်းပြည်ချင်းယှဉ်မလား လူမျိုးချင်းပြိုင်မလား မိသားစုချင်းပဲကြည့်မလား သူများတွေကကိုယ့်ထက်တစ်လှမ်းကျော်သွားရင် ကိုယ်ကအနည်းဆုံး၄ - ၅ - ၁၀ လှမ်းလောက်နောက်ကလိုက်ပြီးကျော်တက်နိုင်ပါမှ အောက်ကျနောက်ကျနဲ့ တားမနောက်ပိတ်ခွေလို သူများတကာတွေရဲ့နောက်မှာ မကျန်ခဲ့မှာမဟုတ်လား။ ဆရာခုနကဆောင်ပုဒ်လေးထဲကလို ပြိုင်လာတိုင်းသာအရှုံးပေးနေရရင် တကယ်တမ်းလက်တွေ့ဘဝမှာ နလုံးတကယ်အေးတဲ့ဆေးဖြစ်ပါဦးမလား။ အရှုံးပေးရင်းပေးရင်း အရှုံးသမားတစ်ယောက်အဖြစ် ကိုယ့်ကိုယ်ကိုယ်သိမ်ငယ်အားလျော့လာပြီး နောက်ဆုံးကျတော့ လူတန်းစေ့မနေနိုင်တော့ဘဲ အောက်ကျနောက်ကျဘဝကြီးထဲမှာ စိတ်ဓာတ်တွေကျဆင်းလာပြီး ဘဝမှာနေလို့တကယ်ပျော်ရွှင်နိုင်ပါဦးမလားဆရာ"

"ကိုမိုးပြောတာလည်းအကျိုးသင့်အကြောင်းသင့်ပါပဲ။ တကယ်တမ်းကျတော့ ဒီဆောင်ပုဒ်ကလေးက တရားသဘောနဲ့ စိတ်အေးအေးချမ်းချမ်းနေတတ်အောင် တိုက်တွန်းထားတာဖြစ်တယ်။ လူသားတွေဟာတစ်ယောက်နဲ့တစ်ယောက်လောဘတွေပြိုင်ကြတယ်၊ ဒေါသတွေပြိုင်ကြတယ်၊ မာန်မာနတွေပြိုင်

ကြတယ် ဂုဏ်တုဂုဏ်ပြိုင်တွေလုပ်ကြတယ် အဲသလိုပြိုင်ဆိုင်ကြရင်း ရန်ပွဲကြီးတွေ စစ်ပွဲကြီးတွေ စိတ်ဆင်းရဲသောကတွေ ဒုက္ခတွေပင်လယ်ဝေကြရတာတွေကိုကြည့်မြင်တရားရပြီး လူသားတွေအချင်းချင်း မေတ္တာတရားနဲ့ချစ်ချစ်ခင်ခင်နေကြရမယ်။ ကိုယ့်ကိုဒေါသတွေ လောဘတွေ မာနတွေပြိုင်လာခဲ့ရင်လည်းအရှုံးပေးလိုက်ခြင်းဟာ ခန္တီပါရမီဆိုတဲ့သည်းခံခြင်းတရားတွေနဲ့ ပြည့်ဝစွာနေထိုင်ခြင်းဖြစ်တယ်လို့ ဆိုလိုတာဖြစ်တယ်။ ဒါကြောင့်စကားလုံးတွေရဲ့အဓိပ္ပာယ်တွေကိုကောက်ယူပုံကောက်ယူနည်းဟာ သိပ်အရေးကြီးတယ်လို့ဆရာကပြောချင်တာ။ ဆရာ့ရဲ့တပည့်လေးတစ်ယောက်က စာရေးဖူးတယ်။ သူကမြတ်စွာဘုရားရဲ့ "မဖြိုမပင့်ပဒါ" ဆိုတဲ့အလယ်အလတ်လမ်းစဉ်ကို သိပ်ကိုသဘောကျတာမို့သူ့ရဲ့ဘဝမှာ အမြဲလက်တွေ့အသုံးချသတဲ့။ စာကျက်ရင်လည်းအရမ်းကြီးသိအောင်အရမ်းကြီးတော်အောင်ဆိုတဲ့တစ်ဖက်စွန်းကိုလည်းမရောက်အောင် ကျားကုတ်ကျားခဲကြိုးစားတာမျိုးမလုပ်ဘူး။ ကျောင်းလုံးဝမတက် ကျောင်းပြေး စာမကျက်စာမေးပွဲတွေကျဆိုတဲ့တစ်ဖက်စွန်းကိုလည်း ရောက်အောင်မလုပ်ဘူး။ စာမေးပွဲအောင်ရုံလောက် သိရင်တော်ပါပြီ၊ ဒီထက်ပိုပြီးထပ်လည်းမလိုချင်တာမို့ အပင်ပန်းလည်းသိပ်ခံပြီးစာတွေကို ဟိုကဒီကလိုက်ရှာပြီး ဖတ်မနေတော့ဘူးဆရာ။ အတန်းထဲမှာလည်း ထိပ်ဆုံးရောက်အောင်မကြိုးစားတော့ဘူး။ အဆင့်အားဖြင့်အလယ်အလတ်လောက်က မှန်မှန်လေးစာမေးပွဲအောင်နေရင် တော်ပါပြီဆိုတဲ့အလယ်အလတ်လမ်းစဉ်လေးနဲ့ပဲ နေလိုက်တော့တယ်တဲ့။ ကိုင်း...ဒီကျောင်းသားလေးရဲ့အလယ်အလတ်လမ်းစဉ်ဆိုတာကိုရော ဘယ်လိုသဘောရသလဲ"

သူ့စကားလည်းကြားရော သူသူဆိုတဲ့ငနဲမလေးက ဟိခနဲတစ်ချက်ရယ်လိုက်ပြီး "သမီးအဖြစ်နဲ့တူလိုက်တာဆရာရယ် ကျောင်းမှာတုန်းကဆိုသမီးလည်းအဲသလိုစိတ်မျိုးထားပြီးနေခဲ့တာပဲ။ အတန်းထဲမှာအတော်ဆုံးလည်းမဖြစ်ချင်ပါဘူးဆရာ။ ဘာလုပ်လို့လိုက်ပြိုင်နေမှာလဲ အဲဒီအစွန်းလည်းမရောက်ချင်ပါဘူး။ အဲဒီလိုသဘောပါပဲ စာမေးပွဲတွေကျ ဘိတ်ချိုးချည်းလည်းမဖြစ်ချင်ဘူး၊ စာမေးပွဲအောင်ရုံလောက်ရရင်တော်ပါပြီဆိုပြီး အလယ်အလတ်လမ်းစဉ်လိုက်ပြီး ရသမျှနဲ့ရောင့်ရဲတင်းတိမ်လိုက်တာပဲ။ ဒါကောင်းတာပဲ ဘုရားဟောနဲ့လည်းညီတယ်မဟုတ်လားဆရာ"



ဒေါက်တာငြိမ်းချမ်းလည်း ဒီတစ်ခါတော့ ဟက်ဟက်ပက်ပက်ကြီးကိုရယ်မောလိုက်မိပါတော့၏။

ဟုတ်ပါရဲ့နော်စကားလေးတစ်လုံး စာလေးတစ်ကြောင်းကိုအဓိပ္ပာယ်ကောက်ချင်သလိုကောက်ပြီး ကိုယ်လိုရာကိုယ်ဆွဲ၍တွေးပြီး ကိုယ်ထင်ရာတွေကိုယ်လုပ်ကြသောလောကလူသားတို့၏သဘာဝကလေးတွေကရယ်မောစရာကောင်းနေသည်ပဲမဟုတ်ပါလား။

ထိုသို့သော ရယ်ချင်ပြုံးချင်စရာကောင်းသည့် လူ့စရိုက်သဘာဝလေးတွေကိုတွေ့ရကြုံရဖန်များလာလေလေ ယခုသူပြောပြလိုက်သော "ATTITUDE" ဆိုသည့် "ရာနှုန်းပြည့်ဘဝနေနည်း" ကအရေးပါမှန်ကန်လေဆိုသည်ကိုပို၍ပို၍လက်ခံသဘောပေါက်လာလေလေဖြစ်ပါသည်။

ကိုင်း...အသင်စာဖတ်သူကရော အလယ်အလတ်လမ်းစဉ်တည်းဟူသော "မဖြိုမပင့်ပဒါ" ဆိုသည့်လမ်းစဉ်သည် ယခုတပည့်လေးနှစ်ဦးပြောသည့်အတိုင်းပါပဲဟု သဘောတူပါရဲ့လား။ "ATTITUDE" ဟူသည့်စကားလုံးက ရာနှုန်းပြည့်ဘဝနေနည်းအမှန်ဟုယူဆပါရဲ့လား။ ကိုမိုးနှင့်သူသူကတော့ တစ်ယောက်တစ်ပေါက်နှင့်သူ့ကိုပူညံပူညံလုပ်နေလေပြီ။

"ဆရာ ရှင်းပြစမ်းပါဦး၊ ဆရာ့ "ATTITUDE" ဆိုတာကြီးကဘယ့်နယ်ဖြစ်ပြီး "ရာနှုန်းပြည့်ဘဝနေနည်း" ဖြစ်ရတာလဲ။ သမီးကတော့သိပ်နားမလည်ဘူး...ရှင်းပြပါဦးနော်" တဲ့။

●●●

> "လောကမှာဘယ်လိုပဲဖြစ်ဖြစ် တွေ့ရကြုံရတဲ့ကိစ္စအဝဝကို ကောင်းတဲ့ဘက်၊ မြင့်တဲ့ဘက်၊ မြတ်တဲ့ဘက်ကိုပဲလှည့်ပြီး တွေးတတ်မြင်တတ်တဲ့စိတ်ထားသဘောထားမျိုးနဲ့နေထိုင်ခြင်းကိုနလုံးသွင်းမှန်ကန်ခြင်း" လို့ခေါ်တာဖြစ်တယ်...

၁၄

# ငါသေရင်လည်း မလာနဲ့ နင်သေရင်လည်း မလာဘူး




# ငါသေရင်လည်းမလာနဲ့ နင်သေရင်လည်းမလာဘူး

သူသူကမျက်မှောင်လေးတစ်ချက်ကြုတ်ရင်းဒေါက်တာငြိမ်းချမ်းကို ပူညံပူညံလုပ်လေ၏။

"သမီးပြောတဲ့အဖြေက "ရောင့်ရဲတင်းတိမ်ခြင်း" နော်...ရောင့်ရဲတာ က ရာနှုန်းပြည့်ဘဝနေနည်းမဟုတ်ဘူးလို့ ဆရာကပြောတယ်။ ဟုတ်သားပဲ ဆရာရှင်းပြတော့လည်းဟုတ်တုတ်တုတ်။ အခုဆရာပြောတဲ့ "ATTITUDE" ဆို တာက "စိတ်ထားသဘောထား" ကိုဆိုလိုတာမဟုတ်လား။ ဘယ်လိုစိတ်ထား သဘောထားကိုထားရမှာလဲဆရာ၊ ပျော်ပျော်နေရမယ်စိတ်မညစ်ရဘူးလို့ပြော တာလား။ ပျော်ပျော်နေရမယ်ဆိုတဲ့စိတ်ကိုထားလိုက်တာနဲ့ပဲ ပျော်ရတော့မှာ လား၊ အဲဒီလောက်တော့လွယ်ပါ့မလားဆရာ...အဲဒါဆိုရင် လူတိုင်းလွယ်လွယ် လေးနဲ့ပျော်ကုန်တော့မှာပေါ့၊ အဲသလိုတော့မဟုတ်ဘူးထင်တယ်"

ကိုမိုးကလည်းတမောင့် "ကျွန်တော်ခုနတုန်းကပြောတဲ့နလုံးအေးတဲ့ ဆေးကလည်းတကယ်တမ်းကျတော့ နလုံးမအေးနိုင်ပါဘူးဆရာရယ်။ ဆရာဟို ကျောင်းသားလေးပြောပြတဲ့ပြီးတော့သူသူပြောတဲ့အလယ်အလတ်လမ်းစဉ်ဆို တာကြီးကလည်းမဟုတ်သေးပါဘူး။ ဟိုမရောက်ဒီမရောက်လမ်းစဉ်ကြီးဖြစ် နေမှာပေါ့။ အဲဒီတော့ဆရာပြောတဲ့"ATTITUDE" ကရော ဘာလမ်းစဉ်တုန်းဆရာ ဆိုရှယ်လစ်လမ်းစဉ်လား၊ ကွန်မြူနစ်လား၊ အရင်းရှင်စနစ်လား၊ ဘယ်လိုစိတ်

ထားသဘောထားမျိုးထားရမှာလဲ၊ ရှင်းပြပါဦးဆရာရယ်" ဟူ၍ကိုမိုးကလည်း စောဒကတက်လေတော့၏။

ဒေါက်တာငြိမ်းချမ်းသည် သူ့အားပူညံပူညံနှင့် စကားတွေလှပြောနေသောကိုမိုးနှင့်သူသူတို့အား ပြုံးပြုံးလေးကြည့်နေမိလေ၏။

"ကိုမိုးရာကြံ့ကြံ့ဖန်ဖန် ဆရာပြောတဲ့ "ATTITUDE" ဆိုတာက လူတစ်ယောက်ရဲ့စိတ်ထားသဘောထားကို ဆိုလိုတာဖြစ်တယ်...ဒီစိတ်ထားသဘောထားဟာ ဘယ်ကလာဆိုရှယ်လစ်တို့ အရင်းရှင်တို့ဖြစ်ရမှာလဲ။ ဒီလိုစနစ်တွေနဲ့ ဘာဆိုဘာမှမဆိုင်ပါဘူးကွာ။ လူတစ်ယောက်ရဲ့ "ဘဝ" မှာ အရေးအကြီးဆုံးက သူ့ရဲ့စိတ်ထားသဘောထားပဲ သူ့ရဲ့စိတ်ထားသဘောထားပေါ်မူတည်ပြီး သူ့ဘဝကြီးဟာပြောင်းလဲသွားနိုင်တယ်။ ဒီတော့ အောင်မြင်တဲ့ပျော်ရွှင်တဲ့ လူဖြစ်ရကျိုးနပ်တဲ့ဘဝကိုတည်ဆောက်ချင်ရင် မိမိရဲ့စိတ်ထားသဘောထားလေးကိုပဲ လိုသလိုပြောင်းလဲနိုင်အောင်ကြိုးစားရမယ်လို့ ဆိုလိုတာဖြစ်တယ်"

မျက်လုံးလေးပေကလတ်ပေကလတ်လုပ်ကာ လက်မခံချင်သလိုလိုဘာလိုလိုနှင့် သဘောမတူနိုင်သေးသောကိုမိုးက ...

"ဟာ...ဆရာကလည်း ဟုတ်ပါ့မလားဆရာရယ် ကျွန်တော်သိထားတာနဲ့ဆရာပြောတာတွေက တကယ့်ကိုဆန့်ကျင်ဘက်ကြီးဖြစ်နေပါရောလား။ ကျွန်တော်သိထားတာက လူဆိုတာဟာတည်တန့်ခိုင်မာတဲ့ကျောက်စာတိုင်လိုမယိမ်းမယိုင်ဘဲ အမှန်တရားအပေါ်မှာ ခိုင်ခိုင်မြဲမြဲရပ်တည်တတ်တဲ့ စိတ်ထားသဘောထားကို ထားရမယ်ဆိုတာလေ။ ဆရာပြောတဲ့အတိုင်းဆိုရင် စိတ်ထားသဘောထားကိုလိုသလိုလိုက်ပြီးပြောင်းလဲနိုင်အောင် ကြိုးစားရမယ်ဆိုတာက မခိုင်မမာဘဲ လေယူရာကိုယိမ်းတတ်တဲ့ ပဲပြားပင်လိုဖြစ်နေမှ လောကမှာရာနှုန်းပြည့်ဘဝနေနည်းလို့ ဆိုလိုတာလား။ အဲ သလိုကြီးဆိုရင်တော့...ကျွန်တော်ကတော့လက်မခံဘူးဆရာရယ်။ ပတ်ဝန်းကျင်ကိုလိုက်ပြီး ပုတ်သင်ညိုလိုအရောင်လိုက်ပြောင်းတတ်တဲ့ စိတ်သဘောထားဟာ ဘယ့်နယ်လုပ်ပြီးရာနှုန်းပြည့်အမှန်တရားဖြစ်ရမှာလဲ။ ဆရာ့ကိုခင်တာမင်တာ လေးစားတာကတခြားပဲ၊ အခုတော့ အားမနာနိုင်တော့ဘူးဆရာ၊ ပြောရတော့မှာပဲ ဟုတ်ဘူးလားသူသူရာ" ဟူ၍ပင် မကျေမနပ်ပြောနေရင်းက သူသူ့ဘက်သို့လှည့်ပြီး စစ်ကူတောင်းလိုက်လေ၏။

ဘောမှစိတ်ဝင်တစားနားထောင်နေရင်း သူသူတစ်ယောက်မျက်လုံးလေးပြူးသွားကာ...

"ကိုမိုးနော်ကိုမိုး...ဆရာကသဘောကောင်းတိုင်းဘယ့်နယ်ကြောင့်ရလိုခံပြီးငြင်းရတာလဲ။ လူကြီးကဒါဆိုရင်ဒါပဲလို့ အသာလေးခေါင်းညိတ်လိုက်ရမှာမဟုတ်ဘူးလား။ ကိုမိုးအစုတ်ပလုတ်အခုချက်ချင်းဆရာ့ကိုပြန်တောင်းပန်လိုက်" ဟုဒေါက်တာငြိမ်းချမ်းအားမျက်နှာပူစွာဖြင့်နိုင်ရာဖိထောင်းသကဲ့သို့ကိုမိုး၏ဗိုက်ခေါက်ကို လိမ်ဆွဲလေတော့၏။

"အားလားလားအားလားလား...ဘယ့်နယ်ကြောင့်ကိုယ့်ဗိုက်ခေါက်ကိုလာလိမ်ဆွဲရတာလဲ။ ဆရာရေဆရာ့တပည့်မကိုကြည့်ပြောပါဦး...ကျွန်တော်ဆေ်ပလော်တီးမိတော့မယ်"

"ဟားဟားဟား" သူတို့နှစ်ဦး၏ဘုနဲ့ဘောက်မတည့်အတူနေမြင်ကွင်းလေးကိုကြည့်ပြီး ဒေါက်တာငြိမ်းချမ်းဟက်ဟက်ပက်ပက်ကြီး ရယ်မောလိုက်မိလေ၏။ သူတို့လေးတွေနှင့်စကားပြောရသည်က လွတ်လပ်ပွင့်လင်းပြီးအပြစ်ကင်းစင်၏၊ ပျော်စရာလည်းကောင်းပါပေ၏။

"ဟားဟားဟား သူသူရေ...ကိုမိုးကြီးဗိုက်ခေါက်ကို လွှတ်ပေးလိုက်ပါတော့ကွာ၊ ကိုမိုးပြောချင်တာပြောပါစေ။ ဆရာပြောတာမို့ ဘာပဲဖြစ်ဖြစ်ဟုတ်ပါတယ်လို့ယုံလိုက်မှာပဲဆိုတဲ့ စိတ်ထားသဘောထားကိုလည်း ပြောင်းလဲပစ်ရမယ်။ မြတ်စွာဘုရားဟောကြားတဲ့ "ကာလာမသုတ်တော်" ထဲမှာလို လူကြီးတွေကပြောလို့လည်း ရမ်းပြီးမယုံနဲ့၊ စာအုပ်ထဲမှာရေးထားလို့လည်းဟုတ်မှာပဲဆိုပြီး မယုံနဲ့။ လူအများကသဘောတူတယ်ဆိုပြီးတော့လည်းမယုံနဲ့၊ ဘယ်ကိစ္စမှာမဆိုရမ်းသမ်းပြီးမယုံဘဲ ကိုယ်တိုင်ဟုတ်မဟုတ်မှန်မမှန်ကို စဉ်းစားတွေးခေါ်ချင့်ချိန်ပြီးတော့မှ အကျိုးသင့်အကြောင်းသင့်ဆိုမှ ယုံကြည်လက်ခံရတယ်။ အဲဒီလိုစိတ်ထားသဘောထားမျိုးကို ဆရာကတော့ သဘောလည်းသိပ်ကျတယ်၊ အားလည်းအားပေးတယ်။ ဒီလိုကိုမိုးကြီးရ..."ATTITUDE" ဆိုတဲ့စိတ်ထားသဘောထားဟာ "ရာနှုန်းပြည့်ဘဝနေနည်းအစစ်အမှန်" ဖြစ်တယ်ဆိုတာ ဆရာသိပ်ကိုသဘောကျတဲ့မြတ်စွာဘုရားရှင်ရဲ့ "ဘဝနေနည်း" အမှန်တရားလေးနဲ့ကိုက်ညီနေတာမို့ ဆရာလည်းတကယ့်ကို ယုံကြည်လက်ခံသွားခဲ့တာဖြစ်တယ်။ ဟုတ်

တယ်ကိုမိုးနဲ့သူသူတို့ရေ…မြတ်စွာဘုရားရှင်ဟာ ဆရာတို့လူသားတွေအတွက် အလွန်အဖိုးထိုက်တန်လှတဲ့စကားလေးတစ်ခွန်းနဲ့ ဘဝနေနည်းအမှန်တရားကို လမ်းညွှန်သွားခဲ့တယ်။ အဲဒီစကားလေးကတော့ "ယောနိသောမနသိကာရ" လို့ခေါ်တဲ့ "အသင့်အတင့်နှလုံးသွင်းတတ်ပါစေ" ဆိုတဲ့စကားလေးပါပဲ။ ဒီမှာလည်း အဓိပ္ပာယ်ကောက်မမှားဖို့တော့လိုတယ်။ ဘုရားရဲ့ကျင့်စဉ်ဖြစ်တဲ့ "မဇ္ဈိမပဋိပဒါ" လမ်းစဉ်ကို "အလယ်အလတ်လမ်းစဉ်" လို့ဘာသာပြန်ပြီးအလယ်လေးမှာလတ် နေတာပဲကောင်းတာပဲလို့ကျေနပ်နေသလိုမျိုး "အသင့်အတင့်နှလုံးသွင်းတယ်" ဆိုတာကိုလည်းအများကြီးလည်းမဟုတ်အနည်းလေးလည်းမဟုတ်ဘဲအလယ် ထဲမှာပဲ စိတ်နှလုံးသွင်းရမှာလားဆိုပြီးအဓိပ္ပာယ်မကောက်ရဘူးနော်။ တကယ့် အဓိပ္ပာယ်အမှန်က ဒီလို…"

"လောကမှာဘယ်လိုပဲဖြစ်ဖြစ် တွေ့ရကြုံရတဲ့ကိစ္စအဝဝကို ကောင်း တဲ့ဘက်၊ မြင့်တဲ့ဘက်၊ မြတ်တဲ့ဘက်ကိုပဲလှည့်ပြီး တွေးတတ်မြင်တတ်တဲ့စိတ် ထားသဘောထားမျိုးနဲ့နေထိုင်ခြင်းကို "နှလုံးသွင်းမှန်ကန်ခြင်း" လို့ခေါ်တာဖြစ် တယ်"

"ဟုတ်တယ်ကိုမိုးရေ…ဟောဒီလောကကြီးဟာ ဆရာတို့လူသားတွေ အတွက်ဖြစ်ချင်ရာတွေအားလုံးဖြစ်ပါစေ၊ လိုအင်ဆန္ဒမှန်သမျှပြည့်ဝပါစေဆိုပြီး ကိုယ့်ရဲ့စိတ်ကြိုက်အရာအားလုံးကိုအိုကေမှာစုံပြည်အောင် လိုက်ပြီးဖန်ဆင်းပေး ထားတဲ့လောကကြီးမဟုတ်ဘူးလေ။ မင်းဘာသာကြိုက်ကြိုက် မကြိုက်ကြိုက်သူ့ သဘာဝအတိုင်း သူ့ဘာသာဖြစ်ချင်ရာတွေဖြစ်နေမှာပဲ။ အဲဒီလိုဖြစ်ချင်ရာဖြစ်နေ တဲ့ထဲမှာ ကိုယ်နစ်သက်တာပါနိုင်သလို ကိုယ်မကြိုက်တာတွေ မုန်းတီးရွံရှာတာ တွေစသည်ဖြင့် မကောင်းတာတွေလည်းအများကြီးပါတတ်တာပဲ။ ကိုယ်ကြိုက် တာတွေချည်းရမှသာ လောကမှာပျော်မယ်၊ စိတ်ချမ်းသာမယ်ဆိုရင်တော့ ပျော် ရတဲ့စိတ်ချမ်းသာရတဲ့အချိန်ဟာ သိပ်ကိုနည်းပြီး စိတ်ညစ်စိတ်ရှုပ် စိတ်ကုန်စရာ တွေနဲ့ချည်း အမြဲမောကြပ်ဆင်းရဲနေမှာပဲမဟုတ်လား။ ကောင်းတာတွေရောဆိုး တာတွေရော၊ ရောပြွမ်းပြီးဖြစ်ချင်ရာဖြစ်နေတဲ့ လောကဓံတရားတွေနဲ့ရင်ဆိုင်ရ တိုင်း မိမိဘက်ကကောင်းတဲ့ မြင့်တဲ့ မြတ်တဲ့ဘက်ကကြည့်ပြီး ရင်ဆိုင်တတ်တဲ့ စိတ်ထားသဘောထားကို ပြောင်းလဲပြီးမွေးရမှာဖြစ်တယ်"



"ဥပမာ…လူတွေကိုဆက်ဆံတဲ့ နေရာမှာပဲကြည့်ပေါ့။ လူသားအား လုံးကိုတူညီတဲ့စိတ်နဲ့ တပြေးညီတည်းထားပြီးအားလုံးကိုဒီအတိုင်းပဲလို့တစ်သ မတ်တည်းစိတ်ထားမယ်ဆိုတာမျိုး လူတိုင်းကိုအတူတူပဲ ဆက်ဆံလို့ဖြစ်နိုင်ပါ့မ လား။ ကိုယ်နဲ့တန်းတူအဆင့်တူတွေနဲ့တွေ့ရရင် "မေတ္တာ" ဆိုတဲ့ချစ်ခင်စိတ်နဲ့ ဆက်ဆံရမယ်။ အဲသလိုမဆက်ဆံရင် တစ်ယောက်နဲ့တစ်ယောက်ပြိုင်မိဆိုင်မိ ခုတ်မိထစ်မိတတ်တယ်။ ကိုယ့်ထက်အဆင့်အတန်းနိမ့်ကျတဲ့လူသားတွေနဲ့ဆက် ဆံတဲ့အခါကျရင်လည်း သနားကြင်နာခြင်းဆိုတဲ့ "ကရုဏာ" တရားနဲ့ဆက်ဆံရ မယ်။ အဲသလို "ကရုဏာ" မထားမိရင်လည်း ကိုယ်ကသူတို့ကိုအနိုင်ကျင့်မိတတ် တယ်၊ နိုင့်ထက်စီးနင်းဆက်ဆံမိတတ်တယ်။ အဲသလိုပဲ ကိုယ့်ထက်မြင့်မားတဲ့လူ တွေနဲ့ တွေ့တဲ့ကြုံတဲ့အခါမှာလည်း ဝမ်းမြောက်ခြင်း "မုဒိတာစိတ်" ထားပြီးဆက် ဆံရမယ်။ မဟုတ်ရင်မနာလိုဝန်တိုစိတ်နဲ့ ကိုယ်ပဲပူလောင်ပင်ပန်းရမယ်။ လူတွေ နဲ့ဆက်ဆံရင်း ကိုယ့်စိတ်နဲ့အလိုမကျတာ ကိုယ့်ကိုထိခိုက်စော်ကားတာ ကိုယ် လုပ်သလိုမှမဖြစ်တာစသဖြင့် အလိုမကျစိတ်ဓာတ်တွေကျစရာနဲ့ကြုံလာရရင် လည်း "ဥပေက္ခာ" ဆိုတဲ့ စိတ်ထားသဘောထားကိုထားရမယ်"

ထိုစဉ်မှာပင်သူသူက…

"ဟုတ်ပြီဟုတ်ပြီ ဟိုတစ်နေ့ကပဲ သမီးတို့အိမ်ရှေ့အိမ်ကကြီးဒေါ်ကြီး သူ့သားကဆိုးလွန်းလို့ စိတ်တွေတိုဒေါသတွေထွက်ပြီး ဟော့..နင့်ကိုဥပေက္ခာပြု လိုက်ပြီ ငါသေရင်လည်းနင်မလာနဲ့ နင်သေရင်လည်းငါမလာဘူး…ကျောင်းပေ တော့လို့ပြောတယ်။ အဲဒီဥပေက္ခာကိုပြောတာလားဆရာ" ဟုဝမ်းသာအားရဝင် ပြောလိုက်လေ၏။ ထိုစဉ်မှာပင် သူသူ၏ငယ်ထိပ်ကလေးကိုဒေါက်ခနဲခေါက်သံ ပေါ်ထွက်လာပြီး အဲဒါပေါ့ "စိန်ကောင်းကျောက်ကောင်း အရောင်းအဝယ်လုပ် နေချိန်မှာ ဆေးရိုးသည်က ကန့်လန့်ကန့်လန့်ဆိုတာ" ဟုကိုမိုးကပြောလိုက်၏။ "အလယ်လယ် ဟောဒီမှာသမီးခေါင်းကို ကိုမိုးခေါက်တယ်…ကိုမိုးနော် အိမ်ကျ မှသိမယ်" ဟုသူသူက ခေါင်းကလေးကိုပွတ်ရင်းကြုံးဝါးလိုက်လေတော့၏။

●●●

ရာနှုန်းပြည့်ဘဝနေနည်းရဲ့ အဓိကသော့ချက်ဖြစ်တဲ့ "ATTITUDE" စိတ်ထားသဘောထားခံယူချက်ထဲမှာ "ဥပေက္ခာ" ဆိုတဲ့စိတ်ထားလေးကလည်း အင်မတန်အဓိကကျတဲ့အခန်းကဏ္ဍကပါဝင်တယ်။ ဆရာပြောခဲ့တယ်မဟုတ်လား...လောကကြီးမှာဖြစ်နေပျက်နေတဲ့အရာတွေအားလုံးကို ကိုယ်ကလိုက်ပြီးပြုပြင်ပြောင်းလဲပစ်လို့မရဘူး။ အဲဒီဖြစ်နေပျက်နေတဲ့အခြေအနေပေါ်မူတည်ပြီး မိမိရဲ့စိတ်ထားသဘောထားကိုပဲ လိုအပ်သလိုပြောင်းလဲပစ်နိုင်ဖို့အရေးကြီးတယ်။ အဲဒီလိုစိတ်ထားကိုလိုသလိုမှန်မှန်ကန်ကန်ပြောင်းလဲပစ်နိုင်တဲ့အရည်အသွေးရှိပြီဆိုရင် ဘဝမှာရာနှုန်းပြည့်နေတတ်ပြီလို့ ဆိုလိုတာပဲဖြစ်တယ်...

# ၁၅

# မြင်မြင်ချင်း ချစ်ခဲ့တာ LOVE




# မြင်မြင်ချင်းချစ်ခဲ့တာ "LOVE"

သူ့ရှေ့တွင် အပြန်အလှန်ရန်တွေ့ဖြစ်နေသော "ကိုမိုးနှင့်သူသူ" ဇနီးမောင်နှံနှစ်ဦးအား ဒေါက်တာငြိမ်းချမ်းတစ်ယောက် ပြုံးပြုံးလေးငေးစိုက်ကြည့်နေမိလေ၏။ ကြည့်စမ်းပါဘိ...သူသူကပြောသည်။ "နှင့်ကိုဥပေက္ခာပြုလိုက်ပြီလို့ပြောတာဟာ "ကျောင်းပေတော့" သေခန်းပြတ်ပဲ နင်သေရင်လည်းငါမလာဘူး၊ ငါသေရင်လည်းနင်မလာနဲ့" တဲ့။ ကိုင်း ဘယ်လောက်တောင်ရှင်းလင်းပြတ်သားလိုက်သည့်ဒဿနနည်း။ လယ်ပြင်မှာဆင်သွားသကဲ့သို့ ရှင်းလွန်းလှပါ၏။ လူတွေအများစုနားလည်သဘောပေါက်ကာ လက်တွေ့ကျင့်သုံးနေကြတာလည်း ဤအတိုင်းပဲဖြစ်ပါသည်။

ထိုသို့လူတကာယုံကြည်ကြသော "ဥပေက္ခာ" ဆိုသည့်အရာကို... ကိုမိုးဆိုသည့်ငတိလေးက အဘယ်အကြောင်းကြောင့်များလက်မခံဘဲ သူသူ၏ ငယ်ထိပ်ကိုဒေါက်ခနဲမြည်အောင်ခေါက်ပြီး သဘောမတူကြောင်းသက်သေထူရပါသနည်း။

"ဟားဟားဟား..သူသူပြောတာဟုတ်နေသားပဲမဟုတ်လားကိုမိုးရှင်းစမ်းပါဦး ဘာကြောင့်သူသူ့ကိုခေါင်းခေါက်ရတယ်ဆိုတာကို" ဟုသူကကြားဝင်ပြီးမေးခွန်းထုတ်လိုက်ပါ၏။

"ဟဲဟဲ..ခါတိုင်းဆိုသူသူကချည်း ကျွန်တော့်ကိုခေါ်ပလော်တီးပြီး

ကျွန်တော်ကချည်းခံခဲ့ရတာဆိုတော့ အခုသူသူကြောက်တဲ့ဆရာ့ရှေ့မှာ တစ်ခါလောက်လက်ဦးအောင် တီးလိုက်တဲ့သဘောပါဆရာ။ ဥပေက္ခာထားတယ်ဆိုတဲ့စကားကို ကျွန်တော်တို့တွေနေ့စဉ်နဲ့အမျှသုံးကြတာ ခုနကသူသူပြောခဲ့တဲ့သဘောအတိုင်းတွေချည်းပါပဲဆရာ။ မြန်မာလိုပြန်လိုက်ရင်တော့ ဥပေက္ခာဆိုတာ "လျစ်လျူရှုလိုက်တာ" တဲ့၊ အဲဒါကလည်းမင်းထိုက်နဲ့မင်းကံဖြစ်ချင်ရာဖြစ်ပလေ့စေဆိုပြီး သံယောဇဉ်ဖြတ်ပစ်လိုက်တာ မဟုတ်ဘူးလားဆရာ၊ အခုပဲသူသူပြောတဲ့ထဲပါသွားတယ်မဟုတ်လား "ဂျောင်းပေတော့" ဆိုတာလေ"

အဲသည်တော့မှ သူသူကတစ်စခန်းထလေ၏။ "အမယ်မယ်..သူများခေါင်းကိုလာခေါက်ပြီး သူကပဲသိသလိုလိုနဲ့ မဂ်လာလာယူနေသေးတယ်။ အခုကိုမိုးပြောတာကျတော့လည်း သူသူပြောတာနဲ့ဘာထူးလို့လဲ၊ အတူတူပဲမဟုတ်ဘူးလား၊ အတူတူချင်းကိုအရှုးက တမူးသာချင်သေးတယ်။ အဲဒီအတွက်ကိုမိုးကိုအိမ်ကျမှ ဗိုက်ခေါက်တစ်ခါပြန်ပြီးလိမ်ဆွဲရမှာပဲ"

"ဟုတ်တယ် ကိုမိုးနဲ့သူသူတို့ရေ...ဆရာတို့တွေအားလုံးလိုလိုဟာ ဥပေက္ခာပြုလိုက်ပြီလို့ပြောလိုက်တာနဲ့ အဲဒီနောက်မှာဂရုမစိုက်တော့ဘူး၊ နင့်ဟာနင်ဖြစ်ချင်ရာဖြစ်စမ်းပလေ့စေ၊ ပစ်ထားလိုက်တော့မယ်စသဖြင့် ဒေါသစိတ်တွေတစ်ခါတည်းကပ်ပြီး သူ့အလိုလိုပါလာတတ်တယ်။ ခုနတုန်းကသူသူပြောတဲ့အထဲကကြီးဒေါ်ကြီးလိုပေါ့ "သေခန်းပြတ်" သံယောဇဉ်တွေလည်းပြတ်ပြီလို့ကြမ်းတမ်းတဲ့စိတ်ထားတွေဝင်လာသလိုဖြစ်သွားတယ်၊ တကယ်တမ်းကျတော့ ဥပေက္ခာဆိုတာသိပ်ကိုသိမ်မွေ့ညင်သာတယ်။ ဒီလိုကြမ်းတမ်းရိုင်းစိုင်းတဲ့စိတ်ထားမျိုးကို ပြောတာမဟုတ်ဘူးသူသူတို့ရ"

"ဟင်ဟုတ်လားဆရာ...ဘယ်လိုများသိမ်မွေ့ညင်သာပါလိမ့်၊ ကျွန်တော်တို့သိထားတာကျတော့ ဥပေက္ခာပြုလိုက်ပြီလို့ တစ်ယောက်ယောက်ကပြောလိုက်ပြီဆိုတာနဲ့ ဒါဟာလျစ်လျူရှုလိုက်တာပဲ ငါ့ကိုဂရုမစိုက်တော့ဘူး ပစ်ပယ်လိုက်ပြီ ငါ့ကိုမချစ်တော့ဘူး မုန်းလိုက်ပြီလို့ပြောလိုက်တာလို့ပဲ ခံစားရလို့ပါဆရာ" ဟုကိုမိုးက သူ့စကားအားနားမလည်သလို အံ့အားသင့်စွာနင့် စကားဝင်ထောက်လေ၏။ သူသူ့ကိုကြည့်လိုက်တော့လည်း...

"ဟုတ်သားပဲဆရာ...ဥပေက္ခာပြုလိုက်ပြီဆိုတာ နင့်ကိုမုန်းလိုက်ပြီလို့ဆိုလိုတာပဲမဟုတ်လား၊ သူသူလည်းဒီလိုပဲနားလည်တယ်ဆရာ" ဟုကိုမိုးစကားကိုထောက်ခံလေ၏။



"အမယ်မယ် ဒီတစ်ခါကျတော့ ဒီနှစ်ယောက်အတိုင်အဖောက်တွေညီလွန်းနေပါလား။ ဟုတ်တယ်သမီးတို့ပြောသလိုပဲ လူတွေထင်နေကြတာက ဥပေက္ခာဆိုတာအမုန်းတရားလို့လေ။ ဒါပေမဲ့ "ဥပေက္ခာ" ဆိုတဲ့လျစ်လျူရှုခြင်းစိတ်ထားဟာ သိပ်သိမ်မွေ့နူးညံ့တယ်။ ချစ်တာတွေမုန်းတာတွေ ဘာဆိုဘာမှမပါတော့ဘူး။ ပြောရမယ်ဆိုရင် လူတွေရဲ့သဘာဝဖြစ်တဲ့သိပ်ချစ်တဲ့ သိပ်မုန်းတဲ့ခံစားချက်တွေမပါတော့ဘူး။ ဟောဒီလောကကြီးမှာရှိတဲ့ လူသားတွေအားလုံးဟာတကယ်တမ်းကျတော့ ကုသိုလ်ကံကြမ္မာရဲ့စီမံရာကိုခံကြရတာပဲ၊ ကံဇာတ်ဆရာရဲ့အလိုကျကပြကြရတာဟာ လူသားတိုင်းရဲ့ဖြစ်မြဲဓမ္မတာပဲဆိုတဲ့ သဘာဝတရားကြီးကိုစိတ်ထဲနလုံးသားထဲက နစ်နစ်ကာကာကြီးလက်ခံသဘောပေါက်သွားတာပဲဖြစ်တယ်။ အဲသလိုသဘောပေါက်သွားပြီဆိုရင် လောကကြီးမှာဘယ်လိုပဲလောကဓံတရားတွေနဲ့ကြုံကြုံ မဖြုံစတမ်းဆိုတဲ့အားမာန်သတ္တိတွေ သူ့အလိုလိုရလာမှာပဲဖြစ်တယ်"

"ဟင်ဘယ်လိုလဲဆရာ ကျွန်တော်တော့နည်းနည်းလေးရှုပ်သွားပြီ။ ဥပေက္ခာဆိုတာကုသိုလ်ကံပဲဆိုပြီး "ကံ" ဆိုတဲ့အရာကြီးပေါ် အရာရာကိုလွှဲချလိုက်တာလို့ ဆရာကဆိုလိုတာလားဟင်။ အဲဒါဆိုရင်တော့ ကျွန်တော်သိပ်သဘောမတူတော့ဘူးဆရာရယ်...ဆရာ့ကိုတော့အားနာပါရဲ့ ကျွန်တော်ကတော့ "ကုသိုလ်ကံပဲလေ" ဆိုပြီးအရာရာကိုကံပေါ်လွှဲလွှဲချနေတာကြီးကိုမကြိုက်ဘူး။ ကျွန်တော်တို့မြန်မာနိုင်ငံမတိုးတက်တာ ဆင်းရဲနေတာ အဲသလိုဘာပဲဖြစ်လာဖြစ်လာ "ကံကံ" ဆိုပြီးဘာမှန်းမသိတဲ့အရာတစ်ခုခုပေါ်အပြစ်ပုံချပြီး အေးအေးသက်သာလေးနေတတ်လွန်းလို့ဖြစ်နေတာမဟုတ်ဘူးလားလို့စိတ်ထဲမှာအချဉ်တောင်ပေါက်နေမိတယ်။ ကျွန်တော်ပြောတာမဟုတ်ဘူးလားဆရာ" ဟုကိုမိုးကဝင်၍ကန့်ကွက်လေတော့၏။

"ဟုတ်တယ် ကိုမိုးပြောတာဟုတ်ပါတယ်..အရာရာတိုင်းကိုဘာဆိုဘာမှကြိုးစားအားထုတ်မှုမရှိပါဘဲ ပျင်းပျင်းရိရိနေမယ် အချောင်ခိုမယ် ဘာမှမလုပ်ဘူး။ ဘာမှမလုပ်လို့ဘာမှမဖြစ်လာတော့မှ ဒါဟာကုသိုလ်ကံပါပဲဆိုပြီး ကံ

ကိုလွဲချကြတာတွေအများကြီးပဲ ဒါကတော့လုံးဝမှားတယ်၊ အဲသလိုအဓိပ္ပာယ် မဟုတ်ဘူး။ ဆရာပြောပြခဲ့တဲ့ ရာနှုန်းပြည့်ဘဝနေနည်းရဲ့အဓိကသော့ချက်ဖြစ်တဲ့"ATTITUDE" စိတ်ထားသဘောထားခံယူချက်ထဲမှာ "ဥပေက္ခာ" ဆိုတဲ့စိတ်ထားလေးကလည်း အင်မတန်အဓိကကျတဲ့ အခန်းကဏ္ဍကပါဝင်တယ်။ ဆရာပြောခဲ့တယ်မဟုတ်လား ... လောကကြီးမှာဖြစ်နေပျက်နေတဲ့ အရာတွေအားလုံးကို ကိုယ်ကလိုက်ပြီးပြုပြင်ပြောင်းလဲပစ်လို့မရဘူး။ အဲဒီဖြစ်နေပျက်နေတဲ့ အခြေအနေပေါ်မူတည်ပြီး မိမိရဲ့စိတ်ထားသဘောထားကိုပဲ လိုအပ်သလိုပြောင်းလဲပစ်နိုင်ဖို့အရေးကြီးတယ်။ အဲဒီလိုစိတ်ထားကိုလိုသလိုမှန်မှန်ကန်ကန်ပြောင်းလဲပစ်နိုင်တဲ့အရည်အသွေးရှိပြီဆိုရင် ဘဝမှာရာနှုန်းပြည့်နေတတ်ပြီလို့ ဆိုလိုတာပဲဖြစ်တယ်။ ကိုင်း ဒီစကားတွေကို ဒီအတိုင်းပြောနေရင်သီအိုရီတွေစာအုပ်ကြီးထဲကစာတွေလာရွတ်နေသလိုခံစားရပြီး နားမလည်နိုင်သလိုလိုဖြစ်နေမှာပဲ။ ဒီတော့လက်တွေ့ဥပမာလေးတစ်ခုနဲ့ ပြောပြချင်တယ်။ ဒါမှလည်းလက်တွေ့ကျကျနားလည်လာမှာမဟုတ်လား ... ဆရာကဆရာဝန်ဆိုတော့ လူနာတစ်ယောက်ကိုဆေးကုတဲ့အခါမှာ အဆင့်ဆင့်ပြောင်းလဲပြီးထားရှိရမယ့်စိတ်ထားသဘောထားလေးအကြောင်းကို စာအုပ်တစ်အုပ်ထဲမှာဖတ်လိုက်ရပြီးကြိုက်လွန်းလို့ ဆရာ့ရင်ထဲအသည်းထဲစွဲထင်သွားတဲ့ ကဗျာဆောင်ပုဒ်ကလေးတစ်ခုနဲ့ဥပမာပြမယ်နော်။ ပထမဆုံးကဗျာလေးကိုရွတ်ပြမယ် ကဗျာလေးကတိုတိုလေးပါ...

"မကုခင် မေတ္တာဝင်

ကုစဉ် ကရုဏာ

ကုသပြီးနောက် မုဒိရောက်

ပြီးမြောက် ဥပေက္ခာ" ...တဲ့၊

ကဗျာရှင်စာဆိုရဲ့နာမည်ကိုတော့မမှတ်မိတော့ဘူး။ ခွင့်လွှတ်ပါဒီလိုလေလူတိုင်းလူတိုင်းအလုပ်လုပ်ကြမှာပဲ၊ အလုပ်လုပ်ကြတဲ့အခါမှာ ဒီအလုပ်ဖြစ်မြောက်အောင်မြင်ဖို့၊ စိတ်ချမ်းချမ်းသာသာနဲ့အလုပ်တွေပြီးဆုံးဖို့၊ စိတ်ဒဏ်ရာတွေမရဘဲအသက်ရှည်ရှည်နေနိုင်ဖို့၊ စိတ်သဘောထားလေးကို သူ့အဆင့်နဲ့သူပြောင်းလဲသွားဖို့လိုအပ်တာပေါ့။ ပထမဆုံး လူနာတစ်ယောက်ကိုဆေးကုတော့မယ်ဆိုရင် မကုခင်အချိန်လေးမှာ မေတ္တာစိတ်ကလေးထားရမယ်။ အဲဒါကတော့..လူနာရဲ့ကောင်းကျိုးကို တကယ့်ကိုလှိုက်လှိုက်လှဲလှဲလိုလားတဲ့ စိတ်ကောင်းလေးထားခြင်းဖြစ်တယ်။ ဒါမှသာလူနာနဲ့စပြီးတွေ့တဲ့အချိန်မှာကို မိမိစိတ်ထားရဲ့ပြတင်းပေါက်ဖြစ်တဲ့မျက်လုံးထဲမှာ မိမိရဲ့အပြုံးထဲမှာ သူ့ရဲ့အကျိုးကိုတကယ်လိုလားမှန်းသိသာစေတဲ့စိတ်တစ်မျိုး ပေါ်လွင်နေမှာအမှန်ပဲ။ အဲဒီအချက်ဟာဆေးကုသမှုအောင်မြင်ဖို့ အရေးအကြီးဆုံး အခန်းကဏ္ဍတစ်ခုအဖြစ်ပါဝင်တယ်လို့တောင်ပြောလို့ရမယ်။ ကိုမိုးတို့သူသူတို့လည်းကြားဖူးမှာပေ့ါ ... တချို့မေတ္တာဓာတ်သိပ်ကြီးမားတဲ့ ဆရာဝန်ကြီးတွေဆိုရင် သူတို့ရဲ့မျက်နှာ သူတို့ရဲ့အပြုံးလေးကိုမြင်လိုက်ရတဲ့အခါ ဝေဒနာခံစားနေရရှာတဲ့လူနာဟာသူ့ရဲ့ဝေဒနာတွေထက်ဝက်မက သက်သာပျောက်ကင်းသွားတယ်ဆိုတာလေ။ လူလူချင်းဆက်ဆံရေးမှာ First Impression လို့ခေါ်တဲ့ ပထမဆုံးတွေ့ဆုံလိုက်ရတဲ့အချိန်မှာဖြစ်သွားတဲ့ စိတ်ခံစားချက်က သိပ်ကိုအရေးကြီးတယ်ဆိုတာ ဒီအချက်ကိုမှန်ကန်ကြောင်း မီးမောင်းထိုးပြလိုက်တာပဲဖြစ်တယ်"

အဲဒီမှာပဲသူသူတစ်ယောက် ထ၍ဖောက်လေတော့၏။

"ဆရာဝန်တွေအတွက်ဆိုရင်တော့ ဟုတ်ချင်ဟုတ်မလားမသိဘူးဆရာ၊ သမီးအတွက်ဆိုရင်တော့ လုံးဝမဟုတ်ဘူးဆရာ။ သမီးလေကိုမိုးဆိုတဲ့လူကြီးကို ငယ်ငယ်တုန်းကစမြင်ရတုန်းကများ အမြင်ကတ်လိုက်တာမပြောပါနဲ့ ...ကြည့်လို့ကိုမရဘူး"

ထိုစကားကိုကြားတော့ ကိုမိုးဆိုသည့် သကောင့်သားလေး၏တုံ့ပြန်ချက်ကိုလည်းကြည့်ပါဦး ...

"အောင်မလေး မရွှေသူသူ ...ခင်ဗျားဒီလိုပြောကြေးလား၊ လောကမှာတစ်ဦးမေတ္တာတစ်ဦးမှာတဲ့ ကျုပ်ကလည်းအဲဒီတုန်းက ..."

"ဟဲ့ ဟဲ့ တော်ကြတော့ စကားနောက်တရားပါ ...ရပ်ကြ ရပ်ကြ"

ဟိုဘက်ကရန်စတုန်းကစပြီး ခုတော့ နှုတ်ခမ်းတစ်တောင်လောက်ချွန်ထွက်ကာ လက်သီးတွေဘာတွေဆုပ်နေပြီဖြစ်သော သူသူ့အခြေအနေကိုကြည့်၍ ဒေါက်တာငြိမ်းချမ်းကကိုမိုးကို ရပ်တန်းကရပ်နိုင်းလိုက်ရလေတော့သတည်း။

●●●

> ဆရာဝန်ရဲ့အပြုံးတစ်ချက်ဟာ လူနာအဖို့အကောင်းဆုံးဆေးတစ်ခွက်ဖြစ်တယ်ဆိုတဲ့အကြောင်းလေ။ တချို့ဆရာဝန်ကြီးတွေဆိုရင်မေတ္တာစာတ်ကသိပ်ကိုကြီးမားလွန်းတော့ သူတို့ရဲ့မျက်နှာအသွင်သဏ္ဍာန်တွေအားလုံးမှာတမင်လုပ်ယူထားတာမဟုတ်တဲ့ အပြုံးလေးတစ်ချက်က သူ့အလိုလိုလင်းလက်နေတတ်တာကို သတိထားမိတယ်။ သူနဲ့တွေ့လိုက်ရတဲ့တစ်ခဏလေးမှာကိုလူနာကခံစားနေရတဲ့ဝေဒနာတွေထက်ဝက်မကသက်သာပျောက်ကင်းသွားသလိုပဲ ခံစားရစေတယ်ဆရာရေ။ ဒါပေမဲ့တချို့ဆရာဝန်ကြီးတွေကျတော့ ...



# ၁၄

# မြင်မြင်ချင်း ချစ် မြင်မြင်ချင်း မုန်း






## မြင်မြင်ချင်းချစ် မြင်မြင်ချင်းမုန်း

"မြင်မြင်ချင်းတို့နှစ်ယောက်ဟာ ကွာနေ့မရချစ်ကြတာ Love" ဆိုတဲ့ အဆိုတော်ကိုင်ဇာရဲ့သီချင်းလေးကြားဖူးတယ်ဟုတ်၊ "ချစ်ခြင်းအစမျက်စိက" တဲ့၊ လူလူချင်းပထမဆုံး တွေ့ဆုံရတဲ့အချိန်လေးမှာဖြစ်သွားတဲ့ ခံစားချက်လေး ဟာသိပ်ကိုအရေးကြီးတယ်။ ကိုမိုးနဲ့သူသူတို့နှစ်ယောက် အခုနတုန်းကရန်စကြ တာတကယ်လားပြောပြစမ်းပါဦး။ တစ်ယောက်နဲ့တစ်ယောက် စတွေ့တွေ့ချင်း ဘယ်လိုခံစားရသလဲဆိုတာ ခဏနေဦး...ရန်တော့မဖြစ်ရဘူးနော်၊ တစ်ယောက် ပြီးမှတစ်ယောက်အလှည့်ကျပြောရမယ် ကဲကိုမိုးကစပြီးပြောစမ်း"

ဒေါက်တာငြိမ်းချမ်းတစ်ယောက်တော့ဖြင့် ပွဲဆူအောင်သွားဆွပေး ပြန်ပြီဟုပရိသတ်က ထင်မှတ်မှားတော့မှာသေချာသည်။

"ဒီလိုဆရာရဲ့...ကျွန်တော်ကဆယ်တန်းရောက်မှ ရန်ကုန်ကိုပြောင်း လာတာ။ ငယ်ငယ်ကအဘိုးအဘွားတွေနဲ့သွားနေတာ ပြောင်းပြောင်းလာချင်း သိပ်မကြာခင်မှာပဲ သူသူဆိုတဲ့ကောင်မလေးအကြောင်းကြားဖူးတယ်။ ရုပ်က လေးလှသလောက် မျက်နှာကချိုနေပြီး ဘဝင်ကြီးတစ်ခွဲသားနဲ့ မိဘတွေကလည်း ချမ်းသာ၊ ပညာကလည်းတော်၊ ရုပ်ကလေးကလည်းအပျံစားဆိုတော့ ကြီးကျယ် ပြီးမိုးမမြင်လေမမြင် ဘဝင်လေပင့်နေတာဖြစ်မှာပေါ့။ အဲဒါနဲ့ကျောင်းမှာသူငယ် ချင်းတွေကစပြီးမိတ်ဆက်ပေးတော့ အမြင်ကတ်ကတ်နဲ့ ဒီဘဝင်မြင့်တဲ့ကောင်

မလေးတစ်နေ့ကျရင် ငါ့ရဲ့ခြေဖဝါးအောက် ပြားပြားဝပ်ရောက်စေရမယ်လို့ ဘယ်သူမှမသိအောင်ကြုံးဝါးလိုက်ပြီး အပြင်ပန်းကတော့ သိပ်ဂရုမစိုက်တဲ့ပုံစံမျိုး အမူအရာမျိုးပြလိုက်မိတာပါ။ အမူအရာကသာအဲသလိုမျိုး လုပ်ပြလိုက်မိပေမယ့် ဟီးဟီး...စိတ်ထဲကတော့မြင်မြင်ချင်းမှာကိုအားရပါးရဖက်နမ်းပစ်လိုက်ချင်တာ ဆရာရေ"

"ဟား ဟား ဟား...အခုရော အဲဒီတုန်းကကြုံးဝါးခဲ့သလို ပြားပြားဝပ်ရောက်ရဲ့လား" ဟုဒေါက်တာငြိမ်းချမ်းကမေးလိုက်တော့ သူသူကဝမ်းသာအားရ ဝင်ပြော၏။

"ဟာဟုတ်တယ်ဆရာရေ သမီးကလည်းဆရာ့ကိုတော့ညာလို့မဖြစ်တော့ အမှန်အတိုင်းဝန်ခံရတော့မှာပဲ။ ကိုမိုးရဲ့အဲဒီတုန်းကကြုံးဝါးချက်ကြီးဟာ တကယ့်ကိုအောင်မြင်အထမြောက်ခဲ့တာပါပဲ။ အခုဆိုညတိုင်းညတိုင်းလိုလိုပဲ သမီးမှာအသားကုန်အော်နေရတယ်။ ကိုမိုးရယ်လေ သမီးညောင်းနေမှာစိုးလို့ဆိုပြီး သူ့ကိုယ်လုံးကြီးနဲ့မရမကကို အတင်းတက်တက်ပြီးနင်းပေးနေလို့လေ။ ဟုတ်ပါတယ်ဆရာရယ်...သမီးတစ်ကိုယ်လုံး သူ့ခြေဖဝါးအောက်ပြားပြားဝပ်ရောက်နေတာအမှန်ပါပဲ"

"သယ်...ဒီကောင်မစုတ်လေးဟာ ဒီအကြောင်းတွေဆရာ့ကို သွားပြောရလား။ ဆရာ့ကိုသွားပြောလိုက်ရင် တစ်နိုင်ငံလုံး သိကုန်တော့မယ်ဆိုတာ မရိပ်မိဘူးလား။ ခွေးသူသူ ဝက်သူသူ ဒီတစ်ခါကျရင် တက်နင်းပေးရင်းလည်ပင်းကို အားရပါးရတက်နင်းပစ်လိုက်ဦးမယ်...ဘာမှတ်သလဲ။ သူသူကလည်းလျှာကလေးကိုတစ်လစ်ထုတ်၍ ကိုမိုးမခံချင်အောင် "ကရော် ကရော် ရှက်ပါတယ်" ဟူသောအမူအရာနှင့်မချိုမချဉ်မျက်နှာပေးလေးလုပ်နေ၏။ ပြီးတော့မှဒေါက်တာငြိမ်းချမ်းဘက်သို့လှည့်ပြီး...

"ဟုတ်တယ်လေ ဆရာရေ...သူ့ကိုသူငယ်ချင်းတွေကမိတ်ဆက်ပေးလို့မန္တလေးကပြောင်းလာတဲ့ကျောင်းသားသစ်မှန်း သိလိုက်ရတော့တယ်။ မျက်လုံးလေးထောင့်ကပ်ပြီးမသိမသာချောင်းကြည့်လိုက်တော့ အရပ်မြင့်မြင့် ဆံပင်လှိုင်းတွန့်ကလေးတွေနဲ့ ပါးချိုင့်လေးတစ်ဖက်ကိုလည်း တွေ့လိုက်ရတယ်။ သမီးရင်တွေတဒုန်းဒုန်းနဲ့ကိုခုန်သွားမိတယ်ဆရာ။ ဒါပေမဲ့ကိုမိုးအစုတ်ပလုတ်ကြီးက



သိပ်ကိုအမြင်ကတ်ဖို့ကောင်းတာသိလားဆရာ။ တခြားယောကျ်ားလေးတွေဆိုရင် သမီးနဲ့မိတ်ဆက်ပေးလိုက်တာနဲ့ နွားပြာကြီးအောက်သွားမရှိသလို သွားဖြီးကြီးတွေနဲ့ ငမ်းငမ်းတက်ဝမ်းသာကြတာ၊ ဒင်းကဘာမို့လို့ ဘဝင်မြင့်နေရသလဲမသိဘူး။ သမီးနဲ့မိတ်ဆက်ပေးတာကို ဖုတ်လေတဲ့ငါးပိရှိတယ်လို့တောင် မသတ်မှတ်ချင်တဲ့ ဂရုမစိုက်တဲ့အပေါက်မျိုးချိုးတာ သမီးစိတ်ထဲဘယ်လောက်တောင်ခံပြင်းသွားမယ်ဆိုတာ ဆရာပဲစဉ်းစားကြည့်လေ ဒီလောက်ဘဝင်ကိုင်တဲ့ငတိတစ်နေ့ကျရင်သမီးရဲ့ခြေရင်းမှာ ဒူးထောက်ပြီးအရှုံးပေးရစေမယ်လို့တိတ်တိတ်လေးကြုံးဝါးလိုက်မိတယ်ဆရာရေ"

ကိုင်းကြည့်ပါဦးအရပ်ကတို့ရေ...ဒင်းတို့နှစ်ယောက်စလုံး၏ပထမဆုံးနှစ်ဦးသားစတွေ့တွေ့ချင်းခံစားချက်တွေက တခြားဘယ်သူနှင့်မှမတူအောင် ကွဲပြားခြားနားကာ ထူးခြားလွန်းနေသည်ကိုအံ့သြစဖွယ်တွေ့သည်မဟုတ်ပါလား။

"ဟုတ်လားကိုမိုး ကိုမိုးရောသူသူအခုကြုံးဝါးခဲ့သလို သူ့ရဲ့ရှေ့မှောက်မှာတကယ်တမ်းဒူးထောက်ပြီး အရှုံးပေးခဲ့ရသလား" ဟုမေးလိုက်တော့...

ကိုမိုးတစ်ယောက်မျက်မှောင်လေးကြုတ်ရင်းတစ်ချက်စဉ်းစားလိုက်လေ၏။ ပြီးတော့မှ "တောက် အခုသေချာစဉ်းစားကြည့်လိုက်တော့မှ မှတ်မိသွားတယ်။ ဒင်းကကျွန်တော့်ကိုသေချာအကွက်ဆင်ပြီးမှ ဒီယုန်မြင်လို့ဒီချုံထွင်တာဖြစ်ရမယ်။ တစ်ခါကျွန်တော့်ကိုသူသူက ကျောင်းကိုနင်းဆီပန်းလေးတစ်စည်းဝယ်ခဲ့ပေးဖို့ လှမ်းပြီးအကူအညီတောင်းတော့ ကျွန်တော်ကလည်းအဟုတ်မှတ်ပြီးသွားပေးတယ်။ သူသူ့သူငယ်ချင်းတွေက ခပ်လှမ်းလှမ်းကနေကြည့်နေတယ်။ ကျွန်တော်ပေးတဲ့နင်းဆီပန်းစည်းကလေးကို မတော်တဆလိုလိုနဲ့ အောက်ကိုလွှတ်ချလိုက်တယ်။ ကျွန်တော်ကအသာလေး ဒူးကိုထောက်ပြီးကောက်လိုက်တော့ သူသူဆိုတဲ့အစုတ်ပလုတ်မလေးက ကိုမိုးရယ်သူသူ့ရှေ့မှာဒူးကြီးမထောက်ပါနဲ့။ ဒီအတိုင်းပေးလည်းရပါတယ်ဆိုပြီး ခပ်ကျယ်ကျယ်လေးပြောလိုက်တယ်။ ကျွန်တော်လည်းဘာပြန်ပြောရမှန်းမသိဘဲ အငိုက်မိသွားတယ်။ သူ့သူငယ်ချင်းတွေကလည်း တခစ်ခစ်နဲ့ကျွန်တော့်ကို ဝိုင်းပြီးဟားကြတယ်လေ။ ကြည့်စမ်း ဒါတမင်သူသေချာကိုကြံစည်ပြီးမှ အကွက်ထွင်တာမဟုတ်ရင်ဘာလဲ" ဟုတဖျစ်တောက်တောက်ဖြင့် ပြောလေတော့၏။ အဲသည်အချိန်မှာသူသူကတော့ ထုံးစံ

အတိုင်းလက်ခုပ်လက်ဝါးလေးတီးပြီး တခစ်ခစ်ရယ်လေတော့၏။ သူ၏ရယ်သံလေးကပွင့်လင်းလွတ်လပ်စွာ ချစ်စဖွယ်ကောင်းလှပါ၏။

"ဟဲ့ဟဲ့ ခဏနေပါဦး..သမီးတို့နဲ့ပေါက်ကရပြောရင်းဘယ်ရောက်လို့ဘယ်ပေါက်သွားပါလိမ့်" ဟုဒေါက်တာငြိမ်းချမ်းက စကားအစကိုပြန်ကောက်ရပါတော့သည်။

အဲသည်တော့မှ သူသူက.."ဆရာပြောနေတာ ကဗျာလေးတစ်ပုဒ်အကြောင်းလေ "ATTITUDE" ဆိုတဲ့စိတ်ထားသဘောထား ဘယ်လိုထားရမယ်ဆိုတာအရေးကြီးတဲ့အကြောင်းပြောပြရင်း လူနာတစ်ယောက်နဲ့တွေ့တဲ့အခါ "မကုခင်မေတ္တာဝင်" ဆိုတဲ့အကြောင်းပြောပြနေတာ၊ ဆရာဝန်နဲ့လူနာစတွေ့တွေ့ချင်းပြုံးပြရမယ်လို့ပြောပြနေတာလေ"

"ဟုတ်တယ်ဆရာ ကျွန်တော်လည်း ဖတ်ဖူးကြားဖူးရုံမက ကိုယ်တိုင်လည်းခဏခဏကြုံဖူးတယ်၊ ဆရာဝန်ရဲ့အပြုံးတစ်ချက်ဟာ လူနာအဖို့အကောင်းဆုံးဆေးတစ်ခွက်ဖြစ်တယ်ဆိုတဲ့အကြောင်းလေ။ တချို့ဆရာဝန်ကြီးတွေဆိုရင် မေတ္တာဓာတ်ကသိပ်ကိုကြီးမားလွန်းတော့ သူတို့ရဲ့မျက်နှာအသွင်သဏ္ဌာန်တွေအားလုံးမှာ တမင်လုပ်ယူထားတာမဟုတ်တဲ့ အပြုံးလေးတစ်ချက်က သူ့အလိုလိုလင်းလက်နေတတ်တာကိုသတိထားမိတယ်။ သူနဲ့တွေ့လိုက်ရတဲ့တစ်ခဏလေးမှာကို လူနာကခံစားနေရတဲ့ဝေဒနာတွေ ထက်ဝက်မကသက်သာပျောက်ကင်းသွားသလိုပဲ ခံစားရစေတယ်ဆရာရေ။ ဒါပေမဲ့တချို့ဆရာဝန်ကြီးတွေကျတော့ မျက်နှာကြီးရှစ်ခေါက်ချိုးကြီးနဲ့ တစ်လောကလုံး သူ့လုပ်စာစားနေတဲ့အတိုင်းဘယ်သူတွေကိုမကျေမနပ်ဖြစ်ပြီး စိတ်တိုနေမှန်းလည်းမသိတဲ့ မျက်နှာထားမျိုးတွေတွေ့ရတတ်တယ်။ အဲသလိုဆရာဝန်မျိုးတွေနဲ့လည်း တစ်ခါတစ်ရံကိုယ်တွေ့ကြုံခဲ့ဖူးတယ်ဆရာ။ နေမကောင်းလို့စိတ်တွေညစ်စိတ်တွေရှုပ်ပြီး ဘယ်သူ့ကိုမှန်းမသိဘဲ စိတ်တွေကအလိုလိုတိုနေတဲ့အချိန်မှာ အဲဒီဆရာဝန်ကြီးကိုတွေ့လိုက်ကြုံလိုက်ရတော့ စကားတစ်ခွန်းတောင်မစရသေးဘူး စိတ်ထဲမှာတစ်မျိုးကြီးခံစားရမိတယ်။ ကိုယ်ကစိတ်တိုနေချိန် စိတ်ညစ်နေချိန်မှာ ကိုယ့်ထက်စိတ်တိုပြီး ကိုယ့်ထက်စိတ်ပိုညစ်တဲ့သူနဲ့သွားတွေ့လိုက်ရတော့ အုံ့မှိုင်းနေတဲ့မိုးကောင်းကင်တိမ်တိုက်ကြီးအောက်ကိုရောက်သွားသလိုပဲ စိတ်ထဲမှာထိုင်းထိုင်းမှိုင်းမှိုင်းကြီး ခံစား



လိုက်ရတယ်။ မလွဲသာလို့ဆေးအကုခံလိုက်ရပေမယ့် နောက်တစ်ခါတစ်စုံတစ်ရာရောဂါဝေဒနာတစ်ခုခုခံစားရတဲ့အခါကျရင် ဟောဒီလောကကြီးမှာ သူ့တစ်ယောက်တည်းပဲပြလို့ရတဲ့ရောဂါမျိုးကလွဲလို့ဖြစ်နိုင်ရင် အဲဒီဆရာဝန်ကြီးဆီကိုနောက်တစ်ခေါက်သွားပြီး မပြချင်တော့သလိုကြီး စိတ်ထဲမှာဖြစ်လာတတ်တယ် အဲဒါကျွန်တော်မှားသလားဆရာ"

"ဟုတ်တာပေါ့ကိုမိုးရာ ...ကိုမိုးရဲ့စကားကို ဆရာလည်းထောက်ခံပါတယ်။ ဆရာကိုယ်တိုင်လည်းလူနာဖြစ်ခဲ့ဖူးတာအကြိမ်ကြိမ်ပဲ။ ကိုယ်ကလူနာဖြစ်ပြီးစိတ်အားတွေညှိုးငယ်နေချိန် စိတ်ဓာတ်တွေအကြီးအကျယ်ကျနေချိန်မျိုးမှာကျတော့မှ ဆရာဝန်တစ်ယောက်ရဲ့အပြုံးနဲ့ နွေးထွေးကြင်နာတတ်တဲ့နှလုံးသားဟာ ဘယ်လောက်တောင်ဆေးကုတဲ့အခါမှာ အရေးပါသလဲဆိုတာ ကိုယ်တွေ့ခံစားမိတာဖြစ်တယ်"

"ဒီလိုခံစားချက်မျိုးဆိုတာ သေတာတောင်မှမမေ့နိုင်ဘူး ကိုမိုးတို့ရေ နေမကောင်းတဲ့အချိန် ညှိုးနွမ်းအားငယ်နေချိန်မှာကြုံရတဲ့အဖြစ်အပျက်ကလေးတွေက ရွှံ့ပျော့ပျော့လေးထဲကို လောက်စာလုံးနဲ့ပစ်သွင်းလိုက်သလိုပဲ နူးညံ့ပျော့ပြောင်းနေတဲ့အသည်းနှလုံးထဲ နက်နက်ရှိုင်းရှိုင်းကြီး စူးနစ်ဝင်ရောက်သွားတာကိုး။ ဆရာလူနာအဖြစ်နဲ့ အသည်းယောင်အသားဝါရောဂါရပြီး အိပ်ရာထဲမှာပက်လက်လဲပြီး မြော့မြော့လေးသေကောင်ပေါင်းလဲဖြစ်တဲ့အချိန်မှာ ဆရာ့ကိုကုသပေးခဲ့တဲ့ သမားတော်ကြီးဦးမောင်မောင်ဝင့်ရဲ့ကြင်နာယုယနွေးထွေးလှတဲ့အပြုံးလေးတစ်ချက်ဟာ ဆရာ့အတွက်ဟောဒီလောကမှာ တစ်သက်မမေ့နိုင်စရာအားဆေးတစ်ခွက်ပါပဲ။ နောက်ထပ်မမေ့နိုင်တဲ့ဆရာဝန်ကြီးတစ်ယောက်ရှိသေးတယ်။ ဆရာကသူ့အခန်းထဲကိုကြိုတင်ခွင့်မတောင်းဘဲဝင်သွားခဲ့မိလို့ ခွေးမောင်းသလိုဒေါသတကြီး မောင်းထုတ်ခံခဲ့ရတာလေ။ အဲဒီဆရာကြီးရဲ့ဒေါသကြီးခက်ထန်လှတဲ့မျက်နှာထားဟာလည်း တစ်သက်မမေ့နိုင်စရာပါပဲ။ နောက်တစ်ခါလူနာတစ်ယောက်ဖြစ်လာခဲ့ရင် ဒီဆရာကြီးနဲ့ပြသဖို့ဆိုတာ စဉ်းစားလိုက်ရုံနဲ့တင် ကြောက်ရွံ့စိုးထိတ်မိလောက်အောင် စိတ်ထဲမှာမမေ့ပျောက်နိုင်လောက်အောင် ခံစားခဲ့ရတယ်ကိုမိုးရေ"

"ဟုတ်ရဲ့လားဆရာ..ဆရာကဆရာဝန်တစ်ယောက်မဟုတ်ဘူးလား

ဆရာ့ကိုဆရာဝန်မှန်း အဲဒီဆရာဝန်ကြီးကရောမသိဘူးတဲ့လား။ ဆရာဝန်အချင်းချင်းကိုတောင် အဲသလိုဆက်ဆံရင် တခြားလူနာတွေကိုဆို ဘယ်လိုများဆက်ဆံမလဲမသိဘူးနော်" ဟုကိုမိုးက အံ့သြတကြီးမေးလေ၏။ ဒေါက်တာငြိမ်းချမ်းထိုမေးခွန်းကို မည်သို့ဖြေရမည်နည်း။

●●●

၁၇

# ပယောင်းလား သံပကိုလား




# ဖယောင်းလား သံမဏိလား စဉ်းစား

ဒေါက်တာငြိမ်းချမ်းတစ်ယောက် ကိုမိုးမေးသောမေးခွန်းကို ရုတ်တရက်မည်သို့ပြန်ဖြေရမည်ကိုပင်မသိနိုင်အောင် သူ့စိတ်ထဲနလုံးသားထဲ သေရာပါသွားတော့မည့်ဒဏ်ရာဒဏ်ချက်က ပြင်းထန်လွန်းလှပါသည်။ အဲသည်တုန်းကသူကြုံတွေ့လိုက်သော ဆရာဝန်ကြီးတစ်ဦး၏ဒေါသက ကြောက်မက်ဖွယ်ရာ ပြင်းထန်လွန်းလှ၏။ ထိုဒေါသမျက်နှာနှင့် ကြောက်မက်ဖွယ်အသံဆိုးကြီးကသူ့အားတစ်သက်တာလုံး လိုက်လံခြောက်လှန့်နေပေလိမ့်မည်။

ယခုဆိုလျှင် ဒေါက်တာငြိမ်းချမ်းသည်ပင်လျှင် ဆရာဝန်ဘဝနှင့်ဘဝခရီးကိုလျှောက်လှမ်းခဲ့ရသည်မှာ နှစ်ပေါင်းအစိတ်ကျော်ခဲ့ပြီပဲ။ ထိုဆရာကြီးပင်လျှင်သက်ရှိထင်ရှားရှိပါသေးရဲ့လားမသိ။ မြန်မာဆရာဝန်တစ်ဦးနေ့စဉ်ကြုံတွေ့ရင်ဆိုင်နေရပါသော လုပ်ငန်းခွင်နှင့်ဘဝခရီးလမ်းက ဆရာဝန်ဟူသောလူသားတစ်ဦး၏စိတ် မည်မျှရှည်ရှည်ထားနိုင်ပါသနည်းဆိုသည့် စိန်ခေါ်သောမေးခွန်းတစ်ခုကို မွေးထုတ်ပေးလိုက်လေ၏။

သူတစ်ယောက်တည်းမဟုတ် မြန်မာနိုင်ငံရှိဝန်ထမ်းဆရာဝန်အားလုံးလိုလို သူ့ကဲ့သို့ပင်ခံစားကြရမည်မှာ မြေကြီးလက်ခတ်မလွဲသေချာလှပါ၏။ ဆေးရုံရှိဆရာဝန်နှင့်လူနာတို့၏ အချိုးကမမျှတ။ ဆရာဝန်ရောကျောင်းဆရာပါ တစ်ပြိုင်နက်တည်းတွဲဖက်၍လုပ်ရလျှင် ပို၍ဆိုးလိမ့်ဦးမည်။ ကျောင်းသားတွေ

ကတစ်ပြုံတစ်မကြီး ဆရာအင်အားကနည်းနည်း၊ ထို့ကြောင့်လည်းနေရာတကကာမှာနည်းနည်းနှင့်ကျဲကျဲဝိုင်းကြရသည်က လုပ်ငန်း၏သဘာဝပင်…နေ့စဉ်လူနာပေါင်းများစွာကိုအချိန်တိုတိုအတွင်း မပြီးပြီးအောင်ကြည့်ကြရသည်။ OPD တွင်တန်းစီစောင့်ဆိုင်းနေကြသည့်လူနာတွေက ပုရွက်ဆိတ်တန်းကြီးကဲ့သို့အရှည်ကြီး ဆရာဝန်ကတစ်ဦးတည်း။ ဤတစ်ရာ့တစ်ပါးသော လူနာအမျိုးအစားမျိုးစုံကိုပြုံးချိုလှသောမျက်နှာထားနှင့် စိတ်အရှည်ဆုံးထားကာ အချိန်များများပေးပြီးသဘောမနောကောင်းကောင်းနှင့် ဆက်ဆံနိုင်သည့်ဆရာဝန်ကတော့ရှိတော့ရှိနိုင်ပါသည်။ သို့သော်တော်တော့်ကိုရှားလိမ့်မည်ဟုတော့ ခန့်မှန်းတွက်ဆကြည့်နိုင်ပါသည်။

သူများနိုင်ငံက ဆရာဝန်တွေလိုမဟုတ်..သူတို့နိုင်ငံကဆရာဝန်တွေကဆေးရုံကပေးသောလခနှင့် စတိုင်ကျကျနေနိုင်ရုံမျှမက တစ်နှစ်လျှင်တစ်လတိတိမယူမနေရစနစ်ဖြင့် Holiday ယူကာတစ်ကမ္ဘာလုံးအနှံ့ အပန်းဖြေအနားယူလျှောက်လည်ကြရသည်။ မြန်မာပြည်ကဆရာဝန်ကတော့ ဥပမာပြရပါလျှင်ဟိုတစ်နေ့ကပဲ ဖန်ခါးမြေဆေးတက္ကသိုလ်ကိုပြောင်းရွှေ့ရသော မိတ်ဆွေဆရာဝန်တစ်ဦးနှင့်ဆုံ၍စပ်စုကြည့်တော့ ဖန်ခါးမြေတွင်ထိုဆရာဝန်၏အိမ်ငှားနေခကတစ်လလျှင် ၂သိန်းခွဲ၊ သူရသောလခက တစ်လလျှင်တစ်သိန်းနှစ်သောင်းကိုင်းစဉ်းစားကြည့်ပါဘိ…ထိုကဲ့သို့အိတ်မှစိုက်၍အလုပ်လုပ်ရသော ဆရာဝန်မျိုးကမ္ဘာပေါ်တွင် မည်သည့်နေရာ၌ရှိပါသနည်း။ ထမင်းထုပ်ထမ်း၍ကမ္ဘာအနှံ့လိုက်ရှာကြည့်ပါဘိ…တခြားနိုင်ငံတွင်တော့မသိ မြန်မာပြည်တွင်တော့ ထိုသို့သောဆရာဝန်မျိုးတွေပေါမှပေါ။

ထိုဆရာဝန်သည်ညနေခင်းဆေးရုံမှဆင်းချိန်တွင် ဘာလုပ်ကြရမည်ထင်ပါသနည်း။ ဆရာဝန်စာရေးဆရာတစ်ဦးရေးခဲ့ဖူးသော "ရွှေအိုရောင်ညနေခင်းတွေငါ့ကိုအလျော်ပြန်ပေး" ဟူသည့်ဝတ္ထုလေးကိုပင် သူသတိရမိသေးသည်သူများတကာအစိုးရဝန်ထမ်းတွေအားလုံး အိမ်တွင်မိသားစုနှင့်အတူနေ ညနေစောင်းလမ်းလျှောက်သူကလျှောက် လက်ဖက်ရည်ဆိုင်ထိုင်သူထိုင် ဘောလုံးပွဲသွားသူသွား ထိုအချိန်မျိုးတွင်ကိုရွှေဆရာဝန်က ဆေးခန်းကျဉ်းကျဉ်းလေးထဲမှာဝမ်းရေးအတွက်ရှာရဖွေရပါတော့သည်။ သူတတ်မြောက်တာကလည်းဆေး

ပညာတစ်ခုတည်းဆိုတော့ လူနာတွေကိုဆေးကုသ၍အပိုဝင်ငွေရှာရပါတော့သည်။

ကိုင်းဘယ့်နယ်ရှိစ..ထိုဆရာဝန်မျိုးသည်အချိန်အခါမရွေးသဘောကောင်းမနောကောင်းပြုံးချိုချိုနှင့်လူနာတွေကိုစကားပြောနိုင်ပါဦးမည်တဲ့လား။ သူစိတ်တိုအလိုမကျဖြစ်နေချိန်က ရှိကိုရှိရမည်ကတော့ ဗေဒင်သွားမေးရန်မလိုအလွယ်ကလေးနှင့်ပညာရှိတို့ထုံးနလုံးမူကာ ပြေးကြည့်ရန်မလိုတွေးကြည့်ရုံမျှနှင့်သိနိုင်ပါပေ၏။

ဒေါက်တာငြိမ်းချမ်းသည် စကားပြောရလက်ပေါက်ကပ်သော လျှာအလွန်ရှည်သော ဆရာဝန်၏စကားကိုနားမထောင်သော တတ်ရောင်ကားလုပ်သော မိချောင်းမင်းရေခင်းပြတတ်သော လူနာတွေနှင့်တွေ့ကြုံရ၍နဂိုကမရှည်လှသော စိတ်ကတိုချင်ချင်ဖြစ်လာတိုင်း သူ့အားဒေါသတကြီးနှင့် အော်ငေါက်ခဲ့ဖူးသောထိုဆရာဝန်ကြီး၏မျက်နှာကို တန်းခနဲပြေး၍မြင်ယောင်မိလေ၏။ အဲဒီအခါကျ သူ့မျက်နှာမှာတင်းနေသောအကြောတွေက သူ့အလိုလိုပြေလျော့သွားကာ အပြုံးလေးတစ်ခု သူ့အလိုလိုဖူးပွင့်လာလေ၏။

"ကိုမိုးရေ ဆရာကတော့…ဆရာ့ကိုအော်ငေါက်ခဲ့ဖူးတဲ့ အဲဒီဆရာဝန်ကြီးရဲ့မျက်နှာကိုလည်း ဘယ်တော့မှမမေ့ဘူး။ သတိရတိုင်းလည်းဆရာကြီးကျေးဇူးကြီးပါပေ့ရယ်လို့ ကျေးဇူးတွေအကြိမ်ကြိမ်တင်နေမိတယ်။ ဘာကြောင့်လဲဆိုတော့ သူဆရာ့ကိုဒေါသတကြီးအော်ငေါက်ခဲ့တာကို ဆရာ့အနေနဲ့ဟောဒီတစ်သက်လုံးမမေ့နိုင်လောက်အောင်ကို ကြောက်ရွံ့တုန်လှုပ်ခဲ့ရတာအမှန်ပါပဲ။ လူနာတစ်ယောက်အနေနဲ့ စိတ်အားငယ်ပြီးဝမ်းနည်းနေချိန်မှာ ခံစားနေရတဲ့ဝေဒနာတွေကြောင့် ခိုကိုးရာမဲ့နေသလိုလို ကူရာကယ်ရာမဲ့နေသလိုလို စိတ်ထဲမှာလည်းအားငယ်နေချိန်မျိုးမှာ ကိုယ်အားကိုးတဲ့လေးစားလှတဲ့ ကိုယ့်ရဲ့အပူမီးတွေကိုငြိမ်းပေးနိုင်လိမ့်မယ်လို့ အမျှော်လင့်ကြီးမျှော်လင့်ထားခဲ့တဲ့ ဆရာဝန်ကြီးကဒေါသတကြီးနဲ့အော်ငေါက်တာကိုခံလိုက်ရရင် ဘယ်လောက်တောင်စိတ်ထဲမှာထိခိုက်ခံစားရမယ်ဆိုတာကို ဆရာကိုယ်တိုင် (လူနာတစ်ဦးအဖြစ်နဲ့) ကိုယ်တွေ့ခံစားဖူးသွားအောင် သူကနမူနာပြသွားခဲ့တာပဲဖြစ်တယ်။ ဒါကြောင့်လည်းလူနာတွေအနေနဲ့ ကိုယ့်လိုမခံစားစေချင်တဲ့ ကိုယ်ချင်းစာနာတတ်တဲ့စိတ်ကလေးကို

သူ့အလိုလိုမွေးပြီးသားဖြစ်သွားစေတယ်။ ငါတုန်းကဒီလိုခံစားခဲ့ရတယ် ငါခံစားခဲ့ရတာကြီးကိုလုံးဝမနှစ်မြို့ဘူး။ ကိုယ်မကြိုက်တဲ့အရာတစ်ခုကို သူများကိုလည်း ဘယ်တော့မှမပေးဘူးဆိုတဲ့ ကိုယ်ချင်းစာတတ်တဲ့စိတ်လေး မွေးဖြစ်စေခဲ့တဲ့အတွက်ဒီဆရာဝန်ကြီးကိုကျေးဇူးတင်ပါတယ်လို့ပြောတာပါ။ ဒီလိုမျိုးဆရာဝန်ကြီးရဲ့ငေါက်ငမ်းတာကိုမခံခဲ့ရဘူးဆိုရင် ဆရာလည်းအခုချိန်မှာ စိတ်တိုတိုင်းစိတ်ထဲအခန့်မသင့်အလိုမကျဒေါပွတိုင်း လူနာတွေကိုဒေါသတကြီးနဲ့ အော်ငေါက်မိမှာအမှန်ပါ"

"အော် ဆရာကသဘောကောင်းတယ်..သဘောကောင်းတယ် ဘာကြောင့်များသဘောကောင်းရပါလိမ့်လို့ ကျွန်တော်တွေးကြည့်နေမိတာ လက်စသတ်တော့..ဆရာသဘောကောင်းရခြင်းအကြောင်းရင်းက အဲဒီဆရာဝန်ကြီးကြောင့်ပေါ့နော်ဆရာ။ အိုးဟုတ်ပြီဆရာ ကျွန်တော်ဆရာဘာကိုဆိုလိုနေတယ်ဆိုတာကို ရေးရေးလေးသဘောပေါက်စပြုလာပြီ။ ဆရာပြောခဲ့တယ်မဟုတ်လားဘယ်လိုကိစ္စမျိုး ဖြစ်ရပ်မျိုးကိုပဲကြုံကြုံ ကောင်းတဲ့ဘက် မြင့်တဲ့ဘက်ကနေပြီးတွေးတတ်မြင်တတ်ကြည့်တတ်တဲ့ စိတ်သဘောထားမျိုး၊ တစ်နည်းပြောရရင် "ATTITUDE" ဆိုတာဟာ "ရာနှုန်းပြည့်ဘဝနေနည်း" ဆိုတဲ့စကားရဲ့အဓိပ္ပာယ်ကိုပေါ့။ အခုကိစ္စမှာလည်းဆရာ့ကိုဒေါသတကြီးနဲ့ အော်ငေါက်ခဲ့တဲ့ဆရာဝန်ကြီးကိုတောင် ဆရာကအခုလိုလုပ်ခဲ့တာကိုကျေးဇူးကြီးပါတယ်ဆိုပြီးပြောနိုင်တာဟာ ဆရာရဲ့ကောင်းတဲ့မြင့်တဲ့မြတ်တဲ့ဘက်ကကြည့်တတ်တဲ့စိတ်ထားသဘောထားကြောင့်ပေါ့နော်...ဟုတ်လားဆရာ" ဟုကိုမိုးက ခေါင်းလေးတညိတ်ညိတ်နှင့် ထောက်ခံပါလေ၏။ သူသူကလည်းဝင်ပြောလေ၏...

"ဟုတ်တယ် သိပ်ကိုဟုတ်တာပေါ့ကိုမိုးရ...သူသူဆရာနဲ့တွေ့ခဲ့ကတည်းကကြည့်နေတာ ဆရာစိတ်ဆိုးတာ ဒေါသထွက်နေတာကို သမီးမကြုံခဲ့ဖူးဘူး။ သမီးလေအခုဆရာဝန်မလုပ်ဘဲ အိမ်ရှင်မပဲလုပ်နေရတာ တစ်ခါတစ်ခါဆိုသိပ်ကိုနောင်တရနေမိသလိုပဲ။ တကယ်တမ်းကျတော့ သမီးလေဆေးကျောင်းကိုစတက်ခဲ့တုန်းကတော့ တကယ့်ကိုဆရာဝန်လုပ်မယ်လို့ဆိုတဲ့ ရည်ရွယ်ချက်ကြီးကြီးနဲ့ပါ။ ဒါပေမဲ့ သမီးကသိပ်ကြောက်တတ်တယ်။ သတ္တိနည်းတဲ့နေရာမှာလည်းနှစ်ယောက်မရှိပါဘူး။ သမီးနောက်ဆုံးနှစ်မှာတက်တုန်းက ကျောင်းသားတွေတစ်ဖွဲ့ကြီးရှေ့မှာ ဆရာမကသမီးကို လူနာထွက်စမ်းခိုင်းတယ်။ သမီးကနဂိုကလည်းသတ္တိမရှိရတဲ့အထဲမှာ အဲဒီဆရာမက ဆူတာငေါက်တာကြမ်းတယ်လို့နာမည်လည်းကြီးလွန်းတော့ လူတွေအများကြီးရဲ့ရှေ့မှာ လူနာကိုတုန်တုန်ယင်ယင်နဲ့စမ်းသပ်နေတုန်း အဲဒီဆရာမကြီးကဘေးကနေကြည့်ရင်း အော်လိုက်တာမိုးကြိုးနဲ့ပစ်ချလိုက်သလိုပဲ။ သမီးလေအကြီးအကျယ်ထိတ်လန့်သွားပြီး အဲဒီနေ့ကအကြီးအကျယ်ငိုမိတယ်။ သူကပြောတယ်ဆရာရယ်...လူတွေအများကြီးရှေ့မှာမညှာမတာ "ညည်းဒီလောက်တောင်ကြောက်နေရင် ဆရာဝန်မလုပ်နဲ့တဲ့ ညည်းပုံစံမျိုးနဲ့ဘယ်တော့မှ ဆရာဝန်ဖြစ်လာမှာမဟုတ်ဘူး" တဲ့ဆရာ..သမီးကနဂိုကမှဆရာဝန်လုပ်ရမှာကြောက်ရတဲ့အထဲ အဲသလိုကြီးအော်ငေါက်ခံလိုက်ရတော့ ဆရာဝန်လုပ်ရမှာကို ပိုပြီးကြောက်သွားမိတယ်။ သမီးလေအဲဒီညမှာ ငါဒီဘဝမှာဆရာဝန်မလုပ်တော့ရင်ကောင်းမယ်လို့ ပထမဆုံးစဉ်းစားမိတာပဲဆရာရယ်။ သမီးကဆူတာငေါက်တာကို သိပ်ကြောက်တယ်။ ဆရာတွေကိုချစ်လည်းချစ် ကြောက်လည်းကြောက်တာမို့ ဆရာတစ်ယောက်ကဒီလိုမျိုးပြောလိုက်တာကိုနားထဲမှာစွဲသွားပြီး ငါတော့ဆရာဝန်မဖြစ်နိုင်တော့ပါဘူးဆိုတဲ့ စိတ်သဘောထားကြီးဝင်သွားမိတယ်ဆရာရယ်။ အဲဒါသမီးဘာမှားသွားသလဲဆရာ"

ဒေါက်တာငြိမ်းချမ်းတစ်ယောက်...သူသူ့အားခေါင်းလေးတညိတ်ညိတ်နှင့်ငေးကြည့်နေမိရင်း သူဖတ်ဖူးသောစာသားလေးများကို သတိရမိလေတော့၏။


ဖယောင်းကိုအရည်ပျော်စေသောမီးအပူကပင် သံမဏိတွေကိုတော့ မာကျောစေ၏။ နေရောင်ခြည်ကြောင့် တချို့သောအသီးတွေက ပို၍ဝင်းမှည့်လာစေပြီး တချို့သောအသီးတွေက ကြွေကျသွားလေ၏။ မီးအပူကအတူတူပဲ..သူတို့တွေဘာကွာတာလဲ...ပရိသတ်ကြီးစဉ်းစားကြည့်ပါဘိ။

●●●

"ခံယူတဲ့ထားရှိတဲ့ စိတ်ထားသဘောထားက အရေး
အကြီးဆုံးလို့...မီးကတော့ပူတာချင်းအတူတူပဲ ဒီမီး
အပူကြောင့် ဖယောင်းတွေကိုအရည်ပျော်စေတယ်
သံမဏိတွေကိုတော့ ပိုပြီးတော့မာကျောစေတယ်။
ဒီလိုပဲပြင်းထန်တဲ့နေရောင်ခြည်ကြောင့် တချို့အသီး
တွေက ကြွေကျသွားတယ် တချို့အသီးတွေကကျ
တော့ ပိုလို့တောင်ဝင်းမှည့်လှပလာတယ်။ကိုင်း...
ဒီကိစ္စတွေမှာ အဓိကသော့ချက်ကဘာလဲ စဉ်းစား
ကြည့်စမ်း..."

# ၁၈

# ရွှေသား ငွေသား စဉ်းစား




# ကြွချင်သလား ဝေချင်သလား စဉ်းစား

သူသူရေ မင်းကဖယောင်းလား သံမဏိလား...

ဒေါက်တာငြိမ်းချမ်းရေ မင်းကရောဘာလဲ၊ ဒေါက်တာငြိမ်းချမ်းတစ်ယောက် မေးခွန်းလေးတွေထုတ်နေမိလေပြီ။ သူသူဆိုသည့် သူ့တပည့်ဆရာဝန်မလေးကတော့ နဂိုကတည်းကကြောက်တတ်ရှက်တတ် စိုးထိတ်အားငယ်တတ်သူဟု သူ့ကိုယ်သူဝန်ခံသည်။ အဲသလိုလူကိုမှဆရာမက ကျောင်းသားတွေအားလုံး၏ရှေ့တွင် လူနာစမ်းခိုင်းရင်းတုန်တုန်ယင်ယင်နှင့် ဟိုလိုလိုဒီလိုလိုလုပ်နေချိန်တွင် "ဒီလိုပုံစံမျိုးနဲ့ညည်းဘယ်တော့မှ ဆရာဝန်ဖြစ်လာမှာမဟုတ်ဘူး" ဟု အော်ငေါက်ခဲ့သတဲ့...ထိုနေ့တွင်ပင် သူသူဆိုသည့်ကောင်မလေးက မျက်ရည်တောက်တောက်ကျအောင်ငိုကြွေးခဲ့ရပြီးနဂိုကကြောက်တတ်သူကိုမှဖြဲခြောက်လိုက်သကဲ့သို့ဖြစ်သွားခဲ့ပြီ။ "ငါတော့ဆရာဝန်မဖြစ်နိုင်တော့ဘူး...ဒီတော့ငါဆရာဝန်မလုပ်တော့ရင်ကောင်းမယ်" ဟူသော စိတ်ထားသဘောထားကြီးဝင်သွားခဲ့လေတော့၏။

သူသူဆိုသည့်ကောင်မလေးက တစ်ခါတစ်ခါတွင်တော့သူ့ဘဝတွင်ဆရာဝန်မလုပ်ခဲ့ခြင်းကိုဝမ်းနည်းစိတ်မကောင်းဖြစ်နေမိတတ်သတဲ့။ သူသူကသူ့ခံစားချက်ကလေးတွေကို ဤသို့ရင်ဖွင့်လေသည်။

"ဆရာရယ်သမီးလေဆေးကျောင်းကိုတက်ဆရာဝန်ဘွဲ့ကိုရပြီးကာ

မှဆရာဝန်မလုပ်ခဲ့မိတဲ့အတွက်ကိုရှက်လွန်းလို့သူများတွေနဲ့ မိတ်ဆက်ပေးရင်
ကိုယ့်ကိုယ်ကိုယ်ဆရာဝန်လို့မပြောရဲဘူး။ တစ်ခါကဆရာရေးတဲ့ စာလေးတစ်
ပုဒ်ကိုဖတ်ရတယ်။ အဲဒီအထဲမှာဆရာဝန်လည်းလုပ်မှာမဟုတ်ဘဲ ဆေးကျောင်း
ကိုအလကားအပျော်သဘော MBBS ဘွဲ့စာလုံးကိုနာမည်နောက်မှာထည့်ချင်လို့
လာတက်တဲ့လူတွေအကြောင်းရေးထားတယ်။ ဆေးကျောင်းကိုတက်ချင်၊ ဆ
ရာဝန်ဖြစ်ချင်၊ ဝါသနာလည်းပါပေမယ့်အမှတ်နည်းနည်းလိုသွားလို့ဆေးကျောင်း
တက်မယ့်လူ့အရေအတွက်ပြည့်သွားလို့ဆိုပြီး အမှတ်လေးတစ်မှတ်နှစ်မှတ်နဲ့
ဟောဒီတစ်ဘဝလုံး ဆရာဝန်ဖြစ်ချင်ပါလျက်နဲ့ဖြစ်ခွင့်မရတဲ့လူတစ်ယောက်ကို
နေရာပေးပြီးတက်ခိုင်းလိုက်ရရင် ပိုမကောင်းဘူးလားလို့ ဆရာကရေးထားတာ
တွေ့တော့ သမီးရဲ့စိတ်ထဲမှာ တစ်မျိုးကြီးခံစားရတယ်ဆရာ။ သမီးစိတ်ထဲမှာတစ်
ခါမှတောင် အဲသလိုမျိုးမစဉ်းစားခဲ့ဖူးပါဘူးဆရာရယ်။ အခုဆရာရေးလိုက်တော့
မှပဲ သမီးတို့လိုဆရာဝန်မလုပ်ဘဲ ဆရာဝန်ဘွဲ့ကိုယူထားတဲ့သူတွေအတွက်တ
ခြားတစ်ယောက်ယောက်မှာ ထိခိုက်နစ်နာသွားနိုင်ပါလားဆိုတဲ့ စိတ်သဘော
ထားမျိုးထားရမှန်းသိလာတော့တယ်"

"အဲသလိုကိုယ့်ရဲ့လုပ်ရပ်တစ်ခုဟာ တခြားတစ်စုံတစ်ယောက်ကိုထိ
ခိုက်နစ်နာသွားစေနိုင်ပါလားဆိုတာကို ဘာပဲလုပ်လုပ်မလုပ်ခင်မှာ ထည့်ပြီးစဉ်း
စားတတ်တာ သိပ်ကောင်းတဲ့သိပ်မြင့်တဲ့စိတ်သဘောထားဖြစ်တယ်သမီး။ သူသူ
အဲသည်လိုမျိုးစဉ်းစားတတ်တဲ့စိတ်ထားသဘောထားရှိတာသိပ်ကောင်းတယ်။
သမီးကခုနကမေးတယ်နော်... ဆရာမကနင်တော့ ဒီတစ်သက်ဆရာဝန်ဖြစ်မှာ
မဟုတ်ဘူးဆိုပြီးပြောလိုက်တော့ သမီးရဲ့စိတ်ထဲမှာသိပ်ကြောက်သွားပြီး ကိုယ့်
ကိုယ်ကိုယ်လည်းဖြစ်မှာမဟုတ်တော့ပါဘူးလို့စိတ်ထဲမှာစွဲထင်သွားတယ်။ အဲဒီ
အဖြစ်ကလေးရဲ့နောက်ပိုင်းမှာ ဆရာဝန်မလုပ်ဖြစ်ဖို့အကြောင်းတွေ ဆက်တိုက်
ဖြစ်ပေါ်လာတယ်။ ဒါဟာသူများကပြောလိုက်တဲ့ စကားတစ်ခွန်းအပေါ်မှာထား
တဲ့ သမီးရဲ့စိတ်ထားသဘောထားပေါ်အဓိကမူတည်သွားဘာဖြစ်တယ်။ သူများ
တွေကတော့ ဒီလိုပဲသူ့စိတ်ထဲရှိတာကို သူကတော့ပြောပစ်လိုက်မှာပဲ၊ ပြောပြီး
ရင်မှတ်လည်းမှတ်ထားမှာမဟုတ်ဘူး။ ပြီးပြီးရောဆိုတဲ့သဘောမျိုးအကျင့်ပါနေ
တာမျိုးဖြစ်နိုင်တယ်။ ဒါကြောင့် သူ့ရဲ့စကားက ဒီကိစ္စမှာအဓိကမကျပါဘူး၊ အဓိ


ကကျတာကတော့ အဲဒီစကားအပေါ်မှာထားတဲ့ သမီးရဲ့စိတ်ထားသဘောထားပဲ
ဖြစ်တယ်။ အဲသလိုသမီးကပြောတော့ ဆရာ့စိတ်ထဲ ဖန်ခါးမြေဆေးတက္ကသိုလ်
မှာတုန်းက တွေ့ခဲ့ရတဲ့တပည့်မလေးတစ်ယောက်ရဲ့အဖြစ်အပျက်လေးကိုချက်
ချင်းပဲပြေးပြီးမြင်ယောင်သတိရမိတယ်။ အဲဒီတုန်းကတစ်ရက်မှာ နောက်ဆုံးနှစ်
အပိုင်း(ခ) ကျောင်းသားတွေကို Completion test စာမေးပွဲစစ်ရတယ်။ လူနာ
နဲ့လက်တွေ့စမ်းသပ်မေးမြန်းတာတွေကို စစ်ဆေးတဲ့စာမေးပွဲ။ ဆရာကဒီဘက်
ခန်းမှာစစ်နေတာ၊ ဟိုဘက်ခန်းမှာကျောင်းသူလေးတစ်ယောက်က ဘာတွေအ
မှားအယွင်းတွေဖြေမိလို့လည်းမသိဘူး။ စာစစ်တဲ့ဆရာဝန်မကြီးက အတော့်ကို
ပြင်းပြင်းထန်ထန် ဒေါက်ငမ်းဆူပူနေတာကို ဆရာကြားရတယ်၊ ဟိုဘက်ခန်းဒီ
ဘက်ခန်းဆိုတာကလည်း ခန်းမကျယ်ထဲမှာ အဝတ်လိုက်ကာလေးပဲခြားပြီး အ
ခန်းတွေဖွဲ့ထားတာဆိုတော့ အားလုံးကြားနေရတာပေါ့။ အဲဒီမှာဒီကောင်မလေး
ကိုပြောတဲ့ မှတ်ချက်ချတဲ့စကားကဒီလို "မင်းဒီလိုပုံမျိုးနဲ့ဘယ်လိုလုပ်ပြီး လူနာ
တွေကိုဆေးကုမလဲ Ward ထဲရောလာရဲ့လား၊ လူနာတွေကိုရောလက်တွေ့စမ်း
ဖူးရဲ့လား။ နင်တို့လိုလူမျိုးတွေကြောင့် ဆရာဝန်တွေသိမ်းကျုံးပြီး အထင်သေးခံ
ရတာ။ ဒီပုံစံအတိုင်းကတော့ Final မှာဆိုကျမှာပဲ။ ဆရာဝန်လည်းဖြစ်လာမှာမ
ဟုတ်ဘူး" တဲ့။ ကိုင်းဘယ်လောက်တောင်ပြင်းထန်တဲ့စကားလဲ သိပ်မှန်တယ်
အချိန်စေ့လို့ခေါင်းလောင်းတီးတော့ အဲဒီတပည့်မလေးက ဆရာ့အခန်းကိုရောက်
လာတယ်။ (၁၅) မိနစ်ကိုတစ်ခန်းနှုန်းနဲ့ တစ်ခန်းပြီးတစ်ခန်း စုစုပေါင်း(၄) ခန်းတိ
တိဆရာလေးယောက်နဲ့ဖြေရတာကိုး၊ ဆရာ့အခန်းကိုရောက်တော့ကောင်မလေး
ကမျက်နှာကြီးနီရဲပြီး မျက်ရည်တွေတတောက်တောက်ကျလို့ပေါ့။ တော်တော်နဲ့
ဘာစကားမှကိုမပြောနိုင်ဘူး ငိုလိုက်တာဆရာလည်း သူ့ကိုချော့မော့ပြီးစာမေး
ပွဲကိုဆက်ပြီးဖြေခိုင်းရတယ်။ မျက်ရည်တွေသုတ်ဖို့တစ်သျှူးပေပါလေးတွေပေး
ရှုံချည်တစ်လုံးတောင်ကျွေးပြီး ချော့လိုက်ရသေးတယ်။ ကိုင်းဒီကောင်မလေးကို
အဲဒီဆရာမကြီး ဆူပူကြိမ်းမောင်းတာ ဘယ့်နယ်လဲ... သမီးကိုပြောခဲ့တဲ့စကား
နဲ့ခပ်ဆင်ဆင်ပဲ သမီးထက်တောင်ပိုပြီးဆိုးလိမ့်ဦးမယ်။ အဲဒီသမီးလေးနဲ့နောက်
ဆုံးတွေ့ခဲ့ပြီးမကြာခင်မှာပဲ ဆရာလည်းရန်ကုန်ဆေးတက္ကသိုလ်ကိုပြန်ပြောင်းရ
တယ်။ နောက်တစ်နှစ်ဖန်ခါးမြေကိုစာမေးပွဲစစ်ဖို့ရောက်သွားတော့ အဲဒီကျောင်း

သူလေးနဲ့ပြန်ဆုံတွေ့တယ်။ အမယ်အဲဒီကလေးမလေးက အလုပ်သင်ဆရာဝန်ဖြစ်နေပြီ။ ဆရာ့ကိုတွေ့တော့ဝမ်းသာအားရနှုတ်ဆက်တယ်၊ ပြီးတော့အဲဒီညနေမှာပဲ ဆရာ့ကိုမုန့်ထုပ်လေးတွေနဲ့ လာပြီးကန်တော့တယ်။ သူ့ဝမ်းနည်းအားငယ်ငိုကြွေးနေချိန်မှာ အားပေးနှစ်သိမ့်ခဲ့တဲ့ဆရာ့ကို ကျေးဇူးတင်လို့တဲ့ ...ပြီးတော့ အံ့သြစရာသတင်းတစ်ခုကြားခဲ့သိခဲ့ရတယ်။ အဲဒီသတင်းကတော့အစမ်းစာမေးပွဲမှာ စာစစ်တဲ့ဆရာမကြီးက နှင်ဒီလိုပုံစံမျိုးနဲ့သွားရင် Final ဖြေရင်ကျမှာပဲ ဆရာဝန်ဖြစ်မှာမဟုတ်ဘူးလို့ ပြောခဲ့တဲ့ကောင်မလေးဟာ အဲဒီစကားကိုကြားရတဲ့နေ့ကစပြီးအဲဒီစကားကိုမခံမရပ်နိုင်ဖြစ်ပြီးမီးကုန်ယမ်းကုန်အစွမ်းကုန် မခံချင်စိတ်နဲ့ကြိုးစားလိုက်တာ Final စာမေးပွဲကြီးလည်းဖြေရော သူကအဲဒီဆရာမကြီးက အသုံးမကျဘူးနင်ကျမှာပဲလို့ မှတ်ချက်ပေးဆူပူကြိမ်းမောင်းခဲ့တဲ့ ဆရာတို့ရဲ့အိုဂျီသားဖွားမီးယပ်ဘာသာရပ်မှာ အောင်ရုံတင်မကဘူး၊ အဲဒီနှစ်မှာတစ်ယောက်တည်းပဲရှားရှားပါးပါးရတဲ့ ဂုဏ်ထူးကိုတောင်ရခဲ့သေးသတဲ့။ စဉ်းစားကြည့်နော် ...ဆေးတက္ကသိုလ်မှာကျောင်းသားတွေကအတော်တွေချည်းပဲ၊ အဲသလိုကျောင်းသားတွေ အယောက်(၅၀၀)ကျော်ထဲမှာမှ တစ်ယောက်တည်းရတဲ့အိုဂျီဂုဏ်ထူးကိုဒီကျောင်းသူလေးရသွားခဲ့တာ ဘယ်လောက်တောင်ချီးကျူးဖို့ကောင်းသလဲ။ အဲဒီနေ့ကဆရာ့ကိုကန်တော့ရင်း အဲဒီသူ့ကိုဆူပူခဲ့တဲ့ ဆရာမကြီးကိုလည်း ကျေးဇူးတင်ကန်တော့တဲ့အကြောင်းပြောပြခဲ့တယ်။ သူပြောတာကသူ့နဂိုအတိုင်းဆိုရင် ဂုဏ်ထူးတွေ ဘာတွေရအောင် ဒီလောက်ကြီးအားကြိုးမာန်တက်ကြိုးစားမိမှာမဟုတ်ဘူး ပုံမှန်လောက်ပဲစာကျက်ဖြစ်မှာ။ အဲဒီနေ့က ဆရာဝန်မကြီးက သူ့ကိုဒီအတိုင်းသွားရင် စာမေးပွဲကျမှာပဲလို့ပြောလိုက်လို့ အရမ်းနဲ့ကိုမခံချင်စိတ်တွေဖြစ်လာပြီး ဒီဆရာမကြီးပြောတဲ့အတိုင်း လုံးဝမဖြစ်စေရဘူး။ စာမေးပွဲမကျတဲ့အပြင် ဂုဏ်ထူးမရရအောင်ကြိုးစားမယ်ဆိုတဲ့ ပြင်းထန်တဲ့ဆန္ဒတွေနဲ့ အစွမ်းကုန်ကြိုးစားဖြစ်သွားခဲ့တာ ပြီးတော့ဂုဏ်ထူးကိုရခဲ့တာဖြစ်တယ်"

"အဲသလိုမခံချင်စိတ်တွေနဲ့ကြိုးစားဖြစ်သွားအောင် သူ့ကိုလှုံ့ဆော်ပေးခဲ့တဲ့ဆရာဝန်မကြီးကို ကျေးဇူးတင်တဲ့အကြောင်း သူပြောသွားခဲ့တယ်သမီးသူသူရေ။ ကိုင်းကြည့်စမ်း ... ဘယ်လောက်တောင်စိတ်လှုပ်ရှားဖို့ကောင်းတဲ့ဖြစ်ရပ်မှန်ဇာတ်လမ်းလေးလဲ။ ဒါကြောင့်ဆရာကပြောတာ ဒီကိစ္စတွေကိုကြည့်လိုက်တော့ တစ်ဖက်ကဘယ်သူကဘယ်စကားကို ဘယ်လိုရည်ရွယ်ချက်နဲ့ပဲပြောပြော တကယ်တမ်းအရေးကြီးတာက အဲဒီလိုပြောတာကို ကိုယ်ကဘယ်လိုစိတ်ထားသဘောထားနဲ့ခံယူသလဲဆိုတာပဲဖြစ်တယ် သမီးသူသူ။ အခုကိစ္စမှာပဲကြည့်လေ ဆရာမကြီးကဆူလိုက်တဲ့ပုံစံက တစ်ပုံစံတည်းပဲ ဒီစကားနဲ့ပါပဲ၊ ဒါပေမဲ့သမီးကကျတော့ ငါဆရာဝန်လုပ်ဖို့မဖြစ်နိုင်ဘူးလို့ထင်တယ်။ မလုပ်တော့ရင်ကောင်းမလားလို့ စိတ်ထဲမှာသဘောထားတယ်။ ဒါပေမဲ့ဖန်ခါးမြေက ဆရာ့တပည့်မလေးကတော့ ဒီစကားကိုပဲသူ့ဘဝရဲ့တွန်းအားအဖြစ် သတ်မှတ်လိုက်ပြီး အဲဒီနောက်ဆုံးနှစ်စာမေးပွဲကြီးမှာ ဂုဏ်ထူးထွက်အောင် မရမကကြိုးစားသွားခဲ့တယ်။ ဒါကြောင့်ဆရာပြောတာ ခံယူတဲ့ထားရှိတဲ့စိတ်ထားသဘောထားကအရေးအကြီးဆုံးလို့ ...မီးကတော့ပူတာချင်းအတူတူပဲ ဒီမီးအပူကြောင့်ဖယောင်းတွေကိုအရည်ပျော်စေတယ် သံမဏိတွေကိုတော့ပိုပြီးတော့မာကျောစေတယ်။ ဒီလိုပဲပြင်းထန်တဲ့နေရောင်ခြည်ကြောင့် တချို့အသီးတွေက ကြွေကျသွားတယ် တချို့အသီးတွေကကျတော့ ပိုလို့တောင်ဝင်းမှည့်လှပလာတယ်။ ကိုင်းဒီကိစ္စတွေမှာအဓိကသော့ချက်ကဘာလဲစဉ်းစားကြည့်စမ်း..." သူ့ပြောစကားကိုသူသူကနားထောင်ရင်း ခေါင်းလေးတညိတ်ညိတ်နှင့် ကျေနပ်လက်ခံပုံပေါက်သော်လည်းကိုမိုးက မျက်မှောင်လေးကြုတ်ရင်း တွေတွေလေးငေးကြည့်နေ၏။ သူကြည့်ရတာလက်မခံဘူးလား ... မကျေနပ်ဘူးလားမသိ။

●●●

ရောမမြို့ကြီးမီးဟုန်းဟုန်းတောက်နေတာကို ကြည့်ရင်း စောင်းကလေးတီးနေနိုင်တဲ့ဘုရင်ကြီးအကြောင်းကိုတွေးမိပြီး ကျွန်တော်ဖြင့်တစ်ခါတလေများ စိတ်ချမ်းချမ်းသာသာနဲ့ပျော်ပျော်နေမိတိုင်း ငါလည်းအဲသလိုများဖြစ်နေမလားလို့ ကိုယ့်ကိုယ်ကိုယ်လိပ်ပြာမလုံသလိုခံစားမိတယ် ဆရာ . . . အဲသလိုတွေးမိရင် ပျော်ချင်စိတ်တွေ ဘယ်ပျောက်သွားမှန်းမသိဘူး။ ဒါပေမဲ့ . . .



# ၁၄

# မိုးတောက် မိုးညွှန့် တွေကြားက တောင်းသံ




# မိုးတောက်မိုးလျှံတွေကြားကစောင်းသံ

"ဟိတ်ကိုမိုး...ဘယ့်နှယ်ကြောင့်များမျက်မှောင်ကြီးကိုကုတ်ပြီးတွေတွေကြီးငေးနေရတာလဲ၊ တစ်ခုခုတွေးမိတယ်ဆိုရင် ပွင့်ပွင့်လင်းလင်းပြောပြနော်ကိုမိုးကိုကြည့်ရတာ တစ်ခုခုကိုဘဝင်မကျတဲ့ပုံစံပဲ အဲဒါဘာလဲ ဆရာ့ကိုအားမနာနဲ့နော်...ပြော"

ဒေါက်တာငြိမ်းချမ်းတစ်ယောက် သူ့စကားကိုနားထောင်ရင်း တစ်စုံတစ်ရာဘဝင်မကျသည့်ပုံစံနှင့် ခေါင်းလည်းမညိတ်ခေါင်းလည်းမခါဘဲ တွေတွေကြီးငေးမောနေသောကိုမိုးအား အတွေးအိပ်မက်ထဲမှ လှုပ်နှိုးလိုက်လေ၏။ နှစ်ပေါင်းများစွာကျောင်းဆရာလုပ်ခဲ့သည့် သူ၏ဘဝပေးအတွေ့အကြုံအရ စကားတစ်ခွန်းပြော စာတစ်ပုဒ်သင်တိုင်း သူသင်နေပြောနေသည့်ကျောင်းသားလေးတွေ သူပြောတာနားလည်ရဲ့လား စိတ်ရောဝင်စားရဲ့လား ကျေမှကျေနပ်ရဲ့လား မရှင်းလင်းတာတွေရောရှိသေးလား စသည်စသည့်အချက်များကို သူတို့လေးတွေ၏မျက်လုံးလေးတွေကိုကြည့်လိုက်ရုံမျှနှင့် အနီးစပ်ဆုံးမှန်ကန်အောင်ခန့်မှန်းကြည့်နိုင်နေပြီမဟုတ်ပါလား...ထို့ကြောင့်လည်းကိုမိုးဆိုသည့်ငတိလေးမျက်မှောင်ကိုကြုတ်၍တစ်စုံတစ်ရာတွေးကာ စိတ်အစာမကျေဖြစ်နေသည့်အကြောင်း စကားတစ်ခွန်းမှပြောစရာမလိုဘဲ သိနေခြင်းဖြစ်ပါသည်။

သူ့ဆရာက ထိုကဲ့သို့စကားလမ်းကြောင်းကို ဖွင့်ပေးနေတော့လည်း

ကိုမိုးတစ်ယောက် ဟိုဘက်ကသူသူ မျက်စိလေးထောင့်ကပ်ပြီး နှုတ်ခမ်းခပ်စူစူနှင့်ကြည့်နေသောအကြည့်ကို မမြင်ဟန်ပြုကာ နှုတ်မှစကားလေးတွေ ဤကဲ့သို့ထွက်ပေါ်လာလေ၏။

"ဆရာရယ်..ဆရာပြောသလိုအရာရာကိုကောင်းတဲ့ဘက်ကကြည့်ပြီးစိတ်ချမ်းသာပျော်ရွှင်အောင်နေရမယ်ဆိုတာက ပြောတော့သာလွယ်တာပါတကယ်တမ်းလက်တွေ့မှာ ဖြစ်နိုင်ပါ့မလားဆရာ။ တစ်ခါတစ်ခါ ကျွန်တော်စဥ်းစားကြည့်မိတယ်။ ပေါ့ဒီကမ္ဘာကြီးမှာသေချာကြည့်လိုက်ရင် လူတွေဟာဆင်းရဲဒုက္ခတွေမျိုးစုံရောက်နေကြတယ်။ စားစရာမရှိလို့ငတ်ပြတ်နေတဲ့သူတွေ ရေဘေးလေဘေးနဲ့ မုန်တိုင်းတွေကြောင့်လည်း သေကြကျေကြပျက်စီးကြ နောက်ပြီးလူတွေဟာ တစ်နေ့တခြားဆင်းရဲတွင်းတွေနက်လာကြလို့လားတော့မသိဘူး "ကမ္ဘာမီးလောင်တော့ သားကောင်ချနင်း" ဆိုတဲ့စကားလိုပဲ တစ်ယောက်နဲ့တစ်ယောက်ညှာတာတာ စာနာတာ ကူညီရိုင်းပင်းတာတွေ နည်းသထက်နည်းလာပြီး ကြီးနိုင်ငယ်ညှင်းတွေများလာကြတယ်။ အဲဒီအဖြစ်တွေကို ကိုယ့်ရဲ့မျက်စိရှေ့မှာမြင်နေကြားနေတွေ့နေပါလျက်နဲ့ ကိုယ်ကတော့စိတ်ချမ်းသာလက်ချမ်းသာနဲ့ပျော်ပျော်ရွှင်ရွှင် ရယ်ရယ်မောမောနဲ့နေဖို့ဆိုတာ တစ်ခါတလေတွေးကြည့်လိုက်ရင်ကျွန်တော်တို့တွေ ဟိုးရာဇဝင်ထဲမှာဖတ်ခဲ့ဖူးတဲ့ ဘုရင်ကြီးတစ်ပါးနဲ့ များသွားပြီးတူနေမလားလို့ စိုးရိမ်ပူပန်နေမိတယ်။ ရောမမြို့ကြီးမီးဟုန်းဟုန်းတောက်နေတာကိုကြည့်ရင်း စောင်းကလေးတီးနေနိုင်တဲ့ ဘုရင်ကြီးအကြောင်းကိုတွေးမိပြီးကျွန်တော်ဖြင့်တစ်ခါတလေများ စိတ်ချမ်းချမ်းသာ သာနဲ့ပျော်ပျော်နေမိတိုင်း ငါလည်းအဲသလိုများဖြစ်နေမလားလို့ ကိုယ့်ကိုယ်ကိုယ်လိပ်ပြာမလုံသလို ခံစားမိတယ်ဆရာ..အဲသလိုတွေးမိရင် ပျော်ချင်စိတ်တွေ ဘယ်ပျောက်သွားမှန်းမသိဘူး။ ဒါပေမဲ့အဲသလိုဆင်းရဲဒုက္ခတွေရောက်နေတဲ့လူတွေကိုလည်း ကိုယ့်အစွမ်းနဲ့ဘာဆိုဘာမှ ပြောင်းလဲပစ်နိုင်တာမဟုတ်လေတော့ ပိုလို့တောင်စိတ်ညစ်ညူးနေမိပါသေးတယ်။ အဲသလိုတွေတွေးမိတော့ မပျော်ချင်တော့ဘူး စိတ်တွေလေးလံထိုင်းမှိုင်းလာတော့တယ်ဆရာ ...အဲဒါကျွန်တော်မှားသလား"

ကိုမိုး၏စကားကိုနားထောင်ရင်း ဒေါက်တာငြိမ်းချမ်းလည်း တစ်ချက်ငိုင်တွေသွားမိလေ၏။ သူငယ်စဥ်တုန်းကအတွေးတွေနှင့် ယခုကိုမိုးပြောပြသောအတွေးတွေက ထပ်တူညီမျှခံစားခဲ့ရဖူးသည်မို့ ကိုမိုးအားကိုယ်ချင်းစာနာစိတ်အပြည့်နှင့် နားလည်မိလေ၏။

သူငယ်စဥ်ခါ ရှစ်တန်းကျောင်းသားဘဝတုန်းက အဖြစ်အပျက်လေးတစ်ခုကို ချက်ချင်းသတိရမိလေ၏။ အဲဒီနေ့က မနက်စောစော သူတို့သူငယ်ချင်းတစ်စုကျောင်းကိုသွားကြတော့ လူကြီးတွေစုရုံးစုရုံးနှင့် ရေဒီယိုလေးတွေနားနားကပ်ကာ တီးတိုးတီးတိုးသဖန်းပိုးလုပ်နေခဲ့ကြတာကို သတိပြုမိကြ၏။ သို့သော်ဘာကြောင့်မှန်းတော့ကောင်းကောင်းမသိ ကျောင်းတက်ခေါင်းလောင်းထိုး၍စာသင်ခန်းထဲမှာထိုင်ကြလေ၏။

သူတို့၏အတန်းပိုင်ဆရာက အလွန်ဝမ်းနည်းကြေကွဲနေသော မျက်နှာထားညှိုးညှိုးနှင့် အတန်းထဲဝင်လာပြီး ကျောင်းသားတွေအားလုံး၏မျက်နှာတွေကို စေ့စေ့ကြည့်နေခဲ့၏။ သူတို့အားလုံးလည်း ဒီနေ့ဆရာ့မျက်နှာထားကထူးခြားနေမှန်းသတိပြုမိ၏။ ဆရာပြော၏ "ကျောင်းသားအားလုံးကို ဆရာဝမ်းနည်းစိတ်မကောင်းစရာသတင်းတစ်ပုဒ်ကို မပြောချင်ပေမယ့် မလွှဲမရှောင်သာပြောရတော့မယ်" ဟုစကားစတော့ သူတို့ကျောင်းသားအားလုံးမှာ မျက်လုံးပြူးလေးတွေကိုယ်စီနှင့် သူတို့ဆရာရှေ့ဆက်ပြောတော့မည့်စကားတွေကို ရင်တခုန်ခုန်နှင့်ပူပန်စွာ နားစိုက်ထောင်နေမိကြလေသည်။ ဆရာကဆက်ပြောလေ၏...

"အခုရန်ကုန်နဲ့မြို့ကြီးတွေမှာဖြစ်နေတဲ့ တက္ကသိုလ်ကျောင်းသားတွေရဲ့ဆန္ဒပြမှုတွေကြောင့် ဆရာတို့ရဲ့ကျောင်းတွေအားလုံးကို ဒီနေ့ကစပြီးရက်အကန့်အသတ်မရှိပိတ်လိုက်ပြီဆိုတဲ့အကြောင်းကို ဆရာကြေညာအပ်ပါတယ်" တဲ့။ အဲဒီမှာဘာဖြစ်သည်ထင်ပါသနည်း..သူတို့သူငယ်ချင်းတွေ တစုတဝေးကြီး ဆရာ့စကားအဆုံးတွင် ထိုင်ခုံမှာရုတ်တရက်ထခုန်ပြီး "ဝေးဟေးဟေး ကျောင်းတွေပိတ်ပြီတဲ့ကွ" ဟုအော်ဟစ်မြည်ကြွေးကာ ကကြခုန်ကြသည်အထိပင်ဖြစ်ခဲ့ကြလေတော့၏။ ဝမ်းမြောက်ဝမ်းသာ ကကြခုန်ကြပျော်ရွှင်ခဲ့ကြသည့် မသိသားဆိုးရွားလှစွာသော သူတို့ကျောင်းသားတစ်စုကို သူတို့၏ဆရာက စိတ်ပျက်လက်ပျက်နှင့် ခေါင်းတယမ်းယမ်းကြည့်နေခဲ့သည်ကို သူခုတိုင်အောင်မြင်ယောင်နေမိပါသေးသည်။

ကျောင်းသားလူငယ်လေးတွေဆိုတော့ ကျောင်းပိတ်လျှင်ပျော်သည်

ဒါပဲ…ဒီထက်ဘာဆိုဘာမှ ဆက်၍မတွေးမိ မတွေးတတ်ကြ ထို့ကြောင့်လည်း ကလေးသူငယ်လေးများ၏ အပူအပင်နည်းပါးတတ်သော ရှေ့ရေးနောက်ရေးမ တွေးတတ်သောသဘာဝကို ဆရာစိုင်းခမ်းလိတ်ရေး၍ စိုင်းထီးဆိုင်သီဆိုခဲ့သော "ပျောက်ဆုံးနေသည့်နိဗ္ဗာန်ဘုံ" ဆိုသည့်သီချင်းလေးထဲတွင် "အပူအပင်ကင်းတဲ့ ကလေးလေးဘဝကို တစ်ခါပြန်ပြီးရချင်သေးတယ်၊ အပြစ်မရှိသေးတဲ့ ကလေး လေးဘဝကိုတစ်ခါပြန်ပြီးရချင်သေးတယ်" ဟူ၍ပြောင်မြောက်ထိရှစွာ သူမှတ် သားခဲ့ဖူးသည်ပဲ။

အဲဒီကတည်းက တစ်ခါတစ်ခါ ပျော်ရွှင်ရယ်မောတော့မည်ဟုကြံရွယ် ပြီးမှ ငါပျော်လို့မှဖြစ်ပါ့မလား ရယ်လို့ရောအပြစ်ရှိနေမလားဟု အတွေးကလေး တစ်ချက်ဝင်ဝင်သွားပြီး ပျော်ရမလိုလို ငိုရတော့မလိုလို ဟိုလိုလိုဒီလိုလိုနှင့် စိတ် တွေကိုးရိုးကားရားဖြစ်ရပါတော့သည်။

ဟုတ်သည်လေ…တဖြည်းဖြည်းနဲ့ကြီးပြင်းလာလေလေ ဟိုးငယ်စဉ် ကလေးဘဝကလို စိတ်လွတ်ကိုယ်လွတ်နဲ့ မပျော်နိုင်တော့လေပါပဲ သူဆရာဝန် ဖြစ်လာတော့ ပိုလို့တောင်ဆိုးသေး၏။ ဆရာဝန်ပေါက်စဘဝက လူနာတွေဆေး ကု၏။ သူကုပေး၍ပျောက်ကင်းသွားလျှင် အပျော်ကြီးပျော်၏။ သူမကုတတ်သော သူကု၍လည်းမပျောက်သော သူ့ရှေ့မှာပဲ သေမင်း၏ခေါ်ရာနောက်သို့ ကောက် ကောက်ပါအောင်လိုက်ပါသွားကြသော လူအများနှင့်ကြုံရလျှင် စိတ်အညစ်ကြီး ညစ် ဝမ်းအနည်းကြီးနည်းရတော့၏။ တစ်ခါတစ်ခါများ ကင်ဆာရောဂါ၏နောက် ဆုံးအဆင့်ကိုရောက်နေပြီဖြစ်သော မီးစာကုန်ဆီခန်းနေပြီဖြစ်သည့် မကြာမီသေ တော့မည်ဖြစ်သည့် လူနာများနှင့် သူရင်ဆိုင်ကြုံတွေ့ရလျှင် မည်သို့စိတ်ကိုထား ပြီးဆက်ဆံရမည်ဟူ၍ပင် မသိအောင်ဖြစ်ရ၏။ မကြာခင်ကြွေလွင့်သွားကြတော့ မည့် သူ့ဆေးပညာ သူ့အစွမ်းသတ္တိနှင့်လည်း သေမင်း၏လက်ထဲမှ မည်သို့မျှပြန် လည်လုယူ၍မရတော့ပြီဖြစ်သော လူနာများကိုကြည့်ရင်း သူကြေကွဲဝမ်းနည်း နေမိ၏။ စိတ်မကောင်းခြင်းကြီးစွာနှင့် သနားကရုဏာထားမိတော့ လူနာကိုမည် သို့အားပေးစကားပြောရမည်မှန်းပင်မသိတော့ပြီ ထိုလူနာကိုသူမည်သို့ဆက်ဆံ ရပါမည်နည်း။ သူ၏ငိုတော့မလိုလို မှိုင်းညို့ရီဝေနေသော မျက်နှာထားကိုကြည့်၍ လူနာကပင်တဖန်ပြန်၍ အားပေးစကားပြောရတော့မည်လား ဆရာဝန်ကလေး



တော့အကြီးအကျယ် ဒုက္ခရောက်နေပြီဖြစ်ပါသည်။

ယခုလည်းကြည့် ကိုမိုးကဆက်ပြောပြန်သည့်စကားတွေက "ဆရာ ရယ်..ဟောဒီလောကကြီးမှာ မီးဆိုတာပူတယ် ရေဆိုတာအေးတယ် ရန်သူဟာ မီးလိုပဲပူတယ် မိတ်ဆွေဟာရေလိုပဲအေးတယ်။ ရန်သူဟာရန်သူ မိတ်ဆွေဟာ မိတ်ဆွေဆိုပြီး ပြတ်ပြတ်သားသားအမှန်တရားနဲ့ စည်းခြားထားရတယ် မဟုတ် ဘူးလား။ အရှိကိုအရှိအတိုင်း အမှန်ကိုအမှန်အတိုင်း ကြည့်မြင်ပြီး ဆက်ဆံရမှာ စိတ်ထားရမှာမဟုတ်ဘူးလား။ မီးဟာရေမဖြစ်နိုင်ဘူး။ ရန်သူကိုဘယ်လိုလုပ်ပြီး ကောင်းတဲ့ဘက်ကိုလှည့်တွေးရမှာလဲ။ ရန်သူကိုရန်သူမှန်းသိပြီး အပြတ်တိုက်ရ မှာမဟုတ်ဘူးလား။ ဘယ်လိုစိတ်သဘောထားရမှာလဲ…ရှင်းပြပါဦးဆရာ" တဲ့။

ကိုင်း…ဒီတစ်ခါအလှည့်ကျ မန္တစ္စတမ်းဖြေရမှာကတော့ ဒေါက်တာ ငြိမ်းချမ်းရဲ့အလှည့်ပါပဲ။

●●●

> ကြာပန်းလေးဘဝကိုအားကျပြီး ဘဝမှာနေထိုင်သင့်တယ်။ ဘေးကအမှိုက်သရိုက်အညစ်အကြေးတွေအနံ့အစော်တွေ အားလုံးက သူ့နားပတ်လည်ဝိုင်းနေပေမယ့် သူ့ကိုမကပ်ငြိနိုင်ဘူး။ သူဟာသူ့ပင်ကိုရနံ့လေး အဆင်းလေးနဲ့လှပမွှေးပျံ့နေတယ်ဆိုတာသိပ်အံ့ဩစရာကောင်းသလိုသိပ်လည်းအတုယူချင်စရာကောင်းတယ်။ ဆရာတော့အဲဒီကြာပန်းလေးကိုစိတ်ကူးအိပ်မက်ထဲမှာမြင်တွေ့ရပြီးတဲ့အခါမှာနောက်ပိုင်းစိတ်ညစ် စိတ်ရှုပ် စိတ်ဓာတ်ကျလာရတဲ့အခါတိုင်း . . .

## ၂၀

# ရွံ့နွံ့တွေကြားက ကြာပန်းတစ်ပွင့်






## ရွှံ့နွံတွေကြားက ကြာဖြူပန်းတစ်ပွင့်

"ကိုမိုးမေးတဲ့မေးခွန်း ကိုမိုးရင်ထဲမှာရှိတဲ့ ခံစားချက်တွေအားလုံးကို ဆရာကကိုယ်ချင်းစာနာနားလည်မိပါတယ်။ ဘာကြောင့်လဲဆိုတော့ဆရာကိုယ်တိုင်လည်း ကိုမိုးအခုမေးသလို အခုတွေးသလိုမျိုးတွေ မေးခဲ့တွေးခဲ့ပြီး စိတ်တွေ ညစ်ညူးစိတ်ဓာတ်တွေကျအားတွေငယ် စိတ်တွေရှုပ်ထွေးပြီး ဘာဆက်လုပ်ရမှန်းလည်းမသိတော့ဘူး။ ဘာဆိုဘာမှလုပ်ချင်ကိုင်ချင်စိတ်လည်းမရှိတော့ဘူး။ အားအင်တွေလည်းကုန်ဆုံးသွားပြီး လူကလန်းလန်းဆန်းဆန်း တက်တက်ကြွကြွမရှိတော့ဘူး။ ဒီထက်ဆိုးတာကလောကကြီးမှာ နေသာနေနေရတာပျော်ရွှင်ကြည်နူးစရာလည်းဘာဆိုဘာမှမရှိတော့ဘူး...အသက်ရှင်နေရတာဟာလည်း အဓိပ္ပာယ်ကင်းမဲ့နေသလိုလိုကြီးစိတ်ထဲမှာဟာလာဟင်းလင်းကြီးနဲ့ ခံစားလာရတယ်။ ပတ်ဝန်းကျင်လောကကြီးကိုကြည့်တော့လည်း စိတ်ညစ်မယ်ဆိုရင်ညစ်ချင်စရာကြီးပေါ့။ ကိုမိုးအခုနကပြောပြခဲ့သလိုပဲ ဟောဒီလောကကြီးတစ်ခုလုံးကလည်းလောဘတုံးကြီးတွေ ဒေါသတုံးကြီးတွေကသိပ်များတာ၊ လူတွေကလည်းကြီးနိုင်ငယ်ညှင်း နိုင်ရာစားကြနဲ့ရေများရာမိုးရွာ မြေနိမ့်ရာလှံစိုက်နဲ့ဖြစ်ချင်တိုင်းဖြစ်နေတဲ့ကမ္ဘာကြီး...လူအများစုကဆင်းရဲဒုက္ခတွေတစ်လှေကြီးနဲ့။ ဒီဟာတွေ

အားလုံးကိုပြုပြင်ပြောင်းလဲပစ်ဖို့ဆိုတာကလည်း ကိုယ်ကတာန်ခိုးရှင်မဟုတ်ဘူး ဘာမှမဟုတ်တဲ့သာမန်လူသားပဓွားမဟုတ်လား...ဒါတွေလျှောက်စဉ်းစားတွေး တောမိလိုက်တိုင်း စိတ်တွေညစ်စိတ်ဓာတ်တွေကျပြီး မပျော်မရွှင်တွေဖြစ်လာရ တယ်ကိုမိုးတို့ရေ” ဟုဒေါက်တာငြိမ်းချမ်းက တွေးတွေးဆဆလေးနဲ့ ညည်းပြော ပြတော့...

“ဟုတ်တယ်ဟုတ်တယ်ဆရာရယ်...ကျွန်တော်လည်းမကြာမကြာ အဲသလိုဖြစ်တယ်။ စိတ်တွေညစ်ညျုးပြီး ဘာလုပ်လို့လုပ်ရမှန်းမသိတော့ဘူးပေါ့ ဆရာ။ အဲဒီအတွက်ကျွန်တော်ဘာလုပ်သင့်တယ်ဆိုတာ ပြောပြပါဦးလားဆရာ” ဟုကိုမိုးကဝင်ထောက်လိုက်ပြီး သိလိုဇောနှင့်သူ့ကုလားထိုင်ကိုရှေ့သို့တစ်ချက် လှမ်းရွှေ့၍ထိုင်လိုက်၏။

“ဟုတ်တယ်ကိုမိုးရေ..ဆရာတို့ကိုမိုးတို့တွေတင် ဘယ်ကပါဦးမလဲ တကယ့်လူသားစိတ်ဓာတ်ရှိတဲ့ လူပီသတဲ့လူတိုင်းဟာ မိမိတို့ရဲ့ပတ်ဝန်းကျင်မှာ ဖြစ်ပျက်နေတဲ့ကိစ္စမှန်သမျှကို မျက်စိတွေဖွင့်နားတွေစွင့်ပြီး အမှန်အတိုင်းသိရှိရ အောင်လေ့လာစူးစမ်းပြီး နေထိုင်တတ်ကြတယ်။ ဝမ်းသာစရာတွေရှိရင်ဝမ်းသာ တတ်ရမှာဖြစ်သလို ဝမ်းနည်းစိတ်မကောင်းစရာတွေနဲ့တွေ့ရရင်လည်း မကျေမ နပ်နဲ့စိတ်ညစ်ကြရတတ်တာဟာ ဓမ္မတာပါပဲ။ ဒါပေမဲ့ဆရာတို့တွေဟာ ဝမ်းနည်း အားငယ်စိတ်ညစ်စိတ်ဓာတ်ကျနေရုံနဲ့ လူသားတာဝန်ကျေပြီလား။ ဒီစိတ်ဓာတ် ကလေးရှိတာတော့ကောင်းတယ်...ဒါပေမဲ့ဆရာတို့က နောက်တစ်ဆင့်ထပ်ပြီး ဘယ်လိုစိတ်ထားသဘောထားမျိုးထားရှိသင့်သလဲဆိုတာကိုစဉ်းစားကြရမယ် အဲသလိုစဉ်းစားမိလိုက်တဲ့အခါတိုင်း ဆရာ့စိတ်ကူးထဲမှာ ညစ်ပတ်စုတ်ပြတ်နေ တဲ့ရွှံ့တွေနွံတွေဒိုက်တွေအမှိုက်တွေရဲ့ကြားထဲမှာ ကားကားစွင့်စွင့်လေးပွင့်လန်း နေတဲ့ကြာပန်းလေးတစ်ပွင့်ကို လှမ်းပြီးမြင်မိတယ်။ စဉ်းစားကြည့်လိုက်စမ်းမြင် ယောင်ကြည့်လိုက်စမ်း ကိုမိုးနဲ့သူသူတို့ရေ...သူ့ရဲ့ဘေးမှာပတ်လည်ဝိုင်းနေတဲ့ အနံ့အစော်အညစ်အပတ်တွေအစုတ်အပြတ်တွေကြားထဲမှာကြာပန်းလေးဟာ သူ့ဟာနဲ့သူသန့်သန့်လေးနဲ့ လှပပြီးမွှေးပျံ့နေတာပဲ။ ဘေးကနံစော်ညစ်ပတ်တဲ့ရွှံ့ တွေဗွက်တွေအမှိုက်တွေနဲ့ သူကရောယှက်မသွားပါဘူး။ အဲဒီအနံ့တွေအညစ်အ ပတ်တွေကလည်းသူ့ဆီကူးမလာနိုင်ဘူး။ ဒီကြားထဲမှာနေပေမယ့်ဘာနဲ့မှမကပ်



ငြိဘဲ သူ့ဟာသူလေးသူ့ရဲ့ပင်ကိုသဘာဝ အရောင်အသွေးအလှအပတွေနဲ့ မွှေးပျံ့ နေတဲ့အနံ့နဲ့ လောကကြီးကိုအကောင်းဆုံး အလှဆင်နေတော့တာပဲ..ဆရာက တော့လေ တစ်ခုခုကိုတွေးမိပြီး စိတ်ညစ်ညျုးထိုင်းမှိုင်းပြီး စိတ်နေမကောင်းဖြစ် တိုင်း အဲဒီနွံထဲကကြာပန်းလေးကိုမြင်ယောင်မိလိုက်တယ်။ အဲဒီကြာပန်းလေး ဘဝအလှနဲ့သဘာဝလေးကို အရမ်းနဲ့အားကျစိတ်ကူးယဉ်မိတယ်” ပြောရင်းဆို ရင်းဒေါက်တာငြိမ်းချမ်းတစ်ယောက် သူ့စကားကိုနားထောင်နေသော ကိုမိုးနှင့် သူသူတို့၏မျက်နှာလေးတွေကို လှမ်းကြည့်မိလေ၏။

“ဆက်ပြောပါဦးဆရာ...ဆရာပြောတဲ့စကားက ကွင်းခနဲကွက်ခနဲမို့ ရွှံ့နွံတွေကြားထဲက လှပမွှေးပျံ့နေတဲ့ကြာပန်းလေးကိုကျွန်တော်လှမ်းမြင်နေရပါ ပြီ။ ဆရာဆိုလိုချင်နေတာကို သဘောပေါက်သလိုလိုလည်းရှိလာပါပြီ ကျေးဇူးပြု ပြီးဆက်ပြောပါဦးဆရာ...ဒီနေ့လာရတဲ့ရည်ရွယ်ချက်က ဆရာ့ကိုလာကန်တော့ ရင်း ကျွန်တော်တို့လင်မယားနှစ်ဦးကြားထဲက ပြဿနာလေးတစ်ခုကိုလည်း တိုင် ပင်ချင်လို့ပါ။ အခုတော့ဆရာနဲ့စကားပြောရင်းပြောရင်း ကျွန်တော်တို့ရဲ့ပြဿနာ တွေဖြေရှင်းနည်းလေးကို အခြေခံရင်း ဘဝမှာဘယ်ပုံဘယ်နည်းနဲ့ နေထိုင်သွား သင့်သလဲဆိုတဲ့ ကျယ်ပြောလှပြီး စိတ်ဝင်စားစရာအလွန်ကောင်းတဲ့အပြင် ကျွန် တော်တို့တွေရဲ့ဘဝအမြင်လေးတွေကိုပါ ပြောင်းလဲစေလောက်အောင် အကျိုးရှိ တဲ့စကားတွေကို မမျှော်လင့်ဘဲနားထောင်နေမိပါလားလို့ စိတ်ထဲအတွေးထဲမှာ ကြည်နူးနှစ်သိမ့်မှုကို ခံစားရပါတယ်ဆရာ” ဟုကိုမိုးက တွေးတွေးဆဆလေးဝင် ထောက်လေ၏။

သူသူကလည်း “ဟုတ်တယ်ဆရာ... သမီးလည်းဘဝမှာနေလာတာ နှစ်ပေါင်းများစွာကြာမြင့်ခဲ့ပြီဖြစ်ပေမယ့် အခုဆရာနဲ့ပြောနေသလိုတွေ တစ်ခါမှ တောင်ကောင်းကောင်းမစဉ်းစားမတွေးတောခဲ့ဖူးဘူး။ ဒီအတိုင်းနေ့စဉ်နေ့တိုင်း အိပ်ရာကနိုးလာတာနဲ့ စားမယ် သောက်မယ် ကလေးနဲ့ကစားမယ် အားရင်တီဗွီ ဗီဒီယိုကြည့်မယ် Shopping ထွက်မယ် အတွေးတွေကနောက်ထပ်ကလေးလေး တစ်ယောက် အရူးအမူးလိုချင်စိတ်ပြင်းပြတယ်။ ကိုမိုးကြီးကို ကလေးထပ်မမွေး ပေးနိုင်လို့မကျေနပ်ဘူး။ ဒါပေမဲ့ဒီထက်လည်း ဘာကိုမှထပ်ပြီးတွေးတောစဉ်းစား မနေတော့ဘူး။ အခုဆရာပြောပြတော့မှ “ရာနှုန်းပြည့်ဘဝနေတဲ့နည်း” ရှိပါလား

ဆိုတာသိနိုင်တဲ့လမ်းစကလေး ပေါ်လာသလိုလိုခံစားရတယ် ဒါကြောင့်ဆက်ပြီး ပြောပြပါဦးဆရာ . . . သမီးအတွက်လည်းအကျိုးရှိလွန်းလို့ပါ"

"ဟုတ်တယ်ကိုမိုးနဲ့သမီးသူသူတို့ရေ ဟောဒီလောကကြီးမှာ ဘဝနေနည်းဆိုတာရှိတယ်။ ဒီဘဝနေနည်းကိုမှန်မှန်ကန်ကန်လေး သိမြင်သွားပြီဆိုရင် ဘဝမှာနေရကျိုးနပ်အောင်နေတတ်သွားပြီ။ နို့မဟုတ်ရင်ဘဝမှာ အသက်ရှူနေတယ် စကားပြောနေတယ် လမ်းတွေလျှောက်အလုပ်တွေလုပ်နေတယ်။ ဒါပေမဲ့ နေတဲ့နည်းမှားနေရင်တော့ တကယ့်ကိုဘဝမှာ အနှစ်သာရအပြည့်နဲ့ ရှင်သန်နေတာပါလို့ပြောဖို့သိပ်ခက်သွားမှာအမှန်ပဲ။ အပြည့်အဝအသက်ရှင်နေတာမဟုတ်တော့ဘူး။ အသက်ရှင်နေသယောင် မြင်ရထင်ရပေမယ့် တကယ်တမ်းကျတော့ ဘဝကသေနေပြီဆိုတာတွေလည်းအများကြီးရယ်။ အခုဆရာပြောပြနေတဲ့ကြာပန်းလေးဘဝကိုအားကျပြီး ဘဝမှာနေထိုင်သင့်တယ်။ ဘေးကအမှိုက်သရိုက်အညစ်အကြေးတွေအနံ့အစော်တွေအားလုံးက သူ့နားပတ်လည်ဝိုင်းနေပေမယ့်သူ့ကိုမကပ်ငြိနိုင်ဘူး။ သူဟာသူ့ပင်ကိုရနံ့လေးအဆင်းလေးနဲ့ လှပမွှေးပျံ့နေတယ်ဆိုတာ သိပ်အံ့သြစရာကောင်းသလို သိပ်လည်းအတုယူချင်စရာကောင်းတယ်။ ဆရာတော့အဲဒီကြာပန်းလေးကိုစိတ်ကူးအိပ်မက်ထဲမှာ မြင်တွေ့ရပြီးတဲ့အခါမှာ နောက်ပိုင်းစိတ်ညစ်စိတ်ရှုပ် စိတ်ဓာတ်ကျလာရတဲ့အခါတိုင်း အဲဒီကြာပန်းပုံကလေးက စိတ်ထားနှလုံးသားထဲမှာ သူ့အလိုလိုထင်ဟပ်ပေါ်လွင်လာတယ်။ အဲဒီအခါငါကြာပန်းကလေးလိုနေမယ်လို့ သူ့အလိုလိုအားကျစိတ်ကူးယဉ်ရင်း စိတ်ဆုံးဖြတ်မိသွားတယ်။ အဲဒါကြောင့်အဲဒီနောက်ပိုင်းမှာ ဘယ်ကိုပဲရောက်ရောက် ဘယ်လိုစိတ်ညစ်စရာစိတ်ရှုပ်စရာကိစ္စတွေနဲ့ပဲကြုံကြုံ ဘယ်လိုပြဿနာအခက်အခဲတွေနဲ့တွေ့တွေ့စိတ်မညစ်တော့ဘူး စိတ်ဓာတ်မကျတော့ဘူး။ အခုချိန်မှာငါ့ရဲ့စိတ်ကိုအညစ်အနွမ်းအစွန်းအထင်းမခံနိုင်ဘူး။ စိတ်ကိုကြည်ကြည်ထားလန်းလန်းလေးနေ . . စိတ်မညစ်နဲ့စိတ်မရှုပ်နဲ့ စိတ်မတိုနဲ့စိတ်မပုပ်နဲ့ စိတ်ကောင်းလေးထားပြီး အခုလက်တွေ့မှာ ဘာလုပ်ရင်ကောင်းမလဲဆိုတာကိုပဲ စိတ်အေးအေးနဲ့စဉ်းစားတယ်။ အရင်ကလိုငါလည်း ဘာမှမတတ်နိုင်ဘူး။ ငါဘာလုပ်လုပ်ထူးလာမှာလည်းမဟုတ်ဘူး။ ငါကလည်းဘာမှဟုတ်ဟုတ်ညားညား လုပ်မပေးနိုင်ဘူး။ ကိုယ်မလုပ်နိုင်မှတော့ ဘာမှထူးလာမှာလဲမဟုတ်တော့တာမို့ မလုပ်တော့ဘူးလို့

မဆုံးဖြတ်တော့ဘူး။ ဘယ်လောက်ကြီးမှောင်မိုက်တဲ့ညပဲဖြစ်ဖြစ် ကြယ်ကလေးတစ်ပွင့်လောက်တော့ ကောင်းကင်မှာရှိနိုင်တယ်။ ဘယ်လောက်ပဲမှောင်မှောင် ခဏလေးထပ်စောင့်ရင် လင်းအရုဏ်ဆိုတာထွန်းသစ်လာမှာ ငါလုပ်နိုင်တာလုပ်သင့်တာတစ်ခုခုကတော့ ရှိကိုရှိရမယ်။ လုပ်သင့်တာဆိုရာမှာ ဘာဆိုဘာမှလုပ်မနေဘဲ စိတ်အေးအေးစိတ်ရှည်ရှည်လေးထားပြီး အချိန်ဆိုတဲ့သမားတော်ကြီးအလာကိုပဲစောင့်နေတာလည်း အကောင်းဆုံးအလုပ်လုပ်နည်းဖြစ်နိုင်တယ်။ အဲဒီတော့စိတ်ကြည်ကြည်လင်လင် လန်းလန်းဆန်းဆန်းနဲ့ စိတ်ထဲမှာဘာအညစ်အကြေးမှမကပ်ငြိဘဲ သွက်သွက်လက်လက် တက်တက်ကြွကြွနေရမယ်။ ကိုယ့်ရဲ့ပင်ကိုအလှ ပင်ကိုသဘာဝအတိုင်း ရိုးရိုးရှင်းရှင်းလေး ကြာပန်းလေးလိုနေမယ်။ ပြီးရင်ဘယ်လိုအခြေအနေမျိုးမှာပဲဖြစ်ဖြစ် ဘယ်လိုနေရာမျိုးကိုပဲရောက်ရောက် ဘယ်လိုအဖြစ်အပျက်မျိုးတွေနဲ့ပဲကြုံကြုံ ဘယ်လိုလူမျိုးတွေနဲ့ပဲတွေ့တွေ့စိတ်ကိုကောင်းကောင်းလေးနဲ့ကြည်ကြည်လေးထားပြီး ဘယ်လိုမျိုးလုပ်ရင်ကောင်းမလဲ ပြဿနာတစ်ခုတွေ့တိုင်းလည်း ဒီပြဿနာကိုဘယ်လိုဘယ်နည်းနဲ့များ ဒီထက်ကောင်းတဲ့ ဒီထက်မြတ်တဲ့ ဒီထက်ပိုပြီးအကျိုးရှိတဲ့နည်းနဲ့ ဖြေရှင်းရင်ကောင်းမလဲ . . . စသဖြင့် မိမိရဲ့စိတ်ထားကောင်းလေးပေါ်မှာ အကောင်းဆုံးအရည်အချင်းတွေနဲ့ အကောင်းဆုံးနှလုံးသားလေးနဲ့ အကောင်းဆုံးဖြစ်အောင်လုပ်သွားမယ်။ ဘယ်လိုအနေအထားမျိုးမှာမဆို ငါအကောင်းဆုံးလုပ်နိုင်တာ တစ်ခုခုကတော့ သေချာပေါက်ရှိကိုရှိရမယ်ဆိုတဲ့ စိတ်ထားသဘောထားလေးနဲ့ လုပ်မယ်နေမယ် ဒါဟာဆရာ့ရဲ့အခုခံယူထားတဲ့ ဘဝနေနည်းပဲ"

အဲဒီမှာပဲကိုမိုးက တစ်ချက်ဝင်မေးလိုက်ပါ၏။ "ဟုတ်လိုက်တာဆရာ ဆရာ့စကားတွေဟာ ကျွန်တော့်ရဲ့နှလုံးသားထဲ အလင်းတစ်ချက်ဝင်းလက်သွားလိုက်သလိုပဲ အစောပိုင်းတုန်းက ဆရာပြောခဲ့တယ်နော် . . ဆရာဝန်တစ်ယောက်အနေနဲ့ကုလို့မပျောက်တော့မယ့် သေလုဆဲဆဲဖြစ်နေရှာတဲ့ ဆရာ့ဆေးပညာနဲ့ဘယ်လိုမှကိုမကယ်နိုင်တော့တဲ့ လူနာတွေနဲ့တွေ့ရင် ဆရာသိပ်စိတ်ညစ်ပြီးဘာလုပ်လို့လုပ်ရမှန်းမသိအောင်ဖြစ်ရတယ်တဲ့။ အခုတော့အဲသလိုလူနာတွေနဲ့တွေ့တဲ့အခါ ဆရာဘယ်လိုစိတ်ထားသဘောထားနဲ့ ဆက်ဆံသလဲဆိုတာလေးပြောပြပေးပါဦးနော်"

ဒေါက်တာငြိမ်းချမ်းတစ်ချက်ပြုံးလိုက်မိ၏။ဟုတ်သည်လေ...ကိုယ်ကလည်းဘာမှမလုပ်နိုင်မလုပ်တတ်..သိကြားမင်းကြီးဆင်းကုလည်းမပျောက်တော့မယ့်လူနာတွေနှင့်တွေ့လျှင် ဘာလုပ်မည်နည်း...စဉ်းစားစရာ။

●●●








# အပြုံထာဝရရှိရမှာအဲဒါ...ဘာ ?

ဒေါက်တာငြိမ်းချမ်းတစ်ယောက် ...ကိုမိုးမေးသည့်မေးခွန်းကလေးကြောင့် သူ၏အတွေးတွေက အတိတ်ဆီသို့လွင့်ပျံ့သွားလေ၏။ သူဆရာဝန်ဘွဲ့ရသည်က ၁၉၈၅ခုနှစ်ဆိုတော့ ဆရာဝန်သက်တမ်းစုစုပေါင်း ၂၆နှစ်တိတိပင်ရှိခဲ့ပြီကော။ ဤ၂၆နှစ်သော နှစ်ပေါင်းများစွာကာလအတွင်း ဆရာဝန်ဘဝနှင့်ကျင်လည်ရင်း သူနှင့်တွေ့ဆုံကုသပေးခဲ့ရသော လူနာတွေအရေအတွက် မည်မျှရှိပြီနည်း။ သူသည်ဆရာဝန်ဘဝကို ချစ်မြတ်နိုးလွန်းသူပီပီ သူတွေ့ကြုံရသမျှသော လူနာတို့ကို သူတတ်မြောက်သမျှသော ဆေးပညာတို့အားအစွမ်းကုန်ထုတ်သုံး၍ မေတ္တာစေတနာကရုဏာတရားတွေနှင့်ထုံမွမ်းကာ အကောင်းဆုံးကုသပေးခဲ့သည်ချည်းပင်။

ကိုင်းထိုကဲ့သို့သော သူနှင့်တွေ့ကြုံကုသမှုခံယူခဲ့ရသောလူနာတိုင်းသူတို့၏ရောဂါတွေ ပိန်းကြာရွက်ပေါ်ရေမတင်သကဲ့သို့ လုံးဝဥသုံပျောက်ကင်းချမ်းသာသွားပါရောတဲ့လား။ သူကတော့အားလုံးကို ကြိုးစားပမ်းစားနဲ့ကုသမှုတွေပေးခဲ့သည်ချည်း။ သို့သော် .. သူ၏ကုသမှုကိုလက်ခံရသူတွေထဲက ရောဂါပျောက်ကင်းချမ်းသာသွားသူတွေလည်းရှိ၏။ သူမည်မျှလောက်ကြိုးစားကြိုးစားဘာဆိုဘာမှထူးမလာဘဲ သေမင်းရဲ့ခေါ်ရာနောက်သို့ကောက်ကောက်ပါအောင်လိုက်ပါသွားသူတွေလည်းရှိသည်သာပင်။

သူ၏စိတ်ထဲနှလုံးသားထဲတွင်လည်းခံစားချက်တွေကအရောင်မျိုးစုံ ရောထွေးယှက်တင်နေလေ၏။ သူကုသပေးလိုက်၍ပျောက်ကင်းသက်သာသွားသောလူနာတွေအတွက် ဝမ်းမြောက်ဝမ်းသာပီတိတွေဖြာရသလောက် သူမည်သို့ကြိုးစားကုပါသော်ငြားလည်း သေမင်းကတစ်ဖက်သတ်အနိုင်ယူသွားခဲ့သည့်အခါ ဝမ်းနည်းစိတ်မကောင်းကြီးစွာနှင့် ကြေကွဲခဲ့ရ၏။ တစ်ခါတစ်ရံတွင် ဆရာဝန်ဆက်လုပ်ချင်စိတ်တွေပင် ကုန်ဆုံးသွားသလိုလို အားလျော့ချင်လာ၏။

"ဟုတ်တယ်ကိုမိုးရေ…ဆရာဝန်တစ်ယောက်အနေနဲ့ လူနာတွေကိုကြည့်ရင်းရှုရင်းဆေးကုရင်း ပျော်ရွှင်ကြည်နူးခဲ့ရတဲ့အချိန်တွေရှိသလိုစိတ်ပျက်အားလျော့ပြီး ဆရာဝန်ဆက်မလုပ်ဘဲ တခြားအလုပ်ကိုပြောင်းလုပ်ရင် ကောင်းမလားမသိဘူးရယ်လို့စိတ်ထဲမှာဇဝေဇဝါဖြစ်ရလောက်အောင် မပျော်ရွှင်ခဲ့ရတဲ့အချိန်တွေလည်းရှိခဲ့တယ်။ ဆေးပညာကိုတတ်မြောက်ပြီး ဆရာဝန်ဖြစ်လာကတည်းက ကိုယ်နဲ့တွေ့သမျှသောလူနာတိုင်းကိုရောဂါပျောက်ကင်းချမ်းသာသွားအောင်ကုသပေးချင်တာဆိုတော့တစ်ခါတလေကျကိုယ်ကဘယ်လိုကြိုးစားပြီးကုကု ရောဂါမပျောက်တဲ့အခါ တစ်ခါတလေကျတော့လည်း "မီးစာကုန်ဆီခန်း" ဆိုတဲ့စကားလိုပဲရောဂါကိုကကျွမ်းနေပြီး ဘယ်လိုမှကုလို့မရတော့မယ့်လူနာမျိုးတွေနဲ့တွေ့ကြုံရတဲ့အခါကျရင် အကြီးအကျယ်ကို သိပ်စိတ်ညစ်ရတော့တာပေါ့။ နောက်ဒီထက်ပိုဆိုးတာတွေက ကိုယ်ကအကောင်းဆုံးကြိုးစားပြီးလုပ်ပေးခဲ့ပေမယ့် လူနာတွေဘက်ကမကျေမနပ်ဖြစ်တဲ့အခါမျိုး စိတ်တိုင်းမကျဖြစ်တဲ့အခါမျိုး ဒီထက်ပိုဆိုးတာက မိမိရဲ့ကုသမှုကိုမကျေနပ်လို့တိုင်တာတောတာ၊ လျော်ကြေးတွေတောင်းတာ စသဖြင့်ပြဿနာတွေနဲ့ကြုံလာရတဲ့အခါကျရင် ဆရာဝန်ဆက်လုပ်ချင်စိတ်တွေကုန်ခန်းသွားနိုင်လောက်အောင်ကိုစိတ်ဓာတ်တွေကျဆင်းပြီး သောကတွေပင်လယ်ဝေနိုင်လောက်တာပေါ့"

"ဟုတ်တယ်ဆရာ…ဒါကိုကျွန်တော်သိချင်တာ ကျွန်တော်တို့တွေစီးပွားရေးလုပ်ငန်းတွေလုပ်ရင်လည်း ဆရာပြောတဲ့ပုံစံမျိုးတွေ ခပ်ဆင်ဆင်တွေနဲ့ မကြာခဏရင်ဆိုင်ရတတ်တယ်။ ကိုယ်ကအကောင်းဆုံးကြိုးစားပေမယ့်လည်း လုပ်ငန်းကကြုံဖန်ပြီးမဟုတ်မဟတ်တွေဖြစ်ဆုံးရှုံးမှုတွေများပြဿနာတွေတက်နဲ့တစ်ခါတလေ ကိုယ်ကအကောင်းဆုံးစိတ်ထားနဲ့ ဆက်ဆံပါလျက်သားနဲ့ တစ်



ဖက်လူကအထင်အမြင်မှားတာ လိမ်လည်လှည့်ဖျားတာ မလိမ့်တပတ်လုပ်တာ အန္တရာယ်ပေးတာ စတဲ့စတဲ့အခက်အခဲပြဿနာတွေအမျိုးမျိုးနဲ့ ရင်ဆိုင်လာရတဲ့အခါကျရင် အလုပ်ကိုတောင်ဆက်မလုပ်ချင်လောက်အောင် စိတ်ဓာတ်ကျဆင်းပြီး စိတ်ဆင်းရဲရတယ်ဆရာ။ အဲဒီလိုမျိုးတွေနဲ့ကြုံတွေ့လာရတဲ့အခါ ဘယ်လိုရင်ဆိုင်ဖြေရှင်းရမလဲဆိုတာလေးကို ဆရာပြောပြပေးပါဦး" ဟုကိုမိုးကသူ့စကားကိုထောက်ခံရင်း သူ့အားမေးခွန်းထုတ်လေ၏။ မှန်ပါသည်…လူဟူ၍ဖြစ်လာလျှင် လူ့ပေါင်းများစွာတို့နှင့်ရင်ဆိုင်ကြုံတွေ့ကြရမည်မှာ သဘာဝပေတည်း။ ဆရာဝန်ဖြစ်လာလျှင်လည်း ရောဂါပေါင်းမျိုးစုံ လူနာပေါင်းမျိုးစုံတို့နှင့် ရင်ဆိုင်ဆုံစည်းကြရမည်မှာ မလွဲဧကန်ပင်။ ထိုသို့သောအခါမျိုးတွေတွင် မည်သို့မည်ပုံရင်ဆိုင်ဖြေရှင်းကြရမည်နည်း။ ကိုမိုးမေးသည့်မေးခွန်းက ဘဝကိုဖြတ်သန်းနေကြသည့်လူသားတိုင်းအတွက် အရေးပါသည့်မေးခွန်းပေပဲ။

"ကိုမိုးရေ…ကိုမိုးမေးတဲ့မေးခွန်းကလေးကတကယ့်ဘဝနေနည်းကိုမေးခွန်းထုတ်ထားတာပါပဲ။ ဘဝခရီးကိုဖြတ်သန်းနေကြရတဲ့သူတိုင်းဒီလိုမျိုးရင်ဆိုင်ကြရမှာဓမ္မတာပဲ။ အဲဒီတော့ပထမဆုံး ဆရာဝန်တစ်ယောက်အနေနဲ့ လူနာတစ်ယောက်ကိုတွေ့တိုင်းဆေးကုသတိုင်းထားရှိသင့်တဲ့စိတ်ထားသဘောထားနဲ့ပတ်သက်တဲ့ဆောင်ပုဒ်ကလေးကို အရင်ဆုံးပြောပြမယ်နော်။ အဲဒီဆောင်ပုဒ်ကလေးကတော့…

**To cure sometimes**

**To relieve often**

**To comfort always**

အဓိပ္ပာယ်ကတော့ဆရာဝန်ကလူနာကိုဆေးကုတဲ့အခါ "တစ်ခါတစ်ရံမှာတော့" လုံးဝရောဂါပျောက်ကင်းသွားအောင်တတ်နိုင်တယ်။ "အခါများစွာမှာတော့" ဝေဒနာကိုသက်သာစေတယ်။ လူနာကိုအားပေးနှစ်သိမ့်မှုပေးနိုင်ဖို့ကတော့ "အမြဲထာဝရ" ထားရှိရမယ့်ဆရာဝန်ရဲ့ဝတ္တရားပဲဖြစ်တယ်တဲ့ ကိုမိုးရေ။ ဒါဟာသိပ်ကိုမှန်ကန်ပြီးတန်ဖိုးအရမ်းရှိတဲ့ ဆရာဝန်တိုင်းထားရှိသင့်တဲ့စိတ်ထားသဘောထားလေးပါပဲ။ ဟိုးအရင်ဆရာဝန်သက်တမ်းနုစဉ်ကာလတွေမှာတော့ ကိုယ်ကုပေးလိုက်တဲ့ လူနာတွေဆိုရင် ပျောက်ကိုပျောက်စေချင်တယ်။ ပျောက်

အောင်မကုသပေးနိုင်ရင် ငါတာဝန်မကျေဘူး။ ငါအသုံးမကျဘူးလို့ဘဲခံစားရပြီး စိတ်အနှောင့်အယှက်အရမ်းဖြစ်တယ်။ စိတ်ထဲမှာနေမကောင်းဘူး။ ကိုယ်ကုသပေးဖို့မပျောက်ကင်းနိုင်လောက်တဲ့လူနာဆိုရင် ဖြစ်နိုင်ရင်ကြည့်လည်းမကြည့်ချင်ဘူးမြင်လည်းမမြင်ချင်ဘူး ရှောင်ပြေးချင်တဲ့စိတ်တွေတောင်ဖြစ်လာတယ်။ ဒါပေမဲ့ ... တဖြည်းဖြည်းအတွေ့အကြုံတွေနဲ့ ပိုပြီးရင့်ကျက်လာတဲ့အခါမှာတော့ လောကရဲ့သဘောသဘာဝကိုတဖြည်းဖြည်းနဲ့ပိုပြီးနားလည်လာတာပေါ့။ အခုန ကဆောင်ပုဒ်ကလေးကိုမြင်တွေ့ကြားသိလိုက်ရတဲ့နေ့မှာပဲ ဆရာ့စိတ်ပြတင်းတံခါးတစ်ချပ်လုံးပွင့်ထွက်သွားသလိုအလင်းရောင်လေးတစ်ခုကိုရလိုက်တယ် အိုးသိပ်ကိုမှန်ပါလား ... ဆရာဝန်ဆိုတာ စိတ်ထားတတ်ဖို့က အရေးအကြီးဆုံးပါလား။ ဆရာဝန်ကောင်းတစ်ယောက် ဟုတ်မဟုတ်ဆိုတာဟာလည်း သူ့ရဲ့စိတ်ထားနလုံးသားလေးကို ဘယ်ပုံဘယ်နည်းထားရှိရသလဲ ဆိုတဲ့အချက်အပေါ်မှာ အများကြီးမူတည်နေပါလားဆိုတာကို သိလာရတယ်။ ကိုမိုးပဲစဉ်းစားကြည့်လေ ဆရာဝန်တစ်ယောက်အတွက် ဘယ်လိုလူနာနဲ့ပဲတွေ့တွေ့အဲဒီလူနာအတွက်အကောင်းဆုံး ငါဘာလုပ်ပေးနိုင်ပါသလဲဆိုတာကို သေချာစဉ်းစားပြီး လုပ်ပေးနိုင်တာတစ်ခုခုကတော့ သေချာပေါက်ရှိကိုရှိနေတာပါပဲ။ အဲဒီတစ်စုံတစ်ခုကိုကိုယ်ကစိတ်ကောင်းစေတနာကောင်းကလေးနဲ့ ခေါင်းအေးအေးထားပြီး အစွမ်းကုန်လုပ်ပေးနိုင်ပါသလားဆိုတာသိဖို့လိုဘယ်။ ဥပမာပြရမယ်ဆိုရင် ကင်ဆာရောဂါနဲ့သေအံ့မူးမူးဖြစ်နေတဲ့လူနာကိုတွေ့ရတယ်ဆိုပါတော့ .. ဟိုးအရင်တုန်းကစိတ်မျိုးနဲ့ဆိုရင်လူနာရဲ့ရှေ့မှာကိုယ်ကချွေးတွေပြန်ပြီး ဘာလုပ်လို့လုပ်ပေးရမှန်းမသိတော့ပါဘူး။ ဘယ်လိုလုပ်ပေးလုပ်ပေးသေမှာပဲဆိုတာ သေချာပေါက်ကြီးသိနေလေတော့ပြန်ကောင်းသွားမှာပါဆိုတဲ့စကားမျိုးကိုရော ဘယ်လိုစိတ်ထားနလုံးသားမျိုးနဲ့ လိပ်ညာပြီးပြောပြဖို့ဆိုတာ ဖြစ်နိုင်မှာတဲ့လဲ ... ဆရာ့မိတ်ဆွေဆရာဝန်မလေးဆိုရင်ပိုလို့တောင်ဆိုးသေးတယ်။ လူနာကသေကောင်ပေါင်းလဲဖြစ်နေပြီဆိုရင် လူနာရှင်ကတောင်ဘာမှမဖြစ်သေးဘူး သူကအရင်ဆုံးမျက်ရည်တောက်တောက်ကျနေရှာပြီ။ နောက်ဆုံးလူနာဖိတ်စဉ်သွားတဲ့အချိန်ကျတော့ လူနာရှင်တွေက သူတို့ကိုယ်တိုင်ငိုရမှာလားငိုနေတဲ့ဆရာဝန်မလေးကိုချော့ရမှာလားဆိုတာတောင်မသိနိုင်လောက်အောင်ယောင်ချာချာဖြစ်ရတော့တာပေါ့။ ဆရာဝန်




ဆိုတာဟာ လူနာကိုမေတ္တာထားရမယ်။ သနားခြင်းကရုဏာ ရှိရမယ်ဆိုတာမှန်ပါတယ်။ ဒါပေမဲ့ အဲဒီမေတ္တာတွေစေတနာတွေကရုဏာတွေကိုပြသပုံပြသနည်း ထုတ်ဖော်ပုံထုတ်ဖော်နည်းနဲ့ စိတ်ဘယ်လိုထားရမယ်ဆိုတဲ့နည်းက သိပ်အရေးကြီးတယ်ကိုမိုးရေ။ ရောဂါဝေဒနာတွေခံစားနေရတဲ့လူနာကို ဆေးကုသတဲ့အခါမှာ လုံးဝကိုပျောက်ကင်းချမ်းသာအောင် တစ်ခါတစ်ရံလောက်လုပ်ပေးနိုင်တယ်ဆိုတာသိရမယ်။ လုံးဝမပျောက်တောင် အခါများစွာမှာတော့ သက်သာအောင်လုပ်ပေးနိုင်တယ်ဆိုတာလည်းသိရမယ်။ လုံးဝကိုရင်ထဲအသည်းထဲက စွဲမြဲနေအောင်ခံယူသိရှိထားရမယ့်အချက်ကတော့ ဘယ်လိုအခြေအနေရောက်နေတဲ့လူနာမျိုးကိုမဆို အားပေးနစ်သိမ့်မှုကိုပေးရမှာကတော့ အမြဲထာဝရရှိကိုရှိရမယ့် ဆရာဝန်တစ်ယောက်ရဲ့ဝတ္တရားတွေပဲဖြစ်တယ်လို့စိတ်နလုံးသွင်းလိုက်နိုင်ရင် ဆရာဝန်စစ်စစ်ဖြစ်ပြီလို့ပြောနိုင်တာပေါ့ကိုမိုးရာ။ နောက်ဆုံးကွာမီးစာကုန်ဆီခန်းဖြစ်နေပြီးငြိမ်းလုဆဲဆဲမီးတောက်ကလေးလိုဖြစ်နေပြီဖြစ်တဲ့ သေအံ့မူးမူးလူနာတစ်ယောက်နဲ့တွေ့ရပြီဆိုရင်တောင် နာရီပိုင်း မိနစ်ပိုင်း စက္ကန့်ပိုင်းလေးပဲဖြစ်ဖြစ် သူ့ဘဝရဲ့နောက်ဆုံးအချိန်ကလေးမှာ အတတ်နိုင်ဆုံး သက်သက်သာသာအေးအေးချမ်းချမ်းနဲ့ ခံစားနေရတဲ့ဝေဒနာတွေက သက်သာမှုရရှိအောင် လုပ်ပေးနိုင်မယ့်နည်းလမ်းလေးတွေကိုရအောင်ရှာပြီးကုသမှုပေးနိုင်တာပဲ။ သိပ်နာကျင်နေရင်တော့အနာသက်သာမယ့်ဆေးလေးပေးနိုင်တယ်။ သိပ်မောပန်းနေရင်တော့ အမောသက်သာမယ့်ဆေးလေးပေးနိုင်တယ်။ အနည်းဆုံးအောက်ဆီဂျင်လေးတော့ရှူနိုင်းနိုင်သေးတယ်။ နောက်ဆုံးအနေနဲ့ ဘာဆေးမှမပေးနိုင်တော့ဘူးဆိုရင်တောင် လူနာရဲ့လက်ကလေးကိုအသာလေးဆုပ်ကိုင်ပြီးအားပေးစကားလေးတော့ပြောနိုင်သေးတာပဲမဟုတ်လား"

"သဘောကတော့ကွယ်အနည်းဆုံးကတော့ဆရာဝန်တစ်ယောက်ရဲ့ မေတ္တာကရုဏာစေတနာ အကြင်နာတွေနဲ့ပြည့်ဝနေတဲ့ အသွင်အပြင်စိတ်ထားကလေးနဲ့ အပြုံးကလေးတစ်ချက် စကားလေးတစ်ခွန်း အကြည့်လေးတစ်ကြည့် လက်ကလေးနဲ့အတွေ့အထိလေးတစ်ခုကိုပဲဖြစ်ဖြစ် လူနာတစ်ယောက်အတွက် အားဆေးလေးတစ်လက်တော့ဖြစ်နိုင်သေးတာပဲဆိုတာသိရမယ်။ ဆရာဝန်ဟာ လူနာအတွက်ဘာဆိုဘာမှ လုပ်မပေးနိုင်ဘူးဆိုတာမျိုးကို ဘယ်တော့မှမရှိဘူး

ဆိုတာသိရှိနားလည်ရင် ဆရာဝန်စစ်စစ်ဖြစ်ပြီ...ဒီစိတ်ထားသဘောထားမျိုးကို လည်း ဘဝကိုရင်ဆိုင်တဲ့ဘယ်နေရာမှာမဆို ခံယူကျင့်သုံးနိုင်တာပေါ့မဟုတ်ဘူး လားသူသူရေ"

သူနှင့်ကိုမိုးစကားပြောနေသည်ကို မျက်လုံးပြူးပြူးလေးနှင့် ငေးငေး လေးနားထောင်နေသော သူသူ့အားလှမ်းမေးလိုက်၏။ ငေးငိုင်နေရာမှသူသူ၏ နှုတ်ခမ်းလုလုလေးက ဖွင့်ဟလာချေပြီ။

●●●



## ၂၂

# ဒိတ်ညှသစ်နေရင် ငံ့ တားသိုက် သူသူရေ





# စိတ်ညစ်နေရင်ငုံ့ကြည့်လိုက်သူသူရေ

ဒေါက်တာသူသူဆိုသည့်ငတိမလေးက သူနှင့်ကိုမိုးတို့အပြန်အလှန်ပြောနေကြသည့်စကားတွေကိုငေးမောနားထောင်နေရာမှ သူရုတ်တရက်မေးလိုက်သောမေးခွန်းကြောင့်ပခုံးလေးကိုတစ်ချက်တွန့်ကာ လျှာကလေးတစ်လစ်ထုတ်၍...

"သမီးလည်းဆရာတို့နှစ်ယောက်ပြောနေတဲ့စကားလေးတွေကိုနားထောင်ရင်းတွေးနေမိပါတယ်။ ဆရာကပြောတယ်လေ ဆရာဝန်ဆိုတာလူနာအတွက်ဘာဆိုဘာမှလုပ်မပေးနိုင်တော့ပါဘူးဆိုတာမျိုး ဘယ်တော့မှမရှိရဘူးတဲ့။ နောက်ဆုံးကုန်ကုန်ပြောရရင် ကင်ဆာရောဂါနဲ့မီးစာကုန်ဆီခန်းဖြစ်ပြီး သေရပါတော့မယ်ဆိုတာ သေချာနေတဲ့လူနာကိုတောင် တစ်ခုခုတော့လုပ်ပေးနိုင်သေးတာပဲလို့ ပြောခဲ့တယ်မဟုတ်လား။ သမီးကတော့သမီးအခု လက်ငင်းခံစားနေရတဲ့ဝေဒနာတွေနဲ့ပဲ ချိန်ထိုးပြီးစဉ်းစားနေမိတယ်။ ကိုယ့်အတွက်ကျတော့ကိုယ်အခုလက်ရှိခံစားနေရတဲ့ဝေဒနာက အရေးအကြီးဆုံးလို့ပဲ ခံစားနေရတာကိုးဆရာရဲ့။ အခုဆရာ့ကိုသမီးပြောပြီးပြီကော အခုအချိန်မှာတော့ သမီးအတွက်ကနောက်ထပ်အူဝဲလေးတစ်ယောက်ကို အရှုးအမူးလိုချင်နေတာက သေရေးရှင်ရေးလိုပဲ အရေးကြီးနေတာကိုး။ အဲသလိုသမီးက ကလေးလိုချင်နေပါတယ်ဆိုမှကိုမိုးကြီးကယောက်ျားမဟုတ်သလိုဘဲ ဘာအစွမ်းမှမပြနိုင်လို့အခုဆရာ့ဆီကို

လာပြီးအကူအညီတောင်းကြတာမဟုတ်လား။ အဲဒီကိစ္စအဆင်မပြေမှာကိုသမီးကတော့စိတ်ပူနေတာအမှန်ပဲ။ အဲဒါသမီးအခု ဘယ်လိုစိတ်ထားသဘောထားနဲ့ ဖြေရှင်းရမလဲဆိုတာ ပြောပြပါဦးဆရာ"

"သိပ်ဟုတ်တာပေါ့သမီးရာ ... ဘယ်လိုမျိုးကိစ္စမှာပဲဖြစ်ဖြစ် ထားရှိရမယ့်စိတ်ထားသဘောထားက အရေးအကြီးဆုံးဖြစ်တယ်လို့ဆရာကပြောပြနေတာ။ အထူးသဖြင့်အူဝဲလေးမရသေးလို့ လိုချင်စိတ်တွေနဲ့ကြိုးစားနေကြတဲ့ဇနီးမောင်နှံတွေမှာ ပိုလို့တောင်မှ အရေးကြီးပါသေးတယ်သမီးရေ။ အကြမ်းအားဖြင့်ပြောကြကြေးဆိုရင် ဇနီးမောင်နှံစုံတွဲ ၆တွဲမှာ တစ်တွဲလောက်ဟာ ကလေးမရနိုင်တဲ့ပြဿနာလေးတွေနဲ့ ရင်ဆိုင်ရတတ်တယ်။ အဲသလိုပြဿနာတွေနဲ့တွေ့ရလို့ ဆရာတို့ဆီကိုလာပြီးအကူအညီတောင်းကြတဲ့အခါကျရင် သူတို့တွေကိုကြည့်ရတာ ကရုဏာသက်ဖို့သိပ်ကောင်းတာပဲ။ တစ်ခါတလေကျရင်များ သူတို့တွေရင်ဆိုင်နေကြရတဲ့ပြဿနာတွေဟာ သူတို့ဘဝတွေရဲ့သေရေးရှင်ရေးကျနေတာပဲ။ ဒီကလေးမှမရရင်တော့ သူတို့ဘဝမှာ ကြီးစွာသောပြဿနာတွေ အပြောင်းအလဲတွေနဲ့ ကြီးကြီးကျယ်ကျယ်ရင်ဆိုင်ရတော့မယ် ဆိုတာမျိုးတွေလည်းရှိတာကိုး။ ဟိုးတလောလေးတုန်းကပဲ ဆရာ့ဆီကိုလာပြီးအကူအညီတောင်းခဲ့တဲ့ဇနီးသည် ကလေးတစ်ယောက်ဆိုရင်တငိုငိုတရှိုရှိုနဲ့စိတ်တွေတောင်ကယောင်ချောက်ချားဖြစ်နေသလိုပဲ။ သူတရားလွန်ကြီးမျှော်လင့်ထားတဲ့ကလေးလေးကိုသာမရခဲ့ရင်ဖြင့်သွက်သွက်ခါအောင် ရူးသွားလေမလားလို့စိုးရိမ်ပူပန်ရလောက်တယ်။ သမီးပဲစဉ်းစားကြည့်လေ သူ့ရဲ့နေရာကနေဝင်ပြီးကြည့်လိုက်ပြန်ရင်တော့လည်း သူ့ဒီလိုမျိုးဖြစ်တာ မလွန်ဘူးလို့တောင်ပြောလို့ရပါတယ်။ ဒီလိုသမီးရ .. သူတို့မင်္ဂလာဆောင်တာ ၅နှစ်တောင်ရှိပြီ။ အခုချိန်အထိ သားသမီးရတနာလည်းမရသေးဘူး ကံဆိုးချင်တော့ သူယူလိုက်တဲ့ယောက်ျားက တစ်ဦးတည်းသောသူဌေးသားဖြစ်နေတယ်။ စဉ်းစားပြီးသာကြည့်တော့ တစ်ဦးတည်းသောသားကနေမွေးလာမယ့်မြေးဦးလေးကိုမိဘတွေကဘယ်လောက်တောင်များအရူးအမူးအသည်းအသန်မျှော်လင့်လိုက်လေမလဲ ဆိုတဲ့ကိစ္စကိုပြောတာ။ သူတို့လင်မယားခမျာမှာလည်း အိမ်ထောင်သက် ၅နှစ်အတွင်းမှာ မြန်မာပြည်ရဲ့ရှိရှိသမျှ နာမည်ကျော်အိုဂျီတွေအားလုံးလည်းပြပြီးသွားပြီ။ သူတို့တွေသားဆုမတောင်းဘူးတဲ့ တန်ခိုးကြီးဘုရား

ရကွဲစိုးတွေဆိုလည်းမကျန်သလောက်ပဲ။ ကလေးရအောင် ဆေးတွေလည်းစားကုန်ကုန်ပြောရရင်တော့ ခုနောက်ဆုံးပေါ်ခေတ်စားနေတဲ့ ဖန်ပြွန်သန္ဓေသားကိုတောင် နှစ်ခါတိတိငွေကုန်ကြေးကျခံပြီး အကြီးအကျယ်ကြိုးစားထားပြီးပြီ အဲဒါလည်းမရဘူး။ ကိုင်း သမီးစဉ်းစားသာကြည့်တော့ ... အဲဒီကောင်မလေးဆရာ့ကိုပြောပြတဲ့စကားလေးကို နားထောင်ကြည့်လိုက်စမ်း"

"ဆရာရေ သမီးကိုကယ်ပါဦး .. ခုဆိုရင် သားသမီးမရနိုင်တဲ့ပြဿနာကြောင့် သမီးတို့ရဲ့အိမ်ထောင်ရေးကလည်း ပြိုကွဲလုနီးပါးဖြစ်နေရပြီ။ သမီးအမျိုးသားကလည်း သမီးကြောင့်ကလေးမရတာပါဆိုပြီး နေ့တိုင်းလိုလိုအိမ်မှာစကားများရန်ဖြစ်ပြီး နောင်ဂျိန်ပလေးနေရတယ်။ အရင်တုန်းက အရက်ဆိုအနံ့တောင်မခံနိုင်တဲ့သူက အခုတော့နေ့တိုင်းလိုလို သောက်စားမူးယစ်ပြီးအမျိုးမျိုးဂျီကျနေတယ်။ အိမ်ကိုပြန်မလာတာကလည်း ခဏခဏရှိနေပါပြီ သမီးမှာလည်းကလေးကိုရူးမတတ်လိုချင်ပေမယ့် ဘယ်လိုမှကိုမရနိုင်လေတော့ ဘာဆက်လုပ်ရမှန်းလည်းမသိတော့ဘူး။ အိမ်ထဲကနေအိမ်ပြင်ကိုထွက်တာနဲ့ တွေ့တဲ့လူတိုင်းကဒီကလေးအကြောင်းကိုပဲ မေးနေကြတယ်။ ဘာလို့ကလေးမရသေးတာလဲ ဘာလို့လဲနဲ့စပ်စုနေကြတယ်။ ယောက္ခမကြီးတွေကရော သူ့ဘက်ကဆွေမျိုးတွေကရော သူကရော သမီးဒီကလေးကိုမှ မွေးမပေးနိုင်ဘူးဆိုရင် သူတို့ဘက်က ကလေးမွေးပေးနိုင်တဲ့မိန်းမတစ်ယောက်နဲ့ ထပ်ပြီးပေးစားရတော့မယ်လို့ ခြိမ်းခြောက်လာကြတယ်ဆရာရယ်။ သမီးမှာလည်းအခုဆိုရင် ဒီကလေးရဖို့ကိစ္စကြီးက သမီးရဲ့ဘဝအတွက်သေရေးရှင်ရေးတမျှသိပ်အရေးကြီးနေပြီ။ ရလည်းမရနိုင်တော့ဘူးဆိုတော့ အမြဲလိုလိုစိတ်ညစ်နေရပြီး အိမ်ထဲကနေအိမ်ပြင်ကိုတောင် ထွက်ချင်စိတ်လည်းမရှိတော့ဘူး။ ဘယ်သူနဲ့မှလည်းတွေ့ချင်စိတ်လည်း မရှိတော့ပါဘူး။ အိပ်ရာထဲမှာပဲ တမှိုင်မှိုင်တတွေတွေနဲ့ နေ့စဉ်နေ့တိုင်း မျက်ရည်နဲ့မျက်ခွက်ပါပဲ။ ညတိုင်းလည်းအိပ်ဆေးတွေကိုသောက်ပြီး အိပ်နေရပြီဆရာ။ တစ်ခါတစ်ခါအိပ်ဆေးတွေကိုသောက်ပြီးအိပ်တာတောင် လုံးဝအိပ်လို့မပျော်ဘဲ မျက်လုံးလေးအကြောင်သားနဲ့မိုးလင်းခဲ့ရတာတွေရှိနေပြီဆရာရယ်။ သမီးဒီတစ်သက်ကလေးမရနိုင်တော့ဘူးလားဟင် ဆရာကသမီးရဲ့နောက်ဆုံးမျှော်လင့်ချက်ပါပဲဆရာ သမီးဘာဆက်လုပ်ရမလဲ ... ဘာဆက်လုပ်သင့်သလဲ" တဲ့။

"ကိုင်း ဒီမိန်းကလေးနဲ့နှိုင်းယှဉ်ပြီး သမီးဘဝကိုသမီးပြန်ကြည့်လိုက်စမ်း။ ဒီမိန်းကလေးအတွက်ဆိုရင် ဒီကလေးမှမရတော့ရင် သူတို့ရဲ့အနာဂတ်အိမ်ထောင်ရေးဟာလည်းအစိတ်စိတ်အမြွာမြွာနဲ့ပြိုကွဲသွားနိုင်တယ်။ ယောက်ျားကရောယောက္ခမတွေကရောဖိအားတွေတရစပ်ကြီးကိုပေးနေကြပြီ။ ကလေးမှမရရင်တော့နောက်အိမ်ထောင်ပြုပေးတော့မှာလို့လည်းရာဇသံတွေပေးနေလေပြီ ဘယ်လိုလုပ်မလဲ သမီးအနေနဲ့ဆိုရင် ဒီမိန်းကလေးရဲ့အဖြစ်နဲ့ ကိုယ့်ကိုယ်ကိုယ်နှိုင်းယှဉ်ကြည့်လိုက်ရင် သမီးအခုဖြစ်နေတယ် ခံစားနေရပါတယ်ဆိုတဲ့ပြဿနာက ကလေးကစားစရာ ရယ်စရာသက်သက်တောင်ဖြစ်သွားလိမ့်ဦးမယ်၊ ပြဿနာချင်းကိုနှိုင်းယှဉ်ကြည့်လိုက်ရင် လမင်းနဲ့ပိုးစုန်းကြူးလောက် မြင့်မိုရ်တောင်နဲ့ဆီးစေ့လောက်ကြီးကို ကွာခြားချင်တိုင်းကွာခြားနေကြတာမဟုတ်ပါလား။ သမီးကသမီးဘာသာစိတ်ထဲမှာပဲကလေးတစ်ယောက်ထပ်ရချင်နေတာ။ တကယ်တမ်းကျတော့ဘယ်သူကမှသမီးကို ကလေးရအောင်လုပ်ရမယ် မရရင်ဘယ်လိုဖြစ်မယ်ညာလိုဖြစ်မယ်ဆိုပြီး ဖိအားပေးတာ ဘာဆိုဘာမှမရှိဘူး။ သမီးတို့မှာအင်မတန်လှပချစ်စရာကောင်းတဲ့ သားချောလေးတစ်ယောက်ရှိပြီးသား၊ သူလေးကိုပဲနှစ်ဖက်မိဘဆွေမျိုးတွေအားလုံးက ဖူးဖူးမှုတ်ချစ်ခင်ထားကြတာ။ နောက်တစ်ယောက်ရရမရရ ဘယ်သူကမှလည်း သမီးကိုအပြစ်လည်းမတင်ဘူး၊ ကိုမိုးကြီးဆိုရင်လည်း သမီးဒီကလေးမရရင် နောက်မိန်းမယူမယ်လို့ တစ်ခွန်းပြောလို့လားကိုမိုးမိဘတွေဆိုရင်လည်း ဒီမြေးလေးတစ်ယောက်ရှိနေတာနဲ့တင် ဖူလုံနေပြီပဲ သမီးဘာသာသာလိုချင်နေတာပါ။ ကိုင်း..ဘယ်လိုလဲ အဲဒါကြောင့်ဆရာကပြောတာပြဿနာတစ်ခုမှာ ထားရှိရမယ့်စိတ်ထားသဘောထားလေးကသာအရေးအကြီးဆုံးပါလို့ ကိုယ့်မှာပြဿနာတစ်ခုခုရှိနေလို့ စိတ်ညစ်နေသလား ကိုယ့်ထက်ဆိုးဝါးတဲ့ပြဿနာတွေနဲ့ကြုံနေရတဲ့သူတွေကိုလှမ်းကြည့်လိုက်စမ်းပါ။ အခုပဲကြည့်သမီးအခုဖြစ်နေတဲ့ပြဿနာတွေက ဆရာပြောပြတဲ့မိန်းကလေးရဲ့ပြဿနာတွေနဲ့နှိုင်းယှဉ်ကြည့်လိုက်တော့ ဘာဆိုဘာမှတောင် မဟုတ်တော့ဘူး၊ သမီးတောင်စိတ်ညစ်ရမှာကို အရမ်းရှက်သွားနိုင်တယ်။ အဲဒီလိုပဲပေါ့ လောကကြီးမှာတစ်ခုခုစိတ်ညစ်စရာတွေရှိလာရင် ကိုယ့်ထက်အခြေအနေဆိုးဝါးလှတဲ့ သူတွေကိုလှမ်းကြည့်လိုက်၊ အဲသည်လိုကြည့်လိုက်ရင် ကိုယ့်ဒုက္ခက သူတို့နဲ့နှိုင်းယှဉ်ရင် ဘာမှမဟုတ်သေးပါလားလို့ ဆင်ခြင်မိပြီး စိတ်ထားတတ်လိုက်တာနဲ့ပဲ အပူအပင်တွေသောကတွေတစ်ပုံကြီးသက်သာသွားနိုင်တာပေါ့။ ခုအကြီးအကျယ်ဒုက္ခရောက်ပါပြီဆိုပြီး စိတ်ညစ်နေကြတယ်ဆိုပြီး ညည်းညူစိတ်ပျက် စိတ်ဓာတ်ကျနေကြတဲ့သူတွေကိုသေချာကြည့်လိုက်..သူတို့ဟာ ဘေးဘီကတခြားသူတွေ ဘာတွေဖြစ်နေကြတယ် ဘယ်လိုတွေဒုက္ခရောက်နေကြတယ် ဘယ်လိုပြဿနာတွေဖြစ်နေကြတယ်ဆိုတာကို တစ်ချက်လောက်လေး စောင်းငဲ့ပြီးကြည့်ဖို့တောင် သတိမပြုမိလောက်အောင် ကိုယ့်ဒုက္ခမှ တကယ့်ဇရာမဒုက္ခကြီးပဲလို့ မှန်ဘီလူးနဲ့ချဲ့ပြီးကြည့်နေကြတယ်။ တခြားသူတွေကိုလှမ်းပြီးကြည့်တယ်ဆိုရင်လည်း ကိုယ့်ထက်အခြေအနေဆိုးတဲ့သူကိုကြည့်ရမယ့်အစား ကိုယ့်ထက်မြင့်မား ကိုယ့်ထက်မဆင်မပြေကိုယ့်ထက်အိုကေနေကြတဲ့သူတွေကိုပဲလှမ်းကြည့်ပြီး ကိုယ့်ကိုယ်ကိုယ်သိမ်ငယ်စိတ်တွေဝင် အားငယ်စိတ်တွေက လွှမ်းမိုးကြီးစိုးပြီး ပိုလို့တောင်စိတ်ဓာတ်တွေကျလာကြတော့တာပေါ့။ ကိုင်း သမီးသူသူ ... ဆရာပြောတာကိုနားလည်လားဘယ်လိုသဘောရသလဲ" ဟုဒေါက်တာငြိမ်းချမ်းက မေးလိုက်လေတော့ သူသူဆိုသည့်ငတိမကလေးက သွားကလေးကိုဖြီး၍ ရယ်ကျဲကျဲလေးလုပ်ကာ လျှာကလေးကိုလည်း တစ်လစ်ထုတ်လိုက်ပြီး ...

"ဆရာရယ် ဆရာဒီလိုနှိုင်းယှဉ်ပြောလိုက်တော့ စိတ်ညစ်ရမှာတောင်ရှက်သွားသလိုပဲ။ ဟုတ်သားပဲနော် သမီးဖြင့်အဲသည်လိုမျိုး တစ်ခါမှတောင်မစဉ်းစားခဲ့ဖူးပါဘူး။ အခုဆရာပြောပြခဲ့တဲ့ မိန်းကလေးရဲ့ဘဝကိုကြည့်ပြီး သနားလိုက်တာ သမီးသာသူနေရာမှာဆိုရင် အခုလောက်ဆို သွက်သွက်ခါနေအောင်ရူးသွားလောက်ပြီ။ သူ့ကိုဆရာဘယ်လိုများ ကူညီလိုက်သလဲဆိုတာ ပြောပြပါဦးဆရာဘေးကနေနားထောင်ကြည့်လိုက်တော့ သူတို့တွေက ဖန်ပြွန်သန္ဓေသားတောင်ကြိုးစားပြီးပြီဆိုတော့ ဂိတ်ဆုံးသွားပြီမဟုတ်လား ဘာမှမျှော်လင့်ချက်မရှိတော့ဘူးမဟုတ်လားဆရာ" ဟုမျက်လုံးပြူးလေးနှင့်မေးလိုက်လေတော့၏။

●●●

အကောင်းဆုံးအတွက်ကြိုတင်ပြင်ဆင်ထားရမှာဖြစ်သလိုကြိုးစားလျက်သားနဲ့လည်း ရှုံးနိမ့်သွားနိုင်တယ်ဆိုတာကို နားလည်လက်ခံပြီး အဆိုးဆုံးအတွက်လည်း ကြိုတင်ပြင်ဆင်ထားဖို့လိုတယ်။ ဘာကြောင့်လဲဆိုတော့ ဟောဒီကမ္ဘာလောကကြီးမှာ အောင်မြင်မှုဆုံးရှုံးမှုတွေကို ဖန်တီးပေးနေတဲ့တန်ခိုးရှင်တစ်ဦးက မျက်စိနဲ့မမြင်နိုင်ပေမယ့်ရှိနေတယ်။ အဲဒီတန်ခိုးရှင်ကတော့...

# ၂၃

# နောက်ဆုံး ဆွဲထားရမယ့် ကောက်ရိုးမျှင်




# နောက်ဆုံးဆွဲထားရမယ့်ကောက်ရိုးမျှင်

သူသူ၏မျက်လုံးလေးပြူးပြူးနှင့်မေးလိုက်သောအမေးစကားကြောင့် ဒေါက်တာငြိမ်းချမ်းတစ်ယောက် တွေတွေငေးငေးလေးဖြစ်သွားကာသူ့မျက်လုံး အိမ်ထဲမျက်ရည်လေးစမ်းစမ်းစမ်းစမ်းနှင့်သေလုမတတ်စိတ်ဆင်းရဲကြီးစွာ ခံစားနေရရှာသော "ဝေဝေ" အမည်ရသည့်မိန်းမချောကလေးတစ်ဦး၏အသွင်ကိုမြင်ယောင်မိတော့သည်။

မြေးကလေးချီချင်စိတ်နှင့် ရူးမတတ်ဖြစ်နေရရှာသည့် စည်းစိမ်ဥစ္စာကြွယ်ဝလှသော ယောက္ခမကြီးနှစ်ဦး၏ တစ်ဦးတည်းသောချစ်မငြိုးသည့် သားလုရတနာကလေးနှင့် ဖူးစာရေးနတ်က အောင်သွယ်ပေးခဲ့သည့်အချိန်တုန်းက တော့ အမွေလုဖက်တစ်ယောက်မှမရှိခြင်းက ကံကောင်းလိုက်သည့်သတို့သမီးဟုအများအမြင်မှာ အားကျချင်စဖွယ်။ သို့သော် အိမ်ထောင်သက်ငါးနှစ်အတွင်း အမျိုးမျိုးအဖုံဖုံသော နည်းလမ်းပေါင်းစုံနှင့်ကြိုးစားခဲ့ပါလျက်နဲ့ ယခုအချိန်အထိ သူတို့အမျှော်လင့်ကြီး မျှော်လင့်စောင့်စားနေခဲ့ကြသည့်အုဝဲလေးက ဝေဝေ့ဝမ်းကြာတိုက်ထဲတွင် နိုဝင်လာခြင်းမရှိလေသောအခါဝယ် ဝေဝေ့အားကံကောင်းလှသည့် သတို့သမီးလေးဟူ၍ သတ်မှတ်နိုင်ပါဦးမည်တဲ့လား။ ဝေဝေ့အဖြစ်ကယခုတော့လည်း ကံဆိုးလှချည်ရဲ့လားဝေဝေရယ်ဟူ၍ပင် စုတ်တသပ်သပ်လုပ်ရပေတော့မည့် သနားစရာဘဝ။

ကိုင်းဘယ့်နှယ်ရှိစ…ဝေဝေ့အားမည်သို့မည်ပုံ အားပေးနှစ်သိမ့်ရပါမည်နည်း။ ယောက္ခမကြီးတွေကလည်းမကြည်ဖြူတော့ပြီ။ ဝေဝေ့အားသူတို့အတွက်မြေးကလေးကိုမွေးပေးနိုင်လျှင်မွေးပေး၊ မမွေးပေးနိုင်ပါက သူတို့၏တစ်ဦးတည်းသောသားအား နောက်ထပ်မိန်းမတစ်ယောက်ရှာ၍ပေးစားရလိမ့်မည်ဟု အတိအလင်းရာဇသံပေးထားခဲ့ချေပြီတည်း။

ဝေဝေဘာလုပ်ရတော့မည်နည်း..ဝေဝေတော့ရေနစ်နေချေပြီ။ ရေနစ်နေသည့်သူသည် သူ့အသက်ဘေးအတွက် သွေးရူးသွေးတန်းနှင့် ဆွဲမိဆွဲရာဆွဲတော့မှာသေချာသည်။ ကောက်ရိုးလေးတစ်မျှင် မြက်ပင်ကလေးတစ်ပင်တွေ့လျှင်လည်း သူကတော့အားကိုးတကြီးနဲ့ ဆွဲယူတော့မှာပဲဖြစ်ပါသည်။ ဝေဝေကသူ့အား "ကူညီပါဦးဆရာရယ်..သမီးရဲ့နောက်ဆုံးကောက်ရိုးမျှင်ကတော့ ဆရာပါပဲ သမီးရဲ့ဒုက္ခလေးတွေကို ကယ်တင်ပေးပါဦး" ဟူ၍မျက်ရည်လေးတစမ်းစမ်းနှင့်အားကိုးတကြီးတောင်းပန်လေ၏။ သူ့ဘဝကယ်တင်ရှင်က တကယ်တမ်းကျတော့သူမ၏ချစ်လင် "ကိုလေးလွင်" ပဲဖြစ်သင့်ပါ၏။ သူကရောမည်သူ့ဘက်ကနည်း…သူ့မိဘတွေဘက်ကလား သူ့မိန်းမဘက်ကလား။

ဒေါက်တာငြိမ်းချမ်းဝေဝေ့အား မေးခွန်းလေးတစ်ခုမေးခဲ့၏။ "ဝေဝေသမီးနဲ့ကိုလေးလွင်က သမီးတို့ဘာသာချစ်ကြကြိုက်ကြ မေတ္တာရှိကြလို့ယူတာလား..မိဘတွေကပေးစားတာလား" ဆိုတော့ဝေဝေ၏အဖြေက သူ့အားအံ့အားအသင့်ကြီးသင့်စေလေ၏။

"ဆရာရယ်…သမီးတို့ရဲ့သမီးရည်းစားသက်တမ်း ငါးနှစ်တိတိကြာတော့မှ နောက်ဆုံးဖြစ်ချင်ရာဖြစ်ဆိုပြီး သမီးတို့ခိုးပြေးခဲ့ကြရတာပါ။ သူတို့ရဲ့မိဘတွေက သူတို့သားနဲ့သမီးကို လုံးဝသဘောမတူကြဘူးလေ။ နောက်ဆုံးကိုလေးကမိဘတွေရဲ့ဆန္ဒကိုဖီဆန်ပြီး သမီးတို့နှစ်ယောက်သားထွက်ပြေးကြရတာ။ အင်းပေါ့လေကိုလေးခမျာမှာလည်း တော်တော့်ကိုစိတ်ထိခိုက်ရရှာမှာ သမီးရဲ့အပြစ်တွေချည်းပါပဲဆရာ။ ဟောဒီကမ္ဘာကြီးမှာ သမီးမရှိတော့ရင်ကောင်းမှာပါ။ သမီးသာဟောဒီလောကကြီးမှာမရှိတော့ဘူးဆိုရင် ကိုလေးလည်းသမီးကိုနောက်ဆံငင်နေစရာမလိုတော့ဘဲ သူ့မိဘတွေထပ်ပေးစားမယ့်သူဌေးသမီးလေးနဲ့ထပ်ယူပြီးကလေးတွေတစ်ဒါဇင်လောက် တပြွတ်ပြွတ်မွေးပေးနိုင်မှာ။ ကိုလေးသဘောကသမီးကိုယူပြီး သူ့မိဘတွေလိုချင်လွန်းနေတဲ့ အူဝဲလေးတစ်ယောက်ကိုမွေးပေးလိုက်တာနဲ့ အားလုံးအိုကေသွားမယ်လို့ယုံကြည်ထားခဲ့တာကိုး။ သူ့မျှော်မှန်းချက်တွေက မှန်းချက်နှင့်နမ်းထွက်မကိုက်သလိုဖြစ်သွားခဲ့တာကြောင့် ကိုလေးခမျာမှာလည်း မိန်းမနဲ့မိဘတွေအကြားဗျာများပြီး စိတ်ညစ်ညစ်နဲ့နေ့စဉ်နှင့်အမျှအရင်ကသူလက်ဖျားနဲ့တောင်မတို့ဘူးတဲ့ အရက်တွေကိုသောက်ပြီး မူးယစ်နေတော့တာပါပဲဆရာရယ်။ အဲဒါသမီးလည်း ဘာလုပ်လို့လုပ်ရမှန်းမသိတော့ဘူး၊ သူကတော့သမီးကြောင့် ကလေးမရတာဆိုပြီး စွပ်စွဲတော့တာပဲပေါ့"

ကိုင်းဘယ့်နှယ်ရှိစအရပ်ကတို့ရေ…အစကသူထင်မှတ်ခဲ့သည်ကကိုလေးလွင်ဆိုသည့်ငတိက လူကြီးချင်းစေ့စပ်ပြီး အတင်းပေးစားထားခဲ့သည့်ယောကျ်ားဟူ၍ပင်။ လူငယ်အချင်းချင်းသမီးရည်းစားဘဝမှ လင်မယားဘဝသို့ရာထူးတစ်ဆင့်ပြီးတစ်ဆင့်တက်ကာ ပြောင်းလဲသွားခဲ့ပါလျှင် ဤသို့ဤပုံ ဤသို့သောအဖြစ်မျိုးမဖြစ်နိုင်ဟူ၍ သူထင်မှတ်ထားခဲ့သည်ကိုး။

ယခုတော့ဝေဝေ့ခမျာ ကလေးလေးတစ်ယောက် မွေးမပေးနိုင်သောအဖြစ်ကြောင့် ဒီလောကကြီးတွင် နေချင်စိတ်ပင်မရှိတော့လောက်အောင် စိတ်ဓာတ်တွေကျဆင်းကာ အကြီးအကျယ်အားငယ်ဝမ်းနည်းနေချေပြီ။ ကြည့်လေသူပြောခဲ့သည့်စကားထဲတွင် သူဒီလောကကြီးမှာမရှိတော့ရင် ကောင်းမှာပါဆိုသည့်စကားလုံးက နှစ်ခါတိတိပါဝင်နေခဲ့သည်မဟုတ်ပါလား။

မှန်ပါသည် မည်သူမဆိုယခုကဲ့သို့ ဝေဝေဆိုသည့်မိန်းကလေးနေရာတွင်ရောက်ပြီး သူမကဲ့သို့ဘဝမျိုးရင်ဆိုင်ရမည်ဆိုပါက ထိုကဲ့သို့ပင်ခံစားကြရမှာမမွတာပဲဖြစ်ပါသည်။ ကိုင်းအဲသည်အခြေအနေမျိုးတွင် မည်သို့မည်ပုံဒီကလေးမလေးကို အားပေးနှစ်သိမ့်ရပါအံ့နည်း။

လူဆိုသည့်လူသားများတွင် တစ်စုံတစ်ရာကို အရူးအမူးစွဲလမ်းကာလိုချင်စိတ်ပြင်းပြလွန်းတတ်သည့်အခါတွေရှိတတ်စမြဲ။ ထိုအရာကိုမှမရလျှင်အသက်ပင်သေရတော့မတတ်အဖြစ်တွေသည်းလွန်းလှကာ မရမကရအောင်ကြိုးစားတတ်ကြသည်။

သို့ရာတွင် တကယ့်လက်တွေ့မှာ ကိုယ်ကကြိုးစားတိုင်းရော ရတတ်ပါသည်တဲ့လား ကိုယ်ကဖြစ်ချင်တိုင်းရော အခါခပ်သိမ်းဖြစ်တတ်ကြပါသလား။

ဖြစ်နေတာကတခြားဖြစ်ချင်တာကတခြား။ တကယ်တမ်းကျတော့ဖြစ်သင့်တာဖြစ်ချင်တာဖြစ်နေတာတွေအားလုံး အမြဲတစေထပ်တူကျနေနိုင်သည်မှ မဟုတ်တာပဲ။ ဟောသည်ကမ္ဘာလောကကြီးသည် မိမိဖြစ်ချင်တာတွေကိုချည်း အားလုံးလိုလေသေးမရှိပြီးပြည့်စုံပါစေသတည်းဟူ၍ ဖန်ဆင်းတည်ဆောက်ထားသောအရာတစ်ခုမဟုတ်။ ကမ္ဘာလောကကြီးက ဝင်ရိုးပေါ်တွင် ၂၃ ဒီဂရီတိမ်းစောင်း၍ သူ့အလိုလိုလည်ပတ်နေသည်ပဲ။ ကိုယ်တစ်ယောက်တည်းကိုပဲ ရွေးချယ်ပြီးလည်ပတ်နေတာမျိုးမှမဟုတ်တာ။ ဒီတော့သူ့ဘာသူလည်ပတ်နေသည့် ကမ္ဘာလောကကြီးထဲတွင် မိမိကလိုက်လျောညီထွေဖြစ်အောင် အလိုက်သင့်လေးနေသွားတတ်ဖို့အရေးကြီးလှပါသည်။ မည်သို့မည်ပုံလည်ပတ်နေသည့် ကမ္ဘာကြီးနှင့်အဆင်ပြေချောမွေ့အောင် ဘယ်လိုများနေထိုင်သွားရပါမည်နည်း။ ကမ္ဘာကြီးကိုမိမိစိတ်တိုင်းကျပြောင်းလဲပစ်နိုင်သည့် တန်ခိုးရှိပါသလား၊ ကမ္ဘာကြီးကိုကိုယ်ကမပြောင်းလဲနိုင်သည်မို့ ပြောင်းလဲပစ်ရမည်ကတော့ မိမိ၏ရင်ထဲ အသည်းနှလုံးထဲကိန်းအောင်းနေသည့် စိတ်ထားသဘောထားပဲဖြစ်ပါသည်။

"ဒီမှာသမီးသူသူရေ...ဆရာကတော့ ဆရာ့ဆီသားသမီးလိုချင်လွန်းလို့ဆိုပြီး အရှုံးအမှုးနဲ့အကူအညီလာတောင်းတဲ့ မိခင်လောင်းဖခင်လောင်းတွေကိုတွေ့ရတိုင်း ဒီကိစ္စနဲ့ပတ်သက်လို့ သူတို့တွေထားရှိသင့်တဲ့ စိတ်ထားသဘောထားလေးကို အမြဲတမ်းရှင်းပြလေ့ရှိပါတယ်။ အိမ်ထောင်ရှင်တွေအတွက် သားသားလေးမီးမီးလေးဆိုတဲ့ ဆည်းလည်းကလေးရဖို့ အရေးကြီးတယ်။ ဒါကြောင့်ဆရာဝန်တွေဆီကိုလာပြပြီး ကလေးရရှိအောင် ကြိုတင်ပြင်ဆင်စရာရှိတာပြင်ဆင်ကြိုးစားစရာရှိတာကြိုးစားကြတယ်။ ကလေးမရနိုင်သေးတဲ့ အားနည်းချက်လေးတွေကိုလိုက်ရှာပြီး ဆေးကုသမှုတွေကိုခံယူကြတယ်။ ဒီလိုကြိုးစားတဲ့အခါကိုယ့်မှာထားရှိရမယ့်တာဝန်နဲ့ စိတ်ထားသဘောထားလေးကိုတော့သိရမယ်။ ရင်သွေးလေးကိုရရှိလာအောင် ဖွဲမလျှော့အားမပျော့ဘဲ အစွမ်းကုန်ကြိုးစားရမှာကတော့ မိခင်လောင်းဖခင်လောင်းတွေထားရှိရမယ့်တာဝန်ပဲဖြစ်တယ်။ အောင်မြင်ခြင်းဆုံးရှုံးခြင်းသည် ကိုယ့်တာဝန်မဟုတ်တော့ဘူးဆိုတဲ့ စိတ်ထားသဘောထားကိုထားရမှာဖြစ်တယ်။ ဘာကြောင့်လည်းဆိုတော့ အဲဒီလိုကလေးရအောင်ကြိုးစားတဲ့ကိစ္စတွေမှာ အောင်မြင်တယ်မအောင်မြင်ဘူးဆိုတာ ထိုဇနီးမောင်နှံ




တွေရဲ့အသက်တစ်ယောက်ချင်းအခြေအနေတွေ အားနည်းချက်တွေ သူတို့သုံးနိုင်တဲ့ငွေကြေးအင်အား ခေတ်မီပစ္စည်းကိရိယာ နောက်ဆုံးပေါ်နည်းစနစ်တွေပေါ်မူတည်တယ်။ နောက်ဆုံးနိုင်ငံရပ်ခြားထိသွားပြီး ကမ္ဘာ့အကောင်းဆုံးနည်းစနစ်တွေနဲ့ ကြိုးစားပြီးတဲ့အချိန်အခါမှာတောင် ရာနှုန်းပြည့်ကလေးရနိုင်တာမဟုတ်ဘူး။ နောက်ဆုံးဘယ်လိုပဲကြိုးစားကြိုးစား ဘယ်လိုနည်းနဲ့မှကိုကလေးမရနိုင်တဲ့စုံတွဲတွေအများကြီးရယ်။ အဲသလိုနောက်ဆုံးဘယ်လိုမှ ကလေးမရနိုင်လို့လက်လျှော့လိုက်ရတဲ့အခြေအနေရဲ့အကြောင်းရင်းခံက ဘာလဲဆိုတာ ရှင်းရှင်းလင်းလင်းမသိနိုင်လို့ "Unexplained" လို့ခေါ်ကြရတယ်"

"သဘောကတော့ကွယ် အခုကိစ္စက စစ်ပွဲတစ်ပွဲကိုတိုက်တဲ့ဥပမာလိုပဲ မနိုင်နိုင်အောင်အစွမ်းကုန်ကြိုးစားပြီးတိုက်မယ်။ အကောင်းဆုံးအတွက်ကြိုတင်ပြင်ဆင်ထားရမှာဖြစ်သလို ကြိုးစားလျက်သားနဲ့လည်း ရှုံးနိမ့်သွားနိုင်တယ်ဆိုတာကို နားလည်လက်ခံပြီး အဆိုးဆုံးအတွက်လည်း ကြိုတင်ပြင်ဆင်ထားဖို့လိုတယ်။ ဘာကြောင့်လဲဆိုတော့ ဟောဒီကမ္ဘာလောကကြီးမှာ အောင်မြင်မှုဆုံးရှုံးမှုတွေကို ဖန်တီးပေးနေတဲ့တန်ခိုးရှင်တစ်ဦးက မျက်စိနဲ့မမြင်နိုင်ပေမယ့် ရှိနေတယ်။ အဲဒီတန်ခိုးရှင်ကတော့..."

ထိုစဉ်မှာပင် သူ့ခါးမှာချိတ်ထားသောတယ်လီဖုန်းက သီချင်းလေးတစ်ပုဒ်ဖြင့်မြည်သံထွက်လာခဲ့သည်။ "ဟောကြည့် စကားကကောင်းခန်းရောက်နေပြီဆိုရင် တယ်လီဖုန်းကလာပြီ အချိန်ကိုက်ပဲ" ဟုသူသူဆိုသည့် ငတိမလေးကနှုတ်ခမ်းလေးကိုစူ၍ ခပ်ငေါ်ငေါ်လေး ပြောလိုက်လေတော့၏။

●●●

> ကိုင်း သမီးတို့ရေ . . . အခုနကသမီးတို့သိချင်နေတဲ့ တန်ခိုးရှင်ဆိုတာ လူတွေရဲ့ဘ၀တွေကို သူ့စိတ်ကြိုက် စီမံဖန်တီးခြယ်လှယ်နိုင်လွန်းလို့ သူ့ကိုအဲသလိုခေါ် လိုက်တာအဲဒီတန်ခိုးရှင်ကတော့ "ကသိုလ်ကံကြမ္မာ" ပဲဖြစ်တယ်သမီးတို့ရေ၊ အဲဒါကိုသမီးတို့နှစ်ယောက် လက်ခံကြရဲ့လား . . .



# ၂၄

# ကံကိုယုံ အားမှန်နင်းများ စဉ်းစား



# ကံကိုယ့် သူးပုံနှင်းမလားစဉ်းစား

"ဆရာအခုနတုန်းက ဆရာပြောခဲ့တဲ့ "တန်ခိုးရှင်" ဆိုတာဘယ်သူလဲ ဟင်…မြန်မြန်လေးပြောပြပါတော့ဆရာ။ ဆရာကကောင်းခန်းကျမှဖြတ်ဖြတ်ထားသလိုပဲ ဆရာနဲ့စကားပြောရတာ ဆန့်တင့်ငံ့နဲ့"

သူဖုန်းပြော၍အပြီးမှာပဲ သူသူဆိုသည့်ငတိမကလေးက အပူတပြင်းတောင်းဆိုပါတော့သည်။ "အော် သူသူ … သူသူ ကလေးဆိုးကြီးလိုပါပဲလား"

ကိုမိုးကအားနာဟန်နှင့် သူ့ဇနီးချောလေးကို ဟန့်လေ၏။

"ဟော့သူသူ…ဆရာကသဘောကောင်းတိုင်းဒီလိုမဆိုးနဲ့လေ ဆရာပြောပြမှာပေါ့။ ဆရာခဏလောက်နားပါစေဦးလားဘယ့်နယ်ကြောင့်အလောတကြီးဖြစ်နေရတာလဲ" အဲဒီလိုပြောတော့မှ သူသူဆိုသည့်ငတိမလေးတစ်ယောက်ခေါင်းကလေးကိုပု လျှာကလေးကိုတစ်လစ်ထုတ်၍ ပြာပြာသလဲတောင်းပန်ရှာလေ၏။

"ကန်တော့နော်ဆရာ ကန်တော့ ကန်တော့…သမီးသိချင်စိတ်နဲ့အလောတကြီးဖြစ်သွားလို့ ခုလိုဆရာ့ကို မရှိမသေမလေးမစားသလိုဖြစ်သွားတာကိုခွင့်လွှတ်ပါနော်"

သူတို့နှစ်ယောက်၏အမူအရာကိုကြည့်ပြီး ဒေါက်တာငြိမ်းချမ်းတစ်ယောက်ဟက်ဟက်ပက်ပက်ရယ်မောမိလေတော့သည်။ သူတို့ကလေးတွေနှင့်

စကားပြောရတာက လွတ်လွတ်လပ်လပ်ပေါ့ပေါ့ပါးပါးနှင့် ပျော်ရွှင်ဖွယ်ရာအတိ။ အခုပဲကြည့်အစောပိုင်းကတော့ သူတို့မူလပြဿနာဖြစ်သည့် ဇာခန်းဆီးနောက်ကွယ်က ချစ်မှုရေးရာပြဿနာများအကြောင်းကိုဆွေးနွေးနေရာမှ ပြောရင်းပြောရင်းနောက်ဆုံးတွင် ဘဝနေနည်းနိဿရည်းတွေအကြောင်း တရွေ့ရွေ့နှင့်လမ်းကြောင်းပြောင်းသွားခဲ့သည်ပဲလေ။

"ခွင့်လွှတ်ပါတယ်သူသူရယ်…ဆရာ့စိတ်ထဲဘယ်လိုမှကို အမှတ်မထားပါဘူး။ သမီးတို့နှစ်ယောက်နဲ့စကားပြောရတာကို ဆရာကတော်တော်ပျော်နေတာ၊ သမီးတို့ကိုပြောရင်းနဲ့ ဆရာ့စိတ်နဲ့ဆရာ့ကိုယ်ကိုလည်း ပြန်ကြည့်ဖြစ်သုံးသပ်ဝေဖန်ဖြစ်သွားတယ်။ ဆရာတို့ကိုယ်တိုင်လည်း ပေဟာဒီလူ့လောကကြီးထဲကျင်လည်နေရချိန်မှာ မှန်ကန်စွာနေတတ်ဖို့ ဘဝနေနည်းအမှန်ကိုသိဖို့ သိပ်ကိုအရေးကြီးတယ်။ အဲသလိုသိဖို့ဆိုတာကလည်း စာတွေဖတ်ဖို့လိုတယ်။ စာတွေထဲမှာ လူတွေလူတွေရဲ့အတွေ့အကြုံတွေ အတွေးအခေါ်အယူအဆတွေကိုလေ့လာလို့ရတယ်။ မှားတာတွေကိုရှောင်ပြီး ကောင်းတာတွေကိုအတုယူဖို့လိုတယ်။ သင်ခန်းစာတွေကိုလည်းယူတတ်ဖို့လိုတယ်။ စာတွေကိုများများဖတ်ရင် အသိပညာတွေတဖြည်းဖြည်းနဲ့ ပိုပိုပြီးကြွယ်ဝလာမယ်။ ပြီးတော့…ကိုယ့်ကိုယ်ကိုယ်လည်းမကြာခဏရပ်ရပ်ပြီး လေ့လာသုံးသပ်ဝေဖန်ကြည့်ဖို့လိုတယ်။ ဒါမှကိုယ့်ကိုယ်ကိုယ်အမှားတွေလုပ်နေသလားအမှန်တွေမှလုပ်ရဲ့လားဆိုတာကိုပိုပြီးသိသိလာမှာပေါ့။ လမ်းမှားဘက်ကိုရောက်သွားမယ်ဆိုရင်လည်း လမ်းမှန်ကိုပြန်ရောက်အောင် ကိုယ့်ကိုယ်ကိုယ်ဆွဲခေါ်ရမယ်။ "သိ" ရုံနဲ့တင်မပြီးသေးဘူး ကိုယ်သိတဲ့အတိုင်းကျင့်ဖို့က ပိုအရေးကြီးတယ်။ သိတော့သိပါရဲ့သိတဲ့အတိုင်း တကယ့်လက်တွေ့မှာမကျင့်ကြံရင် ဘာဆိုဘာမှ အဓိပ္ပာယ်မရှိတော့ဘူး။ သိသိကြီးတွေနဲ့မှားတာတွေက ပိုလို့တောင်ဆိုးဝါးသေးတာပေါ့ကွာ"

"လူတစ်ယောက်ဟာအမှားကို မှားတယ်လို့မသိဘူး မသိဘဲအမှားလုပ်မိတယ် ဒါဆိုရင်ဒီလူဟာ "လူအ" ပဲ… မှားလို့မှားမှန်းတောင်မသိအောင် "အ" တယ်လို့ပြောရမယ်။ နောက်လူတစ်ယောက်ကတော့မှားတာကိုမှားမှန်းသိတယ် ဒါပေမဲ့သိသိကြီးနဲ့ကို အဲဒီအမှားကိုဆက်လုပ်တယ် အဲဒီလူဟာ "လူမိုက်" ပဲ…မိုက်တွင်းနက်တဲ့လူလို့ ပြောလို့ရတာပေါ့။ နောက်လူတစ်ယောက်ကတော့

မှားတာကိုမှားမှန်းသိတယ် မှားမှန်းသိလို့နောက်ထပ်မလုပ်တော့ဘူး၊ အမှားကိုရှောင်ပြီးအမှန်ကိုပဲလုပ်တော့တယ် အဲဒီလူဟာ "လူလိမ္မာ" ပဲဖြစ်တယ်။ ဒါကြောင့် ကိုယ့်ကိုယ်ကိုယ် "လူအ" လား "လူမိုက်" လား "လူလိမ္မာ" လားဆိုတာကို မကြာမကြာပြန်ပြန်ပြီး အရှိကိုအရှိအတိုင်း မညာစတမ်းမညှာစတမ်း စစ်ဆေးဝေဖန်ကြည့်ရမယ်။ အဲဒါမှကိုယ်မှားနေရင်အချိန်မီသိပြီး အမှန်ကိုပြင်နိုင်မှာဖြစ်တယ်။ အခုလိုသမီးတို့နဲ့ဘဝနေနည်းလေးတွေအကြောင်းဆွေးနွေးရတာ ဆရာ့အတွက်လည်းတကယ့်ကိုအကျိုးရှိတာမို့ ဆရာကကျေးဇူးတင်ပါတယ်"

"ကြံကြံဖန်ဖန်ဆရာရယ် သမီးတို့ကဆရာ့ရဲ့အချိန်တွေကိုလည်းလာပြီးလုယူနေကြသေးတယ်။ အလုပ်အလွန်များတဲ့ဆရာ့ကိုလာပြီးနှောင့်ယှက်နေသလိုဖြစ်မှာကိုစိုးရိမ်နေတာ။ အခုလိုဆရာကအကျိုးရှိတယ်ပြောလိုက်လို့ သမီးစိတ်ထဲနည်းနည်းအေးချမ်းသွားမိတယ်။ အစကလာသာလာရတယ်ဆရာ့ကိုအနှောင့်အယှက်တွေပေးမိသလိုဖြစ်သွားမှာကိုအရမ်းကိုပူပန်နေမိတာ" ဟုသူသူကလည်းစိတ်သက်သာရာရသွားဟန်နှင့်ရင်ဘတ်ကလေးကိုအသာဖိရင်းပြောလေ၏။

"ကိုင်း သမီးတို့ရေ…အခုနကသမီးတို့သိချင်နေတဲ့ တန်ခိုးရှင်ဆိုတာလူတွေရဲ့ဘဝတွေကို သူ့စိတ်ကြိုက်စီမံဖန်တီးခြယ်လှယ်နိုင်လွန်းလို့ သူ့ကိုအဲသလိုခေါ်လိုက်တာ အဲဒီတန်ခိုးရှင်ကတော့ "ကုသိုလ်ကံကြမ္မာ" ပဲဖြစ်တယ်သမီးတို့ရေ၊ အဲဒါကိုသမီးတို့နှစ်ယောက် လက်ခံကြရဲ့လား"

သူသူကမျက်မှောင်လေးအသာကြုတ်ရင်းတွေတွေဝေဝေလေးစဉ်းစားနေချိန်မှာပဲ ကိုမိုးဆီက ရုတ်ခြည်းအသံထွက်လာလေ၏။

"ဟင် ကျွန်တော်ကဆရာ့ကိုဒီလိုမျိုးကံကြမ္မာဆိုတာကို ယုံတတ်တဲ့သူလို့လုံးဝမထင်ခဲ့မိဘူးဆရာ။ ဆရာဟာလက်တွေ့ကျကျ ကိုယ့်အားကိုယ်ကိုးကိုယ့်ဒူးကိုယ်ချွန်ပြီးကြိုးစားအားထုတ်ရင်း ဒီလိုမျိုးနေရာကိုရောက်လာခဲ့တာလို့ထင်မှတ်ထားခဲ့တာ။ အခုတော့ ဆရာဒီလိုမျိုးပြောလိုက်တာကို တကယ့်ကိုဆရာကိုယ်တိုင်က ဒီအတိုင်းယုံကြည်လို့လား၊ တစ်ယောက်ယောက်ရဲ့ပယောဂကြောင့်လား၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်ကတော့ ကံကိုမယုံဘူး။ တစ်ခုခုဖြစ်လာရင် ကံကိုလွှဲချကြတာဟာ ပျော့ညံ့လုတဲ့လူတွေမှလုပ်တာလို့ ကျွန်တော်

ကယူဆထားတာ၊ ဆရာကရောဘာကြောင့် အဲသလိုယုံကြည်ရတာလဲဆရာ။ တကယ်တမ်းကျတော့..လူတစ်ယောက်ဟာ သူ့ရဲ့ကိုယ်စွမ်းဉာဏ်စွမ်းရှိသလောက် ကြိုးစားအားထုတ်ဖို့က သာ အဓိကမဟုတ်လား။ ကံကောင်းတယ်ကံဆိုးတယ် ဆိုပြီး ကံကိုလွှဲမချရဘူးလို့ပဲ ကျွန်တော်ကတော့ဘဝတစ်လျှောက်လုံးမှာ သိထား ယုံကြည်ထားခဲ့တာ။ လူတစ်ယောက်ရဲ့အောင်မြင်မှု ဆုံးရှုံးမှုတွေဟာ သူ့ရဲ့ဖွဲ့လုံ့ လဝီရိယရှိရှိနဲ့ ကြိုးစားအားထုတ်မှုတွေအပေါ်မှာပဲ အဓိကမူတည်နေတယ်လို့ ကျွန်တော်ကတော့ယုံကြည်တယ်။ ကံကောင်းရင်ကြီးပွားမှာပဲ၊ ကံဆိုးရင်တော့ မကြီးပွားလို့ဆိုပြီး ထိုင်စောင့်နေလို့တော့ဘယ်ရပ့ါမလဲဆရာ မဟုတ်ဘူးလား၊ ကံကိုယုံပြီးဆူးပုံကိုနင်းလို့ရော ဖြစ်ပ့ါမလား"

"သမီးကတော့ကံကိုယုံတယ်။ ဆရာပြောတာကို အကြွင်းမဲ့လက်ခံတယ်။ ဟောဒီလူ့လောကကြီးမှာ ကုသိုလ်ကံတရားဆိုတာ အရေးအကြီးဆုံးပဲ ဆိုတာ သမီးတကယ့်ကိုလက်ခံတယ်။ ဒီနေ့ပဲဆရာ့ဆီကိုလာတဲ့လမ်းမှာ မီးပွိုင့်တွေမှာကားရပ်တော့ ကလေးငယ်ငယ်လေးတွေ ပန်းကုံးကလေးကိုကိုင်ပြီး ပန်းလိုက်ရောင်းနေကြရတယ်။ သူတို့အရွယ်တခြားကလေးတွေကစာသင်ကျောင်းကိုသွားနေတဲ့အချိန်မှာ ဒီကလေးတွေကကျတော့ လမ်းဘေးမှာပန်းရောင်းတဲ့သူရောင်း၊ ပလတ်စတစ်အိတ်ကလေးတွေ လိုက်ကောက်တဲ့သူကကောက်၊ လိုက်ပြီးတောင်းတဲ့သူကတောင်းနဲ့ ဒီကလေးလေးတွေတစ်ယောက်နဲ့တစ်ယောက် ဘာတွေများကွာခြားနေကြလို့လဲ...သူတို့ရဲ့ဉာဏ်ပညာတွေကြိုးစားအားထုတ်မှုတွေ ဖွဲ့လုံ့လဝီရိယတွေ ဒါတွေဒါတွေကကွာခြားနေတယ်လို့များ ပြောလို့ရလေမလား"


"သမီးစဉ်းစားမိတာကတော့ သမီးဆိုရင်ကုသိုလ်ကံကောင်းထောက်မလို့ အခုသမီးရဲ့ဖေဖေမေမေတို့လိုချမ်းသာကြွယ်ဝပြီး အရာရာပြီးပြည့်စုံတဲ့မိဘတွေရဲ့ဝမ်းထဲမှာ ဝင်စားခွင့်ရခဲ့လို့သာ အခုလိုဘဝမှာ အေးအေးသက်သာခြေမွေးမီးမလောင်လက်မွေးမီးမလောင်နဲ့ ရွှေပေါ်မြတင်နေနိုင်တာမဟုတ်လား။ သမီးသာခုနကပြောတဲ့လမ်းပေါ်ကကလေးလေးတွေ မိဘတွေရဲ့ဝမ်းထဲမှာသာသွားပြီး ဝင်စားမိသွားမယ်ဆိုရင် သမီးအခုလိုကိုမိုးနဲ့တွေ့ပြီး လက်ထပ်ခွင့်ရဖို့နေနေသာ သာ ကိုမိုးကိုသမီးကလမ်းမှာ သူ့ကိုပန်းလာရောင်းရင်တောင် ဝယ်မှာမို့လို့လား။



ပန်းရောင်းနေရတဲ့နံချာတဲ့ဘဝမျိုးဆိုရင်ရော ကိုမိုးကသမီးကို အခုလိုကြိုက်ပ့ါမလားလို့ သမီးကတော့သံသယဖြစ်မိတယ်။ ဟုတ်တယ် ပြောရင်းပြောရင်းနဲ့စိတ်ထဲမှာတောင်တစ်မျိုးကြီးဖြစ်နေမိတယ်။ ကိုမိုးကသမီးကိုမိဘတွေချမ်းသာ သမီးကလည်းပညာတတ်သူဌေးသမီး ရုပ်ကလေးကလည်းချောလို့သာ ကြိုက်တာမဟုတ်လား။ ပြောစမ်းမှန်မှန်ပြောစမ်း...သူသူကသာလမ်းဘေးမှာပန်းရောင်းနေတဲ့ကောင်မလေးဆိုရင် ကြိုက်မှာလားဆိုတာလေ" ဟုပြောရင်းကိုမိုးအား ပုစွန်ဆိတ်ကဲ့သို့ပြူးကျယ်သောမျက်လုံးကြီးတွေနှင့်စိုက်ကြည့်ကာ ကိုမိုး၏ရှေ့တွင်ခါးထောက်၍ရပ်လိုက်၏။ ကိုမိုးခမျာထိုမေးခွန်းကို ဘယ်သို့ဘယ်ပုံဖြေရမည်မှန်းရုတ်တရက်စကားစရှာရခက်နေဟန်တူ၏။ ဒီကောင်လေးတော့ အကြီးအကျယ်အကျပ်ရိုက်နေပြီ "မကြိုက်ဘူး" ဟုအမှန်အတိုင်းဖြေလျှင်လည်း ရွှေစိတ်တော်ကကွေးနေအောင်ကောက်လိမ့်မည်။ "ကြိုက်မှာပေါ့" ဟုပြောလျှင်ရော မရွှေသူသူက ယုံတော်မူလိမ့်မည်ဟုထင်ပါသလား။ ကိုမိုးတော့ဇက်ကိုအသာပုပုခုံးကို အသာတွန့် ခေါင်းကိုတဖျဉ်းဖျဉ်းမြည်အောင်ကုတ်ရင်း ဒေါက်တာငြိမ်းချမ်းအား စစ်ကူတောင်းသည့်အကြည့်နှင့် ကြည့်လိုက်လေတော့၏။

●●●

> မကောင်းတာတွေ မတရားတာတွေ မဟုတ်တာတွေအကုန် လုပ်နေပြီး ချမ်းသာကြွယ်ဝပြီး ထိပ်ဆုံးကိုရောက် မိုးတစ်လုံး လေတစ်လုံးနဲ့လောကကြီးကို ခါးစောင်းတင်ထားတဲ့လူတွေ အများကြီးရှိနေတယ်။ တစ်ချိန်တည်းမှာ ကောင်းတာမှန်တာ တရားတာတွေချည်းလုပ်နေပါရဲ့သားနဲ့ ဘဝမှာအောက်ကျ နောက်ကျနဲ့ ဆင်းရဲမွဲတေနေတဲ့သူတွေလည်းအသချေပဲ၊ ဒါ ကိုကြည့်လိုက်ရင် အခုနကသူသူပြောနေတဲ့စကားက ဟုတ် မှဟုတ်သေးရဲ့လား။ မဖြစ်နိုင်ဘူးဆရာတကယ်တမ်းကျတော့ လောကကြီးကမတရားဘူး…



# ၂၅ လောကကြီးက မတရားဘူး




# လောကကြီးကမတရားဘူး

ဒေါက်တာငြိမ်းချမ်းသည် ခေါင်းကုတ်ရတော့မလိုဖင်ကုတ်ရတော့မလို "ခွေးအကြီးလှည်းနင်းသကဲ့သို့" အူတီးအူကြောင်ဖြစ်နေသော ကိုမိုး၏အသွင်သဏ္ဌာန်ကိုမမြင်ဟန်ပြုကာ ရယ်ရွှင်ပြုံးတုံ့မပြုံးတုံ့ လုပ်နေမိပါလေ၏။ ဒီကောင်လေး၏အကြည့်ကသူ့အားစစ်ကူတောင်းနေပုံရပါ၏။ စဉ်းစားကြည့်တော့ ဖြေရမည့်အနေအထားက "ဆူးကြားကဗူးသီးနယ်" ကျဉ်းထဲကျပ်ထဲရောက်နေသည့်အဖြစ်ပါပဲ။ သူ့ကိုမရွှေသူသူက ထိုကဲ့သို့သောမေးခွန်းမျိုးကိုမေးလာခဲ့လျှင် သူကရောမည်သို့မည်ပုံပြန်ဖြေရမည်နည်း။ ယခုလည်းဒေါက်တာငြိမ်းချမ်းတစ်ယောက်ထိုငတိလေးကိုမိုး၏မျက်လုံးနှင့်စစ်ကူတောင်းမှုကိုအဖြေကိုသိပါလျက်နှင့် တမင်ကပ်ဖဲ့ပြီးမခံချိမခံသာဖြစ်အောင် လုပ်နေသည့်အမူအရာမျိုးကိုလုပ်နေမိခြင်းဖြစ်ပါသည်။

ပြီးတော့ဤမေးခွန်းကိုဒီငတိလေးက မည်သို့မည်ပုံပြောကြားပြီး ဤပြဿနာကိုဘယ်ကဲ့သို့ဖြေရှင်းမည်ကိုလည်းသူစိတ်ဝင်တစားသိချင်လှပါသည်။ ကြည့် ကြည့် ... ကိုမိုးကဤသို့ဖြေပါပြီ။

"ဒီမယ်ဒေါ်ရွှေသူသူ ... ဒီလိုတစ်ဖက်သတ်ကြီးအနိုင်ကျင့်ပြီးမေးတဲ့မေးခွန်းမျိုးကိုကိုယ်ကပေါ့တီးပေါ့ဆဖြေလို့ဘယ်ဖြစ်ပါ့မလဲ၊ အပြန်အလှန်တရား

မျှမျှတတရှိမှဖြစ်မှာပေါ့။ ဒီတော့ကိုယ်ကလည်းပြန်မေးမယ် ကိုယ့်မေးခွန်းကို အရင်ဖြေစမ်း…ဒေါ်ရွှေသူသူကရောကိုယ့်ကို သူဌေးသားလည်းဖြစ်ပညာတတ် ရုပ်ကလည်းခန့်ငြားလို့ဘဝခရီးဖော်အဖြစ်ရွေးခဲ့တာမဟုတ်လား။ တကယ်လို့များ ကိုယ်သာလမ်းဘေးမှာပလတ်စတစ်ကောက်ပြီးရောင်းစားနေရတဲ့ကောင်လေး ဆိုရင်ကော သူသူကဘဝခရီးဖော်အဖြစ်ရွေးမှာလား။ ကိုယ်မေးတဲ့မေးခွန်းကိုအ ရင်ဖြေရင်ကိုယ်ကလည်းသူသူမေးတဲ့မေးခွန်းကိုဖြေမယ်။ ခုလိုအပြန်အလှန်ရှိမှ မျှမျှတတဖြစ်တော့မှာပေါ့"

ကြည့်စမ်းကြည့်စမ်း ဟိုက်ရှားပါး…တော်လိုက်သည့်ကိုမိုးဆိုသည့် ငတိလေးပါလား။ ရွှေပင်ချထားဖို့ကောင်းလှသည့် ပါးစပ်ကလေးပါလား။ သူ့ဆီ ဦးတည်လာသည့်မြားဦးကို ရန်သူ့ထံသို့အသာလေးလမ်းလွှဲသည့် တိုက်ကွက် ကလေးကလှပပါဘိခြင်း။

မှန်ပါသည်…ပစ်ချက်ကပစ်ကွင်းသို့တိုက်ရိုက်ကြီးကိုထိတော့သည်။ သူသူ့ခမျာဘာပြန်ဖြေ၍ဖြေရမှန်းပင်မသိ၊ ရုတ်တရက်မထင်မှတ်ဘဲ သူ့ဆီတည့် တည့်ကြီးတန်းတန်းမတ်မတ်ဝင်လာသည့်မြားချက်ကို ဘယ်ပုံဘယ်နည်းရှောင် ရမှန်းပင်မသိနိုင်အောင်ဖြစ်သွားလေ၏။

ပွဲကတော့ဖြင့် ပို၍ပို၍ပင်ကြည့်၍ကောင်းလာပြီး ဒေါက်တာငြိမ်းချမ်း တစ်ယောက်စိတ်ဝင်တစားကို မျက်တောင်မခတ်စတမ်း စောင့်ကြည့်နေမိလေ ၏။ သူ့ဆီသို့တည့်တည့်ကြီးလှည့်လာသည့်မြားချက်ကို သူသူကမည်သို့မည်ပုံ ရှောင်ရှားပါမည်နည်း။ ပြီးတော့မည်သို့သောတိုက်ကွက်ဖြင့် ကိုမိုးကိုဆော်ပလော် တီးမည်နည်း။

အဲဒီမှာပဲ အံ့သြကုန်နိုင်ဖွယ်ရာ အကောင်းဆုံးသောတိုက်ကွက်ကို မြင်ရလေတော့၏။ သူတပည့်မလေးသူသူ၏ သူမတူအောင်လျင်မြန်ဖျတ်လတ် လှသောလှုပ်ရှားမှုကိုလည်း တအံ့တသြတွေ့လိုက်ရပါတော့သည်။

"ညစ်ပတ်စုတ်ပွဲတဲ့ကိုမိုးကို ဒီလိုပဲလုပ်မှရတော့မယ် ကဲ ကဲ…မှတ်ပြီ လား"

"အားလားလား အားလားလား" ဟူသောအသံနက်ကြီးတစ်ခု ကိုမိုး ထံမှထွက်ပေါ်လာလေပြီ။ လက်တွေ့တိုက်ကွက်ကလေတိုက်ကွက်ထက်ပို၍ထိ

ရောက်လှသည်မှာ အမှန်ပင်ဖြစ်ပါသည်။

ရုတ်တရက် "အားလားလား" ဟူ၍ယောင်ပြီးအော်မိသော ကိုမိုးတစ် ယောက်အားလားလားပေါင်းခုကြိမ်ခုခါတိတိအော်ပြီးသွားတော့မှ အခြေအနေ မှန်ကိုရိပ်စားမိသွားပြီ။

"ဟဲ့ သူသူ…လွန်မယ်နော် လွန်မယ် ဆရာ့ရှေ့မှာကိုယ့်ယောကျ်ားကို ဒီလိုပဲဗိုက်ခေါက်လိမ်ဆွဲရသလား။ အိမ်မှာလုပ်ချင်ရာလုပ် ကိစ္စမရှိဘူး၊ အခုလို ဆရာ့ရှေ့မှာလုပ်တာကတော့တော်တော်ကြီးကိုလွန်တယ် "အလိုလိုက်တော့အ မိုက်စော်ကား" ဆိုသလိုပဲ အလိုလိုက်မိတာမှားတာပဲ ဒီကောင်မလေးတော့အိမ် ရောက်မှသိမယ် ဘာအောက်မေ့နေလို့လဲ"

အဲသည်အချိန်မှာတော့ ဒေါက်တာငြိမ်းချမ်းတစ်ယောက်မည်သို့မျှပင် ဣန္ဒြေမဆည်နိုင်တော့ဘဲ အားပါးတရဟက်ဟက်ပက်ပက်ကြီးရယ်မောလိုက်မိ လေတော့သည်။ ကိုင်း ဘယ်လောက်တောင်ချစ်စရာကောင်းသည့် ဇနီးမောင်နှံ လေလဲ။

ကိုမိုးတစ်ယောက်၏ဗိုက်ခေါက်တွင် အသားနီတွေမလန်သွားခင်မှာ ယောကျ်ားအချင်းချင်းကိုယ်ချင်းစာနာစွာနဲ့ ရန်ပွဲကိုအမြန်ဆုံး ရပ်ဆိုင်းစေလိုက် တော့သည်။

"ကဲ ကဲ သမီးသူသူ…အခုလိုအားနွဲ့တဲ့ယောကျ်ားသားလေးကို အဲဒီ လောက်ကြီးတစ်ဖက်သတ်အနိုင်မကျင့်ပါနဲ့ကွယ်၊ ပြောသာပြောလိုက်ရတယ် ခုလောက်ဆိုရင် အဆွဲခံရလွန်းလို့ဗိုက်တွေမှာ အသားမာတွေတောင်တက်နေ လောက်ပြီမို့ ကိုမိုးအနေနဲ့ဒီလောက်တော့ နာမယ်တောင်မထင်တော့ပါဘူး"

"ကဲ ကဲ အခုဖြစ်ရပ်ဟာ ဆရာအခုနကပြောခဲ့တဲ့ ဟောဒီလောကကြီး တစ်ခုလုံးက လူသားတွေရဲ့ဘဝတွေကို မျိုးစုံခြယ်လှယ်ဖန်တီးပေးနေတဲ့ တန်ခိုး ရှင်ဟာ "ကုသိုလ်ကံကြမ္မာ"…အတိုကောက်ပြောရရင်ဖြင့် ကံပဲဆိုတာကိုမှန်ကန် ကြောင်းပြသလိုက်တဲ့ အကောင်းဆုံးသက်သေပဲဖြစ်တယ်။ လောကမှာ "ကျား" ရယ် "မ" ရယ် ဆန့်ကျင်ဘက် ဘာဆိုဘာမှမတော်စပ်ခဲ့တဲ့ လူသားနှစ်ယောက် "နှစ်လွှာပေါင်းမှတစ်ရွက်လို့ပြောရမယ့် စွယ်တော်ရွက်ကလေး" လို၊ "နှစ်ချောင်း ပေါင်းမှတစ်ခုလို့ဆိုရမယ့်အီကြာကွေး" လိုတစ်ဘဝလုံးတူယှဉ်တွဲရမယ့်ကိစ္စမှာ

တကယ့်ဖန်ဆင်းရှင်ဟာ ဖူးစာကံပဲဖြစ်တယ်။ ဖူးစာကံဆိုတာမပါလာရင် ဘယ်လောက်ပဲချစ်သူနှစ်ယောက် ချစ်ကြကြိုက်ကြပေမယ့်မညားကြဘူး။ ဖူးစာကံဆိုတာပါလာရင်တော့ ဘယ်သူဘယ်လောက်ပဲခွဲခွဲ ခွဲလို့ကိုမရဘဲလက်တွဲသွားကြတဲ့စုံတွဲတွေလည်းအများကြီးပဲ။ ဒါကြောင့် "ချစ်တိုင်းမညား ညားတိုင်းမချစ်" ဆိုတဲ့စကားလေးပေါ်လာတာပေ့ါ" ဟူ၍ဒေါက်တာငြိမ်းချမ်းက သူတို့နှစ်ယောက်၏ကြားထဲဝင်၍ ဖျန်ဖြေပေးရပါတော့သည်။

"ဟုတ်သားပဲနော် ချစ်သူနဲ့လက်တွဲခွင့်ရဖို့ ထီးနန်းစည်းစိမ်ကိုတောင်စွန့်ခဲ့တဲ့ဗြိတိသျှ "အက်ဒွပ်" ဘုရင်ကြီးအကြောင်းကိုကျွန်တော်ကြားခဲ့ရတုန်းကတော်တော့်ကိုအံ့သြသွားခဲ့တယ်။ ဘာမဟုတ်တဲ့မိန်းမတစ်ယောက်အတွက်နဲ့ထီးနန်းကိုတောင်စွန့်ခဲ့တယ်ဆိုတာ နားမလည်နိုင်လောက်အောင်ပါပဲ" ဟုကိုမိုးကဝင်ထောက်သည်။

"အောင်မယ်..ကိုမိုးနော်ဘာစကားပြောတာလဲ။ ရှင်ဘုရင်ကထီးနန်းကိုတောင်စွန့်လောက်အောင် ချစ်မြတ်နိုးရတဲ့ အမျိုးသမီးတစ်ယောက်ရဲ့တန်ဖိုးကို အဲသည်လိုနှိမ်ချပြီး မှိုချိုးမျှစ်ချိုးမပြောပါနဲ့" ဟုသူသူကဝင်၍ရန်ထောင်လေတော့သည်။

"တော်တော်...ကိုမိုးလည်းတော် သူသူလည်းတော်တော့ ဒီမှာလေးနက်တဲ့စကားတွေပြောနေတုန်းရန်မဖြစ်နဲ့တော့ "ဖူးစာကံ" ဆိုတာ တစ်ခါတစ်ခါများဘယ်လိုမှနားမလည်နိုင်လောက်အောင် ထူးခြားဆန်းကျယ်တာအမှန်ပဲ"

"ဆရာ ဒါဆိုရင်ကံဆိုတာကိုလည်း ယုံတယ်ပေ့ါဟုတ်လား"

"မယုံလို့ရမတဲ့လားကိုမိုးရာ ဟောဒီလောကကြီးမှာ ကံဆိုတာဘယ်လောက်တောင်အရေးကြီးတယ်ဆိုတာကိုပြောခဲ့တာ ဘယ်သူများမှတ်လို့လဲ"

"ဘယ်သူလဲဆရာ အဲသည်လိုပြောခဲ့တာ အင်္ဂလိပ်ပညာရှိကြီးလား ပြင်သစ်ခေါ်မရောမပညာရှိကြီးတွေလား"

"ချီးတဲ့မှပဲ..ဘယ်ကလာ အင်္ဂလိပ် အမေရိကန်ပညာရှိကြီးတွေဖြစ်ရမှာလဲ။ ဆရာတို့အားလုံးရဲ့ကိုးကွယ်အားထားရာ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကိုယ်တိုင်က ပြတ်ပြတ်သားသားကြီးကို ဟောပြောခဲ့တာဖြစ်တယ် ကိုမိုးတို့ရေ။ "အဘိဓာ္မသုတ်တော်ကြီး" ကိုဖတ်ကြည့်စမ်း အဲဒီသုတ်တော်ကြီးထဲမှာ...

ကံသာ ဉစ္စာ

ကံသာ အမွေခံ

ကံသာ အကြောင်း

ကံသာ အဆွေအမျိုး

ကံသာ ကိုးကွယ်မှီခိုရာ

ကောင်းသည်ဖြစ်စေ

မကောင်းသည်ဖြစ်စေ

ငါပြုသောကံ၏ အမွေခံသာဖြစ်၏၊

ရယ်လို့ အတိအလင်းကွက်ကွက်ကွင်းကွင်းမှန့်တီဟင်းလိုရှင်းနေအောင်ဟောပြောသွားခဲ့တယ်"

"ဆရာပြောတော့လည်းဟုတ်သားပဲ ကျွန်တော်ဖြင့် "အဘိဓာ္မသုတ်တော်ကြီး" ကိုမကြာခဏရွတ်ဖတ်နေပေမယ့် သူ့ရဲ့အဓိပ္ပာယ်ကို သေသေချာချာနားမလည်မိသလို သေချာလည်းမစဉ်းစားမိဖူးပါဘူးဆရာရေ" ဟုကိုမိုးကဝန်ခံလေ၏။

"ဟုတ်တယ်ကိုမိုးရေ..ဆရာတို့တွေဟာ တစ်ခါတစ်ရံမကဘူး မကြာမကြာဆိုသလိုပဲ စာတွေကိုအလွတ်ကျက်ပြီးရင် ၎င်းသည်မရွေးဖြစ်ပြီးရွတ်ဆိုကြတယ်။ အထူးသဖြင့် ဘုရားစာတွေ သုတ်တော်တွေ ပဌာန်းတွေ စတဲ့စတဲ့ဘုရားစကားတွေကို နေ့စဉ်ရွတ်ဆိုနေခဲ့ကြပေမယ့် အဲဒီလိုကိုယ်ရွတ်ဆိုတဲ့စကားတွေရဲ့အဓိပ္ပာယ်ကိုလည်း သေချာမသိ၊ သိအောင်လည်းမကြိုးစားကြတဲ့ ပုံစံမျိုးတွေဖြစ်နေတယ်နော်"

"ဟုတ်ပြီ ဟုတ်ပြီ သမီးမှတ်မိသွားပြီ...

သင်ပြုသည့်ကံ သင့်ထံ

ပဲ့တင်ပြန်၍လာလိမ့်မည်

ဆိုတဲ့စကားကိုသမီးမှတ်မိသွားပြီ အဲဒီစကားအတိုင်းဆိုရင် ကောင်းတာလုပ်ရင်ကောင်းတဲ့ကံဖြစ်ပြီးကောင်းတာခံစားရမယ်၊ မကောင်းတာလုပ်ရင် မကောင်းတဲ့ကံဖြစ်ပြီး မကောင်းကျိုးတွေခံစားရမယ်ပေ့ါ မဟုတ်ဘူးလားဆရာ"

"အိုးဆရာရယ်..ဒါတော့ကျွန်တော်လက်မခံဘူးအခုလောကကြီးမှာ

ကြည့်လိုက်ပါဦး…မကောင်းတာတွေ မတရားတာတွေ မဟုတ်တာတွေအကုန် လုပ်နေပြီး ချမ်းသာကြွယ်ဝပြီး ထိပ်ဆုံးကိုရောက် မိုးတစ်လုံးလေတစ်လုံးနဲ့လောကကြီးကို ခါးစောင်းတင်ထားတဲ့လူတွေ အများကြီးရှိနေတယ်။ တစ်ချိန်တည်းမှာ ကောင်းတာမှန်တာ တရားတာတွေချည်းလုပ်နေပါရဲ့သားနဲ့ ဘဝမှာအောက်ကျ နောက်ကျနဲ့ ဆင်းရဲမွဲတေနေတဲ့သူတွေလည်း အသချေပဲ၊ ဒါကိုကြည့်လိုက်ရင် အခုနကသူသူပြောနေတဲ့စကားက ဟုတ်မှဟုတ်သေးရဲ့လား။ မဖြစ်နိုင်ဘူးဆရာ တကယ်တမ်းကျတော့ လောကကြီးကမတရားဘူး၊ လောကပါလတရားတွေဆိုတာလည်း အခုခေတ်ကြီးမှာကွယ်ပျောက်သွားပြီ ကျွန်တော်ပြောတာဟုတ်သလားဆရာ…"

● ● ●



# ၂၄

# ကြည့်ကြစို့လား ဧရာဝတီကမ်းပေါ်မှာ




# ကြည့်ကြစို့လားငွေရောင်ပိတ်ကားပေါ်မှာ

ဒေါက်တာငြိမ်းချမ်းသည် လက်သီးကိုကျစ်ကျစ်ပါအောင်ဆုပ်၊ အံကိုတင်းတင်းကြိတ်ကာ "လောကကြီးက မတရားပါဘူး" ဟုမကျေမချမ်းပြောနေသောကိုမိုးကိုအသာငေးကြည့်ရင်း စိတ်ထဲကတိတ်တိတ်ကလေးပြုံးနေမိလေသည်။ ဟိုးရှေးယခင်နှစ်ပေါင်း ၂၀ - ၃၀ ကျော်ကျော် သူနုပျိုတက်ကြွနေစဉ်တုန်းကပုံစံကိုပြန်ပြောင်းတွေ့မြင်နေရသကဲ့သို့ပင် သူခံစားနေမိ၏။ သူငယ်စဉ်တုန်းကလည်း ဟောသည်လောကကြီးထဲရှိ ကျင်လည်လှုပ်ရှားနေကြသောလူသားတို့ကိုကြည့်ပြီး အကြီးအကျယ်မကျေမနပ်ဖြစ်ကာ ဒေါသအမျက်တွေထွက်ခဲ့ဖူး၏။

လောကကြီးထဲရှိ လူသားတွေ၏မတူညီမမျှတသော ဖြစ်ရပ်များကိုကြည့်၍အထူးသဖြင့်အစောကကိုမိုးပြောခဲ့သလိုမျိုးကောင်းတာလုပ်တဲ့သူတွေကဆင်းရဲနိမ့်ကျပြီး ဘဝတွေမလှမပဖြစ်သလောက် မဟုတ်တာလုပ်ပြီးယုတ်မာပက်စက်သူတွေကကျတော့ဘဝတွေကပြောင်လက်တောက်ပ အလှကြီးလှနေသည်ကိုမျက်စိစပါးမွေးစူးလွန်းလှ၏။ မည်သို့မျှကြည့်မရ၊ အဲသည်လောကကြီးက "လုံးဝမတရားဘူး" ဟုစွဲချက်တွေတင်ကာလောကကြီးထဲကလူသားတွေအားလုံးသာတူညီမျှခံစားရရှိစေရမည်ဟူသော "စိတ်ကူးယဉ်ကမ္ဘာသစ်" တစ်ခုကိုမျှော်လင့်ရည်မှန်းခဲ့ဖူး၏။ ထိုကမ္ဘာသစ်ကြီးကိုရောက်ဖို့လောကကြီး၏မညီမညာ

ဖြစ်နေသည့်အရာအားလုံးကို မြေညီစက်ကြီးကြီးနှင့်ညှိပစ်ရမည်လား။

တကယ်တမ်းကျတော့ လောကကြီးကသိပ်ကိုတရားပါ၏။ သူ၏အထင်အမြင်တွေလွဲမှားနေခြင်းသာဖြစ်ပါသည်။ လောကကြီးတွင် ကမ္ဘာမြေကြီးကိုပဲဥပမာထားပြီးကြည့်ကြပါဦး။ ကမ္ဘာမြေကြီးတစ်ခုလုံးသည် လုံးဝညီညာချောမွတ်ပြီး ပြောင်ချောကြီးဖြစ်နေပြီဟု မှန်းဆကြည့်စမ်းပါဘိ၊ ဘယ်လောက်တောင်ရယ်စရာကောင်းလိုက်မည်နည်း။ ကမ္ဘာမြေကြီးပင်လျှင် ညီညီညာညာကြီးဖြစ်နေပါလျှင်သဘာဝမကျတော့ပြီ၊ မြင့်သည့်နေရာ၌လည်းမိုးယံထိရောက်လုနီးပါးတောင်စဉ်တောင်တန်းတောင်ထွတ်တွေလည်းရှိသည်။ ဆီးနှင်းတွေဖုံးနေသောဟိမဝန္တာတောင်တန်းကြီးက အဘယ်လောက်လှပပါသနည်း။ ထို့အတူပင်မတ်စောက်နိမ့်ဆင်းနေသောချောက်ကမ်းပါးကြီးတွေ မြစ်ချောင်းအင်းအိုင်တွေ ပင်လယ်သမုဒ္ဒရာကြီးတွေ။ ကိုင်း...မြင့်သည့်နေရာကမြင့်၍နိမ့်သည့်နေရာကနိမ့်နှင့်သဘာဝကျကျလှပမနေဘူးလား။ ထိုသဘာဝကိုလက်မခံနိုင်ဘဲ တောင်တန်းကြီးတွေကိုဖြိုချ၍ သမုဒ္ဒရာကြီးတွေကိုဖို့ပစ်ဘို့ကြိုးစားလျှင် လက်တွေ့ဖြစ်နိုင်ပါမည်တဲ့လား။

အဲသည်လိုပါပဲလူတွေမှာလည်းချမ်းသာသည့်သူက မတရားချမ်းသာ ဆင်းရဲသည့်သူက မတရားဆင်းရဲ။ သည်ထက်ဆိုးတာက မဟုတ်တာလုပ်နေသူတွေက ကျိုကျိုတက်ချမ်းသာပြီး၊ ဟုတ်တာလုပ်သူတွေက ဆင်းရဲနေသည်ကိုမြင်တွေ့နေရလျှင်လောကကြီးကမတရားဘူးဟု မကျေမနပ်နှင့်စွဲချက်တင်စိတ်တွေ တဖွားဖွားပေါ်လာတတ်သည်မှာလည်း သဘာဝပဲဖြစ်ပါသည်။

ဒေါက်တာငြိမ်းချမ်းတို့ငယ်ရွယ်စဉ်ကလည်းယခုကိုမိုးပြောသကဲ့သို့ပင်လောကကြီးကို မကျေမနပ်ဖြစ်ခဲ့ဖူးပါ၏။ ထို့ကြောင့်လည်း ကိုမိုးယခုကဲ့သို့ခံစားရသည်ကို သူနားလည်စာနာမိပါသည်။

"ကိုမိုးရေအခုကိုမိုးဒီလိုခံစားရတာ မကျေနပ်တာ နားလည်ပါတယ်။ ရုတ်တရက်ဒီအတိုင်းကြည့်လိုက်ရင်တော့ ကိုမိုးစွပ်စွဲတဲ့အတိုင်းလောကကြီးကမတရားဘူးလို့ ထင်ချင်စရာပဲ။ ဒါပေမဲ့တကယ်တမ်း လေးလေးနက်နက်စဉ်းစားကြည့်လိုက်ရင်လောကကြီးကသိပ်ကိုတရားပါတယ်။ လူတွေအားလုံးကိုအတူတူအားလုံးညီတူညီမျှခံစားခွင့်မပေးဘဲ သူပြုလိုက်တဲ့ကုသိုလ်ကံအတိုင်း ခံစားစေ



တာဖြစ်တယ်။ ခုနတုန်းကသမီးသူသူပြောခဲ့တဲ့ "သင်ပြုသည့်ကံသင့်ထံပဲ့တင်ပြန်၍လာလိမ့်မည်" ဆိုတဲ့စကားလေးလိုပဲ ကောင်းတဲ့ကံတွေကကောင်းတဲ့အကျိုးပေးမယ်၊ ဆိုးတဲ့ကံတွေကဆိုးတဲ့အကျိုးပေးမယ် ရှင်းရှင်းလေးပဲ။ ဒါပေမဲ့ မျက်စိထဲမှာအထင်လွဲစရာဖြစ်နေတာက အဲသလိုအကျိုးပေးတဲ့အချိန်တွေမတူတာဘဲဖြစ်တယ်။ ပဲ့တင်သံရဲ့သဘောလိုပဲပေါ့ကွာ သိပ်ဝေးတဲ့တောင်နံရံကြီးကိုရိုက်ခတ်ပြီးမှဖြစ်လာတဲ့ပဲ့တင်သံက အကြာကြီးနေမှပြန်လာတဲ့သဘောရှိတယ်။ အခုလူတွေခံစားနေကြရတာဟာ အတိတ်ကံတွေရဲ့အကျိုးပေးတွေပဲဖြစ်တယ်။ ဟိုးအတိတ်ကကောင်းကံတွေအကျိုးပေးရင်အခုလောလောဆယ်မဟုတ်တာတွေကိုလုပ်နေပေမယ့်သူ့ရဲ့အတိတ်ကံအကျိုးပေးကြောင့်ကြီးပွားချမ်းသာမြင့်တက်နေတာတွေ့ရမယ်၊ အခုကောင်းတာတွေလုပ်နေပေမယ့်ဟိုးအတိတ်ဘဝဘဝတွေကဆိုးကံတွေက အခုမှလာပြီးအကျိုးပေးနေရင်တော့ သူဟာဆင်းရဲမွဲတေပြီး ဒုက္ခတွေရောက်နေမှာပဲ။ ဒီအချက်ကိုကြည့်ပြီးကိုမိုးက "လောကကြီးကမတရားဘူး" လို့ပြောတာမဟုတ်လား"

"ကိုမိုးနဲ့သူသူတို့ရေ... "ကံကြမ္မာ" ဆိုတဲ့အရာကြီးဟာ နွားနောက်ကထက်ကြပ်မကွာလိုက်နေတဲ့ လှည်းဘီးကြီးလိုပဲ ဘဝဘဝတွေမှာဆက်ပြီး လိုက်သွားတတ်တဲ့အရာတစ်ခုဖြစ်တယ်။ ဒါကြောင့်ကံကြမ္မာကို လှည်းဘီးနဲ့တင်စားပြီးပြောခဲ့ကြတာ။ ကံကြမ္မာရဲ့စေစားမှုကို ဆရာတို့ရဲ့မြတ်စွာဘုရားနဲ့ သူ့ရဲ့လက်ဝဲရံ "အရှင်မောဂ္ဂလာန်" အရှင်တွေတောင် မလွန်ဆန်နိုင်ခဲ့ဘူး။ ဘုရားရှင်ဟာဘဝတစ်ခုမှာ ဆေးဆရာလုပ်တော့ မျက်စိမမြင်တဲ့သူတစ်ယောက်ကို ဆေးကုခဲ့ရတယ်။ ဆေးကုလို့ပျောက်ပြီး လူနာကမျက်စိပြန်မြင်ခဲ့ပေမယ့် ဆေးကုခမပေးချင်တော့ မမြင်ဘူးလို့ပြောသတဲ့၊ ဒါကိုဆေးဆရာကသိတော့ လူနာကိုစိတ်ချုပြီးဝမ်းလျှောစေတဲ့ဆေးတွေပေးပြီးလူနာဝမ်းတွေလျှောတော့မှငါ့ကိုဆေးကုခမပေးတဲ့လူနာမှတ်ပြီလားရယ်လို့ မကောင်းတဲ့စိတ်ဖြစ်ခဲ့ဘူးသတဲ့။ အဲဒီမကောင်းမှုကံကို ပရိနိဗ္ဗာန်စံတော်မူခါနီးရက်ကလေးမှာ ဝမ်းတွေလျှောပြီးအကြွေးကြေအောင် ဆပ်ခဲ့ရဖူးသတဲ့။ အဲသလိုပဲ တန်ခိုးအရာမှာဧတဒဂ်ရတဲ့ "အရှင်မောဂ္ဂလာန်" ကိုယ်တော်ကြီးမှာလည်းအတိတ်ဘဝတစ်ခုမှာမှဆိုးဘဝနဲ့ မယားရဲ့စကားကိုနားယောင်ပြီး ကိုယ့်မိဘတွေကို ခိုးသားဓားပြတွေက သတ်တဲ့ပုံစံမျိုးလုပ်ပြီးရက်ရက်စက်စက်

သတ်ခဲ့ဖူးသတဲ့။ အဲဒီမကောင်းတဲ့ဝဋ်ကြွေးတွေကို နောက်ဆုံးရဟန်းဘဝမှာဒီလောက်တန်ခိုးအရာမှာ ဓတာဒက်ရပါလျက်နဲ့ ခိုးသားဓားပြတွေဝိုင်းသတ်လို့ ပရိနိဗ္ဗာန်စံခဲ့ရသတဲ့။ ကိုင်းဒီအဖြစ်တွေကိုဥပမာထားပြီး သေချာစဉ်းစားကြည့်လိုက်ရင် ဘုရားရှင်တောင်မှမလွှန်ဆန်နိုင်တဲ့ ကံနဲ့ကံရဲ့အကျိုးတွေကို ကိုမိုးနဲ့သူသူတို့နားလည်ယုံကြည်ပြီလား"

"ဟုတ်ကဲ့ဆရာ...ယုံပါပြီ" ဟူ၍ကိုမိုးက လိုလိုလားလားပြောပါ၏။

သူသူကလည်း "ဟုတ်တယ်ဆရာ...ဆရာပြောပြတာကိုနားလည်ပါပြီ။ အဲဒါကြောင့်ဖြစ်မှာပဲ သမီးလေ့လာကြည့်တော့ ဘုရားတိုင်းညွှန်ကြားတဲ့ဘဝနေနည်းလေးက "မကောင်းမှုရှောင်ကောင်းမှုဆောင် ဖြူအောင်စိတ်ကိုထား" လို့ဆိုတယ်နော်။ ကံကံ၏အကျိုးကိုနားလည်လက်ခံရင်း မကောင်းမှုလုပ်ရမှာတွေကိုကြောက်ရွံ့ပြီးကောင်းမှုတွေကိုချည်းလုပ်ချင်စိတ်တွေ တဖွားဖွားပေါ်လာမှာလို့ သမီးကတော့ယုံကြည်ပါတယ်"

"ဝုတ်...ဝုတ်"

ထိုစဉ်မှာပင်..ဒေါက်တာငြိမ်းချမ်းထိုင်နေသောခုံအောက်တွင် သူတို့ပြောနေသောစကားများကိုနားထောင်ရင်းမှ ကွေးကွေးလေးအိပ်ပျော်နေပြီဖြစ်သော "ချောငယ်" ဆိုသည့်ခွေးမလေးကရုတ်တရက်ထပြီးတံခါးဝဆီသို့ပြေးကာဟောင်ပါလေတော့၏။

"ဒီလိုဟောင်ရင် အပြင်မှာဇည့်သည်ရောက်နေလို့ပဲဖြစ်ရမယ်" မှန်ပါ၏။ တံခါးဝတွင် ဧည့်သည်ရောက်နေပြီ တံခါးခေါက်သံကြားရလေ၏။

"ဆရာရေ...ဆရာ့ရဲ့အားလပ်ချိန်တွေအများကြီးကိုသမီးတို့ကိုပေးခဲ့တဲ့အတွက်ပြောမပြနိုင်အောင် ကျေးဇူးတင်ပါတယ်ဆရာ" သမီးတို့ကိုပြန်ခွင့်ပြုပါဦးနော်"

ကိုမိုးကလည်းလက်အုပ်ကလေးကိုချီ၍နှုတ်ဆက်ရင်း "ဒီနေ့ဆရာ့ကိုတွေ့လိုက်ရတာ ကျွန်တော်တို့ဘဝမှာ ပြောမပြနိုင်လောက်အောင် အကျိုးရှိသွားတယ်ဆရာ ကျေးဇူးတင်ပါတယ်နော်" ဟုနှုတ်ဆက်နေချေပြီ။

ဟောကြည့်စမ်း...သူ့ဆီလာခါစတုန်းကညှိုးညှိုးငယ်ငယ်မျက်ရည်လေးစို့စို့နှင့် အကြီးအကျယ်စိတ်ဆင်းရဲနေရှာသော ဒေါက်တာသူသူနှင့်ခွေးအကြီးလှည်းနင်းသကဲ့သို့ ဆန့်ငင်ဆန့်ငင် ငူငူငိုင်ငိုင်ကြီးဖြစ်နေသော ကိုမိုးတို့ဇနီးမောင်နံနှစ်ဦး...တစ်ယောက်က "ယောက်ျားမဟုတ်ဘူး" ဟုစွပ်စွဲ၊ တစ်ယောက်ကသူဟာ "စက်ရုပ်မဟုတ်ဘူး" ဟုအပြန်အလှန်စွပ်စွဲနေသောစွယ်တော်ရွက်ကလေး၏ဟိုဘက်ခြမ်းဒီဘက်ခြမ်းတို့အခုကျတော့လည်းသူတို့မဟုတ်တော့ဘဲအပြောင်းလဲကြီးပြောင်းလဲသွားပါရောလား။

သူတို့ဘာတွေများပြောင်းလဲသွားပါလိမ့်...သူတို့ကိုတံခါးဝသို့လိုက်ပို့ရင်း "ကိုမိုးရေ ယောက်ျားဟုတ်ကြောင်းသက်သေပြလိုက်နော်" ဟုသူက "စ" လိုက်တော့ သူသူကသူ့အားချစ်စဖွယ်မျက်စောင်းကလေးနှင့်နှုတ်ဆက်ပြီး ကိုမိုးကတော့ပြုံးဖြီးဖြီးနှင့် လက်မထောင်ပြလိုက်လေ၏။

ဒါအမှတ်အသားတစ်ခုကိုပြတာဖြစ်မယ် သူကဘာကိုဆိုလိုပါလိမ့်..သူဘာတွေလုပ်ပြီး ဘယ်ပုံဘယ်နည်း သက်သေပြမှာပါလိမ့်၊ ငွေရောင်ပိတ်ကားပေါ်တွင် ဆက်ကြည့်ကြပါဦးစို့။


●●●

"ဆရာ . . . "ကျား" ဆိုတာသက်သတ်လွတ်စားတဲ့
သတ္တဝါမဟုတ်ဘူးလို့ ဆရာရေးခဲ့ဖူးတယ်နော်။ အိမ်
ကကိုမိုးဆိုတဲ့ကျားကြီးတစ်ယောက် ဘယ်လိုတွေဖြစ်
နေသလဲ ဘာတွေများဖြစ်သွားမလဲဆိုတာ ပူပန်စိတ်နဲ့
ဆရာ့ဆီသူ့ကိုမရရအောင်အပါခေါ်ပြီး အားကိုးတကြီး
ရောက်လာကြတာ" ထိုစဉ်မှာပင် . . .



၂၇

# သက်သတ်လွတ် စားတဲ့ ကျား ရှိသလား




# သက်သတ်လွတ်စားတဲ့ "ကျား" ရှိသလား

"ကလင်…ကလင်"

"စာပါတယ်…စာ"

ဒေါက်တာငြိမ်းချမ်းတစ်ယောက် အိမ်ခန်းထဲတွင် စာရေးဖို့ထိုင်ရင်း စာပို့လုလင်ရောက်လာသံကိုကြားရသမို့ အပြေးအလွှားထွက်၍ စာလေးကိုယူမိ၏။ ကြည့်စမ်းတိုက်ဆိုင်လှပါဘိ…ခုလေးတင်ပဲ ဒင်းတို့ဇနီးမောင်နှံအကြောင်း စာရေးစားပွဲတွင်ထိုင်ရင်းတွေးရင်းငေးရင်းစဉ်းစားခန်းတွေဝင်နေမိသေးသည်မဟုတ်ပါလား။ အခုသူသူဆိုသည့်ငတိမလေးဆီက စာလေးတစ်စောင် "မျှော်နေတုန်းကျော့ဆုံးရောက်လာ" ဆိုသည့်စကားလေးကဲ့သို့ပင် ဆိုက်ဆိုက်မြိုက်မြိုက်ကြီးရောက်လာပါရောလား။

ဟုတ်သည်လေ..ဒေါက်တာငြိမ်းချမ်းဆိုသည့်ဝန်ထမ်းဆရာဝန်တစ်ယောက် ကိုမိုးနဲ့သူသူတို့နှင့်တွေ့ဆုံပြီး သိပ်မကြာခင်အချိန်ကလေးမှာပင် ရပ်ဝေးတစ်နေရာဆီသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ရလေသည်။ ဟိုးယခင်ဆေးကျောင်းသူဘဝတုန်းက သူ့တပည့်မလေးဖြစ်ခဲ့ဖူးသောယခုတော့အိမ်ရှင်မသူ့ရွှေကတော်မလေး သားတစ်ယောက်မိခင် ဒေါက်တာသူသူနှင့် သူမ၏ခင်ပွန်းသည်ဖြစ်သူကိုမိုးတို့ဇနီးမောင်နှံနှစ်ဦးက သူ့ဆီလာကန်တော့ရင်း သူတို့နှစ်ဦး၏ကြားထဲတွင်လောင်မြိုက်နေသော သံသယမီးတောက်မီးလျှံတွေကို သူများငြိမ်းသတ်

ပေးနိုင်ပါမည်လားဟူသည့်မျှော်လင့်ချက်နှင့် အားကိုးတကြီးရောက်ရှိလာခဲ့ပြီး ဘယ်မျှလောက်မှ မကြာမီအချိန်အတွင်းမှာပင် သူ၏ပြောင်းရွှေ့အမိန့်ထွက်ပေါ်လာခဲ့ခြင်းဖြစ်ပါသည်။

သူက "ဆရာဝန်" ဆိုပါလျှင် ထိုဇနီးမောင်နှံက သူ့ဆီဆေးကုသမှုကိုလာရောက်ခံယူကြသော "လူနာ" တွေပေါ့ဟုပြောနိုင်ပါမည်လား။ စဉ်းစားကြည့်စမ်းပါဘိ.. သူသူနှင့်ကိုမိုးတို့က နှစ်ဖက်မိဘတွေချင်းလည်းရင်းနှီး နှစ်ဦးသားကလည်းငယ်သူငယ်ချင်းဘဝမှ သမီးရည်းစားဖြစ်လာခဲ့ပြီးရည်းစားသက်တမ်းဂနှစ်လောက်ကြာပြီးမှ မင်္ဂလာဆောင် သားလေးတစ်ယောက်ရ၏။ ယခုသားလေး၅နှစ်အရွယ်တွင်မှ သူသူကသမီးလေးတစ်ယောက်ထပ်လိုချင်၊ ပြဿနာက သူသူဆိုသည့်ငတိမလေးကသူ့လင်အားကလေးလုပ်သည့်စက်ရုပ်ကဲ့သို့ သဘောထားသည်ဟု ကိုမိုးကစွပ်စွဲခြင်း။ လင်နှင့်မယားချစ်သူနှစ်ဦးချစ်ရည်လူးသည့်ကိစ္စအားချစ်ခြင်းမေတ္တာအရင်းခံ၍မဟုတ်ဘဲ ကလေးရဖို့သက်သက် အသုံးချသည်ဟုအထင်အမြင်လွဲကာ ထိုသို့သောနေ့မျိုးတွင် သူ၏ယောကျ်ားဘဝသေဆုံးသွားခြင်းဒီထက်ပွင့်ပွင့်လင်းလင်းဆိုရလျှင် ကလေးရအောင်ကြိုးစားရမည့်နေ့တွင်မှ သူ၏ပန်းကမပွင့်လန်းနိုင်တော့ဘဲ ပန်းသေပန်းညှိုးဖြစ်နေခြင်း။ ထိုသို့ဖြစ်ရခြင်းအတွက်သူသူ့အနေနှင့် ယောကျ်ားမဟုတ်တဲ့စက်ရုပ်လိုလူသားဟု ကိုမိုးကိုစွဲချက်တင်ခြင်း။

ကိုမိုးမှလည်း ကျန်သည့်အချိန်မှန်သမျှတွင် သူအနားကပ်လာသည်နှင့် သရဲသဘက်အလားသူ့အားနည်းမျိုးစုံသုံး၍ငြင်းဆန်လေ့ရှိခြင်း။ မလွှဲမရှောင်သာ၍ ပြေးပေါက်မရှိ၍လက်ခံရလျှင်လည်းအသက်ကင်းမဲ့သည့်သစ်ငုတ်တိုကဲ့သို့ မည်သည့်တုန့်ပြန်မှုမှမပြ၊ ခံစားချက်ကင်းမဲ့သောသူသူ့အား သူ့ကိုမချစ်မနှစ်သက်၍ ထိုသို့ကျောက်ရုပ်ပမာ အေးတိအေးစက်ဖြစ်နေခြင်းဟု စွပ်စွဲခြင်း။ ဆရာဝန်မပီပီ သူတတ်သည့်ဆေးပညာကိုအသုံးပြု၍ ကလေးရရှိနိုင်သည့် သားဥကြွေချိန်ရောက်လာလျှင်တော့သူ့အားဖဲမွေ့ရာထက်ဆီသို့အတင်းခေါ်ကာ ကလေးရဖို့သက်သက်စက်ရုပ်ပမာအမိန့်ပေးခိုင်းစေ အသုံးချစေခြင်းကိုလုံးဝလုံးဝမခံစားနိုင်တော့ခြင်း။ ထိုသို့သူ၏မကျေနပ်မှုအား သူ၏မသိစိတ်မှ ပန်းသေပန်းညှိုးဖြစ်ခြင်းနှင့်သက်သေပြခြင်း။



ကိုင်း...သူ့ထံသို့ အားကိုးတကြီးရောက်ရှိလာကြသော ချစ်သူနှစ်ဦးတစ်ဖြစ်လဲ လင်မယားဇနီးမောင်နှံအား ဒေါက်တာငြိမ်းချမ်းတစ်ယောက် မည်သို့မည်ပုံဆေးကုသမှုတွေပေးလိုက်ပါသနည်း။ တကယ်တမ်းပြောရမည်ဆိုပါလျှင်တော့ဆရာဝန်တစ်ဦး၏တာဝန်မှာ လူနာနှစ်ဦးတို့အားရောဂါရာဇဝင်ကိုသေသေချာချာမေးမြန်းစုံစမ်း...ပြီးလျှင်ဒုတိယအဆင့်အနေနှင့် သူတို့နှစ်ဦး၏ခန္ဓာကိုယ်အားစေ့စေ့စပ်စပ်စမ်းသပ်၊ တတိယအဆင့်အနေနှင့်လိုအပ်လာလျှင် သွေးစစ်ဆီးစစ် အာထရာဆောင်းရိုက် ဓာတ်မှန်ရိုက် စသည့်ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုတွေကိုစနစ်တကျပြုလုပ်ရမည်။ ရောဂါ၏ဖြစ်မြစ်အမှန်ကို အတိအကျသိပြီဆိုလျှင်တော့ အနာသိလျှင်ဆေးရှိပြီ။ ဆေးပေး၍ကုမည်လား ခွဲစိတ်၍ကုမည်လားဓာတ်ရောင်ခြည်ပြု၍ကုရမည်လား...ဆေးပေး၍ကုမည်ဆိုလျှင်လည်း ဆေးကတစ်မျိုးတည်းလားထိုးဆေးလားသောက်ဆေးလားငုံဆေးလားလိမ်းဆေးလားစအိုထဲထည့်ရမှာလားမိန်းမကိုယ်အပေါက်ထဲထည့်ရမှာလားတစ်နေ့ဘယ်နှစ်ကြိမ်နှုန်းနှင့် ဘယ်လောက်ကြာကြာဆေးတွေကို သုံးစွဲရမည်နည်း...စသဖြင့်စဉ်းစားစရာတွေတစ်ပုံတစ်ပင်။

အခုတော့ကြည့်ပါဦးအရပ်ကတို့...ဇနီးမောင်နှံလူနာနှစ်ဦးက သူ့ထံအားကိုးတကြီးနှင့် သူတို့ခံစားဖြစ်ပေါ်နေသည့်ဝေဒနာတွေကိုလာရောက်တိုင်ပင်ကြသည်။ သူကမေးမြန်းစစ်ဆေးစမ်းသပ် သွေးဖောက် အာထရာဆောင်းရိုက်၍ရောဂါအတိအကျသိအောင် နှံ့နှံ့စပ်စပ်တစ်ဆင့်ပြီးတစ်ဆင့်ရှာဖွေပြီးလျှင် ဆေးတွေတိုက်ဖို့လိုလျှင်တိုက် ခွဲဖို့လိုလျှင်ခွဲရမည်မဟုတ်ပါလား။

ယခုတော့သူသူတို့ဇနီးမောင်နှံကိုသူမည်သို့မည်ပုံဆေးတွေပေးခဲ့ပြီးပြီနည်း။ သူသေသေချာချာ စဉ်းစားသုံးသပ်ကြည့်လိုက်တော့ ကိုမိုးနှင့်သူသူတို့အားသူပေးအပ်ခဲ့သည်မှာ "အာလူး" တွေချည်းသာတည်း။ ပြောရမည်ဆိုပါလျှင်ဘာကိုမှလည်း မစမ်းသပ်မစစ်ဆေး သွေးလည်းမဖောက် ဆေးလည်းမပေးပါဘဲစကားတွေတစ်ဝကြီးပြော လေတွေတစ်ဝကြီးဖော သူ့အားရပါးရကြီးပေးခဲ့သည်က "အာလူး" တွေချည်း။

ခုလောက်ဆိုသူသူတို့လင်မယားက သီချင်းလေးတစ်ပုဒ်ကိုလှောင်ပြုံးပြုံး၍ဆိုနေလေမည်လား...ဘာတဲ့ သီချင်းလေး၏ခေါင်းစဉ်က "အာလူးလာ

မပေးနဲ့လေနည်းနည်းလျှော့" ဆိုလား၊ "အာလူးပေးတဲ့လူကို သိပ်ကိုမုန်းတယ်" ဆိုလား . . . သီချင်းစာသားတွေထဲ အာလူးတွေတစ်ပုံကြီးပါသည်။

ယခုပဲကြည့်လေ သူသည်တစ်နယ်တစ်ကျေးသို့တာဝန်အရပြောင်းရွှေ့သွားခဲ့ရပြီး ကတိုက်ကရိုက်ခရီးထွက်လာခဲ့ရ၍ သူလာခါနီး ကိုမိုးနဲ့သူသူတို့နှင့်လည်း ထပ်မံ၍မဆုံစည်းခဲ့ရေ။ ထိုနှစ်ဦးသားနှင့် နောက်တစ်ကြိမ်သေချာထပ်မံချိန်းဆို၍ လိုအပ်သည့်စစ်ဆေးစမ်းသပ်မှုတွေကိုလုပ်ပေးဖို့ သူမှာဆန္ဒရှိပါသော်လည်းစိတ်သွားတိုင်းကိုယ်မပါခဲ့ရသည်မို့အာလူးတွေချည်းပေးပြီးထွက်လာကတည်းက သူမှာထိုနှစ်ဦးအကြောင်းတွေးမိတိုင်း မျက်နှာပူခဲ့ရသည်ချည်း။

ယခုလည်းမည်မျှတိုက်ဆိုင်လိုက်ပါသနည်း . . . သူစာရေးစားပွဲတွင်ထိုင်၍စာလေးတစ်ပုဒ်ကိုရေးဖို့တွေးနေမိစဉ်မှာပင် ထိုနှစ်ယောက်အကြောင်းကသူ၏ရင်ထဲသို့ရောက်အလာ သူတို့တွေမည်သို့မည်ပုံ နောင်ဂျိန်တွေပလေးနေပြီနည်း။ ဖဲမွေ့ရာထက်က စက်ရုပ်တစ်ရုပ်ကတော့ တကယ့်ယောကျ်ားစစ်စစ်ဘဝသို့ပြန်လည်ပြောင်းလဲရောက်ရှိသွားပြီလား (သို့) ဒုံရင်းကဒုံရင်းပဲလား၊ ကိုမိုးဆိုသည့်ငတိလေးလည်း သူ့ဘဝသူစိတ်ပျက်လက်ပျက်ဖြစ်ကာအိမ်ကွင်းမှာမလန်းသမျှ အဝေးကွင်းမှာအစွမ်းတွေပြနေပြီလား။

ထိုစဉ်မှာပင်သူ့အတွေးကမ္ဘာလေးကို လှုပ်နှိုးလိုက်သည့်စာလေးတစ်စောင်ရောက်ရှိလာခြင်းဖြစ်ပါသည်။ အမြန်ချောပို့စာအိတ်ကလေးပေါ်မှာ ကိုမိုးနဲ့သူသူတို့၏လိပ်စာလေးကို တွေ့လိုက်ရကတည်းက သူ၏ရင်တွေတဒိတ်ဒိတ်ခုန်လာ၏။

စာလေးတစ်စောင်ရရှိလျှင် ကတ်ကြေးကိုမရရအောင်ရှာ၍သေသေသပ်သပ်ကလေးကိုစိတ်ရှည်လက်ရှည်နှင့်ဖောက်နေကျ ဒေါက်တာငြိမ်းချမ်းတစ်ယောက် ယခုတော့ ဘာကတ်ကြေးကိုမှလိုက်မရှာတော့ဘဲ လက်နှစ်ဖက်နှင့်ပြီးခနဲဆွဲဖြဲလိုက်လေ၏။

ရော . . . စာအိတ်ကိုဆွဲဖြဲရင်း အထဲကစာရွက်ကိုပါမတော်တဆဖြဲမိပါရောလား၊ ဒုက္ခပါပဲ ပြဲသွားသောစာရွက်အပိုင်းအစတွေကိုမြန်မြန်လေးဆက်စပ်ကာဖွင့်လိုက်၏။

သူသူ၏ဝိုင်းစက်လှပသော လက်ရေးလေးတွေက စီစီရီရီပေါ်လာ၏။



"ဆရာ . . .

"ကျား" ဆိုတာ သက်သတ်လွတ်စားတဲ့ သတ္တဝါမဟုတ်ဘူးလို့ ဆရာရေးခဲ့ဖူးတယ်နော်။ အိမ်ကကိုမိုးဆိုတဲ့ကျားကြီးတစ်ယောက် ဘယ်လိုတွေဖြစ်နေသလဲ ဘာတွေများဖြစ်သွားမလဲဆိုတာ ပူပန်စိတ်နဲ့ဆရာ့ဆီ သူ့ကိုမရရအောင်အပါခေါ်ပြီး အားကိုးတကြီးရောက်လာကြတာ"

ထိုစဉ်မှာပင် အိမ်ရှေ့က "ဆရာ . . . ဆရာ" ဟုတံခါးကိုတဝုန်းဝုန်းထု၍ အရေးတကြီးခေါ်သံကြားလိုက်ရလေ၏။ "အေး . . . အေး၊ လာပြီ . . . လာပြီ"

● ● ●

> အစကသူကဆားမပါတဲ့ဟင်းကို စားနေရသလိုပဲတဲ့
> အခုမှဆရာကဟင်းထဲဆားခတ်ထည့်ပေးလိုက်တော့
> တော်တော်ကြီးကိုအရသာရှိသွားပြီတဲ့။ သမီးကလည်း
> အရင်တုန်းကဆိုရင်အဲဒီအချိန်ရောက်ရင်လေခါးတူးနေ
> တဲ့ဟင်းကြီးကိုမလွဲသာမရှောင်သာလို့အသက်အောင့်
> ပြီးမြိုချလိုက်ရသလိုပဲဆရာရေ။ သမီးဘယ်လောက်
> စိတ်ညစ်ရသလဲဆရာသိပြီပေါ့။ အခုတော့အဲဒီလိုမျိုးကြီး
> မခံစားရတော့ဘူး...

## ၂၈

# ထက်ဂုဏ်မမှတ်သော ယောကျ်ား နှင့် ဒီဂုဏ်မမှတ်တော့သော မိန်းမ




# စက်ရုပ်မဟုတ်သောယောကျ်ားနှင့် အရုပ်မဟုတ်တော့သောမိန်းမ

"ကြည့်စမ်း... အရေးကောင်းတုန်းဒိန်းဒေါင်းဖျက်ဆိုတာ ဒါမျိုးကို ပြောတာဖြစ်မှာ" ဟူ၍ဒေါက်တာငြိမ်းချမ်းတစ်ယောက် ပါးစပ်မှတဖျစ်တောက်တောက်ပြောရင်း ဖတ်လက်စ "စာ" ကိုအသာချ၍ တံခါးကိုမြန်မြန်ဖွင့်ပေးရလေ၏။ သားဖွားမီးယပ်အထူးကုဆရာဝန်ကြီးထံ အရေးတကြီးအော်ဟစ်ပြီး တံခါးခေါက်ခံရပြီဆိုကတည်းက ဘာအကြောင်းကြောင့်ဆိုသည်ကို ရှည်ရှည်ဝေးဝေး တွေးတောနေရန်မလိုတော့ပြီ။ ထုံးစံအတိုင်းနောက်ဆုံးအချိန်ကျမှ အသည်းအသန်သေကောင်ပေါင်းလဲရောက်ရောက်လာတတ်သော မွေးလူနာအားအပြေးအလွှားအသက်ကယ်ကုသမှုတွေပြီးစီးတော့မှ အခုနတုန်းက တိုးလိုးတန်းလန်းဖတ်လက်စစာလေးတစ်စောင်ကို ဆက်ဖတ်ခွင့်ရပါတော့၏။

စဉ်းစားကြည့်ပါဘိ...စာ၏အစတွင် သူသူစကားချီထားသည့်ပုံစံက အဘယ်မျှလောက်စိတ်လှုပ်ရှားဖို့ ကောင်းလိုက်ပါသနည်း။ ဒီလောကကြီးမှာ သက်သတ်လွတ်စားတဲ့ "ကျား" ဆိုတာရှိပါသလား။ ကိုမိုးဆိုသည့်ကျားကြီးတစ်ကောင်၏ရှေ့ရေးကံကြမ္မာက မည်ကဲ့သို့ဖန်လာမည်နည်း။ သူတို့ချင်းတွေ့ဆုံစဉ်အချိန်တုန်းက ကိုမိုးတစ်ယောက်သူသူမသိအောင် တိတ်တိတ်လေးခိုး၍ပြောခဲ့သည့် အိမ်ကွင်းမှာမလန်းတော့သောပန်းကလေး အဝေးကွင်းတွင်များလန်းမလန်းစမ်းသပ်ချက်ကရော ဘယ်ရွေ့ဘယ်မျှအထိ ခရီးရောက်နေပြီနည်း။ သူသူ

ဆိုသည့်ငတိမလေးကရောကိုမိုးဆိုသည့်ငနဲသားလေးကိုမည်သို့မည်ပုံပညာရှိနည်းနှင့် နှိပ်စက်နေမည်နည်း။ သူသိချင်စိတ်တွေစောနေမိပါ၏။

"ဆရာရေသိလား..သမီးတို့အိမ်ထောင်ကျခဲ့တာ၅နှစ်တောင်ကျော်ခဲ့ပြီ။ အိမ်ထောင်စပြီးကျကတည်းက ဒီလိုယောကျ်ားနဲ့မိန်းမ ဖဲမွေ့ရာထက်မှာ ချစ်ကြတဲ့ကိစ္စကြီးကို သမီးဖြင့်စိတ်လည်းမဝင်စား ဘယ်လိုမှကိုလည်းခံစားလို့မရဘူးဆရာရေ။ ဇနီးမယားတစ်ယောက်ရဲ့တာဝန်က သူ့အလိုကိုလိုက်လျောရမှာပဲဆိုတဲ့အသိနဲ့သာ မလွဲမရှောင်သာအတူနေခွင့်ပြုခဲ့ရတာ။ သမီးစိတ်ထဲမှာ လေဘာကြောင့်များ သူများတွေကဒါကြီးကိုများ အိမ်ထောင်ရေးသုခလို့ပြောရသလဲဆိုတာ နားကိုမလည်နိုင်ဘူး။ ဒါမှမဟုတ် သမီးတစ်ယောက်တည်းပဲဒီလိုဖြစ်နေတာလား...ဘယ်သူ့ကိုသွားမေးရမှန်းလည်းမသိနဲ့ နောက်ဆုံးကျတော့ အိမ်ထောင်ကျရင်သူများတွေလည်း ဒီလိုပဲနေမှာပါပဲလေလို့ဆိုပြီး သည်းညည်းခံပြီးနေခဲ့ရတာ ၅နှစ်တောင်မှကြာသွားတယ်။

အစကမှနည်းနည်းတော်သေးတယ်။ ကလေးလည်းစယူလိုက်ရော ပိုဆိုးလာတော့တာပဲဆရာရေ။ ဆရာလည်းသိတဲ့အတိုင်း စပြီးကိုယ်ဝန်ရှိစကနေကလေးလေး ၃လသားလောက်အထိ လုံးဝကိုမိန်းပြထားခဲ့တာ အူပဲလေးကို အကြောင်းပြပြီးတော့ပေါ့။ အစကတော့သမီးသည်းခံလို့ရသေးတယ် တဖြည်းဖြည်းနဲ့လေ သမီးဘယ်လိုတွေဖြစ်လာမှန်းမသိတော့ဘူး၊ သူ့အနားကပ်လာတာနဲ့စိတ်တွေအလိုလိုတိုလာရော။ အဲဒီအချိန်ရောက်ရင်လေ မိန်းမဖြစ်ရတဲ့ဒုက္ခကလည်းဆိုးလိုက်တာနော်လို့ စိတ်ထဲမှာတွေး တစ်ခါတလေဆိုရင်တော့ ပါးစပ်ကတောင်ရွတ်နေလိုက်သေးတယ် သူလည်းစိတ်ညစ်မှာပဲနော်။

သမီးအသည်းအသန်အလျင်စလိုနဲ့ ကလေးလိုချင်ရတဲ့အကြောင်းရင်းက ဒါလည်းပါတယ်သိလားဆရာရေ။ တစ်ချက်ခုတ်နှစ်ချက်ပြတ်ပေါ့၊ သမီးဗိုက်ကြီးလာရင် သမီးလိုချင်တဲ့ကလေးလေးလည်းရမယ်၊ အနည်းဆုံးတစ်နှစ်ခွဲလောက်ကတော့ အကြောင်းပြချက်ကောင်းကောင်းနဲ့ သူ့ကိုငြင်းလို့ရမယ်ဆိုပြီးတော့ပေါ့။

သမီးအဲသည်လိုစိတ်ကြီးဖြစ်နေတာ ကိုယ့်ကိုယ်ကိုယ်လည်း "Gilty" ဖြစ်တယ်။ ဒါပေမဲ့ဘယ်လိုမှလည်းလုပ်လို့မရ။ ကလေးကလည်းလိုချင်ပါတယ်



ဆိုမှမရ။ ဘယ်ရပ့်ါမလဲဆရာ..ကျောင်းတုန်းကဆရာ သားဆက်ခြားနည်းတွေ သင်တုန်းကပြောဖူးသလိုwhen you are wet, a baby you can get, when you are dry the sperm will die ဆိုတဲ့အတိုင်းသမီးက wet ဖြစ်ပြီး ကလေးရဖို့အိုကေမှာစိုပြည်နေချိန် သူ့ကိုခေါ်ရင် သူကဘာဖြစ်နေမှန်းမသိဘူး။ သူမဟုတ်တဲ့အတိုင်းပဲ အဲသလိုကလေးရမယ့်အချိန်မှာ မတုန်မလှုပ်ကျောက်ရုပ်လိုချည်း ယောကျ်ားမဟုတ်တဲ့အတိုင်းပဲ။ သူကအဲသည်လိုလုပ်လေ သမီးကသူ့ကိုကြည့်ကြည့်ပြီး ကိုင်ကိုင်ဆောင့်ပစ်ချင်လောက်အောင် စိတ်တိုလေပဲ။

အဲဒီအရေးကြီးကာလလွန်မြောက်သွားပြီး သမီးလည်း dry ဖြစ်သွားရောသူကပုံမှန်ပြန်ဖြစ်သွားပြန်ရော ပြန်ပြီးတက်ကြွပြီးချစ်ချင်စိတ်တွေဝင်လာရော၊ အဲဒီအချိန်ကျတော့သမီးစိတ်ထဲကသူ့ကို ဘယ်လိုမှကိုမကြည်ဖြူနိုင်တော့ဘူးဆရာရေ။ သမီးကကလေးလိုချင်တဲ့ မျှော်လင့်ချက်ကြီးတစ်ခုတည်းနဲ့ သူ့ကိုချစ်မိသလိုဖြစ်နေတော့ အဲဒီမျှော်လင့်သလိုဖြစ်မလာ၊ လိုချင်တာမရတော့ ပိုပိုပြီးစိတ်ညစ်လာရတော့တာပေါ့။ တစ်လတစ်လ ရာသီလာတိုင်းလာတိုင်း ဘယ်လိုစိတ်ညစ်မှန်းမသိဘူး။

အဲဒီလိုမျိုးသမီးဖြစ်နေတာကြာတော့သူကပြောတယ်သိလားဆရာ။ သမီးကကလေးပဲလိုချင်တာဆိုရင်တော့ဆရာနဲ့တိုင်ပင်ပြီးတခြားနည်းလမ်းနဲ့ပဲ ကလေးရအောင်လုပ်လိုက်တော့တဲ့..သမီးဒီလောက်ထိစိတ်ဆင်းရဲနေရင် သူလည်းစိတ်မချမ်းသာလို့ သမီးကိုသူဘာဆိုဘာမှ လက်ဖျားနဲ့တောင်မထိတော့ဘူးတဲ့။

သူကအဲဒီလိုပြောပြန်တော့လည်း သမီးကလုံးဝစိတ်မကောင်းဘူး။ ပြီးတော့ရောသူကဘယ်လောက်ထိ အဲဒီလိုမျိုးကြာကြာနေနိုင်မှာမို့လို့လဲနော် "ကျား" ဆိုတာသက်သတ်လွတ်စားတဲ့ သတ္တဝါမှမဟုတ်တာလို့ ဆရာ့စာထဲမှာလည်းသမီးဖတ်ဖူးတယ်။ ဆရာရယ်..တခြားရောဂါဆိုရင်တော့ ဆရာဝန်ပြပြီးဆေးသောက်လိုက်လို့ရသေးတယ်နော်။ အခုကျတော့ အဲဒီအခြေအနေနဲ့ အဲဒီပြဿနာကြီးကို ဘယ်လိုလုပ်ရမှန်းလည်းမသိ တခြားဘယ်သူ့ကိုမှလည်းပြောပြလို့မဖြစ်နဲ့ နောက်ဆုံးကြံရာမရဖြစ်ပြီးတဲ့အဆုံးကျတော့မှ သမီးချစ်ခင်အားကိုးပြီးလေးစားတဲ့ဆရာ့ဆီ အရဲစွန့်ပြီးရောက်လာခဲ့တာ။

အခုတော့သမီးတို့ ဆရာနဲ့တွေ့လိုက်တာ ဘိုးဘိုးအောင်နဲ့တွေ့လိုက်ရသလိုပဲ လာရကျိုးနပ်သွားပြီ ဆရာ့ကိုအရမ်းကျေးဇူးတင်တာပဲ။ ဆရာ့ကြောင့်သမီးတို့ လပေါင်းနှစ်ပေါင်းများစွာ ခံစားနေရတဲ့ဒုက္ခကလွတ်သွားလို့လေ။ သမီးဆရာ့ကိုကန်တော့ပြီးအိမ်ကိုအပြန် ဆရာပြောခဲ့တဲ့စကားလေးတွေကို သေချာစဉ်းစားပြီး သမီးရဲ့စိတ်ကိုပြောင်းလိုက်တာ။ ဒီအတိုင်းဆက်သွားရင်သမီးလည်းအရမ်းစိတ်ဆင်းရဲရတယ်။ပြီးတော့ဆရာပြောသလိုသူက အပြင်မှာအပျော်သွားရှာနေရင်လည်းဒုက္ခ သမီးပဲပိုပြီးစိတ်ညစ်ရမယ်။ သမီးအရင်ကတစ်ခါမှဒီလိုမျိုးမစဉ်းစားဖူးဘူး။ သားသားမွေးပြီးကတည်းက သမီးကကလေးကလွဲပြီး ဘာဆိုဘာမှစိတ်မဝင်စားတော့တာ။

ဆရာပြောတယ်လေ…Life ဆိုတာ Balance လုပ်တတ်ရမယ်တဲ့။ သမီးအခု သားသားနဲ့ယောက်ျားကိုပြန်ပြီး Balance လုပ်ပြီးချစ်ကြည့်လိုက်တာ သမီးတို့ကလူကြီးတွေ အတင်းပေးစားထားတာလည်းမဟုတ်၊ ဆယ်တန်းပြီးစကတည်းက House Surgeon ပြီးတဲ့အထိ ရည်းစားသက်တမ်းကအကြာကြီးပဲ သူကသမီးကိုသိပ်ချစ်ပြီး သိပ်အလိုလိုက်တာ။ သမီးကတော့သူ့ကို သူများတွေလိုထမင်းဟင်းလည်းချက်မကျွေးရ အဝတ်လည်းလျှော်မပေးရ အိမ်မှာအကြော့သားလေးအေးအေးဆေးဆေးနေနေရတာကို အခုလိုမဖြစ်သင့်ဘူးလို့ သူ့အပေါ်မှာအကောင်းမြင်တဲ့စိတ်လေးပြောင်းလိုက်တာ။ ဆရာရယ်…စိတ်ကအရမ်းကိုထူးဆန်းတာပဲနော်၊ သမီးအဲဒီလိုလည်း စိတ်ပြောင်းလိုက်ရော မနေ့တစ်နေ့ကအထိသမီးအတွက်စိတ်ဆင်းရဲလွန်းတယ်ဆိုတဲ့အရာကြီးက သူ့အလိုလိုအဆင်ပြေသွားရော။

နောက်ပြီးဆရာ့ကိုကျေးဇူးတင်တဲ့ နောက်အကြောင်းတစ်ခုလည်းရှိသေးတယ်။ ဆရာကအချစ်ပြဿနာတွေအကြောင်း "ချစ်ရမှာစာမလိပ်" ဆိုတဲ့ခေါင်းစဉ်လေးနဲ့ရေးတော့ သမီးတို့အတွက် ပိုပြီးအဆင်ပြေသွားတာပေါ့ဆရာ။ သမီးတို့အတွက်ဗဟုသုတတွေလည်းအများကြီးရတယ်၊မသိတာတွေလည်းသိလာရတယ်ဆရာရေ။ ဒီအကြောင်းတွေကို ကျောင်းမှာတုန်းကလည်းမသင်ခဲ့ဖူးဘူးဆိုတော့ သမီးဘယ်လိုလုပ်ပြီးသိမှာလဲ၊ သမီးလိုပဲမသိတဲ့သူတွေ အများကြီးရှိနေမှာ အဲဒီအကြောင်းကိုရေးပေးတဲ့ဆရာ့ကို အထူးကျေးဇူးနော်။



ဆရာ့ကိုရယ်စရာပြောရဦးမယ်သိလား။ သူကပြောတယ်…အစကသူကဆားမပါတဲ့ဟင်းကို စားနေရသလိုပဲတဲ့ အခုမှဆရာက ဟင်းထဲဆားခတ်ထည့်ပေးလိုက်တော့ တော်တော်ကြီးကိုအရသာရှိသွားပြီတဲ့။ သမီးကလည်းအရင်တုန်းကဆိုရင် အဲဒီအချိန်ရောက်ရင်လေ ခါးတူးနေတဲ့ဟင်းကြီးကို မလွှဲသာမရှောင်သာလို့အသက်အောင့်ပြီးမြိုချလိုက်ရသလိုပဲဆရာရေ။ သမီးဘယ်လောက်စိတ်ညစ်ရသလဲဆရာသိပြီပေါ့၊ အခုတော့အဲဒီလိုမျိုးကြီး မခံစားရတော့ဘူး။ ဟဲဟဲ…ဆရာ့စေတနာတွေက သိပ်ကိုအစွမ်းထက်တာပဲနော်။

သူကပြောတယ်…ဆရာနဲ့စောစောစီးစီးသာတွေ့လိုက်ရရင် သိပ်ကိုကောင်းမှာတဲ့။ သူကအခုဆိုရင် သမီးကိုပိုပိုချစ်ပြီးပိုပိုအလိုလိုက်ချင်တဲ့စိတ်တွေပိုပေါက်လာတယ်တဲ့။ အခုဆိုရင်အရင်ကလိုအရုပ်မနဲ့နေနေရသလိုမျိုးပြေးရင်းလွှားရင်းအလောတကြီးနဲ့မုန့်စားရသလိုမျိုး လုံးဝမဟုတ်တော့ဘဲ အဆင်ပြေသွားတာကို ဆရာ့ကျေးဇူးကြောင့်ပဲလို့ တဖွဖွပြောနေတယ်။ ဒါကြောင့်ဆရာ့ကို သမီးတို့က ကျေးဇူးတင်တဲ့အကြောင်းပြောပြချင်လို့ ဆရာလည်းဝမ်းသာရအောင်လို့ "နှုတ်တစ်ရာ စာတစ်လုံး" ဆိုတဲ့အတိုင်း၊ ပြီးတော့ဆရာ့လိုစာရေးဆရာကြီးကိုအားကျလို့၊ ဟဲဟဲ…သမီးလည်းစာရေးပြီးပြောလိုက်တာ။

ဆရာရေ…သမီးလေးတစ်ယောက်လောက်တော့ထပ်လိုချင်ပါသေးတယ်။ တောင်းလိုက်ရတာလည်းမယ်တော်ဘိုးတော် ရက္ခစိုးအဘဘိုးမင်းခေါင်စုံနေပါပြီဆရာရယ်၊ ဘယ်သူမှနားမငြီးသေးဘူးထင်တယ် ဆရာလည်းသမီးကိုဝိုင်းကူပြီးဆုတောင်းပေးပါဦးနော်။ သမီးလည်းဆရာကျန်းမာချမ်းသာ အသက်ရှည်ရှည်နဲ့ ဆေးကု စာသင် စာတွေအများကြီးဆက်ရေးနိုင်ပါစေလို့ ဆုတောင်းပေးမယ်နော်"

ဆရာ့ရဲ့ချစ်တပည့်


သူသူ…

ဒေါက်တာငြိမ်းချမ်းတစ်ယောက်..ထိုစာကလေးကိုအားပါးတရကြီးဖတ်ပြီး ပါးစပ်နားရွက်တက်ချိတ်တော့မတတ် အပြုံးပန်းတွေဝေနေမိ၏။ ထပ်ခါထပ်ခါဖတ်မဝအောင်လည်းဖြစ်နေမိ၏။ သူသူတို့လင်မယားကိုလည်းအထူးတလည်သတိရနေမိချိန်မှာပဲ အိမ်ရှေ့ကကားဟွန်းသံတစ်ချက်ကိုကြားရ၏။ အသံ

ဗလံတွေဆူဆူညံညံနှင့် "ဆရာ ဆရာ" နှင့်အော်ခေါ်ပြီးအိမ်ပေါ်ပြေးတက်လာသံတွေလည်းကြားရ၏။ သူလည်းစာလေးကိုကိုင်ရင်း ပက်လက်ကုလားထိုင်မှအထတွင်ပင် တိုက်ဆိုင်လွန်းလှသည်ဟု ပြောရလေမည်လားမသိ..သူသတိရနေသောကိုမိုးနှင့်သူသူ အရှင်လတ်လတ်ကြီး သူ့အိမ်ပေါ်ပြေးတက်လာကာသူ့အားပြေးဖက်ပါလေတော့၏။

"ဆရာ...ဆရာ" နှင့်မိုးမွှန်အောင်ခေါ်ပြီးကိုမိုးကလက်မထောင်ပြ၏။ သူသူကလည်း သူ့ဗိုက်အရှေ့မှာ လက်ကိုအဝိုင်းလေးတစ်ခုလုပ်ပြ၏။ "ဆရာ့ကိုလည်းတွေ့ချင်၊ ရွှေစက်တော်ဘုရားပွဲကိုလည်းသွားချင်တာမို့ တစ်ချက်ခုတ်နှစ်ချက်ပြတ်လာလိုက်တာဆရာရေ.." ဟု၍ပြုံးဖြီးဖြီးကြီးပြောလိုက်သော ကိုမိုးကိုကြည့်ရသည်မှာ "မို့ရသောမျက်နှာ" ဆိုသည့်စကားလေးကို အမှတ်ရစရာပင်။ သူသူကလည်း "ဆရာရေ သမီးကိုဆရာကိုယ်တိုင် မွေးပေးရမှာနော်" ဟုနှုတ်ခမ်းလေးကိုစူကာမူကာပလီပလာတီတီတာတာလေးနှင့်ချွဲချွဲပျစ်ပျစ်လေးပြောလိုက်လေတော့သတည်း။

●●●




စိုးဇင်စာပေ
တိုက်(၄)၊ အခန်း(၁၀၁)၊ သီရိမင်္ဂလာအိမ်ရာ၊
ကမ်းနားလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ ၂၂၈၂၉၇၊ ၀၉ ၅၀၄၉၇၇၈၃၊ ၀၉ ၄၅၀၀၄၀၇၆၇


Email: soezin.kh@gmail.com
Facebook: Soezin Sarpay
Facebook: စိုးဇင်စာပေ




တိုက်(၄)၊ အခန်း(၁၀၁)၊ သီရိမင်္ဂလာအိမ်ရာ၊
ကမ်းနားလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ ၂၂၈၂၉၇၊ ၀၉ ၅၀၄၉၇၇၀၃၊ ၀၉ ၄၅၀၀၄၀၇၆၇ စိုးဇင်စာပေ

Email: soezin.kh@gmail.com
Facebook: Soezin Sarpay
Facebook: စိုးဇင်စာပေ






စိုးဇင်စာပေ
တိုက်(၄)၊ အခန်း(၁၀၁)၊ သီရိမင်္ဂလာအိမ်ရာ၊
ကမ်းနားလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ ၂၂၈၂၉၇၊ ၀၉ ၅၀၄၉၇၇၀၃၊ ၀၉ ၄၅၀၀၄၀၇၆၇


Email: soezin.kh@gmail.com
Facebook: Soezin Sarpay
Facebook: စိုးဇင်စာပေ




တိုက်(၄)၊ အခန်း(၁၀၁)၊ သီရိမင်္ဂလာအိမ်ရာ၊
ကမ်းနားလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ ၂၂၈၂၉၇၊ ၀၉ ၅၀၄၉၇၇၃၊ ၀၉ ၄၅၀၀၄၀၇၆၇ စိုးဇင်စာပေ
Email: soezin.kh@gmail.com
Facebook: Soezin Sarpay
Facebook: စိုးဇင်စာပေ





တိုက်(၄)၊ အခန်း(၁၀၁)၊ သီရိမင်္ဂလာအိမ်ရာ၊
ကမ်းနားလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
စိုးဇင်စာပေ ဖုန်း - ၀၁ ၂၂၈၂၉၇၊ ၀၉ ၅၀၄၉၇၇၃၊ ၀၉ ၄၅၀၀၄၀၇၆၇
Email: soezin.kh@gmail.com
Facebook: Soezin Sarpay
Facebook: စိုးဇင်စာပေ




၃၅၀၀ိ/

တိုက်(၄)၊ အခန်း(၁၀၁)၊ သီရိမင်္ဂလာအိမ်ရာ၊
ကမ်းနားလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ ၂၂၈၂၉၇၊ ၀၉ ၅၀၄၉၇၀၃၊ ၀၉ ၄၅၀၀၄၀၇၆၇ စိုးဇင်စာပေ
Email: soezin.kh@gmail.com
Facebook: Soezin Sarpay
Facebook: စိုးဇင်စာပေ






၃၀၀၀ိ/

စိုးဇင်စာပေ
တိုက်(၄)၊ အခန်း(၁၀၁)၊ သီရိမင်္ဂလာအိမ်ရာ၊
ကမ်းနားလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ ၂၂၈၂၉၇၊ ၀၉ ၅၀၄၉၇၀၃၊ ၀၉ ၄၅၀၀၄၀၇၆၇
Email: soezin.kh@gmail.com
Facebook: Soezin Sarpay
Facebook: စိုးဇင်စာပေ




# စိုးဇင်စာပေ

တိုက်(၄)၊ အခန်း(၁၀၁)၊ သီရိမင်္ဂလာအိမ်ရာ၊
ကမ်းနားလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ ၂၂၈၂၉၇၊ ၀၉ ၅၀၄၉၇၇၃၊ ၀၉ ၄၅၀၀၄၀၇၆၇

Email: soezin.kh@gmail.com
Facebook: Soezin Sarpay
Facebook: စိုးဇင်စာပေ


စိုးဇင်စာပေ

## စိုးဇင်စာပေမှ ထပ်မံထုတ်ဝေမည့် ဒေါက်တာစိုးလွင်၏စာအုပ်များ

- မိုက်ကယ်ရယ် သော်တာဆွေရယ် လူနာတစ်ယောက်ရယ် ကျွန်တော်ရယ် နှင့် ဆေးလောကဇာတ်လမ်းများ
- ချစ်တတ်မှုကလေးရနှင့် သားသမီးရတနာရစေကြောင်း နည်းလမ်းကောင်းများ (ဒုတိယအကြိမ်)
- ခွဲမွေးရမယ့်ရက် ဗေဒင်မေးလို့တွက်နှင့် မိခင်လောင်းတို့အရေး မေးချင်ရာမေး (ဒုတိယအကြိမ်)
- ပွင့်သောပန်းတိုင်းလှစေချင်နှင့် အမျိုးသမီးကျန်းမာရေးပြဿနာအဖြာဖြာ (ဒုတိယအကြိမ်)
- သိကောင်းစရာသားဆက်ခြားနည်းအဖြာဖြာ (ဒုတိယအကြိမ်)